

ကျော်ပြည်သမန်း
ဘိုးတော်ကင်း
တတိယအကြိမ်
Graphic Design
Zay Phyo

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၉၃၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၈၂၀၄၀၈
ထုတ်ဝေသည့်အကြိမ် - တတိယအကြိမ်
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀၀ ကျပ်
ပုံနှိပ်သည့်လ - ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ
ပုံနှိပ်သူ - ဦးမြင့်ထွန်း (မြ-၀၆၇၉၈)
မဉ္ဇူပုံနှိပ်တိုက်
မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်
ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး
(မြ - ၀၄၁၀၀)
လာဘ်မိုးရွာစာပေ
အမှတ် (၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ရွှေပုပ္ပားစာပေ

# ကျော်မြသန်း

# ဘိုးတော်ကင်း

ဦးဒွေးညွန့်

ကြည်လင်မောင် နှင့် ရွှေပုပ္ပားစာပေလုပ်ငန်း

သိမ်ကြီးဈေးစာအုပ်ဆိုင်တန်း
အခန်း(၄၆/၄၇)၊ မှ အဆောင် - ၄ (ပထမထပ်)။
ဖုန်း - ၀၃ ၉၃ ၂၆၆၇၀၊ ၃၇၁၀၀ (လိုင်းခွဲ - ၃၆၂ ၃၆၃)

## ထုတ်ဝေသူ၏ အမှာစကား

စာရေးဆရာကျော်မြသန်း၏ 'ဘိုးတော်ကင်း' လုံးချင်းဝတ္ထု ရှည်သည် နိုင်ငံကျော်ကြား ထင်ရှားခဲ့သော ဂန္ထဝင်ဝတ္ထုဖြစ်ပါသည်။ ဆရာကျော်မြသန်း၏ အကျော်ကြားဆုံးသော ဖြစ်ရပ်မှန်ဝတ္ထုဖြစ်ပါသည်။ ဘိုးတော်အမျိုးမျိုးအကြောင်း စေ့စပ်သေချာစွာ လေ့လာ၍ ဘိုးတော်အစစ်အမှန်နှင့် အတုအယောင်ကို နှိုင်းယှဉ်ဖော်ပြထားပါသည်။ ၁၉၇၄ ခုနှစ်က ရေးသားခဲ့သော ဝတ္ထုဖြစ်၍ ငွေတန်ဖိုး၊ ပစ္စည်းတန်ဖိုးတို့ များစွာကွာခြားခဲ့သည်ကို သတိပြု၍ ဖတ်ရှုနိုင်ပါရန် ပန်ကြားအပ်ပါသည်။ အခက်အခဲအမျိုးမျိုးတို့ကြားမှ ဂုဏ်ယူစွာဖြင့် ကြိုးပမ်းထုတ်ဝေလိုက်ရပါကြောင်း. . .။

ထုတ်ဝေသူ

## ဓမ္မဒါန



မိမိတိုယ်တို ဝေဧနိသုံးသပ်ပါ။ (ဝေဓနိ) မိမိအပြစ်တို သိပါ။ (အသိ)
သတိဖြင့် ထိန်းသိမ်း ပြုပြင်ပါ။ (သတိ)

( ကျော်ထက်ကျော် )

ပဋ္ဌ ဂုဏ်၊ အတံ ဝန္နာဝိ

# စာရေးသူ၏ပန်ကြားလွှာ

(တစ်)

စာရေးသူသည် ဤဘိုးတော်ကင်းမည်သော ဇာတ်လမ်းကို ဖွဲ့ဆိုရာတွင် စိတ်ကူးယဉ်ဖွဲ့ဆိုခြင်း မပါဝင်ပါ။ တကယ့်အဖြစ်အပျက်များအပေါ် အခြေခံ၍ ဖတ်ကောင်းစေရန် တန်ဆာဆင်ရေးခဲ့ခြင်း ဖြစ်ပါသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိပါးစေရန်၊ ပုဂ္ဂိုလ်တစ်စုကို ထိပါးစေရန် ဆန္ဒလုံးဝမရှိပါ။ ရည်ရွယ်လည်း မရည်ရွယ်ပါ။

တကယ့်အဖြစ်အပျက်တွင် ပါဝင်သည့် ပုဂ္ဂိုလ်များ၏ အမည်နာမများကို လွှဲပြောင်းထားပါသည်။ အကယ်၍ တိုက်ဆိုင်မှုရှိခဲ့သော် မတော်တဆ တိုက်ဆိုင်ခြင်းသာဖြစ်၍ ခွင့်လွှတ်ကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

စာရေးသူအပေါ်တွင် သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာအဖြစ် ညွှန်ကြားပြသခဲ့သည့် ဆရာသမားအားလုံးအား ခြေတော်ဦးခိုက်လျက်ပါ။

ဂိုဏ်းဂဏ လုပ်ငန်းများအပေါ်တွင် စော်ကားလိုသည့် စိတ်ဆန္ဒအလျဉ်းမရှိကြောင်း ရိုးသားစွာ ဝန်ခံပါရစေ။

သို့သော် မရေးမဖြစ်လောက်အောင် အတုအယောင်ဆောင်တွေ ထွန်းကားလာသည်က တစ်ကြောင်း၊ မခံသင့်မခံအပ်သော အမည်များကို ခံယူ

လျက် ဂန္ဓာရီအတတ်ပညာနှင့် အထက်လမ်း ဝိဇ္ဇာပညာရပ်များကို မှေးမှိန်သေးသိမ်အောင် ဖန်တီးပြုလုပ်နေသည်က တစ်ကြောင်း၊ ယင်းအကြောင်းနှစ်ကြောင်းကို ခုခံကာကွယ်ရန် အခိုက်ရောက်ပြီဟူသော ဆန္ဒအရင်းခံဖြင့် ဤဘိုးတော်ကင်းမည်သော ဇာတ်လမ်းကို ဟာသနှော၍ ရေးသားလိုက်ရပါသည်။

(နှစ်)

ဂန္ဓာရီပညာနှင့် အထက်လမ်း ဝိဇ္ဇာပညာဟူသည် အမှန်တကယ်ရှိသော ပညာဖြစ်သည်။ အလွန်ခက်ခဲနက်နဲ၍ ကျယ်ဝန်းသောအတိုင်းအတာရှိသည့်ပညာဖြစ်ရာ ဘာသာရေးနှင့်မသက်ဆိုင်သော လောကီအတတ်ပညာတစ်ရပ်ဖြစ်ပါသည်။

ဂန္ဓာရီအထက်လမ်း ဝိဇ္ဇာအတတ်ပညာသည် ဗုဒ္ဓလက်ထက်တော်ကပင် ရှိခဲ့ကြောင်းကို အထောက်အခံပြုသည့် 'သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်၌'အဏ္ဏိခေါ်သောဂန္ဓာရီ နမဝိဇ္ဇာ' ဒေသနာတော်လာရှိခဲ့ပါသည်။

*'ဂန္ဓာရီမည်သော အတတ်ပညာသည် ရှိ၏။ စိန္တာမဏိမည်သော မန္တန်သည်လည်း ရှိ၏။ အထူးထူးအပြားပြားသော တန်ခိုးကိုလည်း ဖန်ဆင်းနိုင်၏။ သူတစ်ပါးတို့၏ စိတ်ကိုလည်း သိနိုင်၏'*ဟု ဟောကြားတော်မူခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓလက်ထက်တော်ကပင် ဂန္ဓာရီအတတ်ပညာရှိခဲ့ကြောင်း ထင်ရှားပါသည်။

အထက်လမ်းပညာတွင် အသုံးပြုနေသော အင်း၊ အိုင်၊ ခါးလှည့်၊ ဆေးဝါး၊ လက်ဖွဲ့ပညာမှာ မူလဂန္ဓာရီမှ ခွဲထွက်လာသော အကိုင်းအခက်ပညာတစ်ရပ်ဖြစ်၍ ယင်းပညာရပ်များသည် စည်းစနစ်မရှိသောအကြောင်း၊ ယုတ္တိကင်းမဲ့သော ပညာရပ်များ မဟုတ်ပေ။ အလွန်ခက်ခဲနက်နဲ၍ ကျယ်ဝန်းသော စည်းစနစ်များဖြင့် ကျင့်ကြံအားထုတ်ရသော ပညာရပ်ဖြစ်ပေသည်။

တော်ရုံသင့်ရုံ ကျင့်ကြံမှုဖြင့် (ဝါ) ပွဲလေးထိုး၊ ပုတီးလေးစိပ်ရုံဖြင့် ထက်မြက်သော ကျင့်ကြံအားထုတ်ရသော ပညာမဟုတ်ပေ။

နည်းပေးလမ်းပြမည့် ဆရာသမားနှင့် စည်းစနစ်အတိုင်း ကျင့်ကြံအားထုတ်ရာတွင် ကျင့်ကြံအားထုတ်မည့်ဌာန (လူပတ်ဝန်းကျင်နှင့် ကင်းဝေးသည့်နေရာ)၊ လိုအပ်သည့် အသုံးအဆောင်ပစ္စည်း၊ ကျင့်ကြံအားထုတ်မှုတွင် သီးသန့်လိုသည့်ပစ္စည်းများ၊ အဆင့်တစ်ဆင့်အတွက် သတ်မှတ်သည့်အဓိဋ္ဌာန်ရက် (ဆရာသတ်မှတ်ပေးသောရက်) စသည်များ ပြင်ဆင်ပြီး အဓိဋ္ဌာန်ရက်အတွင်း



စီးပွားရေး၊ အိမ်ထောင်ရေးကိစ္စများကို ယာယီစွန့်လွှတ်၍ ရေကိုန်ရေခန်း ကျင့်ကြံအားထုတ်မှသာ ပေါက်ရောက်သောပညာရပ်ဖြစ်ပေသည်။

ကျင့်ကြံအားထုတ်ဆဲကာလတွင်း အခြေခံလိုက်နာရမည့် ရိုးရိုးစည်းကမ်းကလေးကို ဖော်ပြလိုပါသည်။

၁။ မိမိအလိုရှိသောအဆင့်ကို ပေါက်မြောက်အောင်မြင်သည်အထိ ကျင့်ကြံအားထုတ်ပါမည်ဟု ခိုင်မာသောအဓိဋ္ဌာန် ပြုရမည်။
၂။ မိမိလုပ်နေသည့်လုပ်ငန်း၊ ထိုလုပ်ငန်း၏ အတတ်ပညာများကို ခြွင်းချက်မရှိ ယုံကြည်မှုအပြည့်အဝရှိရမည်။
၃။ အဓိဋ္ဌာန်ဝင်ရာတွင် ယုံကြည်စိတ်ချရသော ကျင့်ဖော်ကျင့်ဖက် မိတ်ဆွေကောင်းရှိရမည်။
၄။ မေထုန်မှုကို လုံးဝရှောင်ရမည်။
၅။ မိမိ၏သားမယားအပါအဝင် အခြားသောအမျိုးသမီး၊ မိတ်ဆွေ စသူများနှင့် လုံးဝမတွေ့ရ။ စကားပြောခြင်းကိုပင် ရှောင်ကြဉ်ရမည်။
၆။ အပျော်အပါး ပွဲလမ်းသဘင်များကို လုံးဝရှောင်ရမည်။ အထူးသဖြင့် အရက်နှင့် မိန်းမကို လုံးဝရှောင်ရမည်။
၇။ အပျင်းစကား၊ အတင်းစကား၊ ရယ်မောစရာ လုံးဝမပြောရ။ နှုတ်ဆိတ်စွာ နေရမည်။
၈။ မိမိအဓိဋ္ဌာန်ကို အကြောင်းကြီးငယ်မရှိဘဲ မပျက်အောင် ထိန်းရမည်။
၉။ အဆင့်တစ်ဆင့် ပြီးဆုံးသည့်အခါ နောက်တစ်ဆင့်မတက်မီ ပုံမှန်ကျင့်ကြံအားထုတ်မှုကို မရပ်မနား နောက်တစ်ဆင့်တက်သည့်အချိန်အထိ မစောင့်ရ။ ဆက်လက်ကျင့်ကြံအားထုတ်သွားစေရမည်။

ဤသည်မှာ အနိမ့်ဆုံးလိုက်နာရမည့် စည်းကမ်းများဖြစ်၏။ သာမန်စည်းကမ်းချက်ပင် ခက်ခဲနက်နဲပါသည်။

အလေးပေးလိုက်နာရမည့် တင်းကျပ်သောစည်းကမ်းများ ရှိပါသေးသည်။

အထက်ဖော်ပြပါ သာမန်စည်းကမ်းချက်ကလေးကိုမျှ မလိုက်နာနိုင်လျှင်၊ မထိန်းသိမ်းနိုင်လျှင် အလုပ်မစ,စေလိုပါ။ ပင်ပန်းမှုသာ အဖတ်တင်မည်ဖြစ်သောကြောင့်ပါ။

(သုံး)

ဤမျှခက်ခဲနက်နဲသည့် ကျယ်ဝန်းသောပညာကို ယနေ့လူသားတို့သည် ပေါ့ပေါ့ကလေးပြော၍ လွယ်လွယ်ကလေးလုပ်နေကြရုံမက တစ်နေ့ပုတီးကိုးပတ်လောက်စိပ်ပြီး ဓာတ်ပွင့်ပြီ၊ အကြားအမြင်ရပြီ၊ ပေါက်ရောက်သွားပြီဟု လူသိရှင်ကြား ကြေညာနေကြ၏။ ထိုပညာကို အမှီပြု၍ စီးပွားရှာနေကြ၏။ မိမိတို့ကိုယ်ကျိုးအတွက် အသုံးပြုနေကြ၏။ ဓာတ်ဆင်ဓာတ်ရိုက်အလုပ်တွေကို စခန်းကြီးလမ်းကြီးလုပ်နေကြ၏။

မမှန်ကန်သော လောကီရေးကိစ္စများတွင် နေကုန်နေခန်း ပါဝင်ဆောင်ရွက်နေကြသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိနေရပေသည်။

သမထကသိုဏ်းမှရသော သမာဓိအာရုံဟူသည် တစ်ခါတစ်ရံ ရရုံနှင့် တစ်သက်တည်မြဲသည် မဟုတ်ပေ။ သမာဓိအာရုံကောင်းလာလျှင် မနေ့ပေါက်သည်မှာ မှန်၏။ သို့သော် အမြဲမဟုတ်။

ထိုအာရုံများသည် ကျင့်ကြံအားထုတ်နေဆဲကာလတွင် တက်၍ ကျင့်ကြံအားထုတ်မှုလျော့လျှင် ကျသွားတတ်သည့်သဘောရှိရာ အိုးလုပ်သမားအိုးခတ်သည့်နှယ် လက်ရိုက်က မြေကြီးကို တဖတ်ဖတ် အဆက်မပြတ်ရိုက်နေရသလို မပြတ်အစဉ် ကျင့်ကြံအားထုတ်နေမှ မြဲသောသဘောရှိ၏။

အိုးလုပ်သည်၏ လက်ခတ်သည် မြေကြီးကို တဖတ်ဖတ်ရိုက်နေမှ အိုးလှသလို သမထကသိုဏ်း မပြတ်ရှုနေမှ သမာဓိအာရုံတည်မည်ဖြစ်၏။

သမထကသိုဏ်းတွင် နိမိတ်သုံးမျိုးရှိရာ. .

**ပရိကံနိမိတ်**၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ဟူ၍ ဖြစ်၏။

**ပရိကံနိမိတ်**ဟူသည်မှာ ပကတိ မျက်စိဖြင့်ကြည့်၍ မြင်နေရသော **(မံသစက္ခုအမြင်)** အမြင်ကို ပရိကံနိမိတ်ဟု ခေါ်သည်။

ဥဂ္ဂဟနိမိတ်ဟူသည်မှာ မျက်စိမှိတ်၍ အာရုံပြုလိုက်သည်နှင့်တစ်ပြိုင်နက် ပကတိမျက်စိဖြင့် ကြည့်ရှုစီးဖြန်းထားသည့်အတိုင်း ရောယှက်ထွေပြားခြင်းမရှိဘဲ ထင်ထင်ရှားရှားဖြစ်ပေါ်လာသောနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။

ပဋိဘာဂနိမိတ်သည်ပင် အထက်လမ်းပညာတွင် သူငယ်တန်းပညာမျှသာ ရှိပါသေးသည်။ သို့ဆိုသော် ဘိုးတော်ဖြစ်ဖို့ အတန်းဘယ်နှတန်းတက်ရဦးမည်ကို တွက်၍ အမည်ခံသင့်၊ မခံသင့် စဉ်းစားကြစေလိုပါသည်။

ဘိုးတော်အမည်ခံ၍ စီးပွားရှာနေခြင်းမျိုးမှာ မည်မျှအပြစ်ကြီး၍ မိမိ





အပေါ်တွင် အကုသိုလ်တွေ မည်မျှဖိစီးခံနေရသည်ကိုလည်းကောင်း၊ လူသားတို့အား လမ်းမှန်သို့မပို့ဘဲ လမ်းမှားနောက်သို့ လိုက်စေခြင်းအတွက် သံသရာအထိပါမည့် အပြစ်ကြွေးတွေ တင်နေသည်ကိုလည်းကောင်း သတိပြု၍ ရှောင်ကြဉ်နိုင်ကြပါစေဟု။

(လေး)

ပုတီးစိပ်ခြင်းသည် ကောင်း၏။ များများစိပ်နိုင်လျှင် ပို၍ကောင်းပါ၏။ သမထထိုင်ခြင်းသည် ကောင်းသောအလုပ်ပါ။ များများထိုင်နိုင်လျှင် များများကြီးကောင်းပါသည်။ မန္တန်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ကောင်းပါ၏။ ဋ္ဌာန်ကရိုဏ်းကျကျ၊ ပီပီသသ၊ များများရွတ်နိုင်လျှင် အလွန်ကောင်းပါသည်။ ပို၍ အတိုင်းထက်အလွန် အရေးကြီးပါသည်။ ပုတီးစိပ်၊ သမထထိုင်၊ မန္တန်ရွတ်နေသူများသည် တောင့်တစရာ မလိုပါ။ ဘာဖြစ်ပါစေ၊ ညာဖြစ်ပါစေဟု ရည်မှန်းစရာ မလိုပါ။ မြတ်သော အကျိုးပေးမည်မှာ မလွဲပါ။

**တစ်ခုတော့ ရှိပါသည်. . ။**

ရာထူးတိုးဖို့ ရာထူးတည်မြဲဖို့ ပုတီးမစိပ်ပါနှင့်။ ဖင်ဂျွတ်တက်၍ လက်ထိပ်နာပါမည်။

အလုပ်ခွင်မှာ ကြိုးစားပါ။ ရိုးသားပါ။ သစ္စာရှိပါ။ ရာထူးတိုးပါမည်။ ရာထူးတည်မြဲပါမည်။

ချမ်းသာဖို့၊ စီးပွားဖြစ်ဖို့ ပုတီးမစိပ်ပါနှင့်။ အကြောင်းအကျိုးတရားအရ ဖြစ်ပါလိမ့်မည်။

ဝီရိယရှိပါ။ နှုတ်ချိုပါ။ သည်းခံပါ။ ဉာဏ်ကစားပါ။ စီးပွားဖြစ်ပါမည်။

ရည်မှန်းချက်မမှန်လျှင် မည်သည့်ပြုဖွယ်ကိစ္စမဆို အောင်မြင်ခြင်းလမ်းသို့ ပို့ဆောင်ပေးလိမ့်မည်မဟုတ်ပါ။ ပင်ပန်းမှုသာလျှင် အဖတ်တင်ပါမည်။

မနောအကြည်ဓာတ်တွင် ကြည်လင်သောအရောင် ရှိပါစေ။ ထင်ဟပ်လာမည့် ရောင်ပြန်မှာ အလင်းရောင်သာ ဖြစ်ပါမည်ဟု။

(ငါး)

စာရေးသူ၏ ဘိုးတော်ကင်းတွင် အတုအယောင်များအကြောင်းကိုသာ ရေးသားတင်ပြခြင်းဖြစ်ရာ အစစ်အမှန် ကျင့်ကြံအားထုတ်နေကြသော ပုဂ္ဂိုလ်များနှင့် မည်သို့မျှ ပတ်သက် သက်ဆိုင်ခြင်း မရှိပါ။

အစစ်အမှန် ကျင့်ကြံအားထုတ်နေသည့်ပုဂ္ဂိုလ်များ မရှိဘူးလားဟု အမေးရှိလျှင် ရှိပါသည်၊ သေသေချာချာရှိပါသည်ဟု ဖြေပါမည်။ သို့သော် အစစ်အမှန်ထက် အတုအင်အားက သာလွန်နေသဖြင့် အစစ်အမှန်ပုဂ္ဂိုလ်များ ပွင့်လန်းလာရေးအတွက် အတုအယောင်ကို ဖော်ထုတ်ပေးခြင်းမျှသာ ဖြစ်ပါသည်။ အစစ်အမှန် ကျင့်ကြံအားထုတ်နေကြသည့် ပုဂ္ဂိုလ်များကိုမူ စာရေးသူက အစဉ်ဦးခိုက်လျက်ရှိပါသည်။ ခွင့်လွှတ်ကြပါဟု ရိုသေလျက် တောင်းပန်အပ်ပါသည်။

ဤစာအုပ်နှင့်ပတ်သက်၍ အယူအဆရေးရာ အမှားအယွင်းရှိခဲ့သော် စာရေးသူ၏တာဝန်သာ ဖြစ်ပါသည်။

ဘိုးတော်ကင်းစာအုပ်တွင် ဖော်ပြထားသည့် အတုအယောင်ဆောင်များ၏ လုပ်ရပ်များမှာ ခွင့်မလွှတ်နိုင်အောင် ဆိုးဝါး၍ ယုတ်မာညစ်ပတ်မှုများ ယခုရေးသားထားသည်ထက် ပိုသော်လည်း စာရေးသူက သော့သော့ပေါ့ပေါ့ ဖော်ပြထားပါ၏။ ထိုထက်ပို၍ ရေးစရာတွေရှိသော်လည်း အကြောင်းကြောင်းကြောင့် စာရေးသူ၏လက်ကို ထိန်းချုပ်ထားခဲ့ရကြောင်း ပွင့်ပွင့်လင်းလင်း ဖော်ပြပါရစေ။

**စာရေးသူ၏ရည်ရွယ်ချက်မှာ. .**

ခေတ်ပေါ်ဖက်ရှင် ဘိုးတော်အတုအယောင်များအကြောင်းဖတ်ပြီး စာဖတ်သူများအနေဖြင့် အတု၊ အစစ် ရွေးချယ်ရေးတွင် အနည်းငယ်အထောက်အကူပြုနိုင်ပါစေဆိုသည့် စေတနာအရင်းခံဖြစ်ပါသည်။

အကယ်၍များ စာဖတ်သူများက ဘိုးတော်ကင်းကိုဖတ်ပြီး စာရေးသူ၏ ဆန္ဒနှင့်လည်း ကိုက်ညီပါသည်၊ အတုအယောင်ဆောင်တွေကို ထိုထက်မက ဖွင့်ချသင့်ပါသည်ဟု ထင်မြင်ချက်ပေးခဲ့လျှင်. .

စာရေးသူ၏ ချုပ်ထားသောလက်ကို ဖွင့်လွှတ်လိုက်ပါမည်ဟု. . ။

မေတ္တာကမ္ဘာ၊ ကျေးဇူးကမ္ဘာဖြင့်. .
ကျော်မြသန်း

<အခန်း-၁>

# တွေ့ဆုံခြင်းအစ

မန္တလေးအပူရှိန်ကြောင့် ကတ္တရာလမ်းမပေါ်မှ ထွက်နေသည့် အငိုးအငွေ့များမှာ မျက်စိထဲတွင် တရိပ်ရိပ်မြင်နေရသည်။ တရှိန်ရှိန်တောက်နေသည့် အပူဒဏ်ကြောင့် အိမ်ထဲတွင် ထိုင်နေရင်းမှာပင် ချွေးတလုံးလုံးနှင့် လူတစ်ကိုယ်လုံးမှာ စပ်ဖျဉ်းဖျဉ်းဖြစ်နေသည်။ မခံမရပ်နိုင်အောင် ပူပြင်းလှသည့် ရာသီဒဏ်ကို လူတိုင်းအလူးအလိမ့်ခံနေရသည့် မန္တလေးမြို့၏ နွေကာလ။

အပူဒီဂရီ၁၀၈မျှ ပူပြင်းသော မန္တလေးနွေကာလတွင် မန္တလေးဘူတာကြီးသို့ ရောက်နေသည့် ကျွန်တော်မှာ ပို၍ပင် ဆိုးဆိုးဝါးဝါးကြီး ခံနေရသည်။ မန္တလေးမြို့တော်၏ အပူပြင်းကြီးကို ဖြတ်သန်းပြီး ဘူတာရုံအတွင်းသို့ တဖွဲဖွဲ ဝင်လာနေကြသည့် ခရီးသွားများမှာလည်း ချွေးတလုံးလုံး။ ယပ်တောင်လေးတွေ တဖျပ်ဖျပ်ခတ်ရင်း ပါးစပ်မှလည်း တဖူးဖူးမှုတ်နေကြရ၏။

အမှန်တော့ ပါးစပ်မှထွက်လာသည့်လေမှာ အေးမြခြင်းမရှိ။ အပူဒဏ်ကို အကာအကွယ်မပေးနိုင်စေကာမူ သက်သာမှုကို အလိုရှိကြသည့် လူသားတို့၏ သဘာဝအတိုင်း ကြံဖန်၍ သက်သာမှုကို ရှာကြံနေခြင်းသဘောပင်

ဖြစ်မည်ထင်၏။

ပန်ကာမရှိသော မီးရထားအတွင်း ထိုင်နေရသည်မှာ ပို၍ဆိုးသည်။ အထက်တန်းတွဲဆိုဖာမှ တရိပ်ရိပ်ထွက်နေသည့် အပူရှိန်က အပေါ်သို့ပျံတက်လာသော်လည်း အပေါ်မှ ဖိနှိပ်ပေးမည့် ပန်ကာများက မလှုပ်မရှား ငြိမ်သက်နေသည်ကြောင့် အထက်မှ စီးနေကြသည့် ချွေးများမှာ မြောင်ကြီးမြောင်ကြားမှ ခြေသလုံးအထိတိုင် စီးကျနေသည်။

ချွေးတလုံးလုံးဖြင့် ဝင်လာမစဲရှိနေသည့် ခရီးသွားများကိုကြည့်ရင်း ပို၍မောနေမိ၏။ ထိုစဉ် မမျှော်လင့်သော မြင်ကွင်းတစ်ခုကြောင့် ထိုမြင်ကွင်းကို အာရုံစူးစိုက်လိုက်မိသဖြင့် လောလောဆယ်ခံစားနေရသော အပူဒဏ်ပင် ခေတ္တမေ့ပျောက်သွားခဲ့သည်။

ကျွန်တော်မြင်လိုက်ရသော မြင်ကွင်းမှာ သည်ခေတ်ထဲတွင် မဆန်းဟု ဆိုနိုင်စေကာမူ ဆန်းပါသည်ဟုလည်း ပြောနိုင်သည့် မြင်ကွင်းမျိုးပင်။

ဖွေးဖွေးသန့်စင်နေသည့် ဘရိုင်နိုင်လွန်အဖြူပေါ်တွင် တက်ထရက်အပေါ်အင်္ကျီဖြူ ထပ်ဝတ်လျက် ပလေကပ်လုံချည်အဖြူကွက်ကို သေသေသပ်သပ်ဝတ်ထားသောကြောင့် တစ်ကိုယ်လုံးဖွေးဖွေးဖြူနေသည့် ပုဂ္ဂိုလ်တစ်ယောက်မှာ ဘူတာထဲသို့ ကြော့ကြော့မော့မော့ကလေး ဝင်လာသည်။ သူ ခြေလှမ်းလှမ်းနေပုံမှာ မာကျောသည့် သမံတလင်းပေါ်တွင် လှမ်းနေသည့်ဟန်မပေါက်ဘဲ အိစက်ညက်ညောသည့် ကော်ဇောကြီးပေါ်တွင် ကြွကြွရွရွကလေး လှမ်းနေသည့်ဟန် ဖမ်းထား၏။ ကြက်သွေးရောင်ကတ္တီပါဖိနပ်ကို ခြေဖဝါးနှင့်ကပ်လျက် ညင်ညင်သာသာလှမ်းနေပုံမှာ ကြည့်၍ပင် ကောင်းပါဘိ၏။ နှစ်လိုဖွယ်အတိ **ပြီးစေ၏။**

သူ့ဟန်ပန်ကို မြင်လိုက်မည်ဆိုလျှင်ပဲ သဲကန္တာရထဲ ရောက်နေသူတို့အဖို့ ဖြူနံ့ခနဲ ရေကန်ကြီးတစ်ခုကို တွေ့လိုက်ရသည့်အလား ကြည်လင်အေးမြသွားစေမည့်အသွင်ကို ဆောင်ထား၏။

သူဝတ်ဆင်လာသည့် အဝတ်အစားများနှင့် မျက်နှာပေါ်တွင် တင်းဝင်းတလက်လက်ရှိနေသည့် ရွှေကိုင်းတစ်ဝက်မျက်မှန်၏ အလှက သူ့အား ပို၍ဝင့်ဝါစေသလား၊ ပို၍ထည်ဝါစေသလား မသိပါပေ။ ထည်ဝါဝင့်ကြွားနေသည်မှာတော့ အမှန်ပင်။ သူ့ကို ဝန်းရံလိုက်ပါလာကြသည့် ပျိုပျို၊ အိုအို အမျိုးသမီးပရိသတ် ဝတ်ဆင်လာကြသည့် ရွှန်းပသောအဝတ်အစားများ၊ ဖျိုးဖျိုးဖျပ်ဖျပ် တလက်လက်အရောင်ထွက်နေသည့် စိန်ရောင်များသည် သူ့



တစ်ကိုယ်လုံးပေါ်သို့ လွှမ်းရစ်ထားသည်ကြောင့် တောက်ပသည့်အရိပ် ထင်နေသည်။

အနှီပုဂ္ဂိုလ်ကြီးပေါ်တွင် နဂိုကရှိနေသည့် အဖြူရောင်များမှာ ဘေးမှ ထင်ဟပ်လာသည့် ပြိုးပြိုးပြက်ပြက်ဝိနှိရောင်များကြောင့် ပို၍ဖြူဖွေးတောက်ပနေသယောင် ထင်ရ၏။

ဘူတာတွင်းသို့ ဝင်လာသူတိုင်း၏ ကိုယ်ပေါ်တွင် ချွေးပေါက်ချွေးသီးများ စွန်းထင်နေသော်လည်း သူ့ကိုယ်ပေါ်တွင် ချွေးပေါက်တစ်စက်မှမစွန်း။ သည်လောက်ပူပြင်းသည့်ရာသီတွင် ကျောက်မီးသွေးချည်များဖြင့် ရက်လုပ်ထားသည့် ဘရိုင်နိုင်လွန်နှင့် တက်ထရက်အင်္ကျီအပူရှိန်များကား သူ့ကိုယ်ပေါ်တွင် ချွေးထွက်အောင် မတတ်နိုင်ရှာပေ။ သူ့ဘေးတွင် ဝန်းရံလိုက်ပါလာသည့် အမျိုးသမီးပရိသတ်ကြီးထဲမှ အလက်နှစ်ဆယ်ခန့်မျှသော ယပ်တောင်များက မရပ်မနားလှုပ်ခတ်နေသည်မို့ ချွေးပေါက်မစွန်းလေသလား မသိပေ။

အနှီပုဂ္ဂိုလ်ကတော့ ခပ်တည်တည်၊ ခပ်တင်းတင်းပင်။ ဇာတ်လိုက်မင်းသား၊ မင်းသမီးများ ပရိသတ်ထုထဲ ရောက်သည့်အခါ သူတို့အား ဝိုင်းဝိုင်းလည်အောင် တိုးဝှေ့ကြည့်ရှုနေကြသည့် ပရိသတ်၏ မျက်နှာများကို မမှုသည့်အလား ခပ်တည်တည်၊ ခပ်တင်းတင်းထားတတ်သည့် မျက်နှာပေးဟန်ဖြင့် သွားတတ်သလို သူသည်လည်း ထိုပုံစံကို အမိဖမ်းထားဟန်ရှိ၏။

ဘူတာကြီးတွင် ရောက်နေသည့် လူအုပ်ကြီးက သူ့ကို မည်မျှပင်ဝိုင်းကြည့်နေပါစေ၊ သူကတော့ စိုးရွံ့ဟန်မရှိ။ ဂရုမထားသည့်ဟန်ဖြင့် ဣန္ဒြေမပျက် ဝံ့ဝံ့ရဲရဲပင်။ ဘူတာထဲတွင် သူတစ်ယောက်တည်း ရှိနေသည့်အလားပင်။ ခပ်အေးအေးပင် ပုံမှန်ခြေလှမ်းဖြင့် လျှောက်လျက်သား။

ကျွန်တော့်မျက်လုံးများကလည်း လူအုပ်ကြီးနှင့်အတူ သူ့ထံတွင် ရောက်နေ၏။ သို့သော် လူအုပ်ကြီး၏အကြည့်အမြင်နှင့် ကျွန်တော့်အကြည့်အမြင်မှာ တူမည်မဟုတ်ပါ။ မှန်ပါသည်။ သူ့အားဝိုင်းကြည့်နေကြသည့် လူအုပ်ကြီး၏စိတ်သန္တာန်တွင် ထူးခြားသောမြင်ကွင်းအဖြစ် ဝန်ကြီးလား၊ အစိုးရအရာရှိကြီးလား၊ ဘယ်လိုပုဂ္ဂိုလ်လဲဟူ၍ စူးစမ်းလိုဟန်အသွင်လောက်သာ ရှိမည်ဖြစ်သော်လည်း ကျွန်တော့်အမြင်ကတော့ သူတို့ထက် ပို၍ထူးခြားနေ၏။ သူ့ကို ကျွန်တော်က အခုမှမြင်ဖူးသည် မဟုတ်ပါ။ ငယ်စဉ်ကပင် တရင်းတနှီး သိခဲ့သည်။ ကစားဖော်ကစားဘက်၊ ကျောင်းနေဘက်လည်း ဖြစ်သောကြောင့်ပင်။

တွေ့တွေ့ချင်း သူ့ကို ငယ်မည်ခေါ်၍ လှမ်းနှုတ်ဆက်ရန် ပါးစပ်က

ဟာလိုက်မိသေး၏။ အသံတော့ မထွက်လိုက်။ သူက သိပ်ခမ်းနားနေသဖြင့် ဟုတ်မှဟုတ်ပါ့မလားဟူသော သံသယက ထွက်လုဆဲအသံကို ပြန်ထိန်းလိုက်နိုင်၍သာ တော်တော့၏။ ငယ်နာမည်ခေါ်၍များ နှုတ်ဆက်လိုက်မိလျှင် . . ။

သူ့ငယ်နာမည်. . ၊ ခင်မောင်ဦး။ ကျွန်တော်တို့ချင်းခေါ်သည့်နာမည်က ဂျစ်တူး ဆိုးပေ . . ။

အခုတော့ သူ့အရွယ်က ဦးခင်မောင်ဦးအရွယ် . . ။

ကွဲကွာနေသည်မှာ ကြာပြီမို့ သူဘာဖြစ်နေသည်ကို မသိပေ။ မည်သို့ပင်ဆိုစေ သူသည် အစိုးရအရာရှိကြီးတစ်ဦးတော့ ဖြစ်ဟန်မရှိ။ သူ့ဟန်ပန်နှင့် သူ့ဘေးမှ အသိုက်အဝန်းကို မြင်ရခြင်းဖြင့် ယနေ့ ထူးသောသူများထက်ပို၍ထူးသောသူ ဖြစ်လိမ့်မည်ဟုသာ မှန်းဆလိုက်ရသည်။

သူကတော့ ကျွန်တော်တို့ကြည့်နေသည့်ကြားမှ ခပ်ရွရွ ခပ်ကြွကြွကလေး အထက်တန်းတွဲပေါ်သို့ တက်သွားသည်။ သူ့နောက်ပါပရိသတ်ကြီးမှာ အချို့ တွဲပေါ်အထိ တက်လိုက်ကြ၏။ အချို့က တွဲဘေးတွင် မတ်တတ်ရပ်လျက် ဝိုင်းအုံနေကြ၏။ အိစက်သည့် ဆိုဖာထိုင်ခုံပေါ်တွင် ကိုယ်ကိုခပ်စန့်စန့်ထား၍ အခန့်သားထိုင်နေသည့် ပုဂ္ဂိုလ်ဖြူကြီးကို ယပ်ခတ်ပေးသူကလည်း မရပ်မနား။ အစားအသောက်များ ပြင်ဆင်ကျွေးမွေးသူကလည်း တစ်မျိုးပြီးတစ်မျိုး ခပ်ရင်း၊ ထည့်ရင်း အလုပ်ရှုပ်နေကြ၏။

ကျွန်တော်ကတော့ ခပ်လှမ်းလှမ်းမှ အကဲခတ်နေရင်း ကျွန်တော့်ကိုမြင်ပြီး နှုတ်ဆက်လေမလားဟု မျှော်လင့်နေမိသည်။

ပုဂ္ဂိုလ်ဖြူကြီးကတော့ ဘယ်ကိုမှမကြည့်။ သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် ဆံကင်းခန့် စိန်နားကပ်ပြူးတူးပြဲတဲကြီးပန်ထားသည့် အမျိုးသမီးနှင့် တစ်လှည့်၊ အပေါ်အောက် တစ်ဆင်တည်းဝတ်ထားသည့် လှည်းဘီးမျက်မှန်တပ် အပျိုချောက်လေးဘက် တစ်လှည့် လှည့်ကာ လှည့်ကာ စကားဖောင်နေသည်။ လေမိနေသည်။ အာလူးဖုတ်နေကြသည်ပေါ့။ သူပြောသမျှကို အမျိုးသမီးကြီးက ခေါင်းတညိတ်ညိတ်၊ အပျိုချောကလေးက ခေါင်းတငဲ့ငဲ့။ နှစ်ဦးလုံး၏ မျက်နှာထားက ခပ်ရွှင်ရွှင်၊ ခပ်ပြုံးပြုံး။ သူ့မျက်နှာကလည်း စကားပြောတိုင်း အပြုံးပန်းတွေ ဝေလျက်။ ဘေးကသူများကတော့ သူတို့သုံးဦးကို တစ်လှည့်စီကြည့်ရင်း သူတို့ပြုံးလျှင် ပြုံးခြင်း၊ သူတို့မဲ့လျှင် မဲ့ခြင်း ဖြစ်နေကြသည်။

ပုဂ္ဂိုလ်ဖြူကြီးနှင့် စိန်နားကပ်အဒေါ်ကြီးတို့မှာ စီးကရက်တွေခဲရင်း၊ ရေခဲမုန့်တွေမြို့ရင်း တပြုံးပြုံးဖြစ်နေကြသလောက်၊ အကြည်ဆိုက်နေကြ



သလောက် မီးရထားတွဲဘေးမှာ ရပ်နေသူများကမူ တနုံ့နုံ့ဖြစ်နေကြဟန်ရှိသည်။ တချို့ကလည်း ကြာတော့ မတ်တတ်မရပ်နိုင်တော့။ ဆောင့်ကြောင့်ကလေးတွေ ထိုင်နေကြသည်။ ဘယ်သူတွေ ဘာဖြစ်နေပါစေ၊ သူတို့သုံးဦးကတော့ စကားပြောမပျက်၊ အပြုံးမပျက်။ ဆက်၍ဆက်၍သ. ၊ အာလူးတွေ အလဲအလှယ်လုပ်နေကြသည်။

အမှန်တော့ ကျွန်တော်တို့ ဘေးအမြင်ကသာ တွဲဘေးမှာ ရပ်နေသူများကို စာနာပြီး ဒုက္ခဟု ထင်ရသည်။ သနားစရာဟု မြင်ရသည်။ သူတို့ကတော့ ပြုံးပြုံးကလေးသာပင်။

ပုဂ္ဂိုလ်ဖြူကြီးကို မြင်နေရလျှင်ပင် အာဟာရသိဒ္ဓိ ပြီးမည့်အလား၊ ကာယသိဒ္ဓိ ပြီးသည့်အလား၊ ခံစားနေရသော ဝေဒနာတွေကို မေ့ပျောက်နေသည့်အလား ဘာမျှမဖြစ်သကဲ့သို့ ခပ်အေးအေးပင် ရှိနေသည်။

ကျွန်တော်တို့လည်း သူတို့ကိုငေးမောနေရသည်နှင့် ရထားကြီးထွက်မည့်အချိန်ကို မေ့နေသည်။ နာရီလှမ်းကြည့်မိတော့မှ နာရီလက်တံက ငါးနာရီသို့။

နှစ်နာရီလေးဆယ့်ငါးထွက်မည့် ရထားကြီးမှာ ငါးနာရီထိုးသည့်တိုင် ရပ်မြဲရပ်လျက်။ မလှုပ်မယှက်။ မန္တလေးဘူတာကြီးတွင် ရပ်နားလျက်သာ။

ဘောဇဉ်းဘီရှည်၊ အင်္ကျီအဖြူနှင့် နက်တိုင်အစိမ်းတပ်ထားသည့် ရထားအမှုထမ်းများမှာ ဟိုမှ သည်မှ လူးလာခေါက်တုံ့သွားလာနေကြသည်မှာ ပျားပန်းခပ်မျှပင်။ သူတို့လှုပ်ရှားနေမှုတို့မှာ မန္တလေးရထားကြီး အချိန်မီထွက်ခွာရေးအတွက် ဟုတ်ဟန်မတူပေ။ သူတို့အကြောင်းနှင့် သူတို့ ပျားပန်းခပ်နေဟန်ရှိသည်။ အကြောင်းကတော့ ရထားကြီးဘယ်အချိန်ထွက်မည်ကို မည်သူ့ကိုမှ မေး၍မရသောကြောင့် ဖြစ်၏။

သို့စေကာမူ ပုဂ္ဂိုလ်ဖြူကြီးတွဲဘေးသို့မူ နက်တိုင်စိမ်းများက တစ်ယောက်ပြီးတစ်ယောက် ကပ်လာလိုက်၊ တွတ်တွတ်ပြောလိုက်၊ ပြန်ထွက်သွားလိုက်။ ကျွန်တော်တို့နှင့် တွေ့လျှင်တော့ နက်တိုင်စိမ်းများ မျက်နှာထားက ခပ်တင်းတင်းသာ။

ပျင်းရိငြီးငွေ့ဖွယ်ရာ မန္တလေးဘူတာကြီးတွင် ရထားထွက်မည့်အချိန်ကို မျှော်တလင့်လင့်စောင့်မျှော်နေကြသည့် ခရီးသွားများမှာ ဟန်တွေပန်တွေဆည်မနေနိုင်တော့။ ခရီးထွက်ဖို့ ဝတ်လာသည့် အဝတ်အစားများ ကျွကျကုန်ကြပြီ။ ယောကျ်ားတွေက စွပ်ကျယ်ကလေးတွေနှင့်။ အမျိုးသမီးတွေက

ဘလောက်စ်အင်္ကျီကလေးတွေနှင့်။

အစုန်ရထားကြီးကို ရန်ကုန်သို့ တွဲခေါ်သွားမည့် ခေါင်းတွဲဆိုသည်ကိုကား လုံးဝမမြင်ရသေး။ ခေါင်းတွဲကြီး ဘယ်ဆီတွင် ဘာဖြစ်နေသည်ကို မည်သူမျှ မသိကြ။ ကျွန်ုပ်တို့မှာ ချွေးတလုံးလုံး။ ထိုင်ရတော့မလိုလို၊ ထရတော့မလိုလို။ ဘူတာကြီးကလည်း ဘာမှမကြေညာသေးသဖြင့် မြို့ထဲကိုလည်း မသွားရဲ။ တွဲပေါ် တက်လိုက်၊ တွဲအောက်ဆင်းလိုက် ဖြစ်နေကြ၏။

ဤသို့ မတင်မကျဒုက္ခကို ခံစားနေရသဖြင့် မဆီမဆိုင် တောင့်တမှု တစ်ခု စိတ်အစဉ်တွင် ဆန္ဒပေါ်လာသည်။

ဟိုဘက်တွဲပေါ်က ပုဂ္ဂိုလ်ဖြူကြီးလိုများ ဖြစ်လိုက်ရလျှင်ဟူသော တောင့်တမှုပင်။

ငယ်ငယ်က ကစားဖော်ကစားဘက်၊ တေဖော်တေဘက် ဂျစ်တူး ဆိုးပေတို့ ကောင်းစားနေပုံကို အခြောက်တိုက် မနာလိုဖြစ်မိ၏။

မျက်စိအကြည်ဆိုက်စရာကလည်း အသင့်။ စားစရာတွေကလည်း အနင့်။ ယပ်ခတ်ပေးမည့်သူတွေကလည်း တစ်ပိုးတစ်ပင့်ဆိုတော့ ရထားကြီး ဘယ်အချိန်ထွက်ထွက်ပေါ့။ မှုစရာမလို။

ပုဂ္ဂိုလ်ဖြူကြီးကို လိုက်ပို့သူတွေက ဌာနပဲနှင့် ယခုထိ မပြန်သေး။ သူကလည်း ယပ်တောင်တွေ ဝိုင်းဝိုင်းလည်အောင် ခတ်ပေးသည့်ကြားက အေးမြချိုမြိန်သည့် ယမကာများကို တစ်မျိုးပြီးတစ်မျိုး တစိမ့်စိမ့် ရသာခံ သုံးဆောင်နေသည်။ ရထားကြီး ထွက်ရေး၊ မထွက်ရေးမှာ သူနှင့်မဆိုင်ဘိသကဲ့သို့။

ကျွန်တော်က သူ့ကိုနှုတ်ဆက်ချင်သော်လည်း သူ့အနားသို့ ကပ်ဖို့ အခွင့်အလမ်းမရှိ။ နောက်တစ်ကြောင်းကလည်း ကွဲကွာနေတာ ကြာပြီမို့ ကျွန်တော့်ကို မမှတ်မိပါဘူးဆိုလိုက်လျှင် အခက်။ ဒီတော့ ခင်မောင်ဦးခေါ် ဂျစ်တူးဆိုးပေကို ရထားတွဲ ဟိုဘက်၊ သည်ဘက် ကပ်ရသည့် ခရီးသွားဖော်ချင်း ဖြစ်ပါလျက် မတတ်သာ ခပ်ခွာခွာနေလိုက်ရသည်။

သူ့အကြောင်းကို စုံစမ်းချင်သည့်ဆန္ဒကိုတော့ ချုံးနှိမ်၍ မရပေ။ ထိုစဉ် အခွင့်အရေးတစ်ရပ် ပေါ်လာသည်။ ကျွန်တော်ရပ်နေသည့်တွဲဘေးသို့ သူတို့အုပ်စုထဲမှ လူတစ်ယောက် လျှောက်လာသဖြင့် ခပ်တည်တည်နှုတ်ဆက်ပြီး စုံစမ်းချင်သည့်ဆန္ဒကို အတင်း နသားဘာရား ဖြည့်စွမ်းလိုက်ရ၏။

"ဒီမှာ နောင်ကြီး. .။ ခင်ဗျား ဟိုဘက်တွဲပေါ်က ဆရာကြီးကို ကျွန်တော်သိဖူးပါတယ်။ ကွဲကွာနေတာတော့ ကြာပါပြီ။ အဲဒါ သူ့နာမည် ဦးခင်မောင်ဦး ဟုတ်ပါသလားခင်ဗျား"



ကျွန်တော့်အမေးကို ကြားလိုက်ရသည့် ပုဂ္ဂိုလ်ဟာ ကျွန်တော့်ကို ပြုံးတုံးပြုံးတဲပြန်ကြည့်လိုက်ပြီး 'ဒီလူနှယ်. . မသိတတ်ရန်ကော' ဟူသည့် ဟန်မျိုးဖြင့် ကျွန်တော့်အမေးကို ဖြေလိုက်ပုံက. .

"ဦးခင်မောင်ဦးတွေ ဘာတွေတော့ ကျုပ်တို့လည်း မသိဘူးဗျာ။ သူ့ကို အဲဒီနာမည်တွေနဲ့ မခေါ်ရဘူး။ အဘဘိုးတော်ကင်းလို့ လေးလေးမြတ်မြတ် ခေါ်ရတယ်။ ဒီနေ့ အင်မတန်တန်ခိုးကြီးတဲ့ ဘိုးတော်ကင်းဆိုတာ ကျုပ်တို့အဘ ဘိုးတော်ပဲ"

သူ့အဖြေက အောင့်အောင့်တောင့်တောင့်။ ဒီနေ့ အင်မတန်တန်ခိုးကြီးတဲ့ အဘဘိုးတော်ကင်းတဲ့။

ဒီနေ့ ဘိုးတော်ကင်းနဲ့ ယနေ့ကျော်ဆွေဟူသော စကားစဉ်ကလေး ကျွန်တော့်အာရုံတွင် ဒက်ခနဲဝင်လာသဖြင့် ပြုံးလိုသော်လည်း မပြုံးရဲပေ။

သူ့ထံမှ အဖြေစကားကို ကြားလိုက်ရသည့်အခါ ကျွန်တော့်မှာ ပါးစပ် ဟောင်းလောင်းဖြစ်သွား၏။ ထိုအချိန်ကသာ မှန်တစ်ချပ်ရှိ၍ ကျွန်တော့်မျက်နှာကို ပြန်ကြည့်မိလျှင် ကျွန်တော့်မျက်လုံးများမှာ ဇီးကွက်မျက်လုံးထက်တော့ သေးမည်မဟုတ်ပေ။

"ဪ. . ဪ. . ဟုတ်ကဲ့. . ဟုတ်ကဲ့. ."

ဟူသော အဖြေကိုသာ ကမန်းကတန်းပြန်ပေးလိုက်ရ၏။

ဘဝင်တော့ မကျ။

ကျွန်တော့်ပါးစပ်ထဲတွင်တော့ 'ဘိုးတော်ကင်း. . ဘိုးတော်ကင်း. .' ဟုသာ တဖွဖွ တရွရွ ထပ်တလဲလဲရွတ်ဆိုနေမိသည်။

ဂျစ်တူးဆိုးပေ၏ ဘဝဖြစ်စဉ်နှင့် ဘိုးတော်ကင်းဆိုသည့်အမည်မှာ 'နံ့သာဆီ' နှင့် 'အီး' ပမာ ကွာခြားသောကြောင့်ပင်။

ဂျစ်တူးဆိုးပေ၏ ဘဝဇာတ်ကြောင်းကို ပြန်လည်တွေးတောနေစဉ်မှာပင် ရထားခေါင်းလာရောက်ချိတ်လိုက်သည့်အသံကြောင့် ကျွန်တော့်အတွေးစဉ်များ ရပ်တန့်သွားခဲ့၏။

သည်ခေတ်၊ သည်စနစ်နှင့် ဘိုးတော်ဟူသည့် စကားလုံး တွဲဖက်မှုကို ဆက်စပ်ကြည့်ရင်း ကျွန်တော့်မျက်နှာတွင် အပြုံးရိပ်များ ယှက်သန်းသွားမည်မှာ မလွဲပေ။

ဂျစ်တူးဆိုးပေဘဝနှင့် ဘိုးတော်ကင်းဘဝ. .။

အဆက်အစပ်ကား အသို့နှယ်. . ။

ထိုစဉ် ကျွန်တော်တို့မျှော်လင့်စောင့်စားနေသည့် အသံမှာ မန္တလေးဘူတာရုံအတွင်း ပျံ့လွင့်ထွက်လာ၏။

"လုပ်သားပြည်သူ ခရီးသည်အပေါင်းတို့ခင်ဗျား. . ။ မန္တလေးအစုန်ရထားကြီးမှာ မကြာမီ အချိန်အနည်းငယ်အတွင်း ထွက်ခွာတော့မည်ဖြစ်ပါသဖြင့် ခရီးသွားလုပ်သားပြည်သူများ မိမိတို့နေရာများတွင် အသင့်ရှိနေကြရန် လေးမြတ်စွာ မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား"

အသံချဲ့စက်မှ နှိုးဆော်သောအသံ ဆုံးသွားသည်နှင့် မရှေးမနှောင်းပင် 'ပေါ် . . ပေါ် . . ဗူ . . ဗူ . . ဗူ . . ပေါ် . . ' အသံလည်း ခေါင်းတွဲဆီမှ ထွက်လာ၏။

'ငါထွက်တော့မယ်ဟေ့' ဟူသော နှုတ်ဆက်သံ။

ခရီးသည်များကား မိမိတို့နေရာများတွင် အသင့်နေရာယူ ထိုင်နေကြရင်း နောက်ဆုံး 'ဗူ . . ဗူ . . ပေါ်' သံကို နားစွင့်နေကြ၏။

တလိမ့်လိမ့်ထွက်ခွာစပြုနေသော မန္တလေးအစုန်ရထားကြီးမှာ ရှေ့သို့ဦးတည်လျက် မှန်မှန်ကြီးရွေ့လျားနေစဉ် နောက်သို့လှည့်ကြည့်လိုက်သည့်အခါတွင်ကား ပုဂ္ဂိုလ်ဖြူကြီးတွဲဘေးမှ လူများ အပြေးအလွှားလိုက်နှုတ်ဆက်နေသည့်မြင်ကွင်းမှာ ဆန်းသည်ထက် အံ့ဩဖွယ်ရာကောင်းသည်ဟု ဆိုရလေညော်လား မသိပါပေ။

မျက်နှာပြောင်တိုက်ရဲလှချည်လား သူငယ်ချင်းဆိုးပေရယ်ဟူသာ ကျွန်တော် တစ်ခွန်းအော်ဖို့ ကောင်းနေသည်။

ဘိုးတော်ကင်းအမည်က ကျွန်တော့်ရင်ထဲတွင် ဘောင်ဘင်ခတ်နေဆဲ၊ မတင်မကျကြီး ဖြစ်နေဆဲ။

အားကျစရာလေလား၊ ရယ်စရာလေလား မဝေခွဲတတ်တော့ပေ။

မန္တလေးရထားကြီးပေါ်တွင် ထိုင်ရင်း ဟိုတွေး သည်တွေး ကျွန်တော့်အတွေးစဉ်များက နောက်ဆုံးတော့ ဘိုးတော်ကင်းဆီတွင်သာ အဆုံးသတ်သွားပေတော့၏။

❖

<အခန်း-၂>

# ဘော်တိုးမည့် ဘိုးတော်များအကြောင်း

ရန်ကုန်ဘက်သို့ ဦးတည်ခုတ်မောင်းနေသည့် မန္တလေးအစုန်ရထားကြီးကို ကျွန်တော်စီးနင်းလိုက်ပါသောအခန်းတွင် ရှိနေသည့် ခရီးသွားလေးဦးမှာ တစ်ဦးကိုတစ်ဦး မသိကြပေ။ သို့သော်လည်း မြန်မာလူမျိုးတို့ထုံးစံအတိုင်း မျက်နှာချင်းဆိုင် ထိုင်မိသည်နှင့် တစ်ဦးကိုတစ်ဦး အပြုံးဖြင့်နှုတ်ဆက်ပြီး ဖြစ်သည်။

မြစ်ငယ်ဘူတာ လွန်လာသည့်အခါ ကျွန်တော်နှင့်မျက်နှာချင်းဆိုင် ထိုင်နေသည့် ခရီးသည်က စီးကရက်တည်ရင်း သူ့ကိုယ်သူမိတ်ဆက်လာသဖြင့် ကျွန်တော်ကလည်း ပျူပျူငှာငှာ ကျွန်တော့်အမည်ကိုပြောပြီး ပြန်လည်မိတ်ဆက်လိုက်ရ၏။ ခရီးရှည်သွားရမည့်ခရီးတွင် ဤကဲ့သို့ ဖော်ဖော်ရွေရွေ လိုက်လိုက်လျောလျောရှိသည့် ခရီးသွားဖော်ကို တွေ့ရသည့်အခါ ဝမ်းသာသွားမိ၏။ ၂၄ နာရီခန့်မျှ သွားရမည့် ပျင်းရိဖွယ်ရာခရီးတွင် စကားပြောဖော်ရရှိခြင်းမှာ ဝမ်းသာစရာပင်။

သူ့အမည်က ဦးအောင်မြင့်။ အလုပ်အကိုင်က နိုင်ငံ့ဝန်ထမ်း။ သူ့

စကားအလာနောက်ဆက်တွဲက ပုဂ္ဂိုလ်ဖြူကြီးနှင့်ပတ်သက်၍ ပီတိမကျဖြစ်ဟန် ရှိသည်။

တွေးနေသည့် အကြောင်းအရာချင်း တူညီနေကြသည့် ကျွန်တော်တို့ နှစ်ဦးမှာ မကြာခင် လေပေးဖြောင့်သွားကြသည်။

"ကျွန်တော်တို့ မြန်မာလူမျိုးတွေလည်း ဘယ်လိုများဖြစ်ကုန်ကြပြီလဲ မသိဘူးဗျာ။ ကြည့်စမ်းပါဦးတော့။ ရဟန်းသံဃာတွေကိုတောင် ဒီလောက် မရိုသေကြဘဲ လူလူချင်းကိုတော့ ရထားတွဲဘေးက လက်အုပ်ချီပြီး အပြေးလိုက် ရတယ်လို့။ ကေန္တတော့ ဒီလူက သာဝိန္ဒတို့လို လူမျိုးနဲ့ တူပါတယ်"

ဟု မကျေမနပ် ညည်းညည်းညူညူပြောလိုက်သည့်အသံမှာ ဦးအောင်မြင့်နှုတ်ဖျားမှ စတင်ထွက်လာ၏။

"ခင်ဗျားလည်း ဒီလူအကြောင်း စိတ်ဝင်စားတယ်ထင်တယ်"

"စိတ်ဝင်စားတယ်ဆိုတာထက် အံ့သြနေတယ် ဆိုပါတော့ဗျာ။ နောင်ကြီးနဲ့ဟာ အသိလား"

"ဆိုပါတော့. . ။ ဒီလူဟာ ကျွန်တော်နဲ့ အသိပါ။ သိတာမှ ငယ်ငယ်က ကစားဖော်ကစားဘက်၊ တေဖော်တေဘက်ပေါ့။ သူ့နာမည်ရင်းကတော့ ဦးခင်မောင်ဦးတဲ့ဗျ။ ကျွန်တော်တို့ခေါ်တဲ့ ငယ်နာမည်ကတော့ ဂျစ်တူးဆိုးပေပေါ့။ ခုတော့ သူ့နာမည်က ဘိုးတော်ကင်းတဲ့ခင်ဗျ"

ကျွန်တော့်အဖြေကြောင့် အလွန်အံ့သြသွားသဖြင့် သူ့နှုတ်ဖျားမှ အာမေဍိတ်သံ ထွက်လာသည်။

"ဗျာ. . ဘာတဲ့. . ဘိုးတော်ကင်းတဲ့လား"

"ဟုတ်ပါတယ်"

"ဟာ. . ဒုက္ခပါပဲ။ ဘာဘိုးတော်လဲဗျာ။ လူက ကြာကူလီရုပ် ပေါက်နေတဲ့ဥစ္စာ။ ခက်တော့တာပဲဗျာ။ ကျွန်တော်တို့တိုင်းပြည်က သွားနေတဲ့လမ်းစဉ်နဲ့ ဒီလူတွေလုပ်ပုံနဲ့တော့ မယ်သီလရှင်နဲ့ ဘီးလို ဖြစ်နေပြီပေါ့ဗျာ"

"ဟုတ်ပါတယ်။ ဦးအောင်မြင့်ပြောတာလည်း မှန်ပါတယ်။ တလွဲဆံပင်ကောင်းတတ်တဲ့ မြန်မာလူမျိုးတွေနဲ့ ဒီလူတွေကတော့ အံဝင်ခွင်ကျဖြစ်နေတယ်လို့ ပြောရလေမလားပဲ။ ဒီလူတွေမှာလည်း တစ်ခုကောင်းလေးတွေ ရှိတယ်တူပါရဲ့။ ဒါကြောင့်သာ လူတွေက ဒီလောက်ဖြစ်နေတာ ဖြစ်မှာပေါ့"

"အင်းပေါ့လေ. . ။ ခင်ဗျားတို့၊ ကျွန်တော်တို့နဲ့ကတော့ မဆိုင်ပါဘူး။ သူတို့အကြောင်းနဲ့ သူတို့လို့ သဘောထားလိုက်ရင် အေးတာပေါ့လေ။ ကိုယ်



လည်း ဘာမှတတ်နိုင်တာမှ မဟုတ်ဘဲဟာ"

ထိုမှ ဦးအောင်မြင့်ဆက်လက်ပြောပြသည့် အကြောင်းများထဲတွင် စိတ်ဝင်စားစရာ သာဝိန္ဒအကြောင်း ပါလာသည်။ အကြောင်းဟာ အဟောင်းဖြစ်နေစေကာမူ စိတ်ဝင်စားစရာများ ပါသည့်ပြင် ပြန်လည်တင်ပြလို၏။

ဦးအောင်မြင့်အာဘော်အတိုင်း တင်ပြရသော်. .

"ကျွန်တော် ပြင်ဦးလွင်မှာ သာဝိန္ဒတို့နဲ့ အတော်ကြာကြာနေခဲ့ရတယ်။ အတူတူနေတာတော့ မဟုတ်ဘူးပေါ့။ တစ်မြို့တည်း နေခဲ့တာပါ။ ကျွန်တော့်အလုပ်ကလည်း အဲဒီတုန်းက ပြင်ဦးလွင်။ ဒီတော့ သာဝိန္ဒအကြောင်း ကောင်းကောင်းသိခဲ့ပါတယ်။

သာဝိန္ဒက လူချောခင်ဗျ။ ယောက်ျားချော ချောတာမျိုးတော့ မဟုတ်ဘူး။ မိန်းမချော ချောတာမျိုး။ အထူးသဖြင့် အမျိုးသမီးတွေ မျက်စိကျတဲ့ အချောအလှမျိုးပေါ့ဗျာ။ ဒီမောင်က ကာယဗလ လေ့ကျင့်တာ။ အပုပ်အစပ်ပါတဲ့ အသားတွေကို ရှောင်ပြီး ထောပတ်၊ အသီးအရွက်နဲ့ နို့ကို အလေးထားပြီး စားတယ်။ ဖရီးအိပ်စ်ဆိုက်ကျင့်တော့ ကိုယ်လုံးကိုယ်ထည်ကလည်း အချိုးကျ၊ အသားအရေက ဝါဝင်းနေ၊ အရုပ်အမောင်းကလည်းကောင်း၊ မျက်နှာကလည်း ပြေပြစ်၊ ယောက်ျားချင်း မြင်ရင်တောင် နှစ်ခါထပ်ကြည့်ရတဲ့ မောင်ပေါ့။

အဲ. . ရုပ်ကလည်းဖြောင့်၊ အပြောကလည်း ကောင်းတော့ သူ့ကို တွေ့မိရင် ကျတာ များပါတယ်။ ဒီကြားထဲ အိန္ဒိယဖကီးတွေရဲ့ အကျင့်ဆိုလား၊ သမထအကျင့်ဆိုလား အဲဒါလည်း ကျင့်သေးတယ်ဗျ။ ကျင့်တာမှ တော်တော်လေးကျင့်တယ် ဆိုပါတော့။ သူတို့စကားနဲ့ ပြောရရင် တော်တော်ပဲ ပေါက်ပေါက်ရောက်ရောက်ရှိတယ်ပေါ့။ အကျီတွေဘာတွေ ချွတ်လိုက်တဲ့အခါ ကိုယ်လုံးကိုယ်ပေါက်က ပန်းပုအချိုးအဆစ်လို ပြေပြစ်တယ်ခင်ဗျ။

ပန်းပုရုပ်လို ပြေပြစ်၊ အချိုးကျတဲ့ သူ့ကိုယ်လုံးကြီးကို အသက်ပြင်းပြင်းရှူပြီး ရှိက်ချလိုက်တဲ့အခါ တစ်ကိုယ်လုံးမှာရှိတဲ့ အသားစိုင်တွေဟာ မျက်စိရှေ့တင်ပဲ ဘယ်ရောက်ကုန်မှန်းမသိအောင် ပျောက်ပျက်ကုန်ရုံတင် မကဘူး။ သူ့တစ်ကိုယ်လုံးဟာ အရိုးပြိုင်းပြိုင်းကျပြီး ကမ္ဘဋ္ဌာန်းကောင်ကြီးလို ဖြစ်သွားတယ်ဗျ။ အဲဒီအချိန်များ သူ့ကိုကြည့်လိုက်ရင် မနိုင်းကောင်းနိုင်းကောင်းပေါ့ဗျာ။ ဘုရားလောင်း ဒုက္ကရစရိယကျင့်တုန်းက အရိုးပြိုင်းပြိုင်းကျနေတဲ့ပုံအတိုင်းပါပဲ။ အဲဒါက စလုပ်ပြလိုက်တာနဲ့ သူ့အပေါ်မှာ အထင်ကြီးပြီး တစ်ချို့တည်း ယုံကြည်ကြတော့တာပဲ"

"ကမ္ဘာ့ဌာန်းကောင်ကြီးလို ဖြစ်နေအောင် အချိန်ဘယ်လောက်ကြာကြာ လုပ်နိုင်သလဲ။ ဦးအောင်မြင့် တွေ့ကြုံဖူးသလောက်ပေါ့"

"ကျွန်တော့်အတွေ့အကြုံအရ ပြောရရင် ဆယ်မိနစ်ထိတော့ ကြာတယ်"

"ရှိုက်လေပြန်ထုတ်လိုက်တဲ့အခါကျတော့ရော"

"နဂိုအတိုင်းပါပဲ။ သူ့ရဲ့ လုပတဲ့ကိုယ်လုံးဟာ အချိုင့်အဝှမ်း၊ အပေါင်းအထပ်တွေနဲ့ ကြည့်လို့လှနေတာပါပဲ"

"နောက်ပိုင်း ဘာလဲ။ လက္ခဏာဟောတာလား"

"ဟုတ်ပါတယ်။ ရိုးရိုးလက္ခဏာပညာပါပဲ။ ဒါပေမဲ့ သမုထအဟုန်နဲ့ ဟောလိုက်တော့ အကြားအမြင်ဖြစ်လာတာပေါ့။ လူကဲခတ်ကလည်း အင်မတန် တော်တယ်ခင်ဗျ။ ဒီနည်းကတော့ သူ့နောက်ပိုင်းမှာ ဘိုးတော်အမည်ခံတွေ လုပ်တဲ့နည်းပါပဲ"

"ဒါပေါ့လေ။ သူ့နည်းဟန်ကလေးတွေနဲ့ သူ့ခေတ် လိုက်ဖက်ညီခဲ့တာကိုး။ ဒီမိုး၊ ဒီလေ၊ ဒီလူတွေနဲ့ ဆိုတာလိုပေါ့"

"နောက်ပိုင်း ဖြစ်ပျက်ခဲ့တဲ့ သူ့အကြောင်းတွေကိုတော့ လူတိုင်းသိပြီးသားမို့ အထူးမပြောတော့ပါဘူး"

ဤသို့လျှင် ကျွန်တော်တို့နှစ်ယောက် ပြောနေကြသည်ကို ဘေးမှ ထိုင်နေသူနှစ်ဦးကလည်း စိတ်ဝင်စားနေပါသည်။

"ဒီကမိတ်ဆွေတွေ ပြောနေသံ ကြားရတာကတော့ အတော်လေးစိတ်ဝင်စားစရာပါပဲ။ ကျွန်တော်က ဟင်္သာတနယ်ကပါ။ အလုပ်ကတော့ ကုန်သည်ပါပဲခင်ဗျာ။ အမှန်တော့ ကျွန်တော့်အမြင်ပြောရရင် ဒီနေ့ ဘိုးတော်အမည်ခံတဲ့လူတွေ လုပ်နေ၊ ကိုင်နေပုံတွေဟာ မျက်လှည့်ဆရာသာသာပါပဲ။ လမ်းဘေးမျက်လှည့်မျိုးထက်တော့ အဆင့်မြင့်တာပေါ့လေ"

"ဟုတ်ပါတယ်။ ဒီကဦးလေး ပြောသလိုပဲ ကျွန်တော်လည်း ဒီအတိုင်းသဘောပေါက်ပါတယ်"

ကျွန်တော်က ဟင်္သာတက ဦးဘခင်ရဲ့အမြင်ကို ထောက်ခံလိုက်ပြီးနောက် ဝိဇ္ဇာကျင့်စဉ်လမ်းနှင့် ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတို့အကြောင်းကို စာတွေ့၊ ကိုယ်တွေ့များဖြင့် ဆက်လက်ပြောဆိုလာခဲ့ကြရာမှ ဦးအောင်မြင့်က ဗိုလ်တာရာရေးသည့် ဝိဇ္ဇာလမ်းစာအုပ်များအကြောင်း ဘယ်လိုမြင်သလဲဟု မေးခဲ့သည်။ ကျွန်တော်ကတော့ ဖြစ်နိုင်သည်ထက် ဖတ်ကောင်းအောင်



ရေးထားသည်ဟု ဖြေလိုက်ရာ ဦးအောင်မြင့်က သဘောတူကြောင်း သူ့ဆန္ဒကို ပေးခဲ့သည်။

ဤနေရာတွင် မင်းတို့က ဝိဇ္ဇာလမ်းစဉ်နှင့်ပတ်သက်ပြီး ဘယ်လောက်လေ့လာဖူးသလဲ၊ ဘယ်လောက်နားလည်သလဲဟုမေးလျှင် အသင့်အပင့် လေ့လာဖူးပါတယ်။ အသင့်အတင့်နားလည်သည်ဟု ဖြေပါမယ်။ သည့်ထက်ပို၍ အဖြေပေးရလျှင် ဤလမ်း၊ ဤစခန်းများ မရှိဟု ကျွန်တော်မပြောပါ။ ရှိပါသည်ဟု ကျွန်တော်ဝန်ခံပါမည်။ သို့သော် အဆင့်မြင့်၍ ခက်ခဲနက်နဲသော လုပ်ငန်းစဉ်ခုကို ငှက်ပျောသီးအခွံနွှာသလို အလွယ်တကူ လုပ်နေ၊ ပြောနေသည်ကိုမူ လက်မခံနိုင်ပေ။ တစ်နေ့ တစ်နာရီလောက် ပုတီးစိပ်ပြီး သုံးလလောက်နှင့် ဘိုးတော်အမည်ခံနေသည်ကိုတော့ လုံးဝဘဝင်မကျနိုင်ပေ။

ကျွန်တော်၏ ဘိုးတော်ကင်းကို ခေတ္တဖြတ်၍ ဟင်္သာတဦးဘခင်ကိုယ်တွေ့ ဘိုးတော်ဇာတ်လမ်း တင်ပြပါမည်။ ဘိုးတော်ကင်းဇာတ်လမ်း၏ အနှယ်ဟု သဘောပေါက်ထား၍ ဖတ်ရှုကြရန် ဖြစ်ပါသည်။

ဦးဘခင်ပြောပြသည့် ဘိုးတော်အောင်မင်းစိန်ဇာတ်လမ်းကို ဦးဘခင်လေအတိုင်း ပြန်လည်ဖောက်သည်ချပါမည်။

"ကျုပ်တို့ဟင်္သာတနယ်မှာ ဖြစ်ပွားတဲ့ ဘိုးတော်အောင်မင်းစိန်ဇာတ်လမ်းကလေးပါပဲ။ ဇာတ်လမ်းက စိတ်ဝင်စားစရာကောင်းသလို သင်ခန်းစာယူစရာတွေလည်း အပြည့်ပါပဲ။ သူများအပြောတော့ မဟုတ်ပါဘူး။ ကျုပ်ကိုယ်တွေ့ပါ။ ဦးက ကုန်သည်ဆိုတော့ ဟင်္သာတနယ်အနှံ့သွားရင်း အကြောင်းတိုက်ဆိုင်လို့ ကြုံတွေ့ခဲ့တဲ့ ဇာတ်လမ်းဆိုပါတော့။ ဦးတို့ ဟင်္သာတနယ်ဟာ အထူးအဆန်းတွေသိပ်ပေါတဲ့ နယ်ပေါ့။ တူမောင်တို့ ကြားဖူးပါလိမ့်မယ်။ မြန်မာတစ်ပြည်လုံး ဟိုးဟိုးကျော်သွားတဲ့ မယ်ကုဝဏ်တို့၊ ရေရှင်ကိုယ်တော်ကြီးတို့ နောက်ပြီး ဘိုးတော်ဘယ်သူ၊ ဘိုးတော်ဘယ်ဝါနဲ့ ဦးတို့တောမှာ မိုးတစ်ဖြိုက်နှစ်ဖြိုက်လောက်ရွာပြီး နေကလေးပူလိုက်ရင် ပေါက်လာတဲ့ မှိုတွေလိုပါပဲ။ အသေထွက်တို့ဆိုတဲ့ စကားတွေကလည်း နှုတ်ဖျားမှာ သီးနေတာပဲ။ ဘယ်ဘိုးတော်က ကောင်းကင်မှာသွားနေတဲ့ လေယာဉ်ပျံကို လက်နဲ့ဖမ်းဆွဲလိုက်တယ်၊ ဘယ်ဘိုးတော်က လေဝင်ပေါက်မရှိတဲ့ ဂူထဲမှာ ကိုးရက်အဓိဋ္ဌာန်ဝင်ပြီး ထွက်လာတော့ သူ့တစ်ကိုယ်လုံးမှာ အရောင်တွေလက်လက်ထအောင် တောက်နေတယ်၊ ဘယ်ဘိုးတော်က မိုးကိုတားလိုက်တယ်၊ ရေကို လမ်းလွှဲလိုက်တယ်၊ ဘယ်ဘိုးတော်က သမားတော်ကြီးတွေနဲ့ ဆေးရုံကလက်လွှတ်လိုက်တဲ့လူနာကို ရေတစ်ခွက်

တည်းနဲ့ ပျောက်အောင် ကုလိုက်တယ်၊ ဘယ်ဘိုးတော်က သစ်မြစ်တွေ ဓားနှင့် ခုတ်ပြီး လုံ့ထဲထည့်လိုက်တာနဲ့ ဝင်းဝင်းလက်ရွှေတွေ ဖြစ်လာတယ်ဆိုတဲ့ ပါးစပ် ပုံပြင်တွေကတော့ ပြောမဆုံးပေါင် တောသုံးတောင်ဆိုတာလို ခဏခဏကြား နေရတာပဲ။

အဲဒီလို ဘိုးတော်တွေပေါတဲ့နယ်ထဲကို အောင်မင်းစိန်ရောက်လာပြန် တာပေါ့။

အောင်မင်းစိန်ဆိုတဲ့လူက ခုန တူမောင်ပြောတဲ့ သာဒိန္နလိုပဲ။ လူက လူချော၊ လူဖြောင့်။ အဲ. . သာဒိန္နနဲ့ မတူတာကတော့ သူက သျှောင်နဲ့။ အသား ကလည်း ဖြူဖြူဝင်းဝင်း၊ ဆံပင်ကလည်း ကောင်းလည်းကောင်း၊ နက်လည်း နက်တော့ မင်းသားချော ချောတယ်လို့ ဆိုရမှာပေါ့။ ရုတ်တရက် သူ့ကိုမြင်ရင် အကြောင်းမသိတဲ့လူက ဇာတ်မင်းသားလို့ ပြောမှာပဲ။ နောက်. . သူဝတ်လေ့ ရှိတာက ရောင်ပြေးယောဂီအနုရောင်ဆိုတော့ သူ့အသားအရေနဲ့ သူ့ဟန်၊ သူ့ အဝတ်အစားက အတော့်ကို ပဏာတင့်တယ် ဆိုပါတော့။ အဝါဘက်ကို လု နေတဲ့ ဆင်စွယ်ပုတီးက အောက်ယောဂီရောင်ပေါ်မှာ ထင်းထင်းကြီးဖြစ်နေ တာကိုက တစ်မျိုးကြည့်ကောင်းတယ်လို့ ဆိုရမလားပဲ။ သူ့ကို အဝေးကြီးကပဲ ထင်းထင်းပပ မြင်နိုင်ပါတယ်"

"အသက်က ဘယ်လောက်ရှိပြီလဲ ဦးရဲ့"

"သုံးဆယ်ကျော်၊ သုံးဆယ့်ငါးအတွင်းလောက် ရှိမှာပါ။ အောင်မင်းစိန် ကို ဟသ်ာတနယ်ထဲ ပင့်လာသူကတော့ ဦးသာဆိုင် တဲ့။ ဦးတို့နဲ့ တော်တော် ရင်းနှီးတယ်။ သူကြီးဟောင်း၊ ကုန်သည်ကြေးရတတ်ဆိုတော့ သူ့ရွာအပေါ်မှာ ရော၊ အနီးအနားမှာရော အတော်လေးသြဇာတိက္ကမ ရှိပါတယ်။

ကိုသာဆိုင်က အထက်ဂိုဏ်းတို့ ဘာတို့ကို တော်တော်ယုံကြည်တဲ့ လူ။ ဝါသနာလည်း ကြီးတဲ့လူ။ ဦးသိသလောက်တော့ ဘာသာရေးလည်း ကိုင်း ရှိုင်းသူတစ်ယောက်ပါပဲ။ သူကိုယ်တိုင်ကလည်း ဘိုးတော်အမည်မခံပေမယ့် အင်းဝိဇ္ဇာဆိုလို့ အမည်ခံထားသူကိုး။ စုန်းတိုက်၊ နတ်တိုက် အမှောင့်ပယောဂ တွေကို သူ့အင်းရေစိမ်နဲ့ ကုလာခဲ့တာပဲ။ သူ့မှာ သမီးပျိုသုံးယောက်ရှိတယ်။ ထားကြည်၊ အေးခင်၊ သန်းမေတဲ့။ သမီးတွေကလည်း သမီးချောလေးတွေပါပဲ။ သမီးအကြီးကတော့ အသက်နှစ်ဆယ့်ရှစ်နှစ်လောက်ရှိတဲ့ အပျိုကြီးပေါ့။ ကိုသာ ဆိုင်က စီးပွားရေးချောင်ချောင်လည်လည်မို့ သမီးလေးတွေကလည်း ခေတ်နဲ့ ပါပဲ။ သူတို့ရွာအနီးတစ်ဝိုက်မှာတော့ ဟိုနေလေးတွေကြောင့် ညီအစ်မသုံးဖော်ပေါ့။



ဒါပေမဲ့ ကိုသာဆိုင်ကိုကြောက်လို့ တော်ရုံယောကျ်ားလေးတွေများက သူတို့ ညီအစ်မတွေကို မစရဲကြဘူး"

"ဒါကြောင့်လည်း အကြီးဆုံးမှာ အပျိုကြီးဖြစ်နေတာပေါ့နော်"

"ပေးပေါ့ တူမောင်ရဲ့။ ဒါကြောင့်ပဲ ဖြစ်ဖို့ရှိတာပေါ့"

"ဒီလိုဆို အောင်မင်းစိန်နဲ့တော့ မလွယ်ဘူးထင်တယ်နော်"

"ဖြည်းဖြည်းပေါ့ တူမောင်ရယ်။ တူမောင်ကလည်း လောလှချည် လား။ မြန်မြန်ဇာတ်သိမ်းချင်ပြီထင်တယ်"

"ဟဲ. . ဟဲ. . ဟဲ. . ဦးကလည်း ကုလားဇာတ်ကားနဲ့ အင်္ဂလိပ်ဇာတ် ကားထဲက မင်းသား၊ မင်းသမီးတွေလို ဖြစ်နေပြီ ဦးရဲ့"

"ဆိုစမ်းပါဦးကွယ့်"

"ကုလားဇာတ်ကားထဲမှာ ဇာတ်လိုက်မင်းသားက မင်းသမီးကို ကိုင် ဖို့အရေး သီချင်းဆိုရ၊ သစ်ပင်တွေပတ်ရနဲ့ တယ်ကြာပြီး အလုပ်ရှုပ်တာကိုး ဦးရဲ့။ အင်္ဂလိပ်ဇာတ်ကားထဲမှာတော့ ကိုင်စရာရှိ ဖိုးခနဲ ဇတ်ခနဲပဲ။ နမ်းစရာ ရှိလည်း ဖလွတ်ရွတ်ပဲ။ အဲဒီလို ဖြစ်လိုက်ချင်လို့ပါ"

"အေး. . အေး. . တူမောင်တို့အကြိုက် ဇာတ်လမ်းကလေး ရောက် လာပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဦး။ ကျွန်တော်က ရယ်စရာပြောတာပါ။ ဇာတ်လမ်းအစုံ သာ ဆက်ပြီးအမိန့်ရှိပါ ဦးရဲ့"

"ကိုသာဆိုင်က သုံးဆယ်ကို အရောင်းအဝယ်ကိစ္စနဲ့ သွားရင်း ဘိုး တော်အောင်မင်းစိန်ကို တွေ့ခဲ့တာဆိုပဲ။ တွေ့ပြီး သဘောကျတာနဲ့ သူ့ရွာကို ပင့်ခဲ့တယ် ဆိုတာပဲ။ သူ့ရွာနဲ့ သူ့ရွာပတ်ဝန်းကျင်ကလည်း သူ့ကိုမှီပြီး ဒီဘက် မှာ တော်တော်လေးဝါသနာပါကြတယ်လေ။ ဘိုးတော်အောင်မင်းစိန် ကြွလာ တယ်ဆိုရင်ပဲ ရွာမှာ လူတွေမစဲတော့ဘူးပေါ့။ အောင်မင်းစိန်ကို လာအကဲခတ် ကြတာပေါ့လေ။ အောင်မင်းစိန်ကလည်း ရွာရောက်မှ စကားများများမပြော ဘူး။ မှင်နဲ့ မောင်းနဲ့၊ တော်တော်လေး ဣန္ဒြေသိက္ခာနဲ့ နေတယ်။ ဦးကလည်း အဲဒီအချိန်မှာ ကိုသာဆိုင့်အိမ်ကို အရောင်းအဝယ်နဲ့ ရောက်နေတာကိုး။ အောင်မင်းစိန်ကိုတော့ ဘုရားခန်းမှာ ကော်ဇောအခင်းနဲ့ ကတ္တီပါခေါင်းအုံးစွပ်နဲ့ အကျပြင်ပေးရပါတယ်။

ကိုသာဆိုင်ကတော့ ဦး ဒီဘက်မှာ ဝါသနာမပါဘူးဆိုတာသိတော့ ဝတ်ကျေတန်းကျေပဲ မိတ်ဆက်ပေးပါတယ်။ ဦးကလည်း သူ့အကဲခတ်၊ သူက

လည်း ဦးအကဲခတ်နဲ့ပေါ့။ သူက စကားများများမပြောပေမယ့် သူ့ဆီလာတဲ့လူတွေကိုတော့ အပြုံးမျိုးစုံနဲ့ နှုတ်ဆက်ပြီး သူ့ဆီလာတဲ့လူတွေကို အကဲခတ်နေဟန် တူပါတယ်။ သူရောက်ပြီးနောက်မှာ ပိတ်ဖြူစင်ကြယ်ဝတ်နဲ့ အုန်းပွဲပြင်တော့ဘာပါပဲ။ ပွဲနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို ဘယ်သူမှမကိုင်ရေဘဲ သူကိုယ်တိုင် အကျအနဆေးကြောပြီး ပွဲတွေပြင်ပါတယ်။ ပွဲပြင်နေတုန်းလည်း ပါးစပ်က တတွတ်တွတ်ရွတ်နေတာပဲ။ ပွဲပြင်ပြီးတော့လည်း တစ်နာရီလောက်ကြာအောင် ဖတ်ရွတ်ပြီးတာနဲ့ ဝိဇ္ဇာတွေကို ပင့်ဖိတ်လိုက်တာ ရှင်အဇ္ဇဂေါဏ၊ ရှင်မထီး၊ ဘားမဲ့ဆရာတော်၊ ယက္ကန်းစင်တောင်နဲ့ ဘိုးဘိုးအောင်အပါအဝင် ဝိဇ္ဇာရှစ်သောင်းကို ပင့်ဖိတ်တော့တာပါပဲ။

နောက်ဆုံးမှာမှ ယခုအချိန်ကစပြီး သောကြာသားပိုင်ဆိုင်သည့် ဤအိမ်ဂေဟာကို ဓာတ်နန်း၊ ဓာတ်စခန်းစိုက်ခွင့် အမိန့်ချမှတ်ပေးဖို့နဲ့ အသိအမှတ်ပြုဖို့ အမိန့်ပြန်တမ်း ထုတ်ပါတယ်"

"နေပါဦး ဦးရဲ့။ ဒီလို ဝိဇ္ဇာတွေကို အမိန့်ပြန်တမ်းထုတ်တယ်ဆိုတော့ သူက ဝိဇ္ဇာတွေကို အမိန့်ပေးလိုက်တာပေါ့နော်။ သူက ဝိဇ္ဇာပုဂ္ဂိုလ်ကြီးတွေထက် အဆင့်မြင့်တဲ့သဘော ဖြစ်မနေဘူးလား"

"ဦးဟာ ဒီထိအောင်တော့ နားမလည်ပါဘူး မောင်ရာ။ တွေ့တာကိုသာ ပြောပြရတာပါ။

ဦးသာဆိုင်ကြီးက တပြုံးပြုံးနဲ့ပေါ့။ ပီတိလွှမ်းတဲ့ မျက်နှာကြီးနဲ့ 'အောင်ပြီ . . အောင်ပြီ' လို့ ထအော်တော့တာပဲ။ ပွဲပြင်ပြီးတဲ့ ညဘက်မှာတော့ အသံချဲ့စက်တွေ ဘာတွေ ငှားခိုင်းပြီး သုတ်ပရိတ်တရားတွေကို အသံနေအသံထားနဲ့ ရွတ်လိုက်၊ ဖတ်လိုက်တာ တစ်ရွာလုံး ဦးသာဆိုင်အိမ်ရှေ့ ရောက်လာတော့တာပဲ။ အသံကလည်းကောင်းတော့ နားထောင်တဲ့သူတွေလည်း သဘောကျနေတာပေါ့။ ဒီဘိုးတော်ဟာ ဘိုးတော်အစစ်ပဲ၊ အတော့်ကို တော်တာပဲ၊ ရွာမှာကြာကြာနေပါစေလို့ဆိုတဲ့ အသံတွေလည်း ကြွက်စီကြွက်စီ ထွက်လာတယ်။ သူတို့ မပြောနဲ့။ ဦးတောင် တော်တော်လေး အထင်ကြီးသွားတယ်။

ရွတ်ဖတ်ပြီးတော့ အိမ်ရှေ့မှာနားထောင်နေတဲ့လူတွေဆီ ထွက်လာပြီး သူ့ပုတီးဖြူကြီးနဲ့ ခေါင်းတွေပေါ် ဝှေ့ပေးလိုက်တာပဲ။ အောက်ကလူတွေကတော့ အလိုလို လက်အုပ်ကလေးတွေ ချီလို့ပေါ့။ ပြုံးပြုံးနဲ့ သဘောကျနေတဲ့ဟန်တွေနဲ့။ သူကလည်း ပါးစပ်က တတွတ်တွတ်ရွတ်ဆိုလို့ ဦးခေါင်းပေါ် ပုတီးကြီးနဲ့ ဝှေ့လိုက်သေးတယ်"



"ဒါက ပရိသတ်ကို စပြီးဆွဲဆောင်လိုက်တဲ့ သဘောပေါ့နော်"

"ဒါပဲဖြစ်မှာပေါ့။ သူတို့အလုပ်တွေက ဒီလိုစရတာပဲလေ။ ဇာတ်ပွဲတွေလိုပေါ့။ ဇာတ်မထွက်ခင် လူတွေလာအောင် ဆိုင်းဝိုင်းကြီးက အစွမ်းကုန်တီးပြီး ခေါ်လိုက်တဲ့ သဘောမျိုးပေါ့။ ဒါ.ဒီလို သုံးရက်ရွတ်ဖတ်ပြီးတဲ့နောက်မတော့ ဦးသာဆိုင်ရဲ့အိမ်ပေါ်ထပ်ကို ဦးသာဆိုင်မှတစ်ပါး ဘယ်သူမှမတက်ရလို့ အမိန့်ထုတ်ပြီး အဓိဋ္ဌာန်ဝင်တော့တာကိုး။ ဦးလည်း အောက်ထပ်ကို ပြောင်းပေးရတယ်"

"အဲဒီ အဓိဋ္ဌာန်ဝင်တဲ့ ကိုးရက်အတွင်း ဘာတွေများ တွေ့ရသလဲ ခင်ဗျ"

"ဦးသာဆိုင်ကလွဲပြီး ဘယ်သူမှမတက်ရဘူးဆိုတော့ သူဘာတွေလုပ်နေတယ်ဆိုတာကို ဦးလည်း မမြင်ရဘူးလေ။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုတော့ တွေ့ရတယ်။ ဦးကြားဖူးသလောက်ကတော့ အဲဒီလို ဂိုဏ်းဂဏသမားတွေ အဓိဋ္ဌာန်ဝင်တဲ့အခါ သက်သတ်လွတ်စားကြတယ် ကြားဖူးတာပဲ။ အောင်မင်းစိန်ကတော့ ဒီလိုမဟုတ်ဘူး။ မနက်မိုးလင်းရင် ကြက်ဥကြော်၊ နွားနို့နဲ့ ကောက်ညှင်းပေါင်းပူပူ ပို့ပေးရတယ်။ ဇနီးနဲ့ ဘာနဲ့ သေသေချာချာပြင်ဆင်ပြီး ဦးသာဆိုင်ကိုယ်တိုင် ပို့ရတယ်။ ထမင်းစားချိန်ကျတော့လည်း နေ့တိုင်း မနက် ညကြက်သားကြော်၊ ငါးကြော်နဲ့ ပဲဟင်းတစ်မျိုးမျိုး ပို့ရတယ်"

"ဘိုးတော်အောင်မင်းစိန်တို့ ကောင်းကောင်းစားပြီး အခန်းအောင်းတာကို ကြီးကြီးကျယ်ကျယ် အဓိဋ္ဌာန်ဝင်တယ်လို့ ပြောတာ ဖြစ်မှာပေါ့နော်"

"အင်းပေါ့လေ. . ။ မြင်ရတော့ ပြောရမှာပေါ့။ ဦးကလည်း ကိုသာဆိုင်ကို မေးကြည့်သေးတယ်။ ဘယ့်နှဲ့လဲ. . ။ အဓိဋ္ဌာန်ဝင်တာ သက်သတ်လွတ်တွေ ဘာတွေနဲ့ မဟုတ်ပါလား ဆိုတော့ အားရှိမှ အလုပ်လုပ်နိုင်တာတဲ့။ ဘိုးတော်အောင်မင်းစိန်က မူတစ်မျိုးတဲ့။ သူ့သဘောနဲ့ ဘာမှမလုပ်ရဘူး။ ဝိဇ္ဇာတွေက အမိန့်ပေးတဲ့အတိုင်း လုပ်ရတာ။ တစ်ခါစာလေးများ မီးလွတ်အမိန့်ချလိုက်ရင် ရေပဲသောက်နေရတာ။ နှုတ်ပိတ်အမိန့်ချလိုက်ရင် စကားကို လုံးဝမပြောရတော့ဘူးတဲ့။ ဒါ. . ဦးသာဆိုင်က ပြောပြတာလေ။ ဦးကသာ ဘဝင်မကျဖြစ်နေတာ။ ကာယကံရှင်က ဘယ်လိုမှမထူးခြားတော့ ကြည့်နေလိုက်ရုံပေါ့။

တစ်ခါ ထူးခြားလာတာက လေးရက်မြောက်တဲ့နေ့ကျတော့ မြင်ကွင်းတစ်မျိုး ပြောင်းသွားပြန်ရော။ နွားနို့၊ ကြက်ဥနဲ့ ထမင်းပို့တဲ့တာဝန်ကို ဦးသာ

ဆိုင် မလုပ်ရတော့ဘူး။ ထားကြည်လေးကို အစားထိုးရောဗျို့"

"မထားကြည်လား"

"ဦးသာဆိုင် သမီးအကြီးပေါ့"

"ဪ. . ဦးသာဆိုင်ကလွဲလို့ ဘယ်သူမှမတက်ရဘူးဆိုတဲ့ ဗေမိန့်ပြန်တမ်း ပြောင်းသွားပုံကလေးကရော ဦးရဲ့"

"အေးဗျ. . ။ ဦးကလည်း ကိုသာဆိုင်ကို တိုက်ရိုက်မေးလို့ မကောင်းဘူးမဟုတ်လား။ ဦးလည်း တူမောင်လိုပဲ။ ဒီအကြောင်းကိစ္စကို သိချင်တာနဲ့ ထားကြည်ကိုပဲ မေးကြည့်ရတယ်။

ဝိဇ္ဇာတွေက အမိန့်ချတယ်တဲ့။ သောကြာနဲ့ ဓာတ်မရဘူး။ စနေသမီးနဲ့သာ ဓာတ်ကျတယ်။ စနေသား ပါရမီဖြည့်မှ ဓာတ်နန်းအောင်မယ်လို့ အမိန့်ချလိုက်တာကိုး"

"ဟုတ်ကဲ့. . ။ ဇာတ်လမ်းက အလယ်ပိုင်းရောက်လာတာပေါ့နော်။ ဦးသာဆိုင်က ဘာမှမပြောဘူးလား"

"ဟာ. . ဘာပြောပါလိမ့်မလဲ။ သူကတော င် ပျော်လို့၊ မြူးလို့။ ထားကြည်က ဝိဇ္ဇာပဋ္ဌာန်းဆက်ပါတယ်လို့ သုံးဆယ်ဆရာတော်က ဟောဖူးတယ်။ အခု ဘိုးတော်ကလည်း အမိန့်ချတယ်ဆိုတော့ တစ်ထပ်တည်းကျနေတာပဲဗျာလို့ လက်ဖျားတခါခါ၊ တအံ့တသြ ပြောရှာတယ်။ ဒီတစ်ခါတော့ သူ့ဓာတ်နန်းအောင်ပြီပေါ့။ ဆေးတွေ၊ အင်းတွေလည်း ရပြီပေါ့။ သူလည်း မကြာခင် ဘိုးတော်ဖြစ်တော့မယ်ဆိုပြီး ဝမ်းသာနေတယ်လေ။ ဦးကတော့ မရယ်မိအောင် နှုတ်အောင့်ထားရတယ်လေ။ ဒါပေမဲ့ ဦးအဖို့တော့ တော်တော်လေးအကျိုးရှိပါတယ်"

"ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . ဦးလည်း ဝိဇ္ဇာဆက်နေပြီလို့ အမိန့်ချခံရပြီထင်တယ်"

"ဟာ. . ဘယ်ကလာ။ နေ့တိုင်း ဟင်းကောင်းကြိတ်ကြိတ်နေရတာကို ထူးတယ်လို့ ပြောတာပါပဲ။ ရှစ်ရက်မြောက်တဲ့နေ့ကျတော့ အမိန့်သစ်တစ်ခု တက်ပြန်ရောဗျို့။ အမိန့်ကတော့ ဦးနဲ့တိုက်ရိုက်ပတ်သက်နေတဲ့ အမိန့်ပဲ"

"ဘယ်လိုအမိန့်မျိုးလဲ ဦးရဲ့"

"ဒီအမိန့်က ဒီအိမ်မှာ ဓာတ်နန်းစိုက်ထားသမျှ သူစိမ်းယောက်ျားတွေ ညဥ့်အိပ်ညဥ့်နေ မတည်းခိုရဘူး၊ လက်မခံရဘူးဆိုတဲ့ အမိန့်ပဲ"

"အမိန့်ကလည်း အမိန့်ဆန်းပါလား ဦးရဲ့"



"ဆန်းတာကတော့ အဆန်းထဲမှာ အညွန့်ထိပ်ခေါင်လို့ ဆိုရမှာပေါ့"

"ဒီတော့ ဦးက. . "

"ဦးက ဘာရမလဲ။ ပြောင်းပြေးရတာပေါ့. . ဟဲ. . ဟဲ. . ။ ဦးသာဆိုင်က ပျောင်းတောင်းပန်ပန် ဝမ်းနည်းပြောရှာတယ်။ ဒီတော့ ဦးကလည်း ဘိုးတော်အောင်မင်းစိန်ဓာတ်နန်းက ခပ်လှမ်းလှမ်းကို ခွာခဲ့ရတာပေါ့"

"ဦးဇာတ်လမ်းကလည်း မအီမလည် မဆဲဘ်တင့်ကြီးနဲ့ကိုး"

"အိုး. . အိုး. . မဆုံးသေးဘူးလေ တူမောင်ရဲ့။ ဒါပေမဲ့ တူမောင်တို့လည်း ညောင်းရောမယ်။ အညောင်းလေးဘာလေးဆန့်ရင်း လုံ့ကြဦးပေါ့။ မနက်မှ ဇာတ်လမ်းဆက်ကြတာပေါ့"

"ဟာ. . ဦးကလည်း။ ရပါတယ်။ နေ့တိုင်း အိပ်ဖူးနေတာပဲ။ နောက်ပြီး ဒီလောက်ခါယမ်းနေတဲ့ ရထားကြီးပေါ်မှာ ဇိမ်နဲ့အိပ်လို့ ရတာမှတ်လို့။ ဆက်သာ ပြောပါ။ ကျွန်တော်တို့တော့ နားထောင်ဖို့ အသင့်ပါပဲ"

ကျွန်တော်တို့ဆန္ဒကို ကိုအောင်မြင့်ကလည်း ဝင်ရောက်ထောက်ခံလိုက်သဖြင့် ဇာတ်လမ်းဆက်ပြန်သည်မှာ. .

"အဓိဋ္ဌာန်ပြီးလို့ ဆယ်ရက်မြောက်တဲ့နေ့ကျတော့ ဘိုးတော်တွေ ကြွလာလိမ့်မယ်။ ဘိုးတော်တွေနဲ့ ဓာတ်ကူးချင်သူတွေက ညဘက် သူ့အိမ်လာခဲ့ကြဖို့ ဦးသာဆိုင့်ကိုယ်တိုင် လေးလေးစားစားပဲ လိုက်ဖိတ်ပါတယ်။ ဒါပေမဲ့ နောက်ဆက်တွဲစည်းကမ်းချက်ကလေးကတော့ ပါသေးသဗျ။

ဓာတ်ကူးဖို့ လာမယ့်သူမှန်သမျှ ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ခေါင်းလျှော်လာရမယ်။ ဒီနေ့အဖို့မှာ အကုသိုလ်နှင့်စပ်ဆိုင်သမျှ ဘာမှမလုပ်ရဘူး။ လုပ်ရင်လည်း ဘိုးတော်ရှေ့ကျရင် ပေါ်မှာပဲ။ အဆိုက ဒီလိုဆိုတာကိုး။

ဦးကတော့ အစကတည်းက မယုံတဲ့အပြင် ဘိုးတော်အမည်ခံတဲ့ အောင်မင်းစိန်ကိုလည်း အမြင်ကပ်နေတာနဲ့ မသွားဘူးလို့ နေဦးမလို့"

"ဟုတ်တာပေါ့။ ဦးကို အိမ်ပေါ်ကဆင်းရအောင် နှိပ်စက်ထားတော့ ဦးကလည်း ကျွဲမြီးတိုနေတော့မပေါ့"

ဟု ကိုအောင်မြင့်က ဝင်ထောက်လိုက်ရာ. .

"မဟုတ်ပါဘူး တူမောင်ရဲ့။ ဦးတို့က တရားသမား။ ရတနာသုံးပါးကလွဲလို့ ကိုးကွယ်ရာ နတ္ထိပဲ။ အမှန်တော့ တရားသမားအစစ်တွေ ဒါမျိုးတွေနဲ့ မပတ်သက်တာ အကောင်းဆုံးပဲမဟုတ်လား"

ဦးဘခင်က ဤသို့ပြောလိုက်သည့်အခါ ကိုအောင်မြင့်က စောဓက

ဝင်လိုက်ပြန်ပါသည်။

"ဦးသဘောထားလေး ကြားပါရစေဦး။ ဗဟုသုတပေါ့ ခင်ဗျ"

"အင်း. . ဇာတ်လမ်းကလေးဖြတ်ပြီး ရှင်းပြရသေးတာပေါ့။ ဒါပေမဲ့ ဦးပြောတာ အမှန်တရားချည်းပဲလို့ မယူဆနဲ့နော်။ ဦးနားလည်သလောက် ပြောပြတာပါ။ မှားနေရင် ခွင့်လွှတ်ပါလို့။

ဦးတို့ ဗုဒ္ဓရှင်တော် ဘုရားအဖြစ်ကိုရအောင် ကျင့်ကြံအားထုတ်ပြီးတဲ့နောက် သူတွေ့ကြုံခဲ့ရတဲ့ တရားသဘောတွေကို အခြေခံပြီး တရားဦးဓမ္မစကြာကို ဟောတဲ့အခါမှာ ဒွေ မေ ဘိက္ခဝေနဲ့ အစပြုပြီး အစွန်းတရားနှစ်ပါးဖြစ်တဲ့ ကာမ သုခလ္လိကာ နုယောဂေါ ဆိုတဲ့ အယုတ်တရားနှစ်ပါး၊ ပယ်ရမယ့်တရားနှစ်ပါးကို ညွှန်ပြပြီး မဇ္ဈိမပဋိပဒါဆိုတဲ့ အစွန်းနှစ်ဖြာလွတ်တဲ့ အလယ်အလတ်ကျင့်စဉ်ကို အသေအချာကြီးပဲ ညွှန်ပြခဲ့ပါတယ်။ အလယ်အလတ်ကျင့်စဉ်ကတော့ မဂ္ဂင်ရှစ်ပါးပါ။ အကျယ်တော့ ထားပါတော့။ ဒီကမှ သိရမယ့်တရား၊ ပယ်ရမယ့်တရား၊ ပွားများရမယ့်တရား၊ ဆိုက်ရောက်ရာတရားရယ်လို့ လေးဖြာကျင့်စဉ် လမ်းပေးခဲ့ပါတယ်။ ဒါကိုလည်း ဘုရားက ငါပြောတာချည်း ယုံမနေနဲ့။ ဟုတ်၊ မဟုတ် ကိုယ်တိုင်လုပ်ကြည့်ကြလို့ ဝါဒပေးခဲ့ပြန်တယ်။ ဒါ့အပြင် အဓိကကျတဲ့ ဖြစ်မှု၊ ပျက်မှု တရားနဲ့ အရာရာမှာ အကြောင်းတရားနဲ့ အကျိုးတရားကို အခြေခံမြင်တတ်ဖို့ ပြောပြခဲ့တယ်။ တူမောင်တို့ ဒီခေတ်လူငယ်တွေရဲ့ ဆန္ဒကတော့ ကိုက်ချင်မှ ကိုက်မယ်လေ။ ရှင်ဗုဒ္ဓက အကြောင်းအကျိုးနဲ့ ကင်းလွတ်နေတာ မရှိဘူးတဲ့။ ဘာဖြစ်ဖြစ် အကြောင်းတရားအခြေခံပြီးမှ အကျိုးတရားဖြစ်တယ်လို့ ဆိုတယ်။ ဥပမာ အတိတ်က ကောင်းသောအမှုကို ပြုလုပ်ခဲ့တဲ့ အကြောင်းကြောင့် ပစ္စုပ္ပန်မှာ ကောင်းသောအကျိုးကို ခံစားရတယ်။ အကြောင်းမကောင်းရင် အကျိုးပေး မကောင်းဘူးပေါ့။ ဥပမာ အခု တူမောင်တို့ အစိုးရအမှုထမ်းဘဝမှာ ရိုးသားခြင်း၊ ကြိုးစားခြင်းဆိုတဲ့ အကြောင်းကို အခြေခံပြီး ရာထူးတိုးတက်ခြင်း၊ ဝင်ငွေပိုရခြင်းဆိုတဲ့ အကျိုးကို ခံစားရတယ်။ အဲ. . မရိုးဘူး၊ မကြိုးစားဘူးဆိုတဲ့ အကြောင်းမကောင်းရင် ထောင်ထဲရောက်မယ်၊ အလုပ်ပြုတ်မယ်ဆိုတဲ့ အကျိုးကို ရမှာမလွဲဘူး။ ဒီသဘောကလေးပါပဲ။ ရှင်တော်ဗုဒ္ဓက အကြောင်းအကျိုးတရားနဲ့ မမြဲတဲ့သဘောဖြစ်တဲ့ ဖြစ်မှု၊ ပျက်မှုကို ပြခဲ့ပါလျက်နဲ့ ဖြစ်စေသတည်း၊ မဖြစ်စေသတည်း၊ ရာထူးတိုးစေသတည်း၊ ချမ်းသာစေသတည်းလို့ ဦးဖွလုပ်လိုက်တာနဲ့ ဖြစ်တယ်ဆိုတာတော့ ဗုဒ္ဓရဲ့အဘိဓမ္မာနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတာပေါ့။



သူ့သဘော သူဆောင်ပြီး ဖြစ်ပျက်နေပါလျက်နဲ့၊ ခန္ဓာရှိရင် ခန္ဓာဒုက္ခခံရမယ်ဆိုတာ သိနေပါလျက်နဲ့ မဟုတ်စေရဘူး၊ မခံစေရဘူး၊ မနာစေရဘူး၊ မသေစေရဘူး အော်နေကြတယ်။ ဘုရားက အနိစ္စ၊ သူတို့က နိစ္စ၊ ဘုရားက အနတ္တ၊ သူတို့က အတ္တ၊ ဘုရားက ဒုက္ခ၊ သူတို့က သုခ လုပ်နေကြတယ်။ ဒီတော့ ဦးအမြင်ကို ပွင့်ပွင့်လင်းလင်းပြောရရင် ပုဂံခေတ် အရည်းကြီးဝါဒ တစ်ပတ်ပြန်လည်လာပြီလို့ ဆိုရမလားပဲ။ အဲ. . ဒီအကြောင်းအချက်တွေကြောင့် ဦးကတော့ ဒီဝါဒတွေနဲ့ မပတ်သက်တာပါပဲ"

"နေပါဦး ဦးရဲ့။ သူတို့ ဒီဂိုဏ်းဂဏအလုပ်မှာလည်း ပုတီးစိပ်တာတို့ သမထထိုင်တာတို့ ရှိနေတာပဲ။ ဒါကော ကောင်းတဲ့အလုပ်၊ မြတ်တဲ့အကျင့်လို့ မဆိုနိုင်ဘူးလားခင်ဗျာ"

"တူမောင်ပြောတာတော့ မဆိုးဘူး။ အပေါ်ယံကြည့်ရင်တော့ ကောင်းတယ်လို့ ဆိုရမယ်ပေါ့။ ဒါပေမဲ့ ရာထူးတိုးအောင်၊ ပိုက်ဆံတွေအများကြီးရအောင်၊ ကိုယ့်ပြိုင်ဘက်အပေါ်မှာ အနိုင်ရအောင်ဆိုတဲ့ မှုမမှန်တဲ့ ရည်ရွယ်ချက်ပေါ် အခြေခံပြီး ပုတီးစိပ်တယ်ဆိုရင်တော့ မကောင်းဘူးပေါ့လေ။ ရိုးရိုးသားသား ကုသိုလ်ပါအောင်၊ စိတ်တည်ငြိမ်အောင်၊ သမာဓိဖြစ်အောင် စိပ်ရင်တော့ အတိုင်းထက်အလွန်၊ တံခွန်ထက်ကုက္ကားပေါ့"

ဦးဆေးဘခင်နှင့် ကိုအောင်မြင့်တို့ ဆွေးနွေးပွဲကလေးမှ ဘိုးတော်အောင်မင်းစိန်ဇာတ်လမ်း ပျောက်လုမတတ်ဖြစ်သဖြင့် ကြားဝင်ပြီး ဇာတ်လမ်းဆက်ဖို့ တိုက်တွန်းခဲ့ရ၏။

သူတို့လည်း ရယ်ရင်းမောရင်း ဘိုးတော်အောင်မင်းစိန်ဇာတ်လမ်းဆီသို့ ပြန်လည်ဦးတည်လိုက်သည်။

"အေး. . ဒါနဲ့ ဆက်ရဦးမယ်။ ဦးကလည်း ပထမတော့ မည်းညည်းညည်းပဲ နေဦးမလို့ပဲ။ ဒါပေမဲ့ ကိုသာဆိုင်ကိုလည်းအားနာ၊ နောက်တစ်ကြောင်းက ဒီမောင်ဘာတွေလုပ်ဦးမလဲလို့ သိချင်တာနဲ့ သွားခဲ့ရပြန်တယ်။

ညနေ (၆) နာရီအချိန်လောက်မှာပဲ လူစုံကြတယ်။ တစ်အိမ်လုံးကို ပြည့်လို့။ တချို့လည်း လှေကားထက်မှာပဲ နေရာရကြတော့တယ်။ အဲဒီအချိန်ထိ ဇာတ်မင်းသားက မထွက်သေးဘူးလေ။ တော်တော်လေးကြာတော့မှ ပွဲတွေပြင်ထားတဲ့နောက်မှာ ကာထားတဲ့လိုက်ကာကို ဖယ်ပြီး ထွက်လာခဲ့တော့တာကိုး။ ဘုရားစင်နဲ့ ပွဲပြင်ထားတဲ့ကြားမှာ လိုက်ကာခြားထားတော့ သူက ဘုရားခန်းက ထွက်လာတဲ့သဘောပေါ့။

အဝတ်အစားကတော့ သူဝတ်နေကျ ယောဂီအနုရောင် တက်ထရွန် လုံချည်နဲ့။ ဆင်စွယ်ပုတီးကြီးကိုလည်း လည်ပင်းမှာဆွဲလို့။ ခေါင်းမှာတော့ ဖွေး ဖွေးဖြူနေတဲ့ နိုင်လွန်အဖြူရောင်ခေါင်းပေါင်းကို မင်းသားပေါင်း ပေါင်းထား တယ်။ မီးချောင်း ငြ.ပြင် အောက်လင်းဓာတ်မီးလေးလုံးက ထွက်လာတဲ့ အလင်း ရောင်နဲ့ သူနဲ့ကတော့ ပဏာစားနေတာပဲ။ ရွှေပွဲလာ မိန်းမသူတွေကတော့ သူ့ကိုမြင်လိုက်တယ်ဆိုရင်ပဲ ပြုံးခနဲ ပြုံခနဲ ဖြစ်ကြပါလေရော။ တစ်ယောက်နဲ့ တစ်ယောက် မျက်စပစ်ကြ၊ လက်တို့ကြ၊ မေးငေါ့ကြနဲ့ ဖြစ်ကုန်ပြီး ပွစိပွစိနဲ့ပေါ့။ ပါးစပ်က အသံထွက်ရရင် 'အောင်မလေးဟဲ့နော်. . ချောလိုက် လှလိုက်တဲ့ ကိုယ်တော်ကလေး' လို့ ပြောကြမယ် ထင်ပါရဲ့။ သူကတော့ ပွဲရှေ့မှာခင်းထား တဲ့ ကော်ဇောပေါ်မှာ ထိုင်ရင်း ရွှေပွဲလာပရိသတ်အားလုံးကို အပြုံးတစ်ချက် ဝေ့ပြီး နှုတ်ဆက်လိုက်တယ်။ ရွှန်းရွှန်းစားစားကြီး ပြုံးလိုက်တဲ့ အပြုံးမျိုးနဲ့ပေါ့။

ခဏနေတော့မှ 'ကဲ. . အားလုံး လက်အုပ်ချီပြီး ငါးပါးသီလတိုင်ကြ' လို့ အမိန့်ပေးပါရော။ သူကတော့ သီလပေးမယ့် စတိုင်နဲ့ပေါ့။ အောင်မြင်ပြီး ဆွဲငင်ဓာတ်အပြည့်ပါတဲ့ အသံနဲ့ ငါးပါးသီလကို ပေးတော့တာကိုး။ ရဟန်း သံဃာတွေ သီလပေးသလိုတော့ ဌာန်ကရိုဏ်းကျကျ၊ ခပ်ထောင့်ထောင့်သီလ ပေးမျိုးတော့ မဟုတ်ဘူး။ သီချင်းမဆိုရုံ အသံမျိုးနဲ့ တိုင်ပေးတာကို အားလုံးက လိုက်ဆိုရတယ်။

ဆိုတဲ့လူတွေကလည်း ဆိုကောင်းထင်ပါရဲ့။ အသံညီညီညာညာနဲ့ပဲ လိုက်ဆိုကြ၊ သူကလည်း ပေါင်ကို လက်ကလေးနဲ့ပုတ်ပုတ်ပြီးတော့ အသံတိုင် ပေးတာ ဘာနဲ့တူသလဲဆိုတော့ ဘုန်းကြီးရှုးနဲ့ လှေလူး တွေ့နေသလိုပါပဲ။ ဘုန်း ကြီးက စိတ်မမှန်တော့ လှေကို ငြိမ်ငြိမ်မစီးဘဲ ဟိုဘက်ပြောင်းလိုက်၊ ဒီဘက် ပြောင်းလိုက်။ ဒီတော့ လှေကလည်း ဟိုဘက်လူးလိုက်၊ ဒီဘက်လူးလိုက်နဲ့ မြစ်ပြင်လယ်မှာ ကြည့်လို့ကောင်းနေတော့သလို သီလပေးတဲ့ အောင်မင်းစိန်နဲ့ သီလယူတဲ့လူတွေ အတိုင်အဖောက်ညီနေကြတာပေါ့လေ။

ပြီးတော့မှ မိန့်ခွန်းတစ်ရပ် ခြွေတော့တာပဲ။

မိန့်ခွန်းကတော့ သူ ကိုးရက်အဓိဋ္ဌာန်ဝင်ပြီး ဓာတ်နန်းစိုက်ခွင့် ရ မရ အထက်လူ ဝိဇ္ဇာတွေဆီ ခွင့်တောင်းတဲ့အခါမှာ ဓာတ်နန်းစိုက်ခွင့်ရတဲ့ အတွက် ဓာတ်နန်းဖွင့်လိုက်ပြီဖြစ်ကြောင်း၊ ဒီဓာတ်စခန်းမှာ သတ္တဝါတွေ ကယ် တင်ဖို့၊ ရောဂါဘယခံစားနေရသူတွေ ကယ်တင်ဖို့၊ ဆေးဝါးကုသဖို့ အမိန့်ချ ထားတယ်။ စုန်းတိုက်၊ နတ်တိုက်၊ ဥစ္စာစောင့်အစွဲ၊ အမှောင့်ပယောဂအမျိုးမျိုး



ကို ကာကွယ်ဖို့ ဆေးထိုးပေးမယ်။ နက်ဖြန်မှစပြီး ဓာတ်ခန်းကို လာနိုင်ကြောင်း ကြေညာလိုက်ပါတယ်။

အဲဒီလိုလည်းပြောပြီးရော လည်ပင်းကပုတီးကိုဖြုတ်၊ ညာဘက်လက် မှာပတ်၊ မတ်တတ်ရပ်လိုက်ပြီး ပွဲရှေ့မှာထွန်းထား ဘဲ့ ဖယောင်းတိုင်တွေကို လက်ဝါးပြင်နဲ့ အပေါ်ကနေပြီး ဟိုရွှေ့ဒီရွှေ့လုပ်လိုက်တဲ့အခါ ဖယောင်းတိုင် တွေက မီးပွားတွေ တဖျတ်ဖျတ်ဖြစ်လာတယ်။ ရှဲ. . ရှဲ. . ရှဲ. . ရှဲ. . ဆိုတဲ့ အသံ တွေလည်း မြည်လာတယ်။ ကြည့်နေတဲ့ ပရိသတ်ကြီးကလည်း လည်ပင်း တရှည်ရှည်နဲ့ပေါ့။ နောက်ထပ် ဘာများဖြစ်ဦးမလဲလို့ လည်ပင်းထောင်တဲ့လူက ထောင်၊ မတ်တတ်ရပ်တဲ့လူက ရပ်လို့။ သူကတော့ လေးငါးခါလောက်လုပ်ပြီး လက်အုပ်ချီရင်း ပါးစပ်ကတတွတ်တွတ်ရွတ်လိုက်၊ လက်ဝါးလေး နားမှာကပ် ပြီး နားထောင်လိုက်၊ ဟိုမော့ကြည့်လိုက်၊ ဒီမော့ကြည့်လိုက်နဲ့ပေါ့။ ပရိသတ်က လည်း သူခေါင်းလှည့်ရာဘက်ကို သူလှည့်သလိုလှည့်ရင်း၊ သူမော့သလိုမော့ ရင်း ဖြစ်နေကြတုန်း ထားကြည်ကလေးကို ပွဲရှေ့မှာ လာထိုင်ဖို့ လက်ညှိုးနဲ့ အချက်ပြပြီး ခေါ်လိုက်တယ်။ နောက်. . သူ့လက်ညှိုးကိုထောင်ပြီး ဟိုဘက် ယမ်းလိုက်၊ ဒီဘက်ယမ်းလိုက် လုပ်နေပြန်တယ်။ လက်တစ်ဖက်ကတော့ ထား ကြည်ရဲ့ခေါင်းကို လက်ဝါးနဲ့အုပ်ပြီး ကိုင်ထားရင်း မိုးပေါ်ကို နားစိုက်ထောင် လိုက်၊ မျက်လုံးနဲ့စူးစိုက်ကြည့်လိုက် လုပ်ပြီး ထားကြည်လေးခေါင်းကို လက်နဲ့ တဖျတ်ဖျတ်ပုတ်နေတယ်။ ခဏကြာတော့ ထားကြည်ကို နောက်ဆုတ်ခိုင်းပြီး သူလည်း ပွဲရှေ့မှာ ပြန်ထိုင်လိုက်တယ်။

လူတွေရဲ့ မျက်လုံးတွေကတော့ သူနဲ့ထားကြည်အပေါ်မှာ အာရုံစိုက် နေကြတယ်လေ။ သူ့ဆီက ဘာများပြောဦးမလဲလို့ လူတွေက အာရုံစိုက်နေကြ ပေမယ့် သူကတော့ စကားမစသေးဘူး။ မျက်လုံးပိတ်လိုက်၊ ဖွင့်လိုက် လုပ်နေ တုန်းပဲ။ ခဏနေတော့ ထားကြည်ရဲ့ညာလက်ကို ဆန့်ခိုင်းပြီး သူ့ပုတီးကို ကိုင် ထားခိုင်းတာမှာ ထားကြည်ရဲ့လက်နဲ့ ကိုင်ထားတဲ့ပုတီးဟာ အငြိမ်မနေဘဲ ဟို လှုပ် ဒီယမ်း ဖြစ်နေတယ်။

လူတွေကလည်း တအံ့တဩပေါ့။

သူကလည်း ပါးစပ်က ထင်ထင်ရှားရှားပြုပါ၊ အပ်ခွင့်အမိန့်ပေးပါနဲ့ အသံခပ်အစ်အစ်နဲ့ အော်ဟစ်အမိန့်ပေးနေတယ်။

နောက်ပြီးတော့မှ သက်ဆိုင်ရာစနေသမီးကို ဓာတ်နန်းရဲ့ ဒေဝီအဖြစ် အပ်နှင်းလိုက်ကြောင်း ကြေညာပေးတယ်"

"သူတို့ဥစ္စာတွေက လွယ်လှချည်လား ဦးလေးရဲ့။ ပရိသတ်ကလည်း လက်ခံတာပဲလား"

"ဘိုးတော်ဖြစ်စေ၊ မယ်တော်ဖြစ်စေ ဆိုတာ သူတို့ပါးစပ်ထဲမှာတင် ရှိတာ။ ပရိသတ်က ဘာပြောရတာမှတ်လို့"

ဤသို့ ကျွန်တော့်အမေးနှင့် ဦးဘခင်အဖြေအပြီးတွင် ကိုအောင်မြင့်က ဝင်ထောက်လိုက်ပြန်သည်။

"ဒီလို ပရိသတ်ကို လှည့်စားပြီးမှ၊ မျက်လှည့်ပြပြီးမှ ဆိုပါတော့ဗျာ. . အယုံသွင်းတာမျိုး မပြောနဲ့။ ဈာန်ထုတဲ့ဘိုးတော် (အရက်သောက်တဲ့ဘိုးတော်)၊ နို့ထိုင်တဲ့ဘိုးတော် (တစ်ချပ်မှောက်ကစားတဲ့ဘိုးတော်)၊ ဖိုးဆွဲနေတဲ့ ဘိုးတော်တွေနောက်ကိုတောင် လိုက်နေကြသေးတာပဲ ဥစ္စာ။ ဒါတင်လားဆိုတော့ ပြည်ပြေးဘိုးတော်ဆိုတာတောင် ရှိသေးတာ သတင်းစာထဲ မတွေ့လိုက်ဘူးလား။ ဘောင်းဘီဖင်ကျပ်နဲ့ ပြည်ပြေးဘိုးတော်ပုံလေ"

"အေး. . အေး. . ငါ့တူပြောမှပဲ ရှင်းတယ်။ အတုံးလိုက် အတစ်လိုက်. . ။ ဟုတ်လည်း ဟုတ်ပါ့ဗျာ။ ပြည်ပြေးဘိုးတော်တဲ့"

ဟု ပြောရင်း ဦးလေးဦးဘခင်မှာ တဝါးဝါးတဟားဟား ဖြစ်နေပါသည်။

အမှန်တော့ ကိုအောင်မြင့်ပြောလည်း ပြောစရာပင်။ ဘိုးတော်အမည်ခံများထဲတွင် အင်္ဂလိပ်နာမည်များနှင့် ဘိုးတော်များလည်း ရှိ၏။ ဘိုးတော်'ဂွန်'တဲ့။ ဘိုးတော်'ဂျက်'တဲ့။ 'ပကောရှင်း' ဆိုတဲ့ ဘာလူမျိုးမှန်းမသိတဲ့ ဘိုးတော်တွေ ရှိ၏။ ဘိုးတော်မာမက်ရဖီး အမည်ခံတဲ့ မူစလင်ဘိုးတော်ကလည်း တစ်မျိုးပင်။ ဘိုးတော်အပွရောင်း၊ ဘိုးတော်ဆာမိ၊ ဘိုးတော်လျှောင်ဖူး၊ ဘိုးတော်အရှုပ်တို့ မပေါ်သေးသည်ကိုပင် တော်သေး၏ဟု အောက်မေ့ရမလို ဖြစ်နေသည်။

ချော့ခေါ်တို့၊ ခြောက်ခေါ်တို့လည်း ရှိသေး။ မည်သို့ပင်ဖြစ်စေ နာမည်ဆန်းကလေး၊ လုပ်ပုံလုပ်နည်းဆန်းကလေးနှင့် ဘိုးတော်တွေပေါ် လျှင် လူတွေက ကောက်ကောက်ငိုက်တတ်ကြသည်သာ။

"ကဲ. . ဦးလေး။ ဆက်ပါဦး"

"အဲဒီလို မယ်တော်ဖြစ်စေသတည်းလို့ ကြေညာပြီးတာနဲ့ ထားကြည်လက်ဝါးပေါ်ကို ပွဲရှေ့မှာထွန်းထားတဲ့ ဖယောင်းတိုင်ကို တင်ပေးလိုက်တယ်ဆိုရင်ပဲ ထားကြည်လေးရဲ့လက်ဝါးဟာ တဆတ်ဆတ်တုန်လာပြီး ဟိုယိမ်းဒီ



ယမ်း ဖြစ်လာတော့တာပဲ။ ပါးစပ်ကလည်း ဘာစကားမှန်းမသိတဲ့ စကားတွေ တတွတ်တွတ် ရွတ်ဖတ်နေတယ်။ နောက်ပြီး လက်ဝါးပေါ် တင်ထားတဲ့ ဖယောင်းတိုင်မီးခွက်နဲ့ လူတွေရဲ့ခေါင်းပေါ်ကို လိုက်ဝဲပေးတယ်။

အဲဒါကို အောင်မင်းစိန်က ဓာတ်ကူးနေပြီ၊ ငြိမ်ငြိမ်နေကြပါ၊ မျက်စိမှိတ်ပြီး အာရုံပြုကြည့်ရင် ဘိုးတော်တွေကို ဖူးရမယ်၊ မထိုက်သူတော့ မဖူးရဘူး၊ သေသေချာချာ စူးစူးစိုက်စိုက် အာရုံပြုပါ၊ ပိတ်ဖြူစင်ကြယ်နဲ့ ဘိုးဘိုးအောင်ပါပဲ၊ သက်နီးဝတ်နဲ့ပုဂ္ဂိုလ်က ရှင်မထီးပါပဲနဲ့ ပြောပြပေးနေတယ်။

လူတွေကလည်း လက်အုပ်ကလေးတွေ ချီလို့ပေါ့။ ထားကြည်ကို ကြည့်ပြီး ရှိခိုးနေကြတယ်။ လူအုပ်ထဲမှာပါတဲ့ အသက်ကြီးကြီးတွေကလည်း လက်အုပ်ချီလို့ပဲ"

"နေပါဦး ဦးရဲ့။ သူပြောတဲ့အတိုင်း ဝိဇ္ဇာတွေ မြင်ရသတဲ့လား"

"ကြီးကြီးစည်ရာ. . ။ ဘယ်မြင်ရမလဲ။ သူက ရှေ့ကလမ်းကြောင်းပေးနေတော့ လူတွေက အတင်းလိုက်မြင်ကြရ ထင်ပါရဲ့။ ဒီနေရာမှာ ဦးအတွေ့အကြုံလေးတစ်ခု ပြောပြဦးမယ်။ ဒီအဖြစ်အပျက်နဲ့ ခပ်ဆင်ဆင်တူလို့ပါ။ ဦးတို့ ဟသ်ာတဘုရားပွဲတစ်ခုမှာ ခါးနာ၊ ဒူးနာ အကိုက်အခဲတွေကုတဲ့ လမ်းဘေးဆရာတစ်ဖွဲ့ ရောက်လာတယ်။ ထုံးစံအတိုင်းပဲပေါ့လေ။ လူရုပ်ပိတ်ကားချပ်ကြီးနဲ့၊ အသံချဲ့စက်နဲ့ ဝဋ်နာကံနာဖြစ်နေတဲ့ အကိုက်အခဲတွေကိုတောင် တစ်ထိုင်တည်းနဲ့ ယူပစ်သလို ပျောက်အောင် ကုသပေးနေတဲ့အကြောင်း အာဝဇ္ဇန်းရွှင်ရွှင်နဲ့ မနားတမ်း အော်ဟစ်နေတာပဲ။ လယ်သမားကြီးတွေကလည်း ဝင်ထိုင်တာပေါ့။ ခါးနာတဲ့လူကို ဆေးလိမ်းပေးလိုက်၊ အသံချဲ့စက်ကလည်း တတွတ်တွတ်မေးနေတယ်။ ပြောနော်. . ။ အခုမကိုက်တော့ဘူးမဟုတ်လား။ အဲဒီတော့ အောက်လူကလည်း ခေါင်းညိတ်၊ ပျောက်ပြီ ပြောရနဲ့ပေါ့။

ဒီမှာတင် ဆေးဆရာတွေက ဘယ်ရွာကဦးကြီး ဘယ်နနှစ်ခံစားနေရတဲ့ရောဂါ ငါးမိနစ်အတွင်း ပျောက်သွားပါပြီခင်ဗျားလို့ ကြေညာတော့တာပဲ။

ကိုက်တဲ့ခဲတဲ့နေရာဆိုတာ ဆေးပူလိမ်းလိုက်ရင် ခဏတော့ သက်သာသယောင် ရှိတာပေါ့။ ဒီတုန်းမှာ ပျောက်ပြီလားမေးတော့ ပျောက်ပြီဖြေရတာမျိုးလိုပဲ သူတို့ရဲ့ အတင်းမြင်ခိုင်းနေတော့ မြင်ကြရတော့တာ ဖြစ်မှာပေါ့လေ"

"လူတွေက ယုံပဲယုံနိုင်လွန်းပါတယ်။ သူတို့မျက်စိရှေ့က ထားကြည်အကြောင်း သူတို့သိနေတာပဲဟာ"

"ထားကြည်ကို သူက သိမ်းသွင်းပြီး ဇာတ်တိုက်ထားတာ ဖြစ်မှာပေါ့။

ဦးတော့ ဒီလိုပဲတွက်တယ်။ ဒါမှမဟုတ်ရင် ခေါင်းစွဲနတ်တို့၊ ဘာတို့နဲ့ တိုင်ထားမှာပေါ့"

မနက် မိုးလည်းလင်းရော အိမ်တိုင်းက ပစ္စည်းတွေ ပို့လိုက်ကြတာ ဘာပြောကောင်းမလဲ၊ ဦးသာဆိုင် ညွှေ့ခန်းတစ်ခုလုံး ပြည့်လုမတတ်ပဲ။ လူတွေ ထတော့ ကန်တော့ကြတယ်ပေါ့။ အဲဒါကို သူက ကြိမ်းလားမောင်းလား လုပ်သေးသဗျ။ ဘိုးတော်ဆိုတာ လူတွေပေးမှ စားရတာ မဟုတ်ဘူး၊ ဘိုးတော်ကို လူတွေက ပေးစရာမလိုဘူး၊ လူတွေကိုသာ ဘိုးတော်တွေက မ,စရမယ်၊ ဘာမယ်နဲ့ပေါ့"

"ဒီလိုဆိုရင် အောင်မင်းစိန်က မဆိုးဘူးလို့ ဆိုရမှာပေါ့နော်"

"ဘယ်ဟုတ်လိမ့်မလဲ ငါ့တူရ။ ဒါကအစ သူ့အပေါ်ကို အထင်ကြီးသွားအောင် လုပ်လိုက်တာ။ ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်လို့ဆိုတဲ့ သဘောမျိုး ဖြစ်မှာပေါ့။ ပရိယာယ်ပေါ့ တူမောင်ရေ။

နှစ်ရက်လောက်နေရော ရွာနီးချုပ်စပ်ကလူတွေ လာလိုက်ကြတာ ဘာပြောကောင်းမလဲ။ ဝင်လာမစဲ တသဲသဲပေါ့။ အောင်မင်းစိန်သတင်းကလည်း ပြန့်သွားတာကိုး။

ကိုယ်လုံဆေးထိုးရင် အုန်း၊ ငှက်ပျောတစ်ပွဲနဲ့ ငွေကိုးမတ်။

ဂိုဏ်းဝင်အဖြစ် ဆေးထိုးရင် ပွဲသုံးပွဲ၊ ပိတ်ဖြူကိုးတောင်၊ ငွေကိုးကျပ်။

ပယောဂကုရင် ငွေငါးကျပ်တစ်မတ်နဲ့ ဖယောင်းတိုင်ဆယ်ထုပ်။

တောကလူတွေ ခါးကြားလိမ်ထားတဲ့ ငွေကလေးတွေက လျှောခနဲ လျှောခနဲ ထွက်လာ။ အောင်မင်းစိန် လက်ညှောင်းရော။ ဒါပေမဲ့ ညကိုးနာရီ ကျော်ရင် ဘယ်သူမှ မလာရတဲ့လေ။

ဦးသာဆိုင်လည်း အလိုအလျောက် ဘိုးတော်သာဆိုင်ဖြစ်သွားရော။ သူတို့ဟာ တကယ်လွယ်သကိုး။ ဘိုးတော်ဖြစ်စေဆို ဘိုးတော်ပဲ။ မယ်တော်ဖြစ်စေဆို မယ်တော်ပဲ။ ဦးဖွတစ်ချက်ဆိုရင် ဘိုးတော်တစ်ယောက်။ နောက်ဦးဖွတစ်ချက်ဆိုရင် မယ်တော်ပဲ"

"ဒါပေါ့ ဦးရဲ့။ အနုမြူခေတ်ဆိုတော့ ခပ်မြန်မြန်ဖြစ်နေကြတာပေါ့"

"နောက်ပိုင်းတော့ ဦးလည်း ဦးကိစ္စနဲ့ အထက်ဘက်သွားနေတော့ အောင်မင်းစိန်နဲ့ ခြောက်လလောက် အဆက်ပြတ်သွားတယ်။ နောက်တစ်ခေါက် ပြန်ရောက်တော့ အံ့သြစရာကောင်းလောက်တဲ့ အတွေ့အမြင်တွေ တွေ့ရတော့တာပဲ။



ထားကြည်ကလေးက ကိုယ်ဝန်ရှိနေပြီ။ အလတ်မလေး အေးခင်ကလည်း ညကိုးနာရီကျော်ရင် ဘယ်သူမှမတက်ရဘူးဆိုတဲ့ အောင်မင်းစိန်ရဲ့ဓာတ်စခန်းပေါ် ရောက်နေပြီ။ ရွာထဲမှာ လှေ့လာကြည့်တော့ ဒီလိုဖြစ်နေတာတွေ ဟ..၁ ဘာမှမထူးခြားသလိုပါပဲ။ မေးမြန်းကြည့်တော့မှ ကြားလိုက်ရတဲ့သတင်းက ဦးနားကို ဦး မယုံကြည်နိုင်အောင် ဖြစ်သွားတော့တာပဲ။

ဘိုးတော် ပြန့်ပွားတာတဲ့။

ကျုပ်လေ ဦးသာဆိုင်ကို ဆွဲဆွဲပြီး ရိုက်ပစ်ချင်လိုက်တာ ကိုယ့်စိတ်ကိုယ် မနည်းချုပ်ထားရတယ်။

ရွာထဲက လူတွေကလည်း ကိုးကွယ်တုန်းပဲ။ ဦးသာဆိုင်ကလည်း ပြုံးပြုံးပဲ။

နောက်ဆုံးတော့ ပါရမီဖြည့်ဖို့ ဒေဝီတစ်ပါးနဲ့ မလုံလောက်လို့ ဒေဝီနှစ်ပါး ဆက်တော့မယ့် အခြေပေါ့။ ဆက်လည်းဆက်နေပြီ ဆိုပါတော့လေ။

ဒါတောင် သူ့ဆီကို ဆေးကုတဲ့လူတွေ လာနေတုန်းပဲဗျို့"

"သူက ပယောဂတင် ကုသလား။ ကိုးဆယ့်ခြောက်ပါးဝေဒနာကိုလည်း ကုတာပဲလား"

"ဟာ. . အစုံကုတာပေါ့။ ဘာရောဂါလာလာ သူမကုနိုင်တာ ရှိကို မရှိဘူး။ ခေတ်သစ်ဇီဝကပေါ့"

"အဲဒီလိုကုတော့ ပျောက်ကော ပျောက်သတဲ့လား"

"စိတ်ပေါ့ တူမောင်ရယ်. . ။ ဘုရားကလည်း စိတ်ကို အဓိကထားပြီး ဟောခဲ့တာပဲ မဟုတ်လား။ ကိုယ့်စိတ်က အင်မတန်ယုံကြည်နေတဲ့ ကိစ္စတစ်ခုမှာ အဲဒီယုံကြည်ခြင်းခံရတဲ့လူ လုပ်သမျှကို အကောင်းကြီးထင်နေတော့တာပေါ့။ အလိုလိုနေရင်း ပျောက်တယ်လို့ ထင်နေတာပေါ့။ တကယ်တော့ ဘယ်ပျောက်ပါ့မလဲ။ ဒီလိုသာ ပျောက်တန်းဆိုရင် ဆေးရုံတွေ ဘာတွေ၊ ဆရာဝန်တွေ ဘယ်လိုတော့မလဲ။ ဘီပီအိုင်စက်ရုံကြီးတောင် ပိတ်ထားရတော့မပေါ့။

ဘိုးတော်တွေက ဆရာဝန်တွေထက်တောင် များနေတာပဲဥစ္စာ"

"ဟုတ်ကဲ့. . ။ ဦးအဆိုက မဆိုးပါဘူး ဦးရဲ့။ ဒါနဲ့ နောက်ဆုံးဇာတ်လမ်းလေး ဆက်ပါဦးခင်ဗျာ"

"နောက်ဆုံးဇာတ်လမ်းကတော့ အောင်မင်းစိန်ကို ဘယ်လိုဆုံးမရမလဲလို့ စဉ်းစားရတာပဲ။ ဘာလို့လဲဆိုတော့ ထားကြည်အဖြစ်မျိုး တစ်ရွာလုံးကို ကူးစက်မှာ စိုးရိမ်ရပြီလေ။ ဒီရွာမှာ ဦးအမျိုးတွေလည်း ရှိတာကိုး။ ကိုသာဆိုင်

ကိုယ်တိုင်ကလည်း ဘိုးတော်ဖြစ်နေပြီဆိုတော့ သူ့ကို နားချလို့မရမှာ သေချာတယ်။ ရွာကလူတွေကလည်း မထုံတက်သေးလုပ်နေပြန်တော့ ကိုယ့်ဟာကိုယ်ပဲ လုပ်လိုက်ရတယ်။

ဦးရဲ့တူတစ်ယောက်က မိုက်ကန်းကန်း။ အရက်ကလည်း သောက်တတ်တယ်။ သူ့ကို သူ့အကြိုက် အရက်ဗိုးပေးမယ်လို့ ဆွယ်ပြီး ဦးအစီအစဉ်ကို ပြောပြတော့ သူကလည်း ဒါမျိုးဆို ဝါသနာပါတာနဲ့ အလုပ်ဖြစ်သွားတာပဲ။ ဦးတို့ရဲ့ အစီအစဉ်ဖြစ်ဖို့တော့ ဦးသာဆိုင်ကိုပဲ ချဉ်းကပ်ပြီး သူ့အလိုကျ သူ့အကြိုက်ဖြစ်အောင် ပြောပြီး အကူအညီတောင်းရတယ်။

ဦးရဲ့တူကိုလည်း ဟသ်ာတကနေ ရွာကိုခေါ် ခဲ့တယ်။ အစီအစဉ်လုပ်မှာက ညဆိုတော့ သူကလည်း နည်းနည်းပါးပါးလုပ်ထားတယ်။ အလွန်အကျွံမဖြစ်အောင်တော့ ထိန်းပေးရတာပေါ့။

ဦးတူရဲ့သတင်းကြားတော့ ရွာကလူတွေကလည်း ပွဲတစ်ပွဲကြည့်ရပြီဆိုပြီး လာကြတယ်။ ဦးတူကတော့ သင်ထားတဲ့အတိုင်း ငိုလိုက် ရယ်လိုက်၊ ကြိမ်းလိုက် မောင်းလိုက်၊ အော်လိုက် ဟစ်လိုက် လုပ်ရင်း အောင်မင်းစိန်ရှေ့ ရောက်လာတော့ ဦးကပဲ ဒီသူငယ်ပယောဂကို ကုပေးဖို့ အပ်ရတယ်။

ငွေငါးကျပ်တစ်မတ်နဲ့ ဖယောင်းတိုင်နှစ်ထုပ်ကိုလည်း ဆရာ့လက်ထဲကို ရိုရိုသေသေနဲ့ ပေးလိုက်တယ်။

အောင်မင်းစိန်က လူနာကို သူ့ရှေ့ခေါ် ခိုင်းပြီး စမ်းသပ်တော့တာပဲ။ အောင်မင်းစိန်က စမ်းသပ်ပြီး ခပ်ပြုံးပြုံးနဲ့ အသေးအမွှားလေးပါ၊ တစ်ထိုင်တည်း ပျောက်ပါတယ်လို့ ခပ်ဝင့်ဝင့်၊ ခပ်ကြွားကြွားလေးဆိုလိုက်ပြီး အလုပ်စကြရောဆိုပါတော့။

အလုပ်စကြပြီ။

ဦးတူရဲ့လက်ကိုကိုင်ပြီး . .

'ကဲ . . ငါ့ရှေ့မှောက် ရောက်ရှိနေတဲ့ ဝေဒနာရှင်ကို အမှောင့်ပယောဂ ပူးကပ်အောင် လုပ်ထားတဲ့ ပယောဂရှင် ရောက်စေ၊ ဝင်စေ'

ဘိုးတော်အောင်မင်းစိန် . . ။

'ဝင်စမ်း . . ရောက်စမ်း . . ကြာတယ် . . ကြာတယ် . . '

သူက အဲဒီလိုအော်နေပေမယ့် ကျုပ်တူက ငြိမ်နေတာကြောင့် ပွဲရှေ့မှာထားတဲ့ ကြိမ်လုံးကို ယူပြီး ကြမ်းပြင်ကို တဖြန်းဖြန်းနဲ့ ရိုက်ပါတယ်။

ဒီမှာတင် ကျုပ်တူက သူ့ကိုယ်ကို ရှေ့တိုးနောက်ငင် လှုပ်ရှားလိုက်



တာနဲ့ . .

'ကဲ . . ရောက်ရင် ချုပ်စေ။ ချုပ်စရာ ချုပ်၊ တုပ်စရာ တုပ်။ ငါ့အမိန့်။ ငါ့အမိန့်မပေးဘဲ မထွက်ရ။ ဒီအချိန်ကစပြီး ငါ့အမိန့်နာခံစေ'

လို့ ပြောပြောဆိုဆို ရေမန်းတွေနဲ့ ပက်ဖျန်းတော့ သူက ပက်ခံပြီး ဟိုတောက်သည်ဟောက် လုပ်ပေးလိုက်ပါတယ်။

'ကဲ . . ပြောစမ်း။ နင်ဘယ်သူလဲ။ ယီးတီးယားတား မလုပ်နဲ့နော်။ ဝေဒနာရှင် နတ်ကို ဘယ်သူမှ မချုပ်စေနဲ့။ ဖွင့်စေ၊ ကဲ . . ဖွင့်စေ။ ပြောစရာရှိတာ ပြော။ ဘာကြောင့် လုပ်ထားသလဲ ပြော'

'ဦးတူကတော့ ဘာမှမပြောဘဲ မလှုပ်မယှက်ထိုင်ကြည့်နေတယ်လေ'

သူက အမိန့်အမျိုးမျိုးပေးလေ၊ ဦးတူက သူ့ကိုစိုက်ကြည့်လေ။ သူက ဒေါပွလာတာပေါ့။

ဒီတော့ သူက . .

'ငါ့ကိုအာခံတယ်ပေါ့လေ။ ကဲ . . စုန်းမစုတ်။ သိရောပေါ့'

လို့ ကြိမ်းပြီး . .

'ရာဝဏ် . . ဘာလုပ်နေသလဲ။ နင်းလိုက်စမ်း . . ။ နံရိုးတွေ ဖြောင်းဖြောင်းမြည်အောင် နင်းလိုက်စမ်း။ ကျိုးကုန်ပစေ . . ။ ကျိုးအောင်နင်း'

အဲဒီလို အမိန့်ပေးလိုက်ရော ဦးတူက ထတဲ့ပြီး အောင်မင်းစိန်ရဲ့ သျှောင်ကိုဆွဲ၊ နားရင်းပါးရင်းအုပ်၊ ခြေထောက်နဲ့ လိုမ့်ကန်လိုက်တာ အောင်မင်းစိန်ဟာ မျောက်က ကနေသလား အောက်မေ့ရတယ်။

ပါးစပ်ကလည်း လုပ်ကြပါဦး၊ ဆွဲကြပါဦးနဲ့ အော်တော့တာပဲ။

ဦးကလည်း ဝင်ဆွဲ၊ ဘေးကလူတွေကလည်း ဝင်ဆွဲတော့မှ ဦးတူက အတီးရပ်သွားတယ်။

နောက်မှ ဦးသင်ထားတဲ့အတိုင်း . .

'မလောက်လေး မလောက်စား . . ။ ဟင်း . . ဆရာအတုအယောင်က ငါ့ကိုများ စမ်းလို့ ဘယ်ရမလဲ။ မှတ်ထား . . ။ နောက်တစ်ခါ အသေပဲ။ မပြုံးတဲ့ဟေ့'

လို့ အော်ပြီး စုန်းမထွက်သွားဟန် လုပ်လိုက်တယ်။

သည်တော့မှ သူ့ကို တဲအိမ်ကို ပြန်ခေါ် ခဲ့ရတာပေါ့။

နောက်တစ်နေ့ မိုးလည်းလင်းရော အောင်မင်းစိန်လည်း ရွာက ပျောက်သွားတော့တာပဲ"

"ဒါပေါ့. . ။ ဦးလေး လုပ်လိုက်တာ တော်တော်အကြံပိုင်တာကိုး"

စာရင်းချုပ်လိုက်တဲ့အခါ ဦးသာဆိုင်လည်း အင်းတို့၊ ဆေးတို့ မရပေမယ့် မြေးတစ်ယောက်နဲ့ အောင်မင်းစိန်ကျန်ရစ်ခဲ့တဲ့ ဘိုးတော်ဝတ်စုံတစ်စုံပဲ ရလိုက်တယ်။

ဦးလည်း ဒီအလိမ်ကောင်ရဲ့ အထုပ်ကို ဖြေလိုက်ရတာကို ပီတိဖြစ်ကျန်ခဲ့တာပေါ့လေ။ ကဲ. . ညဉ့်နက်လှပြီ။ ကြုံကြိုက်တုန်းမို့ ဦးကြုံခဲ့တဲ့ ဘိုးတော်အကြောင်း ပြောပြခဲ့တာပါ"

ဟု ပြောရင်း ဘိုးတော်အောင်မင်းစိန်ဇာတ်လမ်း တစ်ခန်းရပ်ချိန်မှာ လက်ပတ်နာရီက နှစ်ချက်ထိုးဖို့ ညွှန်ပြနေသဖြင့် အိပ်ရာဝင်ရန် ပြင်ဆင်လိုက်ကြရပါသည်။

အပေါ် အိပ်စင်ပေါ် သို့ တက်အိပ်လိုက်ရသော်လည်း တော်တော်နှင့် အိပ်မပျော်ပေ။

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးမှတစ်ပါး ကိုးကွယ်ရာမရှိဟု တဖွဖွပြောကြသည့် မြန်မာလူမျိုးများသည် ဘုရားလည်းမဟုတ်၊ တရားလည်းမဟုတ်၊ သံဃာလည်းမဟုတ်သော ကိုယ့်ကိုယ်ကိုယ် တပ်ချင်သည့်နာမည် တပ်နေကြသော လူဘိုးတော်တွေ၏ လှည့်ကွက်ထဲသို့ တိုးဝင်နေကြသည့်အဖြစ်ကို စဉ်းစား၍ မရနိုင်အောင်ပင် ရှိနေ၏။

မ,စနိုင်သည် ဆိုသူတွေက ဘာကြောင့် အပင်ပန်းခံ၍ သူများကို မ,စမလဲ။ ကိုယ့်ကိုယ်ကိုယ် အရင်ချမ်းသာအောင်၊ ကြီးပွားအောင် လုပ်ကြပေမည်သာ။

မိမိကိုယ်ကိုသာ အချစ်ဆုံးဆိုသည့် လူ့သဘော၊ လူ့သဘာဝကိုမှ မစဉ်းစားမိကြပေသလား မသိပေ။

ဤသို့လျှင် တောင်တောင်အီအီ စဉ်းစားရင်း၊ တွေးတောရင်း သုံးနာရီထိုးခါနီးမှသာ အိပ်ပျော်သွားခဲ့သည်။

❖

<ခန်း-၃>

# ဘိုးတော်ရှိသလား

ကျွန်တော်တို့ ဘိုးတော်ကင်းဇာတ်လမ်းကို မဆက်မီ ဘိုးတော်ကင်းဇာတ်လမ်းကို ပိုင်ပိုင်နိုင်နိုင်သဘောပေါက်စေရန်အတွက် ဝိဇ္ဇာကျင့်စဉ် (ဝါ) ဘိုးတော်လမ်းစဉ်အကြောင်း တင်ပြရပေမည်သာ။

ဝိဇ္ဇာဆိုသည် မရှိဘူးလား၊ ဘိုးတော်ဆိုသည် မရှိဘူးလား၊ အထက်ဂိုဏ်းဆိုင်ရာ ကျင့်စဉ်တွေ မရှိဘူးလားဟု မေးလာသော် ရှိပါသည်ဟု ကျွန်တော်က ရဲရဲဝံ့ဝံ့ဝန်ခံမည်ဖြစ်သည်။

သို့သော်. .

ထွက်ရပ်ပေါက် ဝိဇ္ဇာစခန်းကျင့်စဉ်များ ကျင့်ကြံအားထုတ်နေကြသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များသည် ဒေါသ၊ လောဘ၊ မောဟ အဝိဇ္ဇာတဏှာမျှင်များ လေးဘက်လေးတန်ယှက်သန်းနေသည့် ညစ်ညမ်းသော လူသားများကြားတွင် နေကြမည်မဟုတ်ပေ။ နေ၍လည်း ရမည်မဟုတ်ပေ။ ထွက်ရပ်ပေါက်လမ်းအထိ ကျင့်ကြံအားထုတ်ရန် ရည်မှန်းချက်ရှိသော ပုဂ္ဂိုလ်သည် တဏှာပေမ သောက်တိုင်းမဝနိုင်သည့် အိမ်ထောင်သားမွေး အရပ်မြေတွင်

မှန်မြတ်သောလမ်းစဉ်ကို ကျင့်၍မရနိုင်ပေ။ မဖြစ်စကောင်းသော အရာဖြစ်၏။

မိမိတို့ခံယူသည့် ကျင့်စဉ်လမ်းအတိုင်း လူသူကင်းဝေးရာ တောရိပ်၊ တောင်ရိပ်ကို ခိုနားလျက် ဖြူစင်သန့်ရှင်းသောကိုယ်၊ ကြည်လင်အေးမြသည့် ကျင့်ကြံအားထုတ်မှုဖြင့် နေကြမည်ဖြစ်၏။

ထွက်ရပ်ပေါက်သွားသည့် ပုဂ္ဂိုလ်များသည်လည်း ပြီးမြောက်ခဲ့သော သိဒ္ဓိအားကို အခြေခံလျက် ဈာန်လမ်းမှ ဉာဏ်လမ်းသို့ ကူးပြောင်းရေးအတွက် ဝိပဿနာခန်းဖြင့် နိဗ္ဗာန်ကိုရည်မှန်းလျက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဘဝများတွင် ရှိနေကြမည်သာ။

ဤပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များသည် ကျွန်တော်တို့၏ အညစ်အကြေး လောကကြီးထဲသို့ မည်သို့လျှင် တစ်ဖန်ပြန်ဝင်နိုင်ပါမည်နည်း။ မည်သို့လျှင် တစ်ပတ်ကျော့လာပါမည်နည်း။

မလာသည်မှာ မလာရေးချ မလာပါ။

သမထလမ်းစဉ်ကို မိုးကုတ်ဆရာတော်ဘုရားကြီးက စွန်နှင့်ရစ်လုံးကြိုးကို ဥပမာပေး၍ တင်စားခဲ့သည်။ စွန်လွှတ်ရာတွင် ရစ်လုံးထဲတွင် ကြိုးရှိသလောက် လေအဟုန်စီးနေသည့်စွန်သည် အမြင့်သို့ တက်လိမ့်မည်။ ရစ်လုံးထဲရှိ ကြိုးကုန်သွားလျှင်မူ နောက်ထပ် အမြင့်သို့ တက်နိုင်တော့မည်မဟုတ်။ အောက်သို့သာ ပြန်ကျပေလိမ့်မည်ဟု ညွှန်ပြခဲ့၏။

ထို့အတူ သမထကျင့်စဉ် ကျင့်နေသူသည်လည်း ကျင့်အားရှိသလောက် သမာဓိအားကောင်းနေမည်ဖြစ်၏။ ကျင့်အားလျော့သွားသည်နှင့်အမျှ သမာဓိအားလည်း လျော့သွားပေမည်သာ။ စွန်တည်းဟူသော လူသည် ကျင့်ကြံအားထုတ်ခြင်းတည်းဟူသော ကြိုးဖြင့် သမာဓိစခန်းတည်းဟူသော အမြင့်သို့ တက်ရမည်ဖြစ်၏။ ကျင့်ကြံအားထုတ်ခြင်း ကြိုးကုန်သွားလျှင်၊ လျော့သွားလျှင် နောက်သို့သာ ပြန်ကျမည်ဖြစ်၏။

အကြင်သူတစ်ဦးသည် သမထအားကြောင့် သမာဓိရသည်ဆိုငြား ထိုသမထအားကို အနည်းငယ်ဖြတ်၍သော်လည်းကောင်း၊ လျှော့၍သော်လည်းကောင်း မရနိုင်ပေ။ ဖြတ်လိုက်၊ လျှော့လိုက်သည်နှင့် သမာဓိအားလည်း နည်းသွားမည်ဖြစ်ပေသည်။

သို့ဆိုပါက တစ်နေကုန် ဗေဒင်ဟော၊ တစ်နေကုန် လာသမျှလူတွေကို ဆေးကုပေး၊ တစ်နေကုန် လာသမျှလူတွေကို ညှိခံပြီး ယတြာချေပေးရ၊ ဓာတ်ရိုက်ရ စသည်ဖြင့် အလုပ်ရှုပ်နေခဲ့သူသည် မည်သို့လျှင် သမထကျင့်စဉ်



ကို ကျင့်ကြံအားထုတ်နိုင်ပါမည်နည်း။ မကျင့်ကြံ အားမထုတ်နိုင်သော် သမာဓိအား မည်သို့ရှိနိုင်ပါမည်နည်း။

ဆိုပါတော့. . ။ တစ်နေ့ နှစ်ဆယ့်လေးနာရီရှိသည့်အနက် အနည်းဆုံး အိပ်ချိန်ခြောက်နာရီထားပြီး နုတ်လျှင် တစ်ဆယ့်ရှစ်နာရီကျန်မည်ဖြစ်ရာ ဆေးကု၊ ဓာတ်ဆင်ဓာတ်ရိုက်၊ အဟောအပြောလုပ်နေသည်က တစ်ဆယ့်နှစ်နာရီရှိသည်ထား။ နားနေချိန် နှစ်နာရီပေါင်းလိုက်လျှင် ထိုင်ချိန် လေးနာရီလောက် အချိန်ကြာမည်ဆိုပါစို့။ ဤကျန်သောအချိန်ကလေးမှာ သမထကျင့်ရုံနှင့် မည်သို့သောဝိဇ္ဇာ၊ မည်သို့သောဘိုးတော် ဖြစ်မည်မှာ စဉ်းစားစရာပင် ဖြစ်သည်။

သမထအကျင့် ကျင့်အားမှာ တစ်နေ့နှစ်နာရီလောက်လုပ်ရုံဖြင့် စခန်းပေါက်လောက်သည့် အဆင့်မြင့်မြင့် သမာဓိအားကို မရနိုင်ပေ။ အချိန်နှင့်အမျှ၊ နေ့စဉ်နှင့်အမျှ အိပ်ချိန်ကို လေးနာရီလောက်ထား၍ တအားကုန်ပြီနေအောင်၊ များနေအောင် ကျင့်ကြံနိုင်ပါမှ၊ လုပ်နိုင်ပါမှ တော်ကာကျရုံ ရှိပေမည်ဖြစ်သည်။

ထို့ပြင် ဈာန်လမ်းကိုဖြစ်စေ၊ ဉာဏ်လမ်းကိုဖြစ်စေ ကျင့်ကြံအားထုတ်သူများသည် သားမယားနှင့် တွေ့ဆုံနေခြင်း၊ လောကီဗာဟီရများ ပြွမ်းတီးရာတွင် ဘဝကို မြှုပ်နှံ၍ ကျင့်ကြံအားထုတ်မည်ဆိုပါလျှင် ပေါက်ပေါက်မြောက်မြောက် ဖြစ်နိုင်မည်မဟုတ်ပေ။ ပါရမီအထုံအဆက်ပါရုံ၊ အောက်ကလွှတ်ရုံသာ ပေါက်ရောက်မည် ဖြစ်ပေသည်။

အကြောင်းအကျိုးတရားကြီး အထင်အရှားရှိနေပါလျက်၊ မငြင်းနိုင်သော တရားလမ်း မှန်ပါလျက် မည်သို့လျှင် မည်သူမှစ၍ ဖန်တီးပေး၍ ရနိုင်ပါမည်နည်းဆိုသည်မှာ စဉ်းစားစရာဖြစ်နေ၏။

ရာထူးတိုးဖို့၊ စီးပွားတက်ဖို့၊ အမှုကလွတ်ဖို့ ဆိုသည့်အလုပ်များမှာ လောကီရေးအလုပ်များသာဖြစ်၏။ လောကုတ္တရာအပိုင်းနွယ်သည့် ဝိဇ္ဇာကျင့်စဉ်လမ်း ထွက်ရပ်ပေါက်စခန်းနှင့် လားလားမျှ မအပ်စပ်ပေ။ ကျင့်၍လည်း မရနိုင်၊ မဖြစ်နိုင်ပေ။

ရာထူးတိုးလိုလျှင် အလုပ်ကို ကြိုးစားရမည်။ ရိုးသားရမည်။ အလုပ်ခွင်တွင် သစ္စာရှိရမည်။ စည်းကမ်းရှိရမည်။ ကျွမ်းကျင်မှုရှိရမည်။

စီးပွားရေး တိုးတက်လိုလျှင် မိမိ၏အကြံဉာဏ်အားဖြင့်၊ လုံ့လ ဝီရိယအားဖြင့် ကြိုးစားရမည်။

အမှုက လွတ်လိုလျှင် တရားဥပဒေအရ ကြိုးစားရမည်။ အမှုမဖြစ်အောင် ကြိုတင်ရှောင်ရှားရမည်။ ဝိသမလောဘ၊ အယောနိသော၊ တွေဝေမိုက်မှားသော မောဟများကို သတိတရားဖြင့် ထိန်းသိမ်းရပေမည်။

မမှန်သည်ကို ရှောင်၍ မှန်သည်ကို ဆောင်နိုင်ရမည်ဖြစ်၏။

ဤမည်သော လောကီရေးရာတွင် ကျင့်ဝတ်များကို သိနားလည်ကြပါ၏။ သဘောပေါက်ကြပါ၏။ သို့သော် လက်တွေ့တွင် မ,စမည့်သူ၊ ဖန်ဆင်းမည့်သူကို ရှာဖွေရင်း တလွဲဆံပင်ကောင်းနေကြပေသည်။

မ,စမည့် ဘိုးတော်ကို မရှာနှင့်။ လုံးဝ မရှိပါ။

ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းသို့ ဦးတည်နေသူများသည် မိမိအား တစ်ပါးသူက ကြည်ညိုအောင်လည်း လုပ်လိမ့်မည်မဟုတ်ပေ။ ကိုးကွယ်လာအောင်လည်း တန်ခိုးသတ္တိတွေ ပြလိမ့်မည်လည်း မဟုတ်ပေ။ မိမိအား တစ်ပါးသူက ပေးကမ်းလှူဒါန်းအောင်လည်း ဆွယ်တရားဟောခြင်း၊ လာဘ်လာဘပြုခြင်းကိုလည်း လုပ်လိမ့်မည်မဟုတ်ပေ။ မိမိ၏အပုပ်ကောင်ခန္ဓာကိုယ်ကို လွတ်မြောက်ရန် လမ်းအတွက် ကျင့်ကြံအားထုတ်သောအလုပ်သာ ဖြစ်သည်။

မိမိ၏ ချစ်လှပါသည်ဆိုသော၊ ခင်တွယ်လှပါသည်ဆိုသော၊ သေမှသာ လွဲပါမည်ဆိုသော ဇနီး၊ သားသမီးများကိုပင် ခေါ်သွားလို၍ ရသည် မဟုတ်ပေ။

ဈာန်လမ်းသည်လည်းကောင်း၊ ဉာဏ်လမ်းသည်လည်းကောင်း မိမိကျင့်မှ၊ မိမိလုပ်မှ ရသောအလုပ်ဖြစ်၏။

မျက်လှည့်ပြစရာ၊ လက်လှည့်ပြစရာ၊ တန်ခိုးဣဒ္ဓိပါတ်ပြစရာ မလိုပေ။ ပန်းသီးပေး၊ မာလကာသီးပေး၊ ငှက်ပျောသီးပေးလည်း လုပ်မည်မဟုတ်ပေ။ ပင့်တိုင်းလည်း ကြွလာမည်မဟုတ်ပေ။ ကြွလာစရာ အကြောင်းခြင်းရပ်လည်း မရှိပေ။

ထို့ပြင် တစ်ဦးတစ်ယောက်ကောင်းစားရေးအတွက် တစ်ဦးတစ်ယောက်ပျက်စီးစေရန် ဓာတ်ဆင်၊ ဓာတ်ရိုက် လုပ်ပေးသည့်အလုပ်မှာ အထက်ဂိုဏ်းဝင် ပုဂ္ဂိုလ်များအနေဖြင့် မည်သို့မှ လုပ်လိမ့်မည်မဟုတ်။ ဤအလုပ်သည် ဗေဒင်ဆရာများအလုပ်သာ ဖြစ်သည်။ ကျွန်တော် ရဲရဲကြီးဆိုပါရစေ။ တစ်ဦးတစ်ယောက် အကျိုးပျက်စီးရေးကို မည်သည့် အထက်ဂိုဏ်းဝင်၊ မည်သည့်ဝိဇ္ဇာလမ်းစဉ် ပုဂ္ဂိုလ်များက လုပ်လိမ့်မည်မဟုတ်ပေ။ အကြောင်းက ရုပ်နာမ်ရှိသမျှ သတ္တဝါအားလုံးအပေါ်တွင် အမြဲတမ်း မေတ္တာထားနေကြသည်။ မေတ္တာ



ထူးရောက်စေရသည့် ပုဂ္ဂိုလ်တစ်ဦးက တစ်ပါးသူများ ပျက်စီးစေမည့် လုပ်ငန်းများကို လုပ်လိမ့်မည်မဟုတ်ပေ။

ဆိုပါမည်။ မလုပ်ပါ။ မလုပ်ရေးချ မလုပ်ပါ။

အကယ်၍များ လုပ်နေသည်၊ လုပ်ပေးသည်ဆိုပါက ကေန်မုချ ဘော်တိုးအဖြစ် မှတ်ယူကြပါကုန်။ ဘိုးတော်အတုအယောင်အဖြစ် ဝေးဝေးက ရှောင်ရှားကြပါကုန်။

မရှောင်ရှားနိုင်ဘဲ ဖွတ်ထိပ်တိုက်တိုးလျှင် သတင်းစာများတွင် မကြာမကြာပါနေသည့် ရွှေလိမ်ဘိုးတော်၊ ငွေလိမ်ဘိုးတော်၊ သမီးကညာအလစ်သုတ်သည့် အမည်ခံဘိုးတော် (ဝါ) ဘော်တိုးများနှင့် တွေ့ကြမည် ဖြစ်ပေသည်။

ဘိုးတော်အစစ်အမှန်များသည် တရားစကား၊ ကျင့်စဉ်လမ်းမှလွဲ၍ လောကီရေးရာအဖို့ စကားများကို အချိန်ကုန်ခံ၍ ပြောလိမ့်မည်မဟုတ်ပေ။ ဘိန်းစကားများကိုလည်း တီထွင်လိမ့်မည် မဟုတ်ပေ။

အထက်ဂိုဏ်းဘိန်းစကားဆိုရာတွင် ဥပမာ လင်ပန်းနှင့်ပွဲပြင်လျှင် ပန်းတတ်သည်။ ဒန်ဖန်ခွက်နှင့် ရေသောက်လျှင် ခွက်တတ်သည်။ ကြီးဖလား (ကြေးဖလား) နှင့် ရေသောက်မှ ကြီးမြင့်သည်။ ချာပါတီစားလျှင် ချာတတ်သည်။ နံပြားစားလျှင် ပြားတတ်သည်။ ဘယာကြော်စားမှ ဘေးဘယာအားလုံး ကျော်လွှားမည်။ စသော စိတ်ကူးယဉ်ဘိန်းစကားတီထွင်မှုမျိုး ဖြစ်ပေသည်။

တစ်သက်လုံး ဤပစ္စည်းများသုံး၍ ဤအစားများ စားခဲ့ရာ ဘာမှမဖြစ်ခဲ့ဘဲ ဘော်တိုးတွေလက်ထက်ကျမှ မစားရ ဖြစ်နေသည်။ ရွှေလင်ပန်းနှင့် အချင်းဆေးသည်ပင် ပျက်ပြုန်းရတော့မလို ဖြစ်နေ၏။

အလျဉ်းသင့်သဖြင့် ဘိုးတော်အမည်ခံ ဘော်တိုးတစ်ယောက်၏ အကြောင်းကို ဖော်ပြပါမည်။

၂၂. ၉. ၁၉၇၄ ရက်နေ့ထုတ် လုပ်သားနေ့စဉ်သတင်းပါ သတင်းတစ်ပုဒ် ဖြစ်ပါသည်။

**လိမ်နေသူ ဘိုးတော်လူမြတ်**

**ရန်ကုန် စက်တင်ဘာ ၂၁။**

*ဦးအေးမောင် (ဒိုက်ဦးမြို့) က မိမိထံမှ ငွေနှစ်သောင်းငါးထောင်ကို သမ္မတဟိုတယ်တွင် ခေတ္တတည်းခိုနေသူ ဘိုးတော်လူမြတ် (ခေါ်) ဦးဝင်းမြင့်က လိမ်လည်ယူကြောင်းဖြင့် ၄. ၉. ၇၄ ရက်နေ့က ရန်ကုန်မြို့ ကျောက်တံတားရဲ*

စခန်းသို့ တိုင်ကြားရာ ကျောက်တံတားပြည်သူ့ရဲစခန်းက အရေးယူပြီး ဘိုးတော်လူမြတ်ခေါ် ဦးဝင်းမြင့်နှင့် သူ၏တပည့် အောင်ကြည်တို့အား ဖမ်းဆီးကာ ပုဒ်မ ၄၀၆ ဖြင့် အရေးယူထား၏။

**ပတ္တမြားရမည်**

ဘိုးတော်လူမြတ်သည် ဒေးစွန်ပါတောင်တွင် ကမ္မဋ္ဌာန်းပြဆရာအဖြစ်လုပ်ပြီး ဦးအေးမောင်အား တရားကိစ္စဆွေးနွေးရန် ခေါ်ယူလိုက်ပြီး ဆူးလေဘုရားလမ်း ရွှေမြို့တော်တည်းခိုခန်း၌ နေရာချထားခဲ့သည်ဆို၏။ ယင်းနောက် ၂၂. ၈. ၇၄ ရက်နေ့တွင် ငွေကျပ် ၂၅၀၀၀ ပေးလျှင် ၃၅၀၀၀ တန် ပတ္တမြားရမည်၊ အထက်ဆရာကြီးများက အမိန့်ချပြီးပြီဟု တောင်းဆိုသဖြင့် ဦးအေးမောင်က မိမိပါလာသောဂျစ်ကားကို ၁. ၈. ၇၄ ရက်နေ့က ကျပ် ၂၅၀၀၀ ဖြင့် ပေါင်ပြီး ဘိုးတော်လူမြတ်ကို ပေးခဲ့၏။ ထို့နောက် သမ္မတဟိုတယ်မှ ဘိုးတော်ပျောက်ဆုံးသွား၏။ ပတ္တမြားလည်း မရသဖြင့် ကျောက်တံတားပြည်သူ့ရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်၏။

**အိပ်မက် မက်သည်**

ထိုသို့ ဦးအေးမောင်ထံမှ ငွေ ၂၅၀၀၀ ကို လိမ်ပြီး ၆. ၉. ၇၄ ရက်နေ့တွင် ဘိုးတော်လူမြတ်၏တပည့် အောင်ကြည်ဆိုသူသည် အမှတ်(၃၇)၊ ၈ လမ်းနေ ဦးသန်း၊ ဒေါ်ရှုကြည်တို့နေအိမ်သို့ သွား၍ ဘိုးတော်အိပ်မက်မက်သည်ဟု ပြောပြီး လိမ်လည်ရန်ကြိုးစားနေစဉ် ဦးသန်း၊ ဒေါ်ရှုကြည်တို့ကလည်း ဘိုးတော်လူမြတ်အကြောင်းကို သတင်းစာတွင် ဖတ်ထားရဖူးသဖြင့် လမ်းမတော်ပြည်သူ့ရဲစခန်းသို့ အကြောင်းကြားခဲ့၏။ လမ်းမတော်မှ ကျောက်တံတားပြည်သူ့ရဲစခန်းသို့ ထပ်ဆင့်အကြောင်းကြားပြီး ဘိုးတော်လူမြတ်အား မင်္ဂလာတောင်ညွန့်ဗိုလ်မြေမွှာရုံလမ်း အမှတ် (၁၉) တွင် သွားရောက်ဖမ်းဆီးခဲ့ ခြင်းဖြစ်၏။

**တားတက်ဆက်**

ဘိုးတော်လူမြတ်၏အပေါ်တွင် ညောင်ပင်လေးမှ ဦးဖန်ကလည်း မိမိထံမှ ကားဝယ်ရန် အကြောင်းပြ၍ ငွေ ၇၀၀၀ တစ်ကြိမ်၊ ရန်ကုန်မြို့တွင် ငွေကျပ် ၁၅၀၀ နှင့် ကျပ် ၄၀၀၀ ခန့်တန် စတီရီယိုကက်ဆက်ရေဒီယိုတစ်လုံး လိမ်ယူသွားကြောင်းဖြင့် ဒဂုံပြည်သူ့ရဲစခန်းတွင် တိုင်ကြား၍ တစ်ဆက်တည်း အရေးယူထား၏။

ဘိုးတော်လူမြတ်သည် တောင်ကြီးမြို့တွင် ကျပ်တစ်သိန်းကျော် လိမ်လည်မှုဖြင့် · အမှုဆိုင် ရင်ဆိုင်နေရဆဲဖြစ်၏။



သတင်းမှာ ဤမျှသာ။

သို့သော် ထိုသတင်းကို ဖတ်ကြည့်ပြီးနောက် အထက်ကရေးပြခဲ့သည်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အဖြေမှန် လယ်ပြင်တွင် ဆင်သွားဘိသကဲ့သို့ ထင်ရှားစွာမြင်ရမည်ဖြစ်ပေသည်။

ယနေ့ခေတ်စားနေသော 'အကြားအမြင်' ဆိုသည့် စကားလေးလုံးမှာ ဘိုးတော်တို့လက်စွဲဖြစ်သလို မဘာရားသဖြင့် အခွင့်အရေးလိုချင်သူများ၊ စီးပွားဖြစ်ချင်သူများအတွက် သည်းခြေကြိုက်စကားလုံး ဖြစ်နေသည်။

အကြားအမြင်ကို သည်းခြေကြိုက်သွားလျှင် ဘိုးတော်လူမြတ်တို့နှင့် တွေ့တော့မည်မှာ မလွဲပေ။

ဗုဒ္ဓရှင်တော်ဘုရားက မဂ္ဂင်ရှစ်ပါးတရားတွင် သမ္မာဒိဋ္ဌိတရားကို ရှေ့ဆုံးမှ တင်ထားခဲ့၏။ အမှတ်မှား၊ အယူမှား မဖြစ်စေရန်ပင်။ အမှတ်မှား၊ အယူမှားဖြစ်လျှင် အစဉ်တစိုက် လမ်းလွဲကုန်တော့မည် ဖြစ်သောကြောင့် ဖြစ်၏။

ပုတီးစိပ်ခြင်းသည် ကောင်းသောအလုပ်၊ မွန်မြတ်သောအလုပ်။ များများစိပ်နိုင်လေ၊ များများကောင်းလေဟု ရဲရဲကြီးဆိုပါမည်။ ပရိတ်တရားတော်များ ရွတ်ဖတ်ရခြင်းသည်လည်း ရွတ်သူမှာရော၊ မေတ္တာထားခံရသူ၊ ရည်စူးခံရသူများပါ အလွန်အကျိုးများပါ၏။

သို့သော် "စိတ်ထားသန့်စင်ဖို့ အလွန်လိုအပ်၏။

မေတ္တာတရားကို ရင်ဝယ်ပိုက်လိုက်။ သတ္တလောကကြီးတွင် ရှိရှိသမျှသော ရုပ်နာမ်ရှိသမျှ သတ္တဝါတို့ ချမ်းသာသုခ ပြည့်ဝပါစေဟု ရည်စူးထား၍ ပုတီးစိပ်လျှင် အလွန့်အလွန်ကောင်းပါသည်။ ပြောဖွယ်ရာမရှိ ကောင်းပါသည်ဟု ပြောရပါမည်။

ဤသို့ မိမိက တစ်ပါးသောသတ္တဝါတို့အပေါ်တွင် ကြီးမားသောမေတ္တာစာတ်ဖြည့်ဆည်းမှု၏ ရောင်ပြန်ကြောင့် မိမိထံသို့လည်း ကောင်းသောရောင်ပြန်ဟပ်ခြင်း ခံရမည်သာလျှင် ဖြစ်၏။

မိမိတစ်ဦးတစ်ယောက် ကောင်းစားပါစေ၊ ရာထူးတိုးပါစေ၊ စီးပွားရေးတိုးတက်ပါစေဟူသော မမှန်ကန်သည့် သဘောကိုဆောင်လျှင် မိမိထံသို့ ပြန်လည်ထင်ဟပ်မည့် 'ရောင်ပြန်မေတ္တာ'သည် ကောင်းသောရောင်ပြန် မဖြစ်နိုင်ပေ။

❖

≺အခန်း-၄≻

# ရထားပေါ်မှ ဘိုးတော်ကင်း

ဘအိအိတပွဲပွဲ ခုတ်မောင်းလာသည့် မန္တလေးအစုန်ရထားကြီးမှာ **ဝေလီဝေလင်း** မနက် (၅) နာရီတွင် တောင်ငူဘူတာသို့ ဝင်လာခဲ့သည်။

'ဆန်ပြုတ်ပူပူကလေးရမယ်၊ မလိုင်နံ့ပြားရမယ်၊ ပလာတာရွှရွှကလေး **ရမယ်' ဟူသော ဈေးသည်များ၏** ဆူညံသောအော်ဟစ်သံများက ကျွန်တော်တို့ **အား အိပ်ရာမှ ထစေရန်** ဆွဲဆောင်နေပါပြီ။ အိပ်ရေးမဝသေးစေကာမူ ထလိုက်ရ၏။ တစ်ညလုံး လေကန်ပြီး ဘာမှမစားရသေးသဖြင့် ဗိုက်ကလည်း အစာတောင်းလာပြီ။ အိပ်ရာမှ လူးလဲထပြီး မျက်နှာမသစ်ရသေးသော်လည်း ရထားပေါ်မှ ဆန်ပြုတ်ဆိုင်ဆီသို့ အပြေးအလွှား သွားလိုက်ရသည်။ မရှိသော မျက်ချေးကို အတင်းဖယ်ပြီး ဆန်ပြုတ်ဆိုင်တွင် ထိုင်လိုက်သည့်အခါ အငွေ့တထောင်းထောင်းထနေသည့် အိကြာကွေးထည့်ထားသည့် ဆန်ပြုတ်ပန်းကန်လေးများက အသင့်ဆီးကြိုပါသည်။

ဆာဆာနှင့် ဆန်ပြုတ်တစ်ပန်းကန်ကို ဒရောသောပါးသောက်လိုက်ပြီးမှ ဒုတိယပန်းကန်ကျမှသာ အရသာခံ၍ အေးအေးဆေးဆေးသောက်ရ၏။ ဆန်ပြုတ်ကြဲကြဲနှင့် အာသာဖြေပြီး ပန်းကန်ဖင်ကို ဒိုးယိုပေါက်မြင်ရသဖြင့် 'နိုင်လွန်လက်ဖက်ရည်' ဟု ကင်ပွန်းတပ်ထားသော လက်ဖက်ရည်ကို အပြေးအလွှားသောက်ပြီး စီးကရက်ကိုဖွာရင်း ဘိုးတော်ကင်းရှိရာသို့ အကဲခတ်ထွက်ခဲ့သည်။

ကျွန်တော်တို့က လူညစ်ပတ်ဆိုတော့ မျက်နှာမသစ်ဘဲ ဆန်ပြုတ်နှင့် လက်ဖက်ရည်ကို အပြေးအလွှားသောက်ခဲ့ရ၏။ ဘိုးတော်ကင်းကြီးကတော့ စနိုးအဖွေးသားနှင့် စမတ်ကျကျလေး ထိုင်နေ၏။ ညက အိပ်ရေးဝပြီလား မသိ။ မျက်နှာကြီးကလည်း အစ်နေသည်။

သူကတော့ ခပ်အေးအေးထိုင်နေသည်။ သူက ကျွန်တော်တို့လို အပြေးအလွှားစားသောက်ရမည့် လူ့အလွှာစာရင်းထဲတွင် ပါဝင်သူ မဟုတ်ပေ။

မည်သို့ပင်ဆိုစေ ကျွန်တော်က သူ့ကို တွေ့ရမည်။ ဘယ်လိုနည်းနှင့် တွေ့ရသည်ဖြစ်စေ တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ခပ်တည်တည် သူ့တွဲဘေး ကပ်သွားပြီး အတင်းနသားဘာရားလုပ်ပြီး နှုတ်ဆက်လိုက်ရသည်။

"ဟော့. . ဂျစ်တူးကြီးပါလားကွ"

ဟု ငယ်မှုအတိုင်း အားရပါးရကြီး နှုတ်ဆက်ပစ်လိုက်၏။

ကျွန်တော်က ငယ်မှုအတိုင်း အော်ကြီးဟစ်ကျယ် အားရပါးရကြီး နှုတ်ဆက်သဖြင့် သူက အံ့ဩသွားသောမျက်နှာထားဖြင့် တစ်ချက်စူးစိုက်ကြည့်လိုက်ပြီးမှ. .

"ဟာ. . လန်ဘားပါလား။ ဟော့. . လာ. . လာ. . အပေါ်တက်ခဲ့ပါဦးကွ"

ဟု ဖိတ်ခေါ်ပါသည်။

ပထမတော့ ဘိုးတော်ကင်းဆိုသည့်နာမည်ကို အမြဲကြားနေရသူတစ်ယောက်အဖို့ ငယ်နာမည် ဂျစ်တူးကြီးဆိုသည့်အသံကို ကြားလိုက်ရသည့်အခါ အံ့ဩသွားဟန် ရှိပါသည်။ နောက်မှ ကျွန်တော့်ကိုတွေ့လိုက်ရသဖြင့် အံ့ဩဟန်ပျောက်၍ ငယ်မူဟန်အတိုင်း ပြန်နှုတ်ဆက်လိုက်ခြင်းဖြစ်၏။

သူက မှတ်မှတ်မိမိခေါ်လိုက်သဖြင့် ကျွန်တော်ကလည်း ပေါ့ပေါ့ပါးပါး တွဲပေါ်ရောက်သွားသည်။

လေးယောက်စီးရမည့် တွဲကြီးပေါ်တွင် သူတို့က နှစ်ယောက်တည်း။ အခန်းမရနိုင်သဖြင့် ကျန်ရစ်ခဲ့သူများရှိသော်လည်း သူတို့ကတော့ နှစ်ယောက်

တည်း အခန့်သားပင်။ နောက်မှ သိရသည်မှာ ရုံပိုင်ကြီးစီစဉ်ပေးချက်အရ ဤလေးယောက်ခန်းတွဲကို သူတို့နှစ်ယောက်က အပိုင်စီးထားသည်။

တွဲပေါ် ရောက်သည့်အခါ နဂိုအံ့ဩနေသည်များထက် ပို၍အံ့ဩစရာကောင်းသောမြင်ကွင်းကို တွေ့လိုက်ရ၏။

သူတို့နေသည့် ဆိုဖာပေါ်တွင် ဖြန့်ခင်းထားသည့် ကြက်သွေးရောင် ကတ္တီပါအခင်းကြီးမှာ ရဲရဲတောက်နေသည်။ အပြာနုရောင် ကတ္တီပါမို့အုံးကြီးကလည်း အခန့်သား။ ဒီမြင်ကွင်းအတိုင်း ကြည့်လိုက်တော့ ခမ်းနားလွန်း၊ တောက်ပြောင်လွန်းနေသဖြင့် မြန်မာပြည်က မီးရထားမှ ဟုတ်ပါလေစဟု ထင်ရှိသည်။

ချိုင့်ကြီးချိုင့်ငယ်၊ ခြင်းကြီးခြင်းငယ် အသွယ်သွယ်ကလည်း အစီအရီ။ ခွက်တင်စားပွဲ ခုံကလေးပေါ်တွင် အငွေ့တထောင်းထောင်းထနေသည့် ပေါင်မုန့်ထောပတ်ပန်းကန်လေးများက ကိုင်ရက်စရာမရှိအောင် လှပနေသည်။ ကလပ်ပုံစံနှစ်ခုတွဲ ဖန်ခွက်ကလေးထဲတွင်မူ ကြက်ဥပြုတ်နီဝါဝါကလေးနှစ်လုံးဟာ ငေါက်တောက်ကလေး စားချင်စဖွယ်ရှိသလို မြင်ကွင်းကလှသည်။

ဒါက ခရီးသွားဖြစ်သည့် ရထားပေါ်က မြင်ကွင်း။ အိမ်မှာဆိုလျှင်တော့ ဘယ်သို့ရှိမည်ကို တွေးကြည့်ချင်စရာပင်။

ထို့ထက်ပို၍ ထူးဆန်းသည်က ကြိမ်ခြင်းလှလှကလေးထဲက ဗက်စ်စစ်တီနိုင်း။ သောက်သည်ကိုတော့ မတွေ့ရ။ ခြင်းနှင့် ပုလင်းကို မျက်စိကစားမိသည်က အမှန်။

ဒီအပိုင်းအထိတော့ သူ့ကို ရှာန်ရသည်ဟု မဆိုသေးပါ။ ဘိုးတော်နှင့် ဗက်စ်စစ်တီနိုင်း (အရက်) တွဲလျက်ရှိနေသည်က အံ့ဩစရာပါ။

သူနှင့်အတူရှိနေစဉ် အဖော် (တပည့်ဖြစ်ဟန်တူသည်) က ပြင်ဆင်ထားသော အစားအသောက်များပေါ်တွင် ပိုးမွှားတိရစ္ဆာန်လေးများ မနားရအောင် နံ့သာဖြူယပ်တောင်ကလေးဖြင့် တရစပ် ခတ်ပေးနေသည်။

ယပ်ခတ်နေသူကို လက်ဝါးပြလိုက်ပြီး လက်ညှိုးညွှန်လိုက်သည့်အခါ ခြင်းထဲမှ ပစ္စည်းအချို့ ထွက်လာပြီးနောက် သူ့ရှေ့တွင်ရှိနေသည့် စားသောက်ဖွယ်ရာပုံစံအတိုင်း ကျွန်တော့်ရှေ့သို့ ရောက်လာသည်။ ဘိုးတော်ကင်းက ကျွန်တော့်ကို သူနှင့်မျက်နှာချင်းဆိုင်သို့ ရွှေ့ခိုင်းပြီး အတင်းစားခိုင်း၏။ ကျွန်တော်စားခဲ့ပြီဖြစ်ကြောင်း အတင်းငြင်းသော်လည်း မရ။



ခင်မောင်ဦးကို ခင်မင်စရာကောင်းသော အချက်ထဲတွင် ဤအချက်လည်း ပါဝင်သည်။ ငယ်ပေါင်းများကိုတွေ့လျှင် ဘယ်နေရာ၊ ဘယ်အခြေအနေမှာဖြစ်ဖြစ် လိုက်လိုက်လျောလျောရှိ၏။ အပေါင်းအသင်းများ၏ဆန္ဒကို အပြည့်အဝ ဖြည့်စွမ်းတတ်၏။ ဤသည်က သူငယ်ငယ်က အကျင့်။ ကြီးသည်အထိ မပျောက်။

သူညွှန်ခဲ့သော ပေါင်မုန့်ထောပတ်သုတ်ကို စားရင်း. .

"ဒါနဲ့ နေပါဦး။ မောင်ရင်က ဘယ်ရောက်ပြီး ဘာလုပ်နေသလဲ"

ဆိုသည့် အမေးကို သူမဖြေဘဲ ပြုံးပြုံးကလေး လုပ်နေသည်။

ကျွန်တော့်အမေးကို မဖြေဘဲ သူကပင် ပြန်၍မေးခွန်းထုတ်လာသည်။

"မောင်ရင် ဘယ်ရောက်ပြီး ဘာလုပ်နေသလဲ။ ပြောစမ်းပါဦး"

"ကိုယ်ကတော့ အရင်အလုပ်ပါပဲ။ ရန်ကုန်မှာပဲ နေတယ်လေ။ ကြည့်မြင်တိုင်မှာတော့ မဟုတ်တော့ဘူး။ ရေကျော်ဘက် ရောက်နေတယ်"

"အိမ်ထောင်ကော ကျနေပြီလား။ ကလေးဘယ်နှယောက်လဲ"

"အေး. . အိမ်ထောင်တော့ ကျနေပြီ။ ကလေးတော့ မရှိသေးဘူး"

ဟု ပြောရင်း. .

"နေပါဦး. .။ မောင်ရင်က ကိုယ်မေးတာတော့ မဖြေဘဲ ကိုယ့်ကို ပြန်ပြီး မေးခွန်းထုတ်နေတာကိုး"

"ကိုယ့်အကြောင်း မောင်ရင်ကြားရင် ဆန်းနေမှာပေ့ါ။ ကိုယ့်အလုပ်နဲ့ နေတာကတော့. . "

ဟု ပြောပြောဆိုဆို အမေရိကန်လက်ကိုင်သားရေအိတ်ကို ဖွင့်လိုက်ပြီး ကတ်ပြားလေးတစ်ခု ကျွန်တော့်ထံသို့ ထိုးပေးပါသည်။

ဗစ်စစ်တင်းကတ်ခေါ် မိတ်ဆက်ကတ်ပြားလေး။

အခြားကတ်ပြားများလို သေးသေးလေးမဟုတ်။ အလျား (၅) လက်မ၊ အနံ (၄) လက်မပေါ်တွင် ကနုတ်ပန်းခက်များ ပတ်ပတ်လည်ဝိုင်းထားသည့် ဖောင်းကြွစာလုံးလှလှပပလေးများဖြင့် ရိုက်နှိပ်ထားသည့် မိတ်ဆက်ကတ်ပြားကလေး။

အပေါ်စာကြောင်းကတော့ စာလုံးသေးသေးလေး။

'ဦးခင်မောင်ဦး'

ဘီ-အေ-ဘီ-အယ်လ်။

နောက်တစ်ကြောင်းကတော့ ခပ်ဆန်းဆန်း။ စာလုံးက ကြီးကြီး။

'ဘိုးတော်ကင်း'

လိပ်စာစာလုံးကတော့ အသေးဆုံးပင်။

'အမှတ်( )၊ ပြည်လမ်း၊ ရန်ကုန်' ဟု ဖော်ပြထားသည်။

ကျွန်တော်က ကတ်ပြားကလေးကို ယူကြည့်ရင်း . .

"နေပါဦး သူငယ်ချင်းရ။ စီးပွားရေးအလုပ်ကကော"

"မင်း တော်တော်ဆိုးတဲ့ အကောင်ပါလား။ ဘိုးတော်ကင်းဆိုတာ အလုပ်ပေါ့ကွ"

. . တဲ့။ အာမေဍိတ်သံသာလျှင် ဖြစ်၏။

ကျွန်တော် ဘာဆက်ပြောရမှန်း မသိတော့ပါ။ သူကလည်း ဘာမှ ဆက်မပြောသဖြင့် လက်ကျန်အစားအသောက်များကို ဆက်ရှင်းလိုက်ရ၏။

စားသောက်ပြီးသည်နှင့် သူနှင့်အတူ ပါသူက ကမ်းပေးသည့် စီးကရက်သံဘူးထဲက စီးကရက်တစ်လိပ် ပါးစပ်တွင်တပ်မိသည်နှင့် ပြာလဲ့လဲ့မီးတောက်ကလေးက စီးကရက်ထိပ်ဖျားတွင် အဆင်သင့်။ ကျွန်တော်က လောကဝတ်အရ ထိုပုဂ္ဂိုလ်အား ကျေးဇူးတင်ကြောင်း ခေါင်းညိတ်ပြလိုက်ရသည်။

သူ့မျက်နှာက မပြုံးမရယ်။ သူ့ဆရာ ဘိုးတော်ကင်း၏အမိန့်ကို အမြဲတမ်းနားစွင့်နေဟန်ရှိသည်။

"ဒါနဲ့ နေပါဦး။ မရီနဲ့ ကလေးတွေကကော"

ဟု သူ့အိမ်ထောင်အကြောင်း မေးလိုက်သည့်အခါ သူကတော့ ခပ်ပြုံးပြုံးကလေးပင် အဖြေပေးပါသည်။

သူပေးလိုက်သည့် အဖြေစကားလုံးမှာ စိမ်းကားလွန်းနေသည်ဟု ဆိုရလေမလား မသိပေ။ သူနှင့် ငယ်ပေါင်း ဇနီးအကြောင်း အဖြေပေးပုံမှာ ခပ်အေးအေး။

"သူ့မိဘတွေအိမ်မှာပဲ နေကြတယ်လေ"

"မောင်ရင်ကကော"

သူက မဖြေ။ ပြုံးနေသည်။

"ခင်မောင်ဦးရာ. . မင်းနဲ့တွေ့ရတာ ငါတော့ မျက်စိရော၊ နားရော လည်ကုန်ပြီကွ သူငယ်ချင်းရ"

ထိုစဉ် ပထမအချက်ပေးဥသြသံ ထွက်လာသဖြင့် တွဲသို့ ပြန်ရန်





ထလိုက်ရသည်။

"အေးလေ. . ရန်ကုန်ရောက်ရင် ကိုယ်ပေးထားတဲ့လိပ်စာအတိုင်း ဆက်ဆက်လာခဲ့ပေါ့ သူငယ်ချင်း။ လည်နေတဲ့နားတွေ ပြန်တည့်သွားပါလိမ့်မယ်"

. . တဲ့။

ထိုစဉ် ဂါတ်ဗိုလ်၏ခရာသံ ထွက်လာသဖြင့် ကျွန်တော့်တွဲဆီသို့ ခပ်သုတ်သုတ်ပြန်ခဲ့ရ၏။

တွဲပေါ်ရောက်သည်နှင့် ထိုင်ပင်မထိုင်ရသေး။

"ဘယ့်နှဲ့လဲ။ ခင်ဗျားနဲ့ ဘိုးတော်ကင်းနဲ့ ကြည်နေကြပါကလား။ လုပ်စမ်းပါဦး အတွေ့အကြုံကလေးတွေ"

ဆိုသည့် စကားဖြင့် ဆီးကြိုလိုက်ပါသည်။

"ကြည်ဆို ရထားထွက်စက ပြောသလိုပါပဲ။ သူနဲ့ ကျွန်တော်နဲ့က တေဖော်တေဘက်၊ ကစားဖော်ကစားဘက် ငယ်သူငယ်ချင်းတွေဆိုတော့ ကျွန်တော်နှုတ်ဆက်လိုက်တာနဲ့ သူလည်းမှတ်မိသွားတယ်လေ။ သူကလည်း အားရဝမ်းသာနဲ့ တွဲပေါ်ကို ဖိတ်ခေါ်တာနဲ့ လေမိသွားတာပါ"

"အဲဒီတော့ ထူးခြားချက်ကလေးတွေက. ."

ကိုအောင်မြင့်အမေးကို ကျွန်တော်က မဖြေတော့။ မိတ်ဆက်ကတ်ပြားကလေးကိုသာ လှမ်းပေးလိုက်သည်။

ကိုအောင်မြင့်နှင့် ဦးဘခင်တို့မှာ မိတ်ဆက်ကတ်ပြားလေးကိုကြည့်ရင်း ခေါင်းညိတ်သူကညိတ်၊ မျက်လုံးကလေး ကလယ်ကလယ်ဖြစ်နေသူကဖြစ်နေသဖြင့် "ခင်ဗျားတို့ တွဲပေါ်ကအခြေအနေမြင်ရင် ဒီ့ထက်အံ့သြသွားမှာပါ" ဟုပြောရင်း ကတ္တီပါအခင်းကြီးနှင့် ကတ္တီပါမှိုအုံးကြီး၊ ဟောလစ်၊ ကြက်ဥနှင့် ဗက်စ်စစ်တီနိုင်းမြင်ကွင်းကို ဖောက်သည်ချလိုက်ရသည်။

သူတို့မျက်နှာများကတော့ ခပ်ပြုံးပြုံး။

"ဦးပြောတဲ့ ဘိုးတော်အောင်မင်းစိန်ထက် သာသွားပြီပေါ့"

"သာဆို ဦးကလည်း. . ။ သူ့နာမည်ကို ကြည့်ဦးလေ။ ဘိုးတော်ကင်းတဲ့။ ကင်းဆို ဘုရင်ပေါ့။ ဘိုးတော် ဘုရင်. . ။ ဖဲကစားရာမှာတော့ ဂျက်ကွင်း ကင်း။ ကင်းက အကြီးဆုံးပဲ။ သူကလည်း ဘိုးတော်တွေထဲမှာ အကြီးဆုံးပေါ့"

အကယ်၍များ သူ့ကိုပြောနေသည့်စကားများကို နောက်လိုက်များ၊

သူ့ကိုကြည်ညိုနေသူများ၊ သူ့ကိုကိုးကွယ်နေကြသူများ ကြားခဲ့သော် တက်သေသွားမည်လား မသိပေ။

သို့သော်လည်း သတင်းစာများတွင်ပါလာသည့် ဘိုးတော်လူမြတ်အကြောင်း ဖတ်လိုက်ရတော့ ဘိုးပေါ်တွေ၏အပြစ်လား၊ ကိုးကွယ်နေသူတွေ၏အပြစ်လား၊ မည်သူ့အပြစ်လဲဟု မေးရမလောက်ပင်။

ဆိုပါမည်။ ငွေနှစ်သောင်းငါးထောင်ပေးလျှင် သုံးသောင်းငါးထောင်ရမည်ဆိုတော့ တစ်သောင်းကြီးများတောင် မြတ်နေပါကလား။ သည်လိုသာမြတ်နေလျှင် သူ့ဟာသူ ယူမှာပေါ့။ သူများကို ပေးပါ့မလား။ သူက ဘုရားအလောင်းမှ မဟုတ်ဘဲ။ ဝေဿန္တရာမှ မဟုတ်ဘဲ။ သို့ဆိုသော် ပေးသူအပြစ်လား၊ ယူသူအပြစ်လား။

ကမ္ဘာ့ဌာန်းပြဆရာဘိုးတော်ကြီး တည်းခိုသည်က သမ္မတဟိုတယ်တဲ့။ တော်သေးတာပေါ့။ အင်းလျားလိပ်ဟိုတယ်မှာ မတည်းသေးလို့။ သမ္မတဟိုတယ်ပေါ်က တစ်သောင်းမြတ်အောင် လုပ်ပေးနိုင်လျှင် အင်းလျားလိပ်ဟိုတယ်ပေါ်က နှစ်သောင်းမြတ်အောင် လုပ်ပေးနိုင်လိမ့်မည် ဖြစ်၏။

သမ္မတဟိုတယ်ထက် အင်းလျားလိပ်ဟိုတယ်က ဈေးကြီးသကိုး။

သည်အဖြစ်မျိုးနှင့် နှိုင်းယှဉ်ကြည့်လျှင် ဘိုးတော်ကင်းနှင့် ပောလစ်ကြက်ဥ၊ ဗက်စစ်တီးနိုင်းတို့ တွဲနေသည်မှာ မဆန်းပါဘူးဟု ပြောပေတော့မည်သာ။

"ခင်ဗျားသူငယ်ချင်းက ပညာတတ်တစ်ယောက်ပဲဗျာ။ ဘယ့်နှဲ့ကြောင့် ဒါမျိုးတွေကို ကိုယ်တိုင်နာမည်ခံပြီး လုပ်နေတာလဲ မသိဘူးနော်"

"ဩော်. . ကိုအောင်မြင့်ကလည်း။ စားသာလို့ပေါ့ဗျ"

"သူက ပညာတတ်ဘိုးတော်ဆိုတော့ ပိုအဆင့်မြင့်မှာပေါ့လေ"

ဟု ဦးဘခင်က ဝင်ထောက်လိုက်ရာ ကျွန်တော်တို့တွဲထဲတွင် ရယ်သံများ လွှမ်းသွားတော့၏။

ဘိုးတော်အောင်မင်းစိန်၊ ဘိုးတော်လူမြတ်၊ ဘိုးတော်ကင်းတို့ကား ကျွန်တော်တို့ ခရီးသွားဖော်တစ်သိုက်၏ လူရွှင်တော်ကြီးများပါကလား။

❖

# ဘိုးတော်ကင်း၏ ငယ်စဉ်ဘဝ

ခင်မောင်ဦး အဖေက မြေပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်သူဌေး။

သူတို့နေသည့်တိုက်က ကျွန်တော်တို့အရပ်ထဲမှာ အကြီးဆုံး။ ထည်ထည်ဝါဝါ ခမ်းခမ်းနားနားကြီး။ ပြတင်းပေါက်တိုင်းမှာ ဖန်ချောင်းဆည်းလည်းခန်းစည်းတွေတပ်ထား၏။ လေတိုက်သည့်အခါ တချွင်ချွင်မြည်သည့်အသံကနားထောင်၍ အင်မတန်ကောင်းသည်။

ဧည့်ခန်းတွင်းရှိနေသည့် ဆည်းလည်းမီးပန်းဆိုင်းကြီးကလည်း လှမှလှပါဘိခြင်း။ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်ရက်များတွင် တစ်တိုက်လုံးဝိုင်းပတ်ထွန်းထားသည့် ရောင်စုံမီးလုံးများ၏အလှကို ကလေးသူငယ်၊ လူကြီးပါမကျန် ကြည့်ကြရသည်။

ခင်မောင်ဦးမွေးနေ့ကျလျှင် ကျွန်တော်တို့ ကလေးတွေမှာ မုန့်မျိုးစုံလည်း စားရသည်။ အရုပ်ကလေးတွေလည်း မဲဖောက်ပေးသည်။ ကျွန်တော်တို့ကတော့ ခင်မောင်ဦးမွေးနေ့ ခဏခဏရောက်ပါစေ၊ လုပ်ပါစေဟု ဆုတောင်းလိုက်ရသည်က အမော။

ကျွန်တော်တို့က ကာကီဘောင်းဘီတိုကလေးများ နေ့တိုင်းဝတ်၍ ကုန်းကြောင်းတစ်လှည့်၊ ခြေကျင်တစ်လှည့် ကျောင်းတက်နေရစဉ် ခင်မောင်ဦး

က သင်္ကြလပ်ဘောင်းဘီ၊ ပိုးအင်္ကျီ နေ့စဉ်ထည်လဲနှင့် ကြော့ကြော့ကလေး ကျောင်းသို့လာရသည်။ ကျွန်တော်တို့လို ခြေကျင်တစ်လှည့်၊ ကုန်းကြောင်းတစ်ခါ မဟုတ်။ အိတ်ကလေးနှင့် ကျောင်းအရောက် ငြိမ့်ငြိမ့်ကလေး ထိုင်လိုက်လာနိုင်သား။ ကျောင်းရှေ့ ကားရပ်လျှင်လည်း လွယ်အိတ်ကိုင်စရာမငဲ့။ အိမ်က ပါလာသည့် မိန်းမကြီးက လွယ်အိတ်လွယ်ပြီး သူထိုင်ခုံအရောက် ပို့ပေးရသည်။

တစ်ရပ်ကွက်လုံးမှာ ရေဒီယိုသုံးလေးလုံးရှိသည့်ခေတ်တွင် သူတို့က လှပသောကားအမည်းလုံးလုံးလေးကိုပင် စီးနင်းနေကြသည်။

သူ့ဘဝ မွေးလာစဉ်ကပင် ရွှေလင်ပန်းနှင့် အချင်းဆေး၍ ရွှေဇွန်းကိုက်၊ ရွှေမှုန့်စားပြီး မွေးလာသလားဟု ပြောစမှတ်ပြုစရာပင်။

ကျွန်တော်တို့က အိမ်ကပေးလိုက်သည့် မုန့်ဖိုးကြေးပြားလေးနှစ်ပြားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်နေရစဉ်ပင် ခင်မောင်ဦးက ငွေမတ်စေ့သုံးလေးစေ့ နေ့စဉ်ကိုင်နိုင်သူဖြစ်သည်။ အမေတို့လက်ထဲတွင်သာ ရှိသည့် ငွေမတ်စေ့ကို မြင်ရုံသာ မြင်ရဖူးသည့် ကျွန်တော်တို့မှာ သူ့ထံမှ မတ်စေ့ကလေးကို ခဏခဏတောင်းယူ၍ ကိုင်ကြည့်ရသည်မှာ အမော။

ကျွန်တော်တို့ အိပ်မက်ပင်မမက်ဖူးသည့် မတ်စေ့ကလေးကို သူက တစ်ခါတလေ အလကားပေးတတ်သည်။ ထိုအခါ ကျွန်တော်တို့မှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သို့သော် ကြေးပြားဖြင့် မုန့်ဝယ်စားတတ်သည့် ကျွန်တော်တို့မှာ မတ်စေ့ဖြင့် ဘယ်လိုမုန့်ဝယ်စားရမှန်း မသိပေ။

ခင်မောင်ဦးက ကျောင်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ ကျွန်တော်တို့နှင့်သာ ကစားတတ်သည်။ မကစား၍လည်း မဖြစ်။ သူတို့လို လူ့အလွှာက ကျွန်တော်တို့ အရပ်ထဲတွင် အပြေးအလွှားရေနိုင်ပါမှ သုံးလေးအိမ်သာရှိသည်ကြောင့်။

ကျောင်းမှာတော့ ငယ်ငယ်ကစပြီး ခင်မောင်ဦးဆို အမြဲတမ်း ထိပ်က။ ပညာကလည်းတော်၊ ပိုက်ဆံကလည်း ရှိတော့ ဆရာများ၏ အချစ်တော်ပေါ့။ သူက ပညာရေးမှာ ဉာဏ်ရှင်သူ။ သည်ကြားထဲ သူ့အိမ်က ဆရာမတွေ ငှား၍ သူတို့ မောင်နှမကို စာသင်ပြစေသဖြင့် ပို၍တော်သလား မသိတော့ပေ။

ကျူရှင်မရှိခင်ခေတ်က ကျူရှင်နှင့် လက်တွဲခဲ့ရသူဟု ဆိုရပါမည်။

ဤသည်က စစ်မဖြစ်မီ အခြေအနေ။

စစ်ပြီးခေတ် သည်ဘက်ပိုင်းတွင်လည်း သူတို့အခြေအနေက ဘာမှမပျက်။ တစ်ခုထူးခြားသည်ကတော့ စစ်ပြီးခေတ် သည်ဘက်တွင်လည်း ကျွန်



တော်တို့က ကစား၍ ကောင်းတုန်း။ သူက အဝတ်အစားစမတ်ကျကျဝတ်ပြီး ပေါင်ဒါလေးတသသ ဖြစ်နေပြီး မိန်းမပိုးတတ်နေပြီ။ ကျွန်တော်တို့နှင့်တော့ အတွဲမပျက်။ စီးကရက်ကလေးကို နှုတ်ခမ်းဖျားတွင် တွဲလွဲခိုအောင် ဟန်ပန်လုပ်တတ်သည့် မြောစွန်သော ဖိုးခင်မောင်ဦးကို သည်မှာဘက်တွင် ကျွန်တော်တို့ ဆရာတင်ထားကြသည်။

ကျွန်တော်တို့က ဘောလုံးကစားဖို့လောက်သာ အာရုံပြုနေချိန်တွင် သူက အလှအပများကို မျက်စိစားပွဲထိုင်နေပြီဖြစ်သည်။ ပွေသည့်နေရာတွင် နိုးတုံး။ သူစာမပေးဖူးသည့် အပျိုချောချောက မရှိသလောက်။ ကျောင်းမှာလည်း ကျောင်းမို့။ အရပ်ထဲမှာလည်း အရပ်မို့။ ပိုက်ဆံကို ဖောဖောသီသီသုံးနိုင်သည်ဆိုတော့ မျက်နှာကလည်း ပွင့်သပေါ့။ တချို့မိန်းကလေးတွေကလည်း သူမစခင် သူ့ကို မျက်စပစ်တတ်ကြသည်။ သူကတော့ အပျိုချောမှန်လျှင် လက်မရှောင်။ ပေါက်ကောင်ဖွင့်နေသူပင်။

ကျွန်တော်တို့က ရည်းစားစာရေးနည်း၊ ပိုးနည်းပန်းနည်းများကို သူ့ထံက သင်ကြားရ၏။ သူ့ဒေသနာကို ကြားနာရ၏။ အားကျရ၏။ သို့သော် ကျွန်တော်တို့က သူ့လိုလုပ်နိုင်သည့် အခွင့်အရေးမရှိ။ လေသံကြား တရားဖမ်းနာရုံမျှသာ။

ထူးခြားသည်က သူ့တွင် သမီးရည်းစားရယ်လို့ တိတိကျကျမရှိ။ သတ်သတ်မှတ်မှတ်မထား။ တစ်ချိန်တည်းတွင် အမျိုးသမီးလေးငါးဦးထံမှ ရည်းစားစာတွေ ဝင်လာမစဲရှိသည်။

တစ်ခုပြောစရာရှိသည်။ မည်မျှလောက်ပွေပါစေ၊ ရည်းစားတွေ မှိုလိုပေါက်အောင် ထားပါစေ၊ စာမေးပွဲကျလျှင်တော့ တစ်နှစ်တစ်တန်း မှန်မှန်အောင်သည်။ ဤသည်က ခင်မောင်ဦးတွင်ရှိသည့် ချစ်စရာကောင်းသည့် အရည်အချင်း။ သူများတွေ စာကျက်ချိန်တွင် သူက ပွေလို့၊ လည်လို့ကောင်းတုန်း။ စာမေးပွဲနီးသည့် ၁၅ ရက်လောက်တွင်အပြင် လုံးဝမထွက်တော့။ စာဖိကျက်သည်။ ဝင်ဖြေသည်။ အောင်လည်း အောင်သည်။

သူက ဉာဏ်ထက်သည်။ ဉာဏ်နီဉာဏ်နက် ရှိသည်။

မကောင်းတာလုပ်ဖို့ဖြစ်စေ၊ ကောင်းတာလုပ်ဖို့ဖြစ်စေ ဉာဏ်ကစားတတ်သည့်အကျင့် ငယ်ငယ်ကပင် ရှိနေသည်။

ခင်မောင်ဦးက ကျောင်းမှာလူဆိုး။ ကျွန်တော်တို့လည်း ဆိုးပါသည်။ ကျွန်တော်တို့ဆိုးသည်က ကြဲကြဲဖန်ဖန် ဆော့ခြင်း။ သူဆိုးသည်က မိန်းမကိစ္စ

ရှုပ်ပွေခြင်း။ ကျွန်တော်တို့ကို ဆရာကြီးရုံးခန်းက ခေါ်လျှင် ကျောင်းပြေးမှု၊ ကတ်သီးကတ်သတ်ဆော့သည့်အမှုသာဖြစ်၍ သူ့ကိုခေါ်လျှင် ရည်းစားစာပေးမှု ကျောင်းသူကလေးတွေကို မဖွယ်မရာနောက်ပြောင်မှု ဖြစ်၏။

အမှုတစ်ခုခုကြောင့် ဆရာကြီးရှေ့မှောက်ရောက်လျှင် သူ့မျက်နှာမှာ သနားစရာကောင်းလောက်အောင် ညှိုးငယ်နေတတ်သည်။ ဆရာကြီးဆူသမျှ ကြိမ်းသမျှကိုလည်း လည်စင်းခံတတ်သည်။ ရိုက်လျှင်လည်း မတန်တဆအော်ဟစ်ပြီး အသနားခံတတ်သည်။ ထို့ကြောင့် ဆရာကြီးက. .

"ခင်မောင်ဦး. . မင်းကတော့ ငါ့ကျောင်းမှာ ဂျစ်တူးကလေးပဲ"

ဟု ကင်ပွန်းတပ်ပေးလိုက်သည်ကစ၍ သူ့နာမည်ရင်းပျောက်ပြီး အားလုံးက ဂျစ်တူးဟု ခေါ်ကြ၏။ အတန်းပိုင်ဆရာ ဆရာဦးဘစိန်ကမူ **စာမေးစရာရှိ၍** ခင်မောင်ဦးအလှည့်ရောက်လျှင် နာမည်မခေါ်ဘဲ "ကဲ. . ဆိုးပေ" ဟု **မျက်စပစ်**တတ်သည်။

**ဆရာဦးဘစိန်၏ဆိုးပေနှင့် ဆရာကြီး၏**ဂျစ်တူးတို့ အပေါင်းလက္ခဏာပြသည့်အခါ သူ့နာမည်ရင်း ပျောက်ပြီး 'ဂျစ်တူးဆိုးပေ' ဟူသော သရေပါနာမည်တစ်လုံး ရခဲ့သည်။

သို့သော် ဆိုးသည့်ဘက်တွင် ဆိုးသလောက် ပညာတော်သည့်ဘက်တွင် သူမတူသဖြင့် ဆရာ၊ ဆရာမများက သူ့ကို မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရပေသည်။

စစ်ပြီးခေတ်တွင် ကျွန်တော်တို့အုပ်စုထဲမှ တက္ကသိုလ်သို့ ပထမဆုံးရောက်သွားသူမှာ ခင်မောင်ဦးဖြစ်၏။ အောက်တန်းကျောင်းသားဘဝက သူ့တွင်ရှိခဲ့သည့်ဗီဇမှာ လွတ်လပ်သောတက္ကသိုလ်ကျောင်းသားဘဝ ရောက်သည့်အခါ ပွင့်ထွက်သွားတော့၏။

လူကလည်း ရုပ်မဆိုး။ ဝတ်တတ်စားတတ်သည်။ ဝတ်နိုင်စားနိုင်သည်။ ငွေကိုဖောဖောသီသီ သုံးနိုင်သည့်ပြင် ကိုယ်ပိုင်ကားနှင့် ကျောင်းတက်နိုင်သည်မို့ မကြာမီ ခေတ်ဆန်သည့်ကျောင်းသူကလေးများအသိုင်းအဝိုင်းတွင် ခင်မောင်ဦးနာမည် ရေပန်းစားလာသည်။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်လာသည်။

တက္ကသိုလ်ရောက်တော့ သူ့ကားကို ကိုယ်တိုင်မောင်းသည်။ သူကားမောင်းထွက်သွားတိုင်း ဘေးထိုင်ခုံတွင် မျက်စိအေးစရာ ပျိုကညာတို့ ပါစမြဲ။

လက်ဖက်ရည်ဆိုင်တွင် စုမိသည့်အခါ ငယ်ငယ်က သူ့ဩဝါဒမှာ



သဘောတရားအဆင့်တွင်သာရှိ၍ ယခုပြောလာသည့် ဩဝါဒ**အချစ်အဘိဓမ္မာ**မှာ လက်တွေ့ခန်းများ ပါလာသဖြင့် ပို၍နားထောင်ချင်စဖွယ် ဖြစ်လာသည်။ သူမလာသည့်နေ့တွင် ကျွန်တော်တို့ စကားဝိုင်းမှာ ဟာတာတာ၊ ပျင်းခြောက်ခြောက်။ သူလာမှ စိုပြည်သည်။

ဘယ်နေ့က ဘယ်မှာဆိုသည့် လက်တွေ့ဇာတ်လမ်းကလေးများသည် ကျွန်တော်တို့လူပျိုပေါက်စကလေးများအတွက် အားကျစရာကြီး၊ စိတ်ကူးယဉ်စရာကြီးတွေ ဖြစ်နေသည်။ သူပြောသမျှ ကျွန်တော်တို့အတွက် အံ့ဩ**စရာ**အပြည့်။

ခင်မောင်ဦးမှာ ကျွန်တော်တို့နှင့် ရွယ်တူဖြစ်သော်လည်း **မိန်းမ**အကြောင်း သိသည့်နေရာတွင် ကျွန်တော်တို့ထက် နှစ်ဆ ကြီးနေသည်။

ငယ်ငယ်ကလည်း ပွေသည်။ ကြီးတော့လည်း ပွေသည်။

ငယ်ငယ်က စွန်သည်။ ကြီးတော့ ပိုစွန်သည်။

ဘီအေပထမနှစ်တွင် 'ရီ' ဆိုသော အမျိုးသမီးနှင့် အိမ်ထောင်ကျသည်။ 'ရီ' နှင့် တက္ကသိုလ်တွင် တွေ့ကြသည်။ ချစ်ကြသည်။ ခင်မောင်ဦးကတော့ သူ့ထုံးစံအတိုင်း မိန်းကလေးတွေ့လျှင် ချစ်လိုက်မည်။ ပျော်လိုက်မည်။ နောက်တော့ တစ်ယောက်ပြောင်းလိုက်မည်။ သူ့ဝါသနာ၊ သူ့စရိုက်အတိုင်း မိန်းကလေးတွေကို အရုပ်လို သဘောထားသည်။

'ရီ' နှင့်တွေ့တော့ သူ ကျွတ်သွားသည်။

'ရီ' တို့က ဆွေကြီးမျိုးကြီး။ ပိုက်ဆံချမ်းသာရုံမက 'ရီ' အဖေက ခင်မောင်ဦးတို့အဖေနှင့် ရင်းနှီးသည်။ ခင်မောင်ဦးတို့အဖေပေါ်တွင် ဩဇာလည်းညောင်းသည်။ သူရှောင်၍ မရတော့။ မင်္ဂလာအခါတော် ရွှေးလိုက်ရသည်။

နှစ်ဖက်မိဘများက ချမ်းသာသဖြင့် ခင်မောင်ဦးက ကျောင်းဆက်တက်စမြဲ။ ဆက်လက်၍ ပွေမြဲ၊ တေမြဲပင်။ မိန်းမနှင့်ပါဆို လူပျိုလုပ်၍ နေသည်။

သူက နေ့လူပျို၊ ညလူအိုဘဝဖြင့် မကြောင့်မကြ၊ မတောင့်မတ ပျော်ပျော်နေသေခဲ ဆောင်ပုဒ်ကို လက်ကိုင်ပြုလျက် ကားလေးတစ်စီးနှင့် တဝီဝီလျှပ်စီးလက်နေသည်။ အိမ်ထောင်ကျပြီးမှ ပို၍ဟန်ကျနေ၏။ အဖေအမေဆီတစ်လှည့်၊ မယားဆီတစ်လှည့် လက်ဝါးဖြန့်လျှင် သူ့လက်ထဲ ငွေရောက်ရသည်သာ။

ဘီအေအောင်ပြီးနောက် ဖခင်ကြီးက ကျောင်းထွက်၍ သူ့လုပ်ငန်း

များကို ဦးစီးရန်ပြောသော်လည်း သူက ပညာဆက်သင်လိုပါသေးသည်ဟု ပူဆာ၍ ဘီအယ်လ်ဆက်တက်ပြန်သည်။ အမှန်တော့ အလုပ်ခွင်ဝင်ရလျှင် တေရပေရမည်မဟုတ်သဖြင့် ကျောင်းဆက်တက်လိုခြင်းဖြစ်ပေသည်။

နှစ်ဖက်မိဘများက ပညာရေးဆိုတော့ မတားသာပေ။ သူတို့က ချမ်းသာသူများ၏ သားသမက်များသည် ဘွဲ့တစ်ခုမဟုတ်၊ နှစ်ခုရလျှင် ပို၍ဂုဏ်မြင့်သည် မဟုတ်ပါလား။ ဘွဲ့တစ်ခုကို ငွေနှင့်ဝယ်၍ရလျှင် ဝယ်မည့်သူများဖြစ်ရာ သားဖြစ်သူက ဘွဲ့နှစ်ခုရအောင် နေချင်ပါသေးသည်ဟု ဆန္ဒပြုလာသည်ကို ဘယ်လိုငြင်းပယ်ပါမည်နည်း။ သူတို့စီးပွားရေးလုပ်ငန်းတွေကို ဥပဒေပညာရှင်များနှင့် မကြာခဏ တိုင်ပင်ဆက်ဆံရသည်ဖြစ်ရာ သားတစ်ယောက်လုံးက ဥပဒေပညာရှင်ဖြစ်လာခဲ့လျှင် တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့်အဆင်သင့် ဆိုသလို ဖြစ်မည်မို့ သား၏အလိုကို ကြည်ကြည်ဖြူဖြူပင် လိုက်လျောခဲ့ပေသည်။

ဘီအယ်လ်ဆက်တက်သည့်အခါ ခင်မောင်ဦး၏ ခြေလှမ်းများမှာ ယခင်ထက် ပိုသွက်လာသည်။ ကျောင်းနေတုန်းကာလကလေး အစွမ်းကုန် ပျော်လိုက်မည်ဟူသော သဘောဖြင့် ဒန့်က,ရာမှာလည်း သူ့ခြေရာ၊ ပွတ်ရာမှာလည်း သူ့ခြေရာ၊ အရက်ပါတီမှာလည်း သူ့ခြေရာ။ အပျော်အပါးပွဲမှန်သမျှ သူ့ခြေရာနှင့် မလွတ်။ သူအိမ်ပြန်ရောက်တတ်သည့်အချိန်မှာ သန်းခေါင်ထက် မစော။ ပို၍ဟန်ကျနေသည်က တံခါးဖွင့်ပေးမည့် 'ရီ' ရှိနေသည်။

ရီ့ဘဝက ဆုတ်စူး စားရှူး ဘဝ။ ဖုံးဖုံးဖိဖိမလုပ်လျှင်လည်း ယောက္ခမအိမ်တွင် ပြဿနာပေါ်နေက မကောင်း။ ခင်မောင်ဦးအကြောင်း သိနေမှတော့ မထူး။ ပြဿနာဖော်၍လည်း ပြေလည်မည်မဟုတ်သဖြင့် ဖြစ်သမျှအကြောင်း အကောင်းဟု သဘောထားပြီး ရေလိုက်ငါးလိုက်နေရသည့်ဘဝ။

သားတစ်ယောက်ထွန်းပေါက်လာသည့်တိုင် ခင်မောင်ဦးက မပြင်။ သားကို မနက်တစ်ခါ၊ ညတစ်ခါ နမ်းရှုံကလွဲ၍ သူ့ကိုယ်သူတော့ လူပျိုလိုသာ နေခဲ့သည်။ ကလေးအဖေဖြစ်နေသည့်တိုင် ကျောင်းသားဘဝဆိုတော့ အိမ်ကလည်း နေရာတကာ မပြောသာ။

သည်ပုံစံနှင့် ဘီအယ်လ်အောင်ခဲ့သည်။

ဘီအယ်လ်အောင်ပြီးနောက် အဖေက ဆန်စက်ကို ထိုးအပ်သည်။ ဆန်စက်ကို ဦးစီးရမည်ဟု ခိုင်းသည်။ ပထမတော့ သူက ငြင်းသည်။ မရ။ သူ့လက်ကို အပ်လိုက်သည်။ စက်ကြီးအတွက် အလိုလိုနေရင်း စိတ်မောနေ



သည်။ အလုပ်ခွင်ထဲရောက်တော့ ပို၍စိတ်မောရသည်။ သူ့တစ်သက်တွင် သည်တစ်ကြိမ် ပထမဆုံးအလုပ်လုပ်ဖူးခြင်းနှင့် မပျော်သော၊ စိတ်မပါသော အလုပ်ခွင်သို့ ဝင်ရခြင်းဖြစ်၍ စိတ်အကြီးအကျယ်ညစ်ရသည်။ အလှအပလေးတွေ ကြည့်နေရမှ ရင်ချောင်သူအတွက် မည်းမည်းကြုတ်ကြုတ် ၁နပ်ခါးဘဲ ကျားနှင့် စပါးထမ်းနေသည့် အမျိုးသမီးကလေးများကိုသာ ကြည့်နေရတော့ ပို၍စိတ်ညစ်သည်ပေါ့။ ခါတိုင်းဆို ကားကလေးတစီးစီးနှင့် ရေမွှေးနံ့လှိုင်သည့် အပျိုချောကလေးများကို အလဲအလှယ်တွဲရင်း စိတ်အစာဖြည့်ခဲ့သူမှာ စပါးမှော်တွေ၊ ဖုတ်တွေကြားထဲမှာ နေရသည်ကြောင့် စိတ်မောရသည်။ စိတ်ညစ်ရသည်။

ဖခင်ကြီး၏အမိန့်ကို မလွန်ဆန်ရဲ၍သာ စက်ထဲလာနေရသည်။ သူ့အဖို့တော့ ငရဲပြည်ရောက်နေသလား အောက်မေ့နေသည်။ သူ၏အောင့်အည်းသည်းခံမှုသည် ရက်သတ္တပတ်ထက် ပိုမကြာပေ။ သူ့အဖေကြီးအပေါ်တွင် ဩဇာညောင်းသည့် ယောက္ခမကြီးကို အပူကပ်၍ ဆန်စက်ထဲ မလုပ်ချင်ကြောင်း နားပူနားဆာလုပ်ခဲ့သည်။ ယောက္ခမကြီးက ဆန်စက်မှာ မလုပ်ရင် ဘယ်မှာလုပ်မလဲဟု မေးသည့်အခါ ဆန်စက်နှင့်လွတ်ရင်ပြီးရော့ဆိုသော သဘောဖြင့် တရားသူကြီးလုပ်ချင်ကြောင်း ဖြေလိုက်သည်။

ယောက္ခမကြီးကလည်း မဆိုးဘူးဟု တွက်သည်။ သူ့သမက်က ဆန်စက်မန်နေဂျာပါဟု ပြောရခြင်းထက် တရားသူကြီးပါဟု ပြောရခြင်းက ပို၍ ခံတွင်းတွေ့စေသည်ဟု ထင်သည်။ အစိုးရအမှုထမ်းမှ ဂုဏ်ရှိသောခေတ်တွင် ဆန်စက်မန်နေဂျာဆိုသည်မှာ ပါမွှားအလုပ်၊ တရားသူကြီးနှင့်စာလျှင် အောက်တန်းကျသည့်အလုပ်ဟု ထင်လာသည်။ သူ့သမီးမှာလည်း တရားသူကြီးကတော်ကနေ စက်ရှင်တရားသူကြီးကတော် ဖြစ်လာမည်။

သူသင်ထားသည့် အတတ်ပညာကလည်း တရားသူကြီးနှင့်မှ လိုက်ဖက်သည်။ ဆန်စက်မန်နေဂျာအလုပ်နှင့် မအပ်စပ်။ အပိုင်းထဲ လေးထောင့်သွင်းသလို ဖြစ်နေသည်။ မဖြစ်နိုင်သေး။ သူ့သမက်အတွက် စီစဉ်ဦးမှ။ ဤသည်က သူ့ယောက္ခမကြီး သဘောပေါက်သွားသည့်အမြင်။

ခင်မောင်ဦးက ဒါတွေစဉ်းစားသည်မဟုတ်။ အစိုးရအမှုထမ်းလုပ်လျှင် သူပွေချင်တိုင်း ပွေရမည်။ ပွေဖို့အခွင့်အရေးတွေ ရမည်။ ကလပ်သွားလိုက်၊ အရက်ကလေးစုပ်လိုက်၊ မိန်းမပွေလိုက်။ သူ့ဝါသနာပါရာကိုသာ စဉ်းစားသည်။

နောက်ဆုံးတော့ တရားသူကြီး ဖြစ်လာရသည်။

ရန်ကုန်မှာ မနေရသေး။ သူ့ဟာသူ ပို၍သဘောကျပြီး သူလိုချင်သောအကွက် ဝင်လာပြီ။

တစ်နှစ်သာကြာသည်။ အတည်မယားငပြင် အပျော်မယားကလေး ရှိလာပြီ။ အိမ်နှင့်ရာနှင့် အတည်မယားတွေကတော့ ရေးစရာမလိုတော့။ သူ့အသက်ထက် ဦးရေပိုခဲ့ပြီ။

ဒါကလည်း မဆန်း။ အရက်သောက်ခြင်းနှင့် မိန်းမလိုက်ခြင်းသည် သူ့အစိကအလုပ်။ သူ့အမေ၊ အဖေက ဒါတွေလုပ်ဖို့ မွေးထားသလားဟု ပြောရလောက်အောင် ဆိုးခဲ့၊ တောခဲ့၊ ပွေခဲ့သည်။ အစိုးရဝန်ထမ်းဘဝတွင် နယ်အမျိုးမျိုး ပြောင်းခဲ့ရသလို အပျော်အပါးလေးတွေကလည်း ထည်လဲယူခဲ့သည်။ မိဘဆီတစ်လှည့်၊ ယောက္ခမဆီတစ်လှည့် အကြောင်းအမျိုးမျိုးပြ၍ ငွေတောင်းခဲ့ပြီး သူလုပ်ချင်ရာ လုပ်ရုံသာ။ သူတို့ခေတ် ဖြစ်၏။

ဟိုတုန်းက ထီးပြန်၊ ဖိနပ်ပြန်ရုံး (အနှီတရားသူကြီးဆီရောက်လျှင် ထီးနှင့်ဖိနပ်သာ အိမ်ပြန်၍ လူက ထောင်ထဲဝင်ရသည်) များ ရှိခဲ့သလို သူ့ရုံးက လူပြန်တော်ရုံးဟုပင် နာမည်ကြီးခဲ့၏။ သူ့ရုံးရောက်၍ သူ့အထာသိလျှင် လွတ်ဖို့သေချာသည်။ ရှေ့နေမငှားနှင့်။

သူ့အထာသိဖို့က ငွေမဟုတ်။ မိန်းမသာလျှင်. . ။

ကိုခင်မောင်ဦးကား ဤမှာဘက်တွင် ထိုမျှနာမည်ကြီးခဲ့သည်။

ငွေနှင့် ဂုဏ်က လွှမ်းမိုးထားသည်မို့ သူရမ်းကားသမျှ လော်မာမှုကို အပြစ်ဟု မမြင်ကြ။ အရာရှိတစ်ယောက်တွင် ရှိအပ်သည့်အရည်အသွေး ပြည့်စုံပါပေသည်ဟု ပြောကြသည်။

သူ့ခေတ်သူ့အခါက ဤသို့ပင် ရှိခဲ့၏။

ကိုခင်မောင်ဦးကို လူတွေက နှာခေါင်းမရှုံ့ကြ။ အခင်အမင်မပျက်ကြ။ သူက အပေါင်းအသင်းကောင်းသလို အပေါင်းအသင်းများအပေါ်တွင် ရေကုန်ရေခန်း လိုက်လျောတတ်သည်။ ဘယ်တော့မှ အပေါင်းအသင်းအပေါ် မငြိုငြင်။ အပြစ်မယူ။ ဆရာမလုပ်။ အပေါင်းအသင်းတွေလုပ်သမျှကို ခွင့်လွှတ်တတ်သည်။ သူကလည်း လုပ်ချင်တာလုပ်မည်ဟူသည့် လူစားမျိုး။ ဘယ်ရောက်ရောက် ဒီပုံစံအတိုင်း။ ငယ်ငယ်တုန်းကလည်း ဒီအတိုင်း။ နှုတ်ခင်မင်တတ်သည့်စိတ်နှင့် လိုက်လျောတတ်သည့်အကျင့်တို့က သူ့ကို ခွင့်လွှတ်ချင်စရာတွေ ဖြစ်နေသည်။



သို့သော် လည်လွန်းသောဘီး ချေးသင့်ဆိုသလို ချေးနင်းမိခဲ့သည်။

သူ့အသုံးအဖြုန်းစရိတ်အတွက် လွတ်လွတ်လပ်လပ်ကြီးသောက်စားခဲ့ရာ နံပါတ်မှတ်ထားသောငွေများဖြင့် လာဘ်ပေးလာဘ်ယူလုပ်နေစဉ် သေးလုံးကျော့ကွင်းထဲသို့ ဂူလုပပကြီး ဝင်သွားခဲ့သည်။

ခင်မောင်ဦး၏အသိုင်းအဝိုင်း၊ သူ့ယောက္ခမကြီး၏ အရှိန်အဝါများဖြင့် ငွေကုန်ခံ၍ ရေဆုံးရေဖျားလိုက်ခဲ့သော်လည်း အုတ်နံရံလေးဘက်ကာထားသည့် အကျဉ်းထောင်အတွင်း နှစ်နှစ်တာမျှ အနားယူစေရန် အမိန့်ချမှတ်ခြင်း ခံလိုက်ရသည်။

သူ့တစ်ပါးကို တရားဥပဒေအရ အကျဉ်းထောင်သို့ ပို့သူမှာ တရားဥပဒေအရ အကျဉ်းထောင်သို့ ဝင်ခဲ့ရသည်။

ကျွန်တော်တို့ ခင်မောင်ဦးအကြောင်း သိခဲ့သည်က ဤမျှအထိသာ။ နောက်ပိုင်း သူ့အကြောင်းကို မကြားရတော့ဘဲရှိရာမှ ထိုနေ့က မန္တလေးရထားပေါ်တွင် မမျှော်လင့်ဘဲ တွေ့ခဲ့သောအချိန်တွင် ဘိုးတော်ကင်းအမည်ခံ ဆရာကြီးတစ်ဆူ ဖြစ်နေပေပြီ။

သူ့ဘဝ၊ သူ့အကြောင်း၊ သူ့စရိုက်၊ သူ့ဗီဇများနှင့် ယနေ့ သူ့ဘဝသည် လားလားမျှ မသက်ဆိုင်ပေ။ မိန်းမရှာက ကလေးမွေးပါသည်ဆိုသောသတင်းကို ယုံကြည်နိုင်မည်ဖြစ်သော်လည်း ဂျစ်တူးဆိုးပေခေါ် ခင်မောင်ဦးတစ်ယောက် ဘိုးတော်ဖြစ်နေသည်မှာ မယုံကြည်နိုင်စရာပါ။

သို့သော် တကယ်ဖြစ်နေသည်က ဘိုးတော်ကင်းမှ ဘိုးတော်ကင်း ဖြစ်ပါ၏။

မယုံသော်လည်း ပုံပြင်ဟု မှတ်ရမှာကလည်း မန္တလေးအတွေ့အကြုံများက မယုံ၍ မရပေ။

ဤသို့ဆိုလျှင် သူ၏ဇာတ်ကြောင်းကို ပြန်ခင်းနေရင်းမှ ဝင်းဝင်းလက်လက် ရွှေတိဂုံစေတီတော်ကြီးကိုပင် ရထားပေါ်မှ လှမ်းမြင်နေရပြီဖြစ်ရာ အာလူးပေးခြင်းကို ရပ်နားလိုက်ရ၏။ အနည်းငယ်သော ပစ္စည်းကလေးများကို သိမ်းဆည်းရင်း အဆင်သင့်ပြင်ဆင်ထားလိုက်ရသည်။

စတော့ဂိတ်ခုံးကြီးကို လွန်လာသည်နှင့် အားမာန်ဟုန်နှင့် ဆင်းလာသည့် ရထားကြီးမှာ အားလျှော့လိုက်သည့်အလား ဖြည်းဖြည်းချင်းအရှိန်သတ်လာခဲ့ရာ ရန်ကုန်ဘူတာကြီးသို့ ရထားဝင်သောအခါ အရှိန်ရှိသည်ဆိုရုံမျှ ကလေးသာ ရှိတော့၏။

ရထားဆိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်တွင်ပါလာသော လက်ဆွဲအိတ်ကလေးကိုဆွဲလျက် ခင်မောင်ဦးကို လိုရမည်ရ အကူအညီပေးရန် သူ့တွဲဆီသို့ရောက်သွားသည်။ သို့သော် ကျွန်တော်အနားကပ်ခွင့်မရတော့။ ယောဂီဝတ် အမျိုးသား၊ အမျိုးသမီး အိုအို၊ ပျိုပျို၊ ငယ်ငယ်ချောချောကလေးတွေက အစ ဆံဖြူ သွားကျိုး သက်ကြီးရွယ်အိုများအထိ သူ့တွဲဘေးတွင်ဝိုင်းလျက် လက်အုပ်ကလေးတွေချီပြီး သူ့ကိုနှုတ်ဆက်နေကြသည်။ ဤမြင်ကွင်းကို ဝိုင်းကြည့်နေသည့် လူအုပ်ကလည်း မနည်း။ လူအုပ်ကို ထိုးဖောက်လျက် သူ့ဆီရောက်ရန် မလွယ်။ ခပ်လှမ်းလှမ်းကသာ ကြည့်နေရသည်။

အားပါး. . အားကျစရာကောင်းလိုက်လေခြင်း။

ထိုအချိန်မှစ၍ 'ဘိုးတော်' ဟူသော စကားနှစ်လုံးမှာ ကျွန်တော့်အသည်းနှလုံးတွင် စွဲသွားပါတော့သည်။

ကြည့်ပါဦး. . ။

သူ့အတွက် စောင့်နေသည့်ကားက မာစီးဒီးကားကြီး။ အရောင်က ဆင်စွယ်နှစ်ဘက် လုနေသည့် အဖြူရောင်မာစီဒီးကြီး၏ အပေါက်လေးပေါက်တွင် စံပယ်ဖူးကလေးတွေ ရွေးပြီး သီထားသည့် ပန်းကုံးကလေးများကို လိုက်ကာသဖွယ် ပြင်ဆင်ထားသည်။ နောက်မှီထိုင်ခုံပေါ်တွင် နှင်းဆီအနီရဲရဲများကို လှပသောကြွေပန်းအိုးကလေးများတွင် ထိုးစိုက်လျက် အစီအရီတင်ထားသည်။

မောမောပန်းပန်းနှင့် ပြန်လာမည့် ခရီးသွားဘိုးတော်အတွက် မွှေးရနံ့ကလေးများ ရှူရှိုက်ရင်း အမောပြေရန် ရည်ရွယ်စီစဉ်ထားခြင်း ဖြစ်ပါမည်။

မည်သို့ပင်ဖြစ်စေ ဆန်းသစ်သည့်မြင်ကွင်းကြောင့် ကျွန်တော်သည်ပင် အမောပြေသွားသယောင်ယောင် ရှိ၏။

ခင်မောင်ဦး ကားပေါ်တက်ရန် တံခါးဖွင့်ပေးဖို့ စောင့်နေသူက သုံးလေးယောက်။ အကယ်၍ လူအများရှေ့တွင် မဟုတ်လျှင် ဘိုးတော်ကင်းခြေထောက်ကို မ,တင်ပေးမည်လား မသိပေ။

ငြိမ့်ငြိမ့်ညောင်းညောင်းရှိသည့် မာစီဒီးကားကြီးသည် ညင်ညင်သာသာပင် ဖြည်းဖြည်းချင်းလိမ့်ကာ ထွက်ခွာသွားပါသည်။ မာစီဒီးကားကြီးနောက်မှ ဘောက်စ်ဝက်ဂွန်း၊ မာဇဒါ၊ ဖယ်မလီယာ၊ တိုယိုတာ၊ ကိုရိုနာ စသည့်ရောင်မျိုးစုံကားတန်းကြီးက တစ်သီကြီး။ ထိုကားတန်းထဲတွင် ဂျစ်ကားတစ်စီးတလေပင် မပါ။ ဂျစ်ကားဆို စာရင်းမဝင်ဘူး ထင်ပ။

ဘိုးတော်ကင်း၏ မန္တလေးရထားပေါ် အတက်ခရီးက အလွန်ကြည့်



ကောင်းသလို ရန်ကုန်ဘူတာအဆင်း ခရီးသည်လည်း လှပပါပေသည်။

ဘိုးတော်ကင်းအား တင်ဆောင်သွားသည့်ကားနှင့် နောက်ပါအခြွေအရံကားတန်းကြီး အလံပြဘုရားဘက်သို့ ချိုးကွေ့ပျောက်ကွယ်သွားမှသာ နတ်ဂ,ရာ ကျီးမောနေမိသည့် ကျွန်တော်မှာ အိမ်ပြန်ရန် သုံးဘီးကားကို အပြေးအလွှား အာပေါက်အောင် လိုက်ခေါ်နေရသည်။

ထို့ကြောင့် ကျွန်တော်ကြိမ်းဝါးလိုက်မိသည်။

'ငါလည်း ဘိုးတော်ဖြစ်အောင် လုပ်မယ်ဟေ့'. . ဟု။

❖

《အခန်း-၅》

# ဘိုးတော်ဇနီးဟောင်းနှင့် တွေ့ဆုံခြင်း

ရထားပေါ်တွင် ခင်မောင်ဦးပေးခဲ့သည့်လိပ်စာအတိုင်း သူ့ကိုတွေ့ရမည့်အလုပ်မှာ ကျွန်တော့်အတွက် မဖြစ်မနေလုပ်ရမည့် အလုပ်ဖြစ်၏။ ဘိုးတော်အကြောင်းကို လေ့လာရမည်။ တပည့်ခံသင့်တာ ခံရမည်။

အကြောင်းက ကျွန်တော်ကလည်း ဘိုးတော်လုပ်ချင်သောကြောင့်ပါ။ မလုပ်ချင်ဘဲ နေပါ့မလား။ ငါးကြော်တွေ့မှ မနှိုက်သော့ကြောင်သည် ကြောင်မိုက်သာ ဖြစ်ပေတော့မည်။ ဒီကြောင် တော်တာပဲ၊ ကောင်းသည်ဟု အပြောခံရမည်။ ကြောင်မိုက်၊ ကြောင်ငတ်တော့ အဖြစ်မခံနိုင်။ ငါးကြော်တွေ့ဖို့ ရှာရမည်။ တွေ့လျှင် မြန်မြန်နှိုက်ရမည်။

ယနေ့ အစားသာဆုံးအလုပ်၊ ညင်ညင်သာသာလေး ထိုင်နေရုံနှင့် ငွေဝင်သောအလုပ်ကို ပြပါဆိုလျှင် ဘိုးတော်အတုအယောင်အလုပ်ကို လက်ညှိုးထိုးပြရပေမည်သာ။

ဘိုးတော်ကင်းနှင့် သွားမတွေ့ခင် ဘိုးတော်ကင်း၏ ဇနီးဟောင်းနှင့် ပထမ သွားတွေ့လျှင် သူ့အကြောင်း အပြည့်အစုံသိရမည်။ သူ ဘယ်ပုံဘယ်



နည်း ဘိုးတော်ကင်းဖြစ်လာသည်ကို အစအနရမည်ဖြစ်ခြင်းကြောင့် ရီ့ကို သွားတွေ့ခဲ့၏။

ခင်မောင်ဦးဇနီး ရီမှာ ခင်မောင်ဦးနှင့် အိမ်ထောင်ကျစကပင် ကျွန်တော်တို့နှင့် ရင်းရင်းနှီးနှီး၊ ခင်ခင်မင်မင် နေထိုင်ခဲ့သဖြင့် ခင်မင်ရင်းစွဲရှိခဲ့သည့်အတိုင်း ပွင့်ပွင့်လင်းလင်းပြောနိုင်ဆိုနိုင်သည်။ ရီက နဂိုကပင် သဘောကောင်းသည်။ ခင်မင်တတ်သည်။

လက်ရှိ ရီနေထိုင်ရာ အင်းယားလမ်းအိမ်သို့ သွားသည့်အခါ အိမ်မှာ အဆင်သင့်တွေ့ရသည်။ ကံကောင်းသည်။ ခါတိုင်းဆိုလျှင် ကျောင်းဆရာမဝင်လုပ်နေသော ရီကို အဆင်သင့်မတွေ့ရတတ်ပေ။ ယနေ့ ကလေးနေမကောင်းသဖြင့် အိမ်မှာ ခွင့်ယူထားတုန်းမို့ အဆင်သင့်တွေ့ရခြင်းဖြစ်သည်။ သူအလုပ်ဝင်လုပ်နေသည်ကိုတောင် ကျွန်တော်မသိလိုက်။ အမှန်တော့ ရီ့မိဘများမှာ ချမ်းသာသူများဖြစ်သည်။ ရီ အလုပ်မလုပ်ဘဲလည်း နေနိုင်သည်။ သို့စေကာမူ သူ့ကလေးတွေ မျက်နှာမငယ်ရအောင် တစ်ကြောင်း၊ သူတတ်ထားသည့်ပညာကို အသုံးချလို၍ တစ်ကြောင်းတို့ကြောင့် အလုပ်ဝင်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်က ရုတ်တရက်တွေ့လိုက်သည့်အခါ အံ့ဩသွားသလိုရှိ၏။ ရီ့မျက်နှာတွင် ဝမ်းနည်းရိပ်နှင့် ဝမ်းသာရိပ် ရောထွေးနေသည့်ဟန်က ထင်းထင်းပပ ပေါ်နေသည်။

သူမ၏ ပွင့်လင်းသော လှိုက်လှဲသည့်အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်ရှာပါသည်။

"ဟင်. . ကိုအေးကြီးပါလား။ ဘယ်ကနေဘယ်လို မျက်စိလည် လမ်းမှားပြီး ရောက်လာတာလဲ"

"မျက်စိမှလည်ပါဘူးတဲ့ဗျာ. . ။ တမင်တကာ ရောက်အောင်လာခဲ့တာပါ"

"ရှင်တို့လူနဲ့ကော တွေ့သေးသလား"

"တွေ့ပါ့ဗျာ. . ။ သူနဲ့တွေ့လို့လည်း ရီ့ဆီလာစရာ အကြောင်းပေါ်လာတယ် ဆိုပါတော့"

"ကိစ္စက ထူးလို့လား"

"မထူးပါဘူး။ သိချင်တာလေးတွေ ရှိလို့ပါ။ ရီ မိဘတွေဆီ ပြန်ရောက်နေတာတောင်မှ သူနဲ့တွေ့လို့ သိရတာပါ။ မတွေ့တာလည်း ကြာပြီမဟုတ်လား။

ကျွန်တော်တို့က ကိုယ့်အိမ်ထောင်၊ ကိုယ့်စီးပွားရေးနဲ့ လုံးပန်းနေရတော့ တစ်ခါတလေ စိတ်ရောက်ပေမယ့် လူက မရောက်နိုင်ဘူးလေ။ ဟိုကောင်ကြီးနဲ့ တွေ့ရတော့မှပဲ ခင်ဗျားတို့အကြောင်း ကြားပြီး စိတ်မကောင်းတာနဲ့ လှည့်လာတာပဲလေ"

"ကိုအေးတို့လူ အကြောင်းတော့ ကိုအေးတို့ အသိဆုံးပေါ့လေ။ ရီ ဘာပြောစရာရှိမလဲ။ မဟုတ်ဘူးလား"

"ဟုတ်ပ့ါဗျာ. . ။ ဒီကောင်ကြီးအကြောင်းတော့ သိတာပေ့ါ။ ဒါပေမဲ့ ခုဟာက ထူးဆန်းနေလို့ပါ။ ထူးထူးဆန်းဆန်းနဲ့ တွေ့ခဲ့ရလို့ပါ"

"အမလေး. . ဒီအကြောင်းတော့ မပြောပါနဲ့တော့ ကိုအေးရယ်။ ရီ ရှက်လွန်းလို့ပါ"

"သူကတော့ ကြီးပွားနေပါလား"

"ဒီလိုကြီးပွားနည်းမျိုးတော့ ရီတို့က အားမပေးသေးဘူး။ ဒါနဲ့ ဘိုးတော်ကြီးက ရှင့်ကို ဘာတွေများ ပြောလိုက်သလဲ။ ပထမ ပြောစမ်းပါဦး"

"သူကတော့ ဘာမှမပြောပါဘူးဗျာ။ ကျွန်တော်က ရီတို့ကောလို့ မေးမှ သူ့အဖေအိမ် ပြန်နေကြလေရဲ့လို့ ပြောတာပဲ။ နို့. . နေပါဦး။ အခုဟာက ဘယ်လိုဖြစ်နေကြတာတုံး။ အပြီးအပိုင်ပဲလား၊ ယာယီလား"

"ဒီအကြောင်းတွေကို ကိုအေးမကြားသေးဘဲကိုး"

"မကြားဆို ဘာမှမကြားတာဗျို့။ ခုတောင် သူနဲ့ အမှတ်မထင်တွေ့ခဲ့လို့သာ"

"အင်းပေ့ါလေ. . ။ ရီ့အကြောင်းတော့ သူက ဘာပြောမလဲ။ ပြောလည်း ပြောစရာ ရှိမှမရှိဘဲဟာ။ သူ့အဆိုး သူ့ဆိုးဒဏ်အမျိုးမျိုးကို ၁၂ နှစ်လောက် ခံခဲ့ရပြီလေ။ ကိုအေးတို့ကတော့ ငယ်ငယ်ကအကြောင်းသာ သိတာကိုး။ နယ်ရောက်ပြီးမှ ဖြစ်ပျက်တာတွေ သိရင် ပိုပြီးအံ့ဩမှာပေ့ါ"

"ဆိုစမ်းပါဦးလေ. . ။ သူများကိုယ်ရေးကိုယ်တာ သိချင်လို့တော့ မဟုတ်ပါဘူး။ ခု သူ့ကိုတွေ့ခဲ့ရတဲ့ အခြေအနေအကြောင်း၊ သူ့အကြောင်း သိချင်လို့ပါ"

"ကျွန်မအဖြစ်ကိုတော့ ကိုအေးတို့အသိပါပဲလေ။ အိမ်ထောင်ကျကတည်းက စိတ်ချမ်းသာမှုကို မရခဲ့ပါဘူး။ ကျွန်မဘက်က အိမ်ထောင်ထိန်းသိမ်းရေးမှာပဲဖြစ်ဖြစ်၊ ပြုစုတဲ့နေရာမှာပဲဖြစ်ဖြစ် မချွတ်ယွင်းခဲ့ဘူးလေ။ စိတ်ဆင်းရဲမှုဒဏ်ကိုသာ အလူးအလဲခံခဲ့ရတယ် ဆိုပါတော့။ အဖေတို့နဲ့ နေတုန်းက



တော့ တော်သေးတယ်။ နယ်ရောက်ပြီးနောက်တော့ ဘာပြောကောင်းမလဲ။ အရက်ကလည်း မိုးမလင်း။ မိန်းမပွေလိုက်တာကလည်း အလွန်အကျွံပဲ။ ကလပ်နဲ့ မိန်းမတွေအိမ်မှာပဲ အချိန်ကုန်။ ကျွန်မ်နဲ့ဆိုတာ မနက်ပိုင်း ရုံးမသွားခင် ခဏပဲ တွေ့ရတယ်။

အရက်သောက်တယ်၊ ကလပ်မှာအချိန်ကုန်တယ် ဆိုတာလောက်တော့ ကျွန်မခွင့်လွှတ်နိုင်ပါတယ်။ ဒါကတော့ ဆန်းလည်းမဆန်းပါဘူး။ ခွင့်လွှတ်တယ်ဆိုတာလည်း မတတ်သာလို့ပေ့ါလေ။ အဲဒီထက် ဆိုးတာက မိန်းမပွေတာပဲ။ မိန်းမတွေက ဒီပြင်ကိစ္စ ခွင့်လွှတ်နိုင်ပေမယ့် မိန်းမကိစ္စကိုတော့ ဘယ်အမျိုးသမီးကမှ ခွင့်မလွှတ်နိုင်ပါဘူးလေ။ အပြင်မှာ ပွေတာလည်း ခွင့်မလွှတ်နိုင်ကြဘူး။

သူကတော့ အပြင်တင်ပွေတာ မဟုတ်ပါဘူး။ နောက်ပိုင်းကျတော့ အိမ်ကိုတောင် ခေါ်လာပြီး ကျွန်မရှေ့မှာတင် ပွတ်သဘင်ခင်းကြတယ်လေ။ ကိုအေးပဲ စဉ်းစားကြည့်။ ကျွန်မဘယ်လိုခံစားရမလဲလို့"

"အဲဒီလောက်လွန်လွန်ကျူးကျူးဖြစ်လာတာကို ရီက မတားဘူးလား"

"ပြောသမှ အာပေါက်လောက်အောင် ပြောပါတယ်။ အေးအေးဆေးဆေးလည်း ပြောတယ်။ ဆူဆူပူပူလုပ်ပြီးလည်း ပြောတယ်။ ပြောတုန်းတော့ မထုံတက်သေးပဲ။ ဘာမှလည်း ပြန်မပြောဘူး။ ရယ်ဖြီးဖြီးနဲ့ပဲ လုပ်နေတတ်တယ်။ ပြီးတော့လည်း ပြောသေးတယ်လေ။ ရီမှာ ကိုယ့်ရဲ့တရားဝင်ဇနီးမှန်း လူတိုင်းသိပါတယ်တဲ့။ ပူမနေပါနဲ့။ ကိုယ်က အလုပ်သဘောအရ ဒါတွေမလုပ်ချင်ဘဲနဲ့ လုပ်ရတာပါ။ နောက်ဆင်ခြင်ပါ့မယ်တဲ့။ ပြောတိုင်း အဲဒီလို ပြောတာပဲ။ ဒါပေမဲ့ ဘယ်တော့မှလည်း မဆင်ခြင်ဘူး။

နောက်. . ဦးလေး(ခင်မောင်ဦးအဖေ)ဆုံးပြီး ရတဲ့အမွေတွေကလည်း နည်းလား။ ဒါပေမဲ့ ရီကျိန်ပြောရဲတယ်။ အဲဒီအထဲက ရီ့အတွက် ဘာပစ္စည်းတစ်ခုမှ မသုံးခဲ့ရဘူး။

သုံးချင်လို့ ပြောတာ မဟုတ်ဘူးနော်။ အဖြစ်ကို ပြောတာပါ။ ဘယ်လောက်ရလို့ ဘာတွေမှန်းတောင် မသိဘူး။ သူ့ဟာသူ သုံးဖြုန်းပစ်တာပဲ။

အမှုဖြစ်တော့ နည်းသလား ကုန်လိုက်ရတာ။ အဲဒါကျတော့ ရီ့ပစ္စည်းတွေကို ထုခွဲပြီး အကုန်ခံရတာ။ အာမခံရတော့ ရီက ထင်တာပေ့ါ။ အာမခံအတွင်း အေးအေးဆေးဆေးနေလိမ့်မယ်လို့။ ဘယ်နေလိမ့်မလဲ။ အရင်အချိုးအတိုင်းပဲ။

ကျွန်မကတော့ သူ့အပေါ် စိတ်ကုန်နေတာ ကြာပြီ။ ဒါပေမဲ့ ကလေးတွေမျက်နှာ ထောက်ရတာကလည်း တစ်ကြောင်း၊ ကျွန်မအတွက် ဖေဖေတို့ မေမေတို့ စိတ်ဆင်းရဲမှာကို ကြည့်ရတာလည်း တစ်ကြောင်းကြောင့် သည်းခံနေခဲ့တာပဲ။ အမှုဖြစ်လာပြန်တော့လည်း အောင့်အည်းနေရပြန် ဒရော။ အမှုဖြစ်လာတော့ ရှီ့မှာ ပင်ပန်းလိုက်တာ။ ငွေလည်းကုန်၊ လူလည်း ဟိုလူ့အောက် မျက်နှာကြို့ရ၊ ဒီလူ့အောက် မျက်နှာကြို့ရနဲ့။ သူကတော့ သူကောင်မလေးတွေဆီ အသွားမပျက်၊ အသောက်မပျက်။ ဒီမှာတင် သူ့အပေါ် စိတ်ကုန်ပြီး သံယောဇဉ်ဖြတ်လိုက်တာပဲ။

ရှီကတော့ အေးအေးဆေးဆေးပဲ ပြောပြတယ်။ ရှီရဲ့ ဘဝနဲ့ ရှီရဲ့ ခံစားချက်တွေကို တစ်ခုချင်း ပြန်ဒ့အန်ပြတော့ သူငိုင်နေတယ်လေ။ မျက်ရည်တွေလည်း ပေါက်ပေါက်ကျလို့။ နောက်ဆုံးတော့ သူ့အမှားတွေကို ဝန်ခံပြီး ရှီ့မှာ အပြစ်မရှိတဲ့အကြောင်း၊ ရှီ့ကို ခွင့်လွှတ်တဲ့အကြောင်းတွေ ပြောတယ်။ ဒါပေမဲ့ သူကတော့ ဘဝကို ပြုပြင်ဖို့ မတတ်နိုင်တော့ဘူးတဲ့။ ရှီ့သဘောကျ လုပ်ကိုင်ဖို့နဲ့ ကလေးတွေကို ပညာကောင်းကောင်းပေးနိုင်ဖို့အတွက် ရှီ့ကို မိဘတွေဆီ ပြန်ခွင့်ပြုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ကွာရှင်းပြတ်စဲကြောင်းလည်း လက်မှတ်ထိုးပေးလိုက်တယ်။

ဒီနောက်ပိုင်းမှာတော့ ကိုအေးမြင်တဲ့အတိုင်းပါပဲ။ ရှီက ရှက်လို့မဆုံးတာထက် ကလေးတွေအတွက် ပိုပြီးဝန်လေးမိတယ်လေ။ သူ့ကလေးတွေ စားဖို့ဝတ်ဖို့နဲ့ ပညာသင်ဖို့ ဘာအခက်အခဲမှ မရှိပေမယ့် ဘိုးတော်ကင်းရဲ့ သားတွေ၊ သမီးတွေပေါ့ဆိုတဲ့ သူများလက်ညှိုးထိုးတဲ့အဖြစ် ရောက်မှာကိုပဲ တွေးပူနေရတယ်"

"အခုတော့ သူ့အခြေအနေက ကောင်းနေတာပဲ။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေက ဆည်းကပ်ကိုးကွယ်တဲ့လူတစ်ယောက် ဖြစ်နေပြီပဲဟာ။ ရှီတွေးသလောက်တော့ အခြေအနေဆိုးမယ် မထင်ပါဘူး"

ကျွန်တော်က ထင်မြင်ချက်ဝင်ပေးလိုက်၏။

"ဩော်. . ကိုအေးတို့က သူ့အပေါ် ဒီလောက်အထိ ထင်ထားတုန်းပဲကိုး။ သူလုပ်နေတာတွေက မဟုတ်ဘူးနော်။ သူ့ဗီဇ၊ သူ့အကျင့်ကိုလည်း ကိုအေးတို့ သိသွားပဲဟာ။ တစ်နေ့ သူများတံတွေးခွက်မှာ ပက်လက်မျောလိမ့်မယ်။ သူ အခုလုပ်နေတာတွေကို ရှီမပြောပါရစေနဲ့။ ကိုအေးသွားလေ့လာတဲ့ အခါမှာ တွေ့ရပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ. . ။ သူ့ဂုဏ်၊ သူ့မိဘတွေရဲ့



ဂုဏ်၊ ကျွန်မတို့ဂုဏ်ကို ငဲ့ပြီးတော့ ရပ်ပစ်သင့်ပါပြီ။ ကိုအေးတို့ ပြောလို့ရရင်လည်း ပြောကြည့်ပါ။ ရှီကတော့ သူနဲ့ လုံးဝမဆက်ဆံတော့ဘူး"

"ရှိ. . နေပါဦး။ သူက နောက်အိမ်ထောင်နဲ့လား"

"ဆိုပါတော့. . ။ ကိုအေး သူ့ဆီရောက်သွားရင် ပိုပြီးသိပါလိမ့်မယ်"

ရှီပြောပြမှုကို နားထောင်ပြီးနောက် အားပေးစကားပြောကြားရင်း နှုတ်ဆက်ပြီး ပြန်ခဲ့ရသည်။

သို့သော် ကျွန်တော့်ခေါင်းထဲတွင် အတွေးပေါင်းများစွာ လျက်ရှိ၏။

တွေ့ခဲ့ရသည့် အခြေအနေကလည်း အခြေအနေကောင်း၊ မန္တလေး ဘူတာကြီးတွင်လည်းကောင်း၊ ရန်ကုန်ဘူတာကြီးတွင်လည်းကောင်း သူနားတွင် ဝိုင်းဝိုင်းလည်နေသူများက တော်ရုံတန်ရုံလူတွေမဟုတ်။ သူဌေးတွေ၊ ကုန်သည်ကြီးတွေ၊ အစိုးရအရာရှိကြီးတွေ. . ။ ဤလိုပုဂ္ဂိုလ်တွေကြားတွင် ခေါင်းမော့နေနိုင်သူအတွက် ဇနီးဖြစ်သူက ရှက်နေသည်ဆိုသည်မှာလည်း စဉ်းစားစရာဖြစ်နေသည်။

❖

<အခန်း-၆>

# တိုက်ကြီးပေါ်မှ ဘိုးတော်ကင်း

ရှိထံမှ ပြန်လာပြီးနောက် ဘိုးတော်ကင်းကိုတွေ့ရန် သူပေးထားသည့် လိပ်စာအတိုင်း သွားခဲ့သည်။ တွေ့တော့ တွေ့ရသည်။ လွယ်လွယ်မဟုတ်ပါ။ ဟီးထနေသော နှစ်ထပ်တိုက်ကြီးမှာ ဘိုးတော်ကင်း၏ ဗိမာန်နန်းဖြစ်၏။ ဘိုးတော်၏ ဗိမာန်နန်းကို အုတ်တံတိုင်းနှင့် သံဆူးကြိုးများက ဗိမာန်နန်းကို စောင့်ရှောက်နေကြသည့် ယက္ခဂုမ္ဘာန်များအလား မြင့်မြင့်မားမားရှိလှသည်။

ဂိတ်ဝတံခါးပေါက်တွင် အစောင့်တဲရှိ၏။

သံတံခါးအပြင်ဘက်မှနေ၍ အစောင့်တဲတွင် ထိုင်နေသည့်ပုဂ္ဂိုလ်အား ပထမ ခွင့်တောင်းရသည်။

"ဒီမှာ နောင်ကြီး . .။ ဦးခင်မောင်ဦးနဲ့ တွေ့ချင်လို့ပါ"

အဆိုပါပုဂ္ဂိုလ်က ဘာမျှပြန်မပြောဘဲ ခပ်တည်တည်နှင့် ကြည့်နေသည်။

သူ့မျက်နှာထားကိုမြင်တော့ ကျွန်တော်ချက်ချင်းသတိရသွားသည်။

"မှားသွားလို့ပါခင်ဗျာ။ ဘိုးတော်နဲ့ တွေ့ချင်လို့ လာတာပါ"



ဟု စကားပြောလိုက်ရသည်။ တစ်ဆက်တည်း ကျွန်တော့်အိတ်ကပ်ထဲတွင်ပါလာသည့် ဘိုးတော်ကင်း၏ မိတ်ဆက်ကတ်ပြားကလေးကို ထုတ်ပြလိုက်ရ၏။

"အရင်က လာဖူးသလား"

. . တဲ့။

"မလာဖူးပါဘူးခင်ဗျာ။ အခု ဘိုးတော်ခေါ်ထားလို့ပါ"

"ဒါဖြင့် ခဏစောင့်နေပါ။ ကျွန်တော်သွားပြောလိုက်ပါဦးမယ်"

ဟု ပြောပြောဆိုဆို တိုက်ကြီးဆီသို့ ထွက်သွားပါသည်။

ကျွန်တော့်မှာတော့ ဝင်းတံခါးအပြင်ဘက်တွင် မတ်တတ်ရပ်လျက်။ 'အမယ်လေးဟဲ့. .။ ဘိုးတော်ကင်းကို တွေ့ဖို့က မလွယ်ပါလား' ဟု စိတ်ထဲတွင် မှတ်ချက်ချလိုက်မိသည်။ တစ်ခုတော့ ရှိသည်။ ကျွန်တော်က ကားကြီးစီးလျက် လာသူမဟုတ်။ ထီးကလေး လက်ချိတ်ပြီး ခြေကျင်သွားရသူဖြစ်၏။ ဒီတော့ တံခါးစောင့်က အထင်သေးပေလိမ့်မည်။ ရှေးတုန်းကဆိုလျှင် တောင်းမှာအကွပ်၊ လူမှာအဝတ်ဟူသော စကားပုံ ရှိခဲ့သည်။ ယနေ့ခေတ်အရ ထိုစကားကို ပြင်ရမည်။ တောင်းမှာအကွပ်၊ လူမှာကား. . ဟူ၍။

ဘိုးတော်ကင်းဆီ လာသူများမှာ နောက်ဆုံးပေါ် ကားလှလှကလေးများပေါ်တွင် ငြိမ့်ငြိမ့်ကလေးထိုင်လာသူများက များပေရာ ထိုပုဂ္ဂိုလ်များကို မြင်ဖူးဖန်များပေသည့် အစောင့်အဖို့ ကျွန်တော်လိုလူကို မြင်သဖြင့် အံ့သြသွားသည်မှာ တကယ်တော့ အဆန်းဟု မဆိုသာပေ။

အထင်သေးစရာ၊ အံ့သြစရာ အကြောင်းလည်း ရှိပါသည်။

ဘယ်နေရာမှာ ဘယ်ပုဂ္ဂိုလ်တွေ ပေါ်နေပြီဟု သတင်းကြားလျှင် ပထမဆုံးရောက်သွားတတ်သူများမှာ ကားစီးနိုင်သည့်အလွှာကလူတွေ ဖြစ်ပေသည်။ လက်လုပ်လက်စား စားရေးစာချီအလွှာက လူများမှာ ဘိုးတော်အရေးထက် ဝမ်းရေးအတွက် ခက်နေကြသူများ ဖြစ်ကြသည့်အလျောက် ထမင်းအတွက် ပူနေရသည်။ ဆန်အိုးထဲ ဆန်အချိန်မီရောက်ရေးအတွက် ပူနေရသည်။ ရုံးသွား၊ ရုံးပြန် ကားခကလေးကိုပင် မကောင်းမှန်းသိပါလျက် မပေးရနည်းသလားဟူသော စိတ်ကလေးဖြင့် ကားခိုးစီးနေကြသည့် ဤအလွှာမှ လူများက မည်သို့လျှင် ဘိုးတော်တွေဆီ ရောက်နိုင်ပါမည်နည်း။

ရောက်သည် ထားပါဦး။ ကိုယ့်ကိုယ်ကိုယ်ပင် အပိုကုန်မှာကြောက်၍ ဖီးကြမ်းငှက်ပျောသီး မည်သို့ဆက်သနိုင်ပါမည်နည်း။

ထမင်းအတွက် မပူရသည်က ကားစီးနိုင်သည့် လူတန်းစား။ သူတို့က ထမင်းအတွက် မဟုတ်ပါ။ ငါးသောင်းတန်ကား စီးနေရာမှ သိန်းကျော်တန်ကား စီးရရေးအတွက် ပူနေကြသည်။ တံခါးနှစ်ပေါက်ကနေ လေးပေါက်၊ မီးနှစ်လုံးကနေ လေးလုံး၊ ဒါတွေပဲ သူတို့ခေါင်းထဲမှ ၊ အမြဲရှိနေသည်။ ဒီလိုစီးနိုင်ဖို့အတွက် ဝိသမလောဘဖြင့် စီးပွားရှာဖွေရာတွင် အောင်မြင်အောင်၊ အနှောင့်အယှက်ဘေးမှ ကင်းဝေးအောင် လုပ်ပေးနိုင်သူများမှာ ယနေ့ ခေတ်သစ်အခေါ် ဘိုးတော်များဖြစ်သည်မို့ ဘိုးတော်ဆိုလျှင် နောက်က တန်းတန်းစွဲလိုက်နေကြပေသည်။

ထို့ကြောင့် ဘယ်ဘိုးတော်က ဘယ်လိုစွမ်းသည်ဆိုသည့် သတင်းမှာ ပန်းထိမ်း ကာယအလုပ်သမားကြီးများ၊ အရက်တက်အချိန်မှစ၍ တစာစာအော်နေရသည့် ပဲပြုတ်သည်များထံမှ ထွက်မလာပေ။

ကားအမျိုးမျိုးကို ထည်လဲနှင့်စီးနေကြသည့် လူ့အလွှာများထံမှသာ ထွက်လာတတ်သည်။ ဘိုးတော်အမည်ခံများကလည်း ဝါးကြမ်းခင်းသည့် တဲပုတ်ဆီသို့ မကြွလာတတ်ပေ။ တိုက်ကောင်းကောင်း ကြီးကြီးဆိုလျှင် ပို၍ကြွလာတတ်၊ ကားကောင်းကောင်းနှင့်ပင့်မှ ကြွလာတတ်၏။

ဘိုးတော်များ ပင့်လာသည့် ဘုရားအဆူဆူသည် တဲပုတ်နှင့် ပျဉ်ထောင်အိမ်များတွင် စခန်းမဖွင့်ကြ။ တိုက်ကြီးများပေါ်တွင်သာ စခန်းဖွင့်တတ်ကြ၏။

ဆိုပါမည်. . ။ ပဲပြုတ်သည်ဒေါ်ပု၏တဲတွင် ဘိုးတော်ပင့်လာသည့် ရုပ်ပွားတော် ကိန်းဝပ်သည်ဟု မကြားဖူးပါ။ ကြားဖူးဖို့လည်း မလွယ်ပါ။ ဘယ်အရာရှိကြီး၊ ဘယ်သူဌေးကြီးအိမ်တွင် မနက်မိုးလင်းမှတွေ့သည့် အလိုလိုပင့်လာသော ရုပ်ပွားတော်များ ရောက်နေတတ်ကြသည်။

စာရေးစာချီ လက်လုပ်လက်စားများက ထိုလူတန်းစားများကို အမှီပြုပြီးမှ နွယ်ပြီး ဘိုးတော်တွေဆီ ရောက်လာကြသည်။ ကြီးမားသော ရာထူးနှင့် ဝင်ငွေကောင်းသော စီးပွားရေးအလုပ်အကိုင်များကို မဖော်ပြနိုင်လျှင် ဘိုးတော်အမည်ခံများကလည်း ဂရုမစိုက်ကြ။ တစ်ခါတွေ့ပြီး နောက်တစ်ခါ မလာစေချင်ကြ။ မတတ်သာ၍ တွေ့ရသည့်ဟန်ပန်မျိုး အမူအရာပြတတ်ကြပေသည်။

ဘိုးတော်ကြီးနှင့်တွေ့ဖို့ ရပ်စောင့်နေရစဉ် ဒရဝမ်ကြီး တံခါးရှိရာသို့ ပြန်လျှောက်လာသည်။ တံခါးနားရောက်သည့်အခါ ကြီးမားသော သော့ခလောက်ကြီးကို ဂျောက်ခနဲဖွင့်လိုက်ပြီး ကျွန်တော့်ကို အထဲဝင်နိုင်ကြောင်း



လက်ဖြင့် တစ်ချက်ပြလိုက်သည်။ ပါးစပ်ကပင် မပြောတော့။

ကားကြီးစီးလာသူဆိုလျှင် ခြေစုံရပ်၍ ခေါင်းကလေးညိတ်ပြီး နှုတ်ဆက်လိုက်ပေမည်။ ခြေလျင်လာသူကိုတော့ လက်ဖြင့် အချက်ပြရုံသာ။

မတတ်နိုင်ပါ. . ။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေနိုင်လျက်နှင့် မင်းက ဘိုးတော်ကို တွေ့ချင်တာကိုးဟု ကိုယ့်ကိုယ့်ကိုယ် ဆုံးမလိုက်ရသည်။

ဘိုးတော်ရှိရာသို့ ဝင်ခဲ့ပါပြီ။

ဗုဒ္ဓံသရဏံပင်များ အစီအရီစိုက်ထားသည့် အင်္ဂတေလမ်းကလေးအတိုင်း လျှောက်သွားသောအခါ ဆင်ဝင်ရှေ့မှ လှပသော ရောင်မျိုးစုံယှက်သန်းနေသည့် ပန်းပွင့်မျိုးစုံ ဖူးပွင့်နေသည့် ပန်းခြံကလေးကို လှည့်ပတ်ကွေ့ဝင်လိုက်သောအခါ ဆင်ဝင်ကြီးအောက်သို့ ရောက်သွားသည်။

ဖယ်မလီယာအပြာကလေးတစ်စီးနှင့် နီနီရဲရဲ ဘောက်စ်ဝက်ဂွန်းကလေးတစ်စီးက ဆင်ဝင်အောက်တွင် နေရာယူထားသည်။ စိမ်းပြာပြာဆေးများ သုတ်ခြယ်ထားသည့် ဆင်ဝင်တိုက်ကြီးနှစ်လုံးကြားတွင် ရပ်ထားသည့်အနီအပြာ ကားတလေးနှစ်စီးမှာ ပို၍လှနေသယောင် ထင်ရသည်။

ချမ်းသာသူများ၏ အိမ်ဂေဟာများတွင် ဘယ်နေရာကြည့်လိုက်ကြည့်လိုက် လှပနေသည်သာ။

ချမ်းသာသူများ အရုပ်ဆိုးလျှင် ကြည့်ပျော်ရှုပျော် ရှိသေးသည်။ ဆင်းရဲသူများ အရုပ်ဆိုးလျှင် ကြည့်ရက်စရာမရှိတော့။ သူတို့ဟာ ဘုရားပန်းကိုပင် လိုက်ဖက်သည့်အရောင် ရွေးချယ်၍ တန်ဆာဆင်တတ်သည်။

ကျွန်တော်တို့က မြေကြီးပေါ်ပေါက်သည့် အပင်မှန်သမျှ ညောင်ရေအိုး ထိုးထားကြသည်။ သူတို့က ဤမျှအထိ အလှအပကို မြတ်နိုးကြသည်။ ရှာဖွေကြသည်။ ယုယကြသည်သာ။

ငွေရောင်သုတ်ထားသည့် ဘာဂျာတံခါးမကြီးနား ရပ်လိုက်မိသည်နှင့် အမျိုးသမီးငယ်တစ်ယောက် တံခါးဖွင့်ပေးရန် အသင့်စောင့်နေသည်။ အိမ်ဖော်အမျိုးသမီးဖြစ်ဟန်ရှိသော်လည်း ဝတ်စားထားသည်က သပ်သပ်ရပ်ရပ်။ ကျွန်တော့်ကို အပေါ်ကြွပါဟု လမ်းညွှန်ပြသဖြင့် လှေကားရှိရာသို့ ခြေလှမ်းလိုက်စဉ် "ဩော်. . ဦးလေးရေ။ ခဏ" ဟု လှမ်းခေါ်လိုက်သည်ကြောင့် နောက်ပြန်လှည့်လိုက်ရပြန်သည်။

ကျွန်တော့်လက်တွင် ချိတ်လျက်ပါသွားသော ထီးကို ထီးထားရန်

လုပ်ထားသည့်ခွက်ထဲတွင် ထားခဲ့ရန် ပြောပါသည်။

ပထမတော့ ကြောင်သွားသည်။ နောက်တော့ ဘိုးတော်၏ စနစ်ကျမှု လေးတစ်ခုဟု စိတ်ထဲတွင် တွေးလိုက်ပြီး သူငယ်မညွှန်ပြသည့်နေရာသို့ သွားထားလိုက်၏။ စိုးရိမ်စိတ်ကတော့ ရင်ထဲတွင် ခုန်လျက်.. ထီးကလေးများ ပျောက်သွားခဲ့လျှင်ဟူသော စိုးရိမ်စိတ်က ဖျတ်ခနဲပေါ်လာသည်။ နိုင်ငံခြားသဘော်လိုက်နေသည့် မိတ်ဆွေတစ်ဦးထံမှ လက်ဆောင်ရထားသဖြင့်သာ ကိုင်နိုင်သည့် ခေါက်ထီးကလေးကို အရိပ်တကြည့်ကြည့်နှင့် ဘယ်နေရာသွားသွား လက်က မချဖြစ်အောင် ထိန်းသိမ်းနေရ၏။ အခု အောက်ခွက်ထဲတွင် ထားခဲ့ရမည်ဆိုသောအခါ စိတ်မချတချ စိုးရိမ်စိတ်ဖြစ်မိ၏။

အိမ်ရှင်စည်းကမ်းကို ညွှသည်က လိုက်နာရမည်သာ။

ထီးကလေးကို မထားချင်ထားချင် ခွက်ထဲထားခဲ့ပြီး ပြောင်လက်တောက်ပနေသော ပွတ်လုံးလက်ရန်းကြီးကို ကိုင်လျက် ကော်ဇောနီခင်းထားသည့် လှေကားပေါ်သို့ တစ်လှမ်းချင်းတက်ခဲ့ရာ လှေကားထိပ်ရောက်သည်နှင့် တွေ့လိုက်ရသည့် မြင်ကွင်းက ဤသို့..။

ကြီးပွားနေသည့် ဘိုးတော်ကင်း။ သို့မဟုတ် ကျွန်တော့်သူငယ်ချင်း ဖျစ်တုး ဆိုးပေ။

ပေနှစ်ဆယ်ပတ်လည်ခန့်ရှိ ခန်းမကြီးတွင် ကော်ဇောအပြည့်ခင်းထား၏။ ပြောင်လက်နေသော စိမ်းဖန့်ဖန့် ပလတ်စတစ်ဆေးသုတ်ထားသည့် အုတ်နံရံနှင့် ကပ်လျက်တွင် ကြီးမားသော ဘုရားစင်ကြီး။ ဘုရားစင်ကြီးက သပ်သပ်ရပ်ရပ်။ လှပသည်၊ ကြီးလည်း ကြီးပါသည်။ ကြည်ညိုသပ္ပာယ်စရာလည်း အလွန်ကောင်းပါသည်။

ဘုရားကို အမှီပြုနေရ၍ ဘုရားစင်က ဤမျှကြီးနေသလား မသိ။

ဘုရားစင်ကြီး၏ လေးဖက်လေးတန်မှ ကြည်လင်သောမှန်များ ကာထား၍ မှန်ဘောင်ကြီးအတွင်းဘက်တွင် ရွှေရောင်တလက်လက်ဝင်းနေသည့် မတ်တတ်ကိုယ်တော်ကြီးက တစ်ဆူ၊ တင်ပျဉ်ခွေ သပိတ်ပိုက်ထားသည့် ရုပ်ပွားတော် မတ်ရပ်ကိုယ်တော်ကြီး၏ လက်ျာဘက်တွင်ရှိ၍ တောင်ဝှေးကိုင်ထားသည့် မတ်ရပ်ရုပ်ပွားတော်တစ်ဆူက ကိုယ်တော်ကြီး၏ လက်ဝဲဘက်တွင် ရှိသည်။

ရုပ်ပွားတော်သုံးဆူ၏ ပတ်ပတ်လည်တွင် စံပယ်၊ နှင်းဆီ၊ ဒေါနဲ၊ သစ်ခွ၊ ဒေလီယာပန်းတွေက ရစ်ခွေသိုင်းမြဲထားသည်။ ဘုရားပန်းတွေနှင့် ရုပ်



ပွားတော်များမှာ ကြည်ညိုသပ္ပာယ်စရာ ကောင်းလှ၏။

ဘုရားစင်ပတ်လည်တွင် နေရာလပ်မရှိအောင် ထွန်းထားသည့် ရောင်စုံမီးလုံးကလေးများ၏ အလှမှာ ရှုမငြီးနိုင်ဖွယ်ရှိဘိသို့။

အကောင်းစားပန်းဆွဲတံဆိပ် အမွှေးပေါ့င်များမှ တငွေ့ငွေ့ထွက်နေသည့် မွှေးရနံ့များမှာ ရေမွှေးများပက်ဖျန်းထားသည့်အလား မွှေးရနံ့တွေ သင်းထုံနေ၏။

ဘုရားစင်ရှေ့၊ ဘုရားစင်ထက် နှစ်ပေလောက်အနိမ့်ဘက်တွင် ပွတ်လုံးခံ မဟော်ဂနီရောင် စားပွဲရှည်ကြီးတစ်လုံး ချထား၏။ အလယ်တည့်တည့်တွင် အလျားလိုက်ခင်းထားသည့် ရွှေဝါရောင်ကတ္တီပါစမှာ ထင်းထင်းပပရှိနေသည်။ ကတ္တီပါစပေါ်တွင် ယွန်းကလပ်ဖြင့် ပြင်ထားသည့် အုန်းပွဲ၊ ငှက်ပျောပွဲများ၌ ဖီးကြမ်းငှက်ပျောသီးများကို မမြင်ရ။ အနီ၊ အဝါ ရောယှက်ထားသည့် ဝင်းဝင်းပပ ရွှေပျောသီးများက မြင်ရသူ၏ဝိုက်ကို ပွတ်ချင်စရာ ရှိဘိ၏။

ပွဲရှေ့တွင် ပန်းကလပ်များဖြင့် သစ်သီးမျိုးစုံ ထည့်ထားသည်။

မဟော်ဂနီရောင်စားပွဲ၏ လက်ျာဘက်ထောင့်စွန်းတွင် ကျွန်းမြစ်ဆုံ အသားစားပွဲငယ်တစ်ခု။ စားပွဲကို သုတ်ထားသည့် ပေါလစ်အရောင်က အမြစ်ဆုံပုံအလှများကို အကွက်လိုက်၊ အတန်းလိုက် ပေါ်လွင်စေအောင် စွမ်းဆောင်ထား၏။

ထိုစားပွဲပေါ်တွင် အုန်းငှက်ပျောပွဲတစ်ပွဲနှင့် ရွှေပိန်းချ ပန်းအုပ်ဆောင်း သူရဿတီမယ်တော်ရုပ်တုတစ်ခု ရှိ၏။ ပန်းကလပ်ပေါ်က ဝဝတစ်တစ် လိမ္မော်သီးများမှာ အသစ်လဲပြီးခါစဖြစ်မည် ထင်၏။ လတ်လတ်ဆတ်ဆတ်၊ မှည့်မှည့်ဝင်းဝင်း။

ပွဲထိုးစားပွဲကြီး၏ ဝဲဘက်ထောင့်တွင် ပုပုငယ်ငယ် စားပွဲဝိုင်းတစ်လုံး။ စားပွဲဝိုင်းပေါ်တွင် ပလတ်စတစ်ဖြူရောင်နှင့် သုတ်ထားသည့် ပုခက်ကလေးပေါ်တွင် အရုပ်လှလှကလေးတစ်ရုပ်ရှိ၏။ စံပယ်ဖူးပန်းကုံးများ လွှမ်းခြုံထားသည့် ပုခက်ထဲရှိ အရုပ်ငယ်မှာ လှတော့လှ၏။ ဘာအရုပ်မှန်း မသိ။ ပုခက်ကလေးရှေ့တွင် ရွှေအစ်ကလေးပေါ် ကလေးစားသည့် မုန့်မျိုးစုံကို အစီအရီတင်ထားသည်။

မနဲ့လေးတော့ ဟုတ်ဟန်မတူ။ မတူဆိုရသည်မှာ ဘဲဥတင်ထားသည်ကို မမြင်ရသောကြောင့် ဖြစ်၏။

ပွဲပြင်ထားသည့် စားပွဲရှေ့တွင်ကား မာရဝိဇိုကုလားသူဌေးများထိုင်သည့်

မွေ့ရာနှင့် နောက်မှီကြီးတစ်ခုရှိ၏။ နောက်မှီကြီးကို ပြောင်လက်နေသော ကြေးပိုက်များဖြင့် ခေါက်ထောက်ပေးထား၏။ ထိုင်သောမွေ့ရာနှင့် နောက်မှီပေါ်တွင် ပန်းပွင့်အချပ်ကြီးများ အပွင့်ဖော်ထားသည့် နူးနူးညံ့ညံ့ ကီမိုနိုအဝတ်စများ ဖြစ်သည်။

မွေ့ရာကြီးပေါ်တွင် ပိတ်ဖြူစင်ကြယ်ဝတ် ဘိုးတော်ကင်းက အခန့်သား ထိုင်နေသည်။ သူ့ရှေ့တွင် ဖြူဖြူခန့်ခန့် ဝဝလုလု အဒေါ်ကြီးတစ်ယောက်နှင့် အလှရုံသမှုကို နှပ်လုံးကြွအောင် ဖော်ထုတ်ထားသည့် နုနုနယ်နယ် ချစ်စရာကောင်း မှုန်ရှိုင်ရှိုင်ရှင်တလေးက နှစ်ယောက်။ သုံးယောက်စလုံး ဘိုးတော်ကင်းရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင်နေကြသည်။

ကျွန်တော်တက်လာသည်ကို လှမ်းမြင်လိုက်သည့် ခင်မောင်ဦးက ဒူးခေါင်းထောင့်ခါးကုန်းကုန်းတွင် ထိုင်ခိုင်းပြီး စီးကရက်ဘူးပါ လှမ်းပေးလိုက်သည်။ ထိုင်နေရင်းမှ အခန်းအတွင်း အပြင်အဆင်များကို အကဲခတ်လိုက်ခြင်းဖြစ်၏။

ဘုရားစင်မြင့်ထားသည့်စားပွဲ၊ သူထိုင်နေသည့်နေရာ၊ ဧည့်သည်ထိုင်သည့်နေရာကအစ နံရံများအထိ ဘယ်နေရာကြည့်လိုက်ကြည့်လိုက် ခမ်းခမ်းနားနား တောက်တောက်ပြောင်ပြောင် တွေ့ရသည်။

ကျွန်တော့်က သူ့နေရာကို ဤအထိ မထင်ခဲ့။ ရောက်လာ၍ မြင်ရသည့်အခါ ပို၍အထင်ကြီးစရာ ဖြစ်နေသည်။

ခင်မောင်ဦးထိုင်ခိုင်းသည့်နေရာတွင် အေးအေးသက်သာ ထိုင်နေရသော်လည်း အနေကျုံ့လှ၏။ မသက်မသာ ရှိလှ၏။ ခါတိုင်းလို ဒူးပေါ်၊ ပေါင်ပေါ် တင်ပျဉ်ခွေထိုင်၍လည်း မဖြစ်။ ကျွန်တော်လည်း ရောက်နှင့်နေသော အဒေါ်ကြီးများလို ကျုံ့ကျုံ့ယုံ့ယုံ့ကလေးပင် ထိုင်ရ၏။

ရောမရောက်လျှင် ရောမလိုကျင့်ရမည်ဆိုသည့် ကျင့်ထုံးအတိုင်းပင်။

သူက ငယ်သူငယ်ချင်းဖြစ်သော်လည်း ယခုအချိန်တွင် ထင်ရှားကျော်ကြားလှသည့် ဘိုးတော်တစ်ပါး။ ကျွန်တော်က အညတြအလုပ်သမား။ သည်တော့ သူ့ရှေ့ရောက်ခိုက် သူ့ကို လေးစားရပေမည်။ အများရှေ့တွင် ပို၍ လေးစားပြရပေမည်။ သူ့ဆီရောက်လာသည့် ထိတ်ထိတ်ကြဲများက အီးအီးမကုန်းပေးရုံတစ်မယ် ဖြစ်နေလျှင် ကျွန်တော့်ကဲ့သို့ အညတြက အီးအီးကုန်းပေးသင့် ကုန်းပေးရပေမည်သာ။

ကျွန်တော်ဝင်လာရာ သူတို့ပြောနေသည့်စကားများ ရပ်သွားသည်။ ခင်မောင်ဦးက ကိစ္စမရှိပါဘူး၊ ဆက်ပြောပါဆိုသဖြင့် သူတို့ ပြောလက်စများကို



ဆက်ပြောကြသည်။

"ဝိဇ္ဇာကြီးတွေကိုယ်တိုင် စီးပြောတယ်ဆိုတော့ ကျွန်မတို့ကိစ္စတော့ လုံးဝအောင်မြင်မှာပေါ့နော်"

"ဟာ. . သေချာတာပေါ့ ဒေါ်မမလေးရ။ တော်ရုံတန်ရုံကိစ္စတွေအတွက်၊ တော်ရုံတန်ရုံလူတွေအတွက် ဝိဇ္ဇာတွေကိုယ်တိုင် စီးပြောတာမှ မဟုတ်ဘဲ။ ခုဟာက ကျုပ်တပည့်ရင်းတွေကိစ္စဆိုတော့ ဝိဇ္ဇာတွေလည်း မနေနိုင်တော့ဘူး။ ကြွလာကြရတာပဲ။ ကျုပ်လည်း ဝိဇ္ဇာတွေ ကိုယ်တိုင်ကြွဖို့ မနေ့ညက တစ်ညလုံး မအိပ်ရဘူး။ ပင့်လိုက်ရတာ။ ဒေါ်မမလေးတို့ကိစ္စမို့ အဲဒီလောက် အပင်ပန်းခံတာပေါ့"

ခင်မောင်ဦးက ဤသို့ပြောလိုက်သည်ဆိုလျှင် အဒေါ်ကြီးမျာမှာ မှီရသည့်မျက်နှာလို ပြုံးဖြီဖြီကြီး ဖြစ်သွားသည်။ သူ၏မျက်နှာဝိုင်းကြီးပေါ်ရှိ ပါးကြီးမှာ ဖောင်းဖောင်းကြီး။

"သိပါတယ် ဘိုးတော်ရယ်။ အားလည်း ကိုးပါတယ်။ ကျွန်မတို့မှာလည်း ဝိဇ္ဇာကြီးများနဲ့ ဘိုးတော်ကင်းကြောင့်သာ ဣန္ဒြေ မပျက်တာပါ။ နို့မို့ရင် ကျွမ်းပစ်ကုန်ကြပြီပေါ့"

"ဒါပေါ့ ဒေါ်မမလေးရဲ့။ သူ့မေတ္တာရှိမှ ကိုယ့်မေတ္တာရှိတယ်ဆိုတာ။ ကိုယ်က ဘိုးတော်ကို ယုံယုံကြည်ကြည် ကိုးကွယ်မှ ဘိုးတော်တွေကလည်း သေသေချာချာ ပြန်ကြည့်တာ"

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်. . ။ ကျွန်မတို့ကတော့ ဘိုးတော်သိတဲ့ အတိုင်းပါပဲ။ ဘိုးတော်အမိန့်ရှိသမျှ တစ်သဝေမတိမ်းပါဘဲ။ အမိန့်သာရှိပါ"

ဒေါ်မမလေးဆိုသူက ဤသို့ပြောနေစဉ် ဘိုးတော်ကင်းက ပြုံးခနဲ ခေါင်းငဲ့လိုက်ပြီး မျက်စိမှိတ်လျက် တစ်စုံတစ်ခုကို စူးစိုက်နားထောင်ဟန် ပြုလိုက်သည်။ ခေါင်းကလည်း ဆတ်ခနဲဆတ်ခနဲ ညိတ်လျက်။ ကဲ. . ပြောပြီ။

"လုပ်သာလုပ်။ မဖြစ်ရင် သူ့ကိုရည်စူးပြီး ပေးထားတဲ့ ပွဲတွေကို ခြေထောက်နဲ့သာ ကန်ချလိုက်လို့ အမိန့်ပေးနေတယ်"

ဟု ခပ်တည်တည်ပင် ပြောနေသည်။ အဒေါ်ကြီးကတော့ လက်အုပ်ကလေးချီလျက်. .

"သမီးတော်ကြီး ယုံကြည်ပါတယ် ဘိုးတော်ကြီး။ သမီးတော်ယုံကြည်ပါတယ်"

ဟု ပါးစပ်က တဖွဖွရေရွတ်နေသည်။

ကျွန်တော်ကတော့ ကြည့်ကောင်းကောင်းနှင့်သာ ကြည့်နေရသည်။ သူတို့ ဘာတွေလုပ်နေမှန်း မသိပေ။ ကြည့်လို့အကောင်းသား။ စိတ်ဝင်စားစရာလည်း အကောင်းသား။

သည်နေ့တော့ အဒေါ်ကြီးက သူ၏ဘိုးတော်ကို လက်အုပ်တလေးချီလျက် . .

"ဝိဇ္ဇာပုဂ္ဂိုလ်ကြီးတွေ ကြွနေတုန်း သမီးတော်ကလေးများကို ဓာတ်ကူးပေးဖို့ သမီးတော်ကြီး နိုးသေစွာ အသနားခံပါတယ်"

ဟု ပြောလိုက်ရာ ဘိုးတော်ကင်းမျက်နှာတွင် ပီတိတွေလွှမ်းသွားပါသည်။

"ဒေါ်မမလေးရဲ့ သမီးတွေကကော စိတ်ဝင်စားမှုရှိရဲ့လား။ ဆေးတင်ပြီးတော့လည်း အလုပ်သိပ်မလုပ်ကြဘူး။ ပေါ့နေကြတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘိုးတော်။ လုပ်တော့လုပ်ပါတယ်။ ကျောင်းစာတွေက တစ်ဖက်ဆိုတော့ စိတ်ရှိသလောက် မလုပ်နိုင်သေးပါဘူး။ သည်းခံခွင့်လွှတ်တော်မူပါ"

ဘိုးတော်အမေးကို အဒေါ်ကြီးက ဝင်ဖြေလိုက်ချိန်တွင် ချောကညာနှမကလေးတွေက လက်အုပ်ကလေးတွေချီလျက် ဘိုးတော်အမိန့်ကို နာခံနေပါသည်။

"အင်းလေ. . ကိုယ့်တပည့်ရင်းတွေဆိုတော့ အမှားအယွင်းတွေကို ခွင့်လွှတ်ရမှာပေါ့။ ဒါပေမဲ့ ချမှတ်ပေးတဲ့ လုပ်ငန်းစဉ်တွေကိုတော့ မပေါ့နဲ့နော်။ စာမေးပွဲအတွက် မပူနဲ့။ ဘိုးတော်ရှိတယ်"

"ဟုတ်ကဲ့။ သမီးတော်တို့ ကြိုးစားပါ့မယ် ဘိုးတော်ကြီး"

လွင်လွင်စာစာရှိသော အသံကလေးဖြင့် နှစ်ယောက်စလုံးက ပြိုင်တူဖြေလိုက်သည်။

ဝိဇ္ဇာပုဂ္ဂိုလ်ဆိုသည်မှာ ထူးမြတ်ထသော ပုဂ္ဂိုလ်ကြီးများဖြစ်၏။ အကျင့်သီလပြည့်စုံသော ပုဂ္ဂိုလ်ကြီးများဖြစ်၏။ ကာမအမှောင်ကို ခွင်း၍ အလင်းဆောင်သွားသော ပုဂ္ဂိုလ်ကြီးများဖြစ်၏။ လောကအညစ်အကြေးများကို ပစ်ခွာ၍ သူတော်စင်၊ သူတော်မြတ်တို့ ကျင့်စဉ်ကို ဦးထိပ်ထားလျက် သီလ သမထ၊ သမာဓိစခန်းဖြင့် ပညာလမ်းသို့ တက်လှမ်းနေသည့် ပုဂ္ဂိုလ်များဖြစ်၏။ ဤ ပုဂ္ဂိုလ်ကြီးများကား လောကီကိစ္စမှန်သမျှကို မျက်ကွယ်ပြုသွားကြပြီဖြစ်ရာ လောကီကိစ္စဘက်သို့ တစ်ဖန်ပြန်၍လည်လာစရာ အကြောင်းမရှိတော့ပေ။



သတ္တဝါတွေကို နည်းပေးလမ်းပြရန်၊ တစ်နည်း ချွတ်ရန်လည်း မလိုပေ။ ဤလမ်း၊ ဤစခန်း၊ ဤကျင့်စဉ်ကို ကျင့်လိုလျှင် ကိုယ်တိုင်ကျင့်ရပေမည်။ ကျင့်ရန်လမ်းညွှန်ချက်များလည်း ရှိပေသည်။

မ,စသည်ဆိုသည်မှာ ဝိဇ္ဇာအလုပ် မဟုတ်။ မ,စ၍လည်း မရ။

ယနေ့ ဆရာကြီးအမည်ခံ၊ ဘိုးတော် အမည်ခံများသည် ပါးစပ်က ပြောသည့်အခါ ဘိုးတော်တွေကို ပင့်သည်၊ ဝိဇ္ဇာတွေကို ပင့်သည်ဟု ပြော၍ လက်တွေ့တွင် ဘိုးတော်တွေ၊ ဝိဇ္ဇာတွေကို အမိန့်ပေး စေခိုင်းနေကြသည်။ ကြွဆို မကြွဘူးလားဟု ဆို၍လည်း ဟိန်းဟောက်ကြသည်။

သူတို့ခိုင်းနေသည့် လုပ်ငန်းများကို ကြည့်ပါဦး။

မတရားသောနည်းဖြင့် စီးပွားရှာဖို့၊ မတရားသောနည်းဖြင့် ရာထူးတိုးဖို့၊ မတရားသောနည်းဖြင့် တစ်ပါးသူကို ချောက်ချဖို့။ အလွန်အရုပ်ဆိုးသည့် လင်ငယ်၊ မယားငယ်ကိစ္စ စသည်များကိုလည်း လုပ်ပေးနေကြရသည်။

သူတို့ပင့်တိုင်းသာ ဘိုးတော်တွေ၊ ဝိဇ္ဇာတွေ ကြွလာရမည်ဆိုလျှင် ဘိုးတော်တွေ၊ ဝိဇ္ဇာတွေ တောင်ဝှေးမနိုင်၊ ပဝါမနိုင် ဖြစ်ကုန်ကြပေတော့မည်။ သူတို့ခိုင်းသမျှ လုပ်ပေးနေရလျှင် ဘိုးတော်တွေ ဘာဖြစ်ကုန်မည်နည်း။ စဉ်းစားစရာ ပြဿနာပင်။

လူဟူသည်မှာ အတ္တသမား။ မိမိကိုယ်ကို အချစ်ဆုံး၊ မိမိကိုယ်ကို ချမ်းသာလာဖို့ အလိုလားဆုံးဖြစ်ရာ ကိုယ့်ကို ချမ်းသာလာအောင် မလုပ်ဘဲ သူများအတွက် စေတနာဖြင့် လုပ်ပေးပါမည်ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော။

ဤသည်တို့ကို မျက်စိပိတ်၍ ယုံကြည်နေကြမည်ဆိုလျှင် လုပ်သူအပြစ်မဟုတ်။ ခံသူအပြစ်သာ ဖြစ်လိမ့်မည်တည်း။

ယခုလည်း ဝိဇ္ဇာတွေကြွနေတုန်း ဓာတ်ကူးပေးပါဦးတဲ့။ ဤမျှ မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးများကို ခိုင်းလိုက်ပုံများ ဘယ်လောက်အသည်းနာစရာကောင်းပါဘိ။ ဝိဇ္ဇာကြီးတွေ အလကားဖြစ်ကုန်တော့၏။

ဓာတ်ကူးပုံကလေးကိုလည်း ကြည့်ကြပါဦး။

"ကဲ. . ကဲ. . ရှေ့ကိုတိုး။ လက်အုပ်ချီ။ ဝိဇ္ဇာကြီးတွေကို ရည်စူးပြီး ကန်တော့ကြ။ သေသေချာချာ အာရုံပြုပြီးမှ ကန်တော့ကြ. ."

ဟု အမိန့်ပေးလိုက်၏။

မိန်းကလေးနှစ်ယောက်မှာ သူ့အမိန့်ပေးလိုက်သည်နှင့် ပြိုင်တူ လက်အုပ်ကလေးတွေ ချီလို့။ လက်ဆယ်ဖြာကို နဖူးပေါ်တင်၍ မျက်လုံးကလေး

မှိတ်ထားပုံကလည်း တစ်မျိုးကြည့်ကောင်းသည်သာပ။

ဘိုးတော်ကင်းက ပွဲရှေ့တွင်ရှိနေသည့် တုတ်အနက်ကလေးကိုယူ၍ အပျိုစစ်ကလေးများ၏ ခေါင်းပေါ်တွင် ဝိုက်ချည်ပတ်ချည် လုပ်ပေးနေသည်။ ငါးမိနစ်ခန့် တုတ်ကလေးနှင့် ဝိုက်ချည်ပတ်ချည် လုပ်ပြီးနောက် နဖူးပေါ်တွင် ဝဲပျံ့နေသည့် ဆံယဉ်နုကလေးများကို သူ့လက်ဝါးကြီးနှင့် ဖြည်းဖြည်းချင်း သပ်ပေးနေသည်။

အသည်းယားစရာပ။ သို့သော် မာတ်ကူးနေပါ [illegible]ပေ့။

မပြီးသေးပါ။

"မျက်လုံးဖွင့်ကြ"

. . တဲ့။

အမိန့်ပေးလိုက်ပြန်သည်။

မိန်းကလေးများ မျက်လုံးကလေးတွေဖွင့်၍ ဘိုးတော်ကြီးကို စူးစိုက်ကြည့်နေသည်။ ဘိုးတော်ကတော့ ခပ်ပြုံးပြုံးကလေး။ ကိုဝင်းဦးရဲ့ မနိုတရို့ပြုံးပုံကလေးမျိုး ပြုံးလျက်။

ခင်မောင်ဦးလုပ်နေသည်များကို ကြည့်နေရင်း လမ်းဘေးမျက်လှည့်ဆရာများကို သွား၍မြင်မိသည်။ လမ်းဘေးမျက်လှည့်ဆရာတွင် ရိုးရိုးကလေးပြသော်လည်း၊ မိမိ၏အတတ်ပညာကို အသုံးပြုရသော်လည်း လူအထင်ကြီးအောင် လုပ်သည့်နည်း ရှိ၏။ သေတ္တာကလေးပေါ်တွင်ဖြစ်စေ၊ ကလပ်ကလေးပေါ်တွင်ဖြစ်စေ လူခေါင်းရိုးကိုတင်၊ လက်ထဲတွင်ရှိသည့် ပုလွေကလေး၊ သို့မဟုတ် တုတ်ကလေးနှင့် အရိုးခေါင်းကြီးကို ရိုက်လိုက်၊ ခေါက်လိုက်၊ တို့လိုက်လုပ်ပြီးမှ မျက်လှည့်ပြတတ်ကြ၏။

တကယ်တော့ အရိုးခေါင်းကြီးက ဘာမှမဟုတ်ပါ။ လက်ထဲတွင် ကိုင်ထားသည့် တုတ်နှင့် ပုလွေကလည်း ဘာမှမဟုတ်ပါ။ ဒီလိုလုပ်လိုက်လျှင် လူတွေက အထင်ကြီးတတ်ကြသည်။

ခင်မောင်ဦး၏တုတ်မှာ ဘာအစွမ်းရှိသည်တော့ မသိ။ မျက်လှည့်ဆရာများ ကိုင်သည့်တုတ်လို ညစ်နွမ်းနွမ်း၊ ခြောက်တောက်တောက် မဟုတ်ပါ။ သပြေညိုရောင် ပေါလစ်သုတ်ထားသည်ကြောင့် လက်လက်ထနေသည်။ အဖျားတွင် ကွပ်ထားသည့် ရွှေရောင်က သပြေညိုရောင်တုတ်ကလေးကို ပို၍ ထည်ဝါသွားစေပါသည်။

သို့သော် မျက်လှည့်ဆရာ၏တုတ်နှင့် သူ၏တုတ်မှာ မတူပါ။



ထူးခြားမှုကလေးကတော့ ရှိပါသည်။

ထူးခြားပုံက ဤသို့ပါ။

လမ်းဘေးမျက်လှည့်ဆရာများက အရိုးခေါင်းကို တုတ်နှင့်ခေါက်သည်မှာ အနိဋ္ဌာရုံမြင်ကွင်းဖြစ်သဖြင့် ကြည့်မကောင်းပါ။ ခင်မောင်ဦးကတော့ တောင့်သော၊ ဖြူသော၊ ရွှသော၊ ကြွသော၊ လှသော နုနယ်ပျိုမျစ် ပွင့်သစ်စကညာစစ်ကလေးများကို လုပ်နေသဖြင့် နိဋ္ဌာရုံမြင်ကွင်းဖြစ်သည်မို့ ကြည့်ကောင်းသည်ဟု ဆိုရပါမည်။

မျက်လှည့်ဆရာက သက်မဲ့အရိုးခေါင်းကို တုတ်နှင့်ခေါက်၍ ဘိုးတော်က သက်ရှိပျိုကညာကို တုတ်နှင့်တို့ခြင်းသာ ခြားနား၏။ သဘောထားကတော့ အတူတူပါ။

မျက်စိမှိတ်၊ လက်အုပ်ချီနေသည့် ကညာပျိုကလေးများကို မျက်စိဖွင့်ခိုင်းလိုက်ပြီး. .

"တွေ့ရဲ့လား"

ဟု မေးပါသည်။ ကောင်မလေးတွေက. .

"ဟုတ်ကဲ့။ ဖူးရပါတယ်"

. . တဲ့။

အလဲ့. . ။ အတိုင်အဖောက်က ညီပါပေ့။ တစ်ဦးက တွေ့ရဲ့လား။ တစ်ဦးက ဖူးရပါတယ်။

ကျွန်တော့်စိတ်အထင်မှာ အိပ်မွေ့ချသည်လား၊ စိတ်ညှို့သည်လားဟု ထင်မိသည်။ အကြောင်းကတော့ သူပြောသမျှ ဖြစ်နေခြင်းမှာ အိပ်မွေ့ချခြင်းနှင့် စိတ်ညှို့ခြင်းမှလွဲ၍ အခြားအကြောင်း မဖြစ်နိုင်ပေ။

ဤသည်က ကျွန်တော့်အထင်ပါ။

သူတို့ကတော့ တကယ်ပဲ ဖူးတွေ့ရသလား မသိပေ။

သည်နောက်တော့ နှစ်ဦးသော ပျိုကညာတို့၏ လက်ဖဝါးတော်နုနုကလေးများကို ပက်လက်လှန်ပြီး သူ၏လက်ဖဝါးကြီးကြမ်းနှင့် တံတောင်ဆစ်အထက်နားဆီမှစ၍ အောက်သို့ဆွဲချပြီး လက်ဖဝါးတော်နုနုအရောက်တွင် သူ့လက်ဖဝါးကြီးနှင့် ဖိကပ်ထားလိုက်သည်။ ပါးစပ်ကလည်း တတွတ်တွတ်ရွတ်လျက်. . ။

ငါးမိနစ်. . မခွာသေး။

ဆယ်မိနစ်. . ဖိကပ်ထားဆဲ။

ဆယ့်ငါးမိနစ်. . အပေါ်က လက်ဝါးကလေးကို ပွတ်ပေးနေသည်။

မိနစ်နှစ်ဆယ်. . ပြီးပါပြီ။

အဲဒါ ခြတ်ကူးတာပါတဲ့။ ကဲ. . မနိပ်လား။ သူ့အလုပ်က အားပါး. . နိပ်လှချည်လား. .ဟု ပြောစရာပါ။

ဘိုးတော် ခြတ်ကူး၊ မကူး မပြောနိုင်ပေမယ့် အဖိုးခြတ်နှင့် အမခြတ် အပေါင်းလက္ခဏာပြသွားသည်မှာ အသေအချာဖြစ်ပါသည်။

မတည့်သော ခြတ်နှစ်ခု ပူးပေါင်းမိသောအခါ. .

ခြတ်ကူးခြင်း စခန်းမှာ ဤမျှနှင့် မပြီးသေးပါ။

"သမီးတို့ ဘိုးတော်ရဲ့ခြေထောက်တွေ နှိပ်ပေးပြီး ခြတ်ကူးလိုက်ကြဦး"

ဟု အမေကြီးက အမိန့်ပေးလိုက်ပြန်သည်။

သမီးလှကလေးများက မိခင်အဆိုအတိုင်း ခင်မောင်ဦး၏ ခြေမျက်စိဖုံးနေသော လုံချည်ကလေးကို အသာလှပ်ပြီး ဗာမွေးထူသည့်ခြေသလုံးမည်းကြီးကို ဖြူရွှရွှလက်နုကလေးများဖြင့် နှိပ်ပေးနေသည်။ ခြေဖျားမှ ဒူးဆစ်အထိတိုင် ခပ်ဖွဖွကလေးနှိပ်ပုံမှာ အယားဖျောက်နေသလား အောက်မေ့ရသည်။

တစ်ဖက်မှ တစ်ဖက်သို့ ကူးပြောင်းလျက်။ ခင်မောင်ဦးက ခြေထောက်နှစ်ဖက် တစ်လှည့်စီပြောင်းပေးရင်း အဒေါ်ကြီးနှင့် အလ္လာပသလ္လာပ ပြောနေသည်။

သူတို့ခြတ်ကူးပုံကလေးက မသင်းလား။ မနိပ်လား။ သည်လိုများ ခြတ်ကူးပေးရလျှင် ပိုက်ဆံတစ်ပြားမှမရလျှင် နေပါစေ။ ထမင်းမစားရလျှင် နေပါစေ။ တစ်နေ့ လူတစ်သိန်းလောက်တော့ ခြတ်ကူးပေးလိုက်ချင်ပါပြီဟု. . ။

သမီးပျိုကလေးတွေမှ ဖြစ်မှာနော်။

ဘိုးတော်ကြီးက ပြောလိုက်သေး၏။

"သမီးတော်တို့ စာမေးပွဲအတွက် မပူနဲ့။ ဘိုးတော်ရှိတယ်"

. . တဲ့။

ဤစကားလေး လေးငါးဆယ်လုံးမှာ ပြောသူအတွက် ဘာမှမဟုတ်ပေမယ့် အလွယ်တကူပြောလိုက်ခြင်းဖြစ်စေကာမူ နားယူသူအဖို့ အယူများ၊ အမှတ်များ ဖြစ်သွားလျှင် တစ်သက်လုံးပြင်မရသည့်အမှားကို တွေ့ရမည်ဖြစ်ပေသည်။

ဆိုပါမည်။



စာမကျက်၊ စာမကြိုးစား၊ ဆရာမကူဘဲ စာမေးပွဲအောင်မည်။ စာမေးပွဲအောင်အောင် လုပ်ပေးမည်ဆိုသည်မှာ မဖြစ်နိုင်ပေ။ ကလေးတွေသာ သည်စကား နားထဲစွဲသွားလျှင် ဒုက္ခ။ ခင်မောင်ဦးကိုယ်တိုင်က တက္ကသိုလ်ရောက်ခဲ့သည်မှာ စာကျက်လွန်း၍၊ ကြိုးစားလွန်း၍၊ ကျူရှင်ဆရာတွေကူလွန်း၍ ရောက်ခဲ့သည်ဖြစ်သော်လည်း သူကိုယ်တိုင် ဘိုးတော်အမည်ခံနေသောအခါ ကလေးတွေကို စာကျက်ဖို့၊ ကြိုးစားဖို့ မတိုက်တွန်းဘဲ မ,စမည်၊ အေးအေးနေဟူသော စကားလုံးတို့ကို ပေါ့ပေါ့ကလေးပြောလိုက်သည်မှာ ရင်လေးစရာ ကောင်းလွန်းလှ၏။

သူပြောလိုက်သလို စာမကျက်ဘဲ မ,စတာနှင့် စာမေးပွဲအောင်မည်ဆိုလျှင် ကျောင်းသားတွေလည်း သက်သာမည်။ ဆရာတွေလည်း အလုပ်မရှိတော့။ ကျူရှင်ဆရာတွေလည်း ဒုက္ခရောက်ကြတော့မည် ဖြစ်သည်။

စာကျက်ရမည်။ စာကြိုးစားရမည်။ မနားမနေ ကျက်နိုင်၊ ကြိုးစားနိုင်မှသာ ဂုဏ်ထူးတွေရမည်ဆိုသည့် အသိစိတ်ခြတ်ကို လူငယ်များခေါင်းထဲစွဲနေအောင် သွင်းပေးရမည့်အစား မ,စရုံဖြင့် အောင်မည်ဆိုသည့် မမှန်ကန်သောစိတ်ခြတ်ကို မသွင်းပေးသင့်ပေ။

ကျွန်တော် ခင်မောင်ဦးဇနီး ရီ့ကို သွားတွေ့စဉ်က ရီပြောလိုက်သည့် 'ရှက်လှချည်ရဲ့' ဆိုသည့်စကားကို အခုမှ အဓိပ္ပာယ်ပေါက်မိသည်။

မည်သို့ဖြစ်စေ ခင်မောင်ဦးလို ပညာတတ်တစ်ယောက် ဤ၍ဤမျှ သွက်ချာပါဒရောဂါ စွဲကပ်နေသည်ကို သနားစရာဟု ပြောရလေမလား။ ရွံစရာဟု ပြောရလေမလား။

ခြတ်ကူးပြီးနောက် အဒေါ်ကြီးက ကြီးမားလှသည့် အိတ်ကြီးထဲမှ ငွေစက္ကူများကို ထုတ်ပြီးယူလိုက်၏။ တစ်ရွက်နှစ်ရွက် မဟုတ်။ အထပ်လိုက်ကလေး။ တစ်ရာထက်တော့ အောက်မည်မထင်။ ပိုလျှင်သာ ပိုလိမ့်မည်။

ငွေစက္ကူအထပ်လေးကို ဘိုးတော်ရှေ့တွင် ချထားလိုက်သည်။ ဘိုးတော်က မကြည့်။ အံတန်ကြာမှ သူ့တုတ်ကလေးနှင့် ငွေစက္ကူများကို တို့ပြီးလက်ပြလိုက်ရာ အဒေါ်ကြီးက ပွဲရှိရာသို့ ယူသွားသည်။

ပွဲတော်ဆက်သည်ပေါ့။

ဤငွေများမှာ အကြံအစည်အောင်မည်ဟု ဟောထုတ်လိုက်၍ ပေးလိုက်လေသလား၊ ခြတ်ကူးပေး၍ ပေးလိုက်လေသလား ဆိုသည်ကို ကာယကံရှင် ဘိုးတော်မှအပ မည်သူမှ သိလိမ့်မည်မဟုတ်ပေ။

စိမ်းဖန့်ဖန့်ငွေစက္ကူအထပ်ကလေးမှာ ငှက်ပျောသီးဖီးတွေကြားထဲတွင် ပေါက်တောက်တောက်ကလေး။ ဒါကို ဘိုးတော်တွေငွေယူနည်းတစ်မျိုးဟု ပြောရလေမလား မသိ။

တီစွအားလုံး ပြီးစီးသွားပြီဖြစ်သ ဖြင့် အဒေါ်ကြီးနှင့် သမီးပျိုနှစ်ယောက်မှာ အုန်းပွဲများနှင့် ဘိုးတော်ကြီးကို အထပ်ထပ်အခါခါဦးချပြီး ဘိုးတော်တို့ နှုတ်ဆက်လျက် လှေကားမှ ညင်သာစွာဆင်းသွားသည်။

မှန်အိမ်ကြီးအတွင်း သပ္ပာယ်စွာရှိနေသည့် ဘုရားရုပ်ပွားတော်များကို ဦးနှိမ်ချရန် သတိမေ့သွားဟန်တူ၏။ လုံးဝ ဦးနှိမ်မချခဲ့ကြ။

ကျွန်တော့်စိတ်ထဲကမူ ဖြစ်မှဖြစ်ရလေဟု ညည်းလိုက်မိသည်။

တစ်ဆက်တည်းမှာပင် 'ဘိုးတော်ဘဝ သာယာစွ' ဟု မှတ်ချက်ချလိုက်သည်။

အဒေါ်ကြီးပြန်သွားပြီးနောက် ကျွန်တော်တို့နှစ်ယောက် စကားပြောကြမည် ကြံကာရှိသေးသည်။ လှေကားမှတက်လာသည့်ခြေသံများ ကြားလိုက်ရသဖြင့် မျက်လုံးများ လှေကားဆီသို့ ရောက်သွားသည်။

အသက်ငါးဆယ့်ငါးနှစ်လောက်ရှိမည့် မိန်းမကြီးတစ်ဦးနှင့် နောက်က အထုပ်တွေပိုက်လာသည့် မိန်းကလေးနှစ်ဦး။

ကျွန်တော့်စိတ်ထဲတွင် လာပြန်ပြီဟု ထင်လိုက်သည်။ မဟုတ်ပါ။ ဘိုးတော်ကို မေးမြန်းရန်လာသူ မဟုတ်ပါ။

ဘိုးတော်၏ အရင်းနှီးဆုံး ရှမငြီးသည့် ချစ်ဇနီး ပြန်လာပါသည်။

အကြောင်းအမျိုးမျိုး မေးမြန်းရန်နှင့် မ,စဖို့ အကူအညီတောင်းရန်လာသူများကိုမူ ဘိုးတော်က ဖိုက်တင်အပြည့်နှင့် လက်ခံတွေ့ဆုံ၏။ လှေကားထိပ်တွင် ရောက်နေသည့် အဒေါ်ကြီးကိုမူ ဘိုးတော်က ဖိုက်တင်မခံ။ ပျာပျာသလဲထပြီး သွားတွေအားလုံးပေါ်အောင် ပြုံးထားသည့်အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။

"မ, ပြန်လာပါလား။ နောက်ကျနေလို့ ကိုဦးက စိတ်ပူနေတာ"

. . ဟု။

"ဟုတ်တယ် ဦးရေ. . ။ လိုချင်တဲ့အကျီစလေးတွေ ရှာနေရတာ နည်းနည်းကြာသွားတယ်"

"မ, ကြိုက်တဲ့ အဆင်တွေကော ရရဲ့လား"

သချိုင်းမျက်စောင်းထိုးနေသူနှစ်ဦး ကျီစယ်နေလိုက်ပုံမှာ နားကလော



စရာ။ လူစိမ်းတစ်ယောက် ရှိနေသည်ကိုပင် သတိမထားမိကြ။

အတန်ကြာမှ ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။

"သြော်. . မ, နဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါ. . ကိုဦးရဲ့ ငယ်သူငယ်ချင်း၊ ကျောင်းနေဘက်သူငယ်ချင်း ကိုအေးမောင်။ ဒါကတော့ ကိုယ့်ဇနီး ဒေါ်ခင်မေချော"

အမျိုးသမီးကြီးက အိမ်သည်အပြုံး၊ ခန့်ခန့်အပြုံး။ ကျွန်တော်ကတော့ ဧည့်သည်အပြုံး၊ လေးစားတဲ့အပြုံး။

"ဟုတ်ကဲ့ခင်ဗျာ။ မမကို တွေ့ရတာ ဝမ်းသာပါတယ်"

"မ, ကလည်း ဝမ်းသာပါတယ်။ ကိုဦးမိတ်ဆွေဆို မ, မိတ်ဆွေပဲပေါ့။ နောက်ကိုလည်း အမြဲတမ်း မ, တို့အိမ်ကို ဝင်နိုင်၊ ထွက်နိုင်ပါတယ်လို့ မ, က ဖိတ်ခေါ်ပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ။ အများကြီးကျေးဇူးတင်ပါတယ်"

ဤသည်မှာ အထက်တန်းလွှာတို့၏ လောကဝတ်စကားပင်။

တကယ်တော့ မမဟု ခေါ်လိုက်ရသည်။ မမအရွယ် မဟုတ်ပါ။ ကျွန်တော်နှင့်ဆိုလျှင် အဒေါ်အရွယ်ကြီးပါ။ သို့စေကာမူ သူတို့လို အထက်တန်းလွှာက အမျိုးသမီးများမှာ ခြောက်ဆယ်အရွယ် ရောက်နေပါစေ။ အန်တီတို့၊ ဒေါ်ဒေါ်တို့များ သွားမခေါ်လိုက်လေနှင့်။ နှုတ်ခမ်းစူပစ်လိုက်မည်မှာ သေချာ၏။ နဂါးတို့မျက်စောင်း အကြောင်းသုံးပါးမရွေးဘဲ ထိုးပစ်လိုက်သလို သူတို့မျက်စောင်းက ပစ်မှတ်လွဲလိမ့်မည် မဟုတ်ပါ။

ဤသည်ပင် ကျွန်တော်က အဒေါ်ကြီးအရွယ်ကို မမဟု ခေါ်လိုက်သဖြင့် ညနေထမင်းစားပြီးမှ ပြန်ဖို့ အတင်းဖိတ်ခေါ်နေပါပြီ။

ပထမဇနီးကို နိုင်လွန်းသူသည် ဒုတိယဇနီးနှင့်ကျလျှင် ဝဋ်လည်တတ်သည်ဆိုသည်မှာ မှန်များမှန်နေရော့သလားမသိ။

ခင်မောင်ဦးက ရီ့ကို ဂရုမစိုက်ခဲ့သလောက် ဒေါ်ခင်မေချောအပေါ်တွင်မူ တစ်မ,တည်း မ,နေရသည်။ ရီနှင့်တွေ့လျှင် မျက်နှာထားတင်းသလောက် မ,ကိုကြောက်ရသည်ဟု ဆိုလေမလား။

ဒေါ်ခင်မေချောခေါ် မ,၏အသက်က ငါးဆယ့်ငါးနှစ်အောက် မလျှော့နိုင်ပါ။

သို့စေကာမူ ပြင်ဆင်ထားသည်က အပျိုလေးရှုံးလောက်အောင်ပင်။ မင်းသမီးလေးများလားဟု ထင်ရလောက်အောင်ပင် နုလွန်း၊ ပျိုလွန်းလှပေ၏။

မျက်နှာတွင် ရှိနေသော အရေးအကြောင်းများကို မိတ်ကပ်ထူထူ ကလေးနှင့် ဖုံးထားသည်။ ကျိုးတိုးကျဲတဲ ဖြူစပြုနေပြီဖြစ်သော မျက်ခုံးမွေးများကို မျက်ခုံးမွေးဆွဲသည့်ခဲတံဖြင့် အပြားကြီးဆွဲထားသည်။ ညိုးလျော်ခြောက်သွေ့နေသည့် နှုတ်ခမ်းနှစ်လွှာကို ပန်းနုပြေးရောင် နှုတ်ခမ်းနီဆိုး၍ အချောသတ်သည်။ အိပုံ့ပုံ့ တွဲကျနေသော ရင်သားအိုများကို ဘရာစီယာဖြင့် ပင့်တင်ထားသည်။

အဆီခဲနေသော ဗိုက်သားကြီးနှင့် အိပုံ့ပုံ့တင်သားကြီးများကိုတော့ သည်အတိုင်းပဲ ထားလိုက်ရဟန်တူသည်။ အပေါ်ပိုင်းက ကြည့်ကောင်းသလောက် အောက်ပိုင်းက ကြည့်မကောင်းတော့ပေ။

နားတွင်ကပ်ထားသည့် ပြူးနေသော စိန်နားကပ်ကြီးက တဖျပ်ဖျပ်။ လက်ကောက်ဝတ်တွင် တင်ထားသည့် နှစ်တန်းသွား ခဲသားအနှစ်ရောင် စိန်များမှာ တဝင်းဝင်းတလက်လက်။ မြှောက်လိုက်တိုင်း ဖိတ်ဖိတ်တောက်သွားသည်။ စိန်ချယ်လက်စွပ်ကြီးမှာ လျှပ်စီးလက်နေသည့်အလား ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် တင့်တယ်ဘိသို့။

အဝေးကကြည့်လျှင် ဆယ်နှစ်လောက်နုပျိုသွားသလားဟု ထင်ရ၏။

အနီးကပ်ကြည့်လိုက်သည့်အခါတွင်မူ ဘာတွေနှင့် ဘယ်လိုဖုံးလွှမ်းထားပါစေ၊ ဇရာ၏ အမှတ်အသားများမှာမူ ထင်းထင်းပပပင် ပေါ်လွင်နေသည်။

ခင်မောင်ဦးထက် အနည်းဆုံး ဆယ့်သုံးလေးနှစ်ခန့် ကြီးပေလိမ့်မည်သာ။

သူက ကိုယ့်ဇနီးပေါ့ဟု မိတ်ဆက်ပေးသည်ကြောင့် ရီပြောလိုက်သည့် ဟိုကျရင် သိပါလိမ့်မယ် ဆိုသည့်အကြောင်းကို အရိပ်အမြွက်သိလိုက်ရပါပြီ။

ခင်မောင်ဦးမှာ ပိုက်ဆံချမ်းသာသူ အမျိုးသမီးကြီးနှင့် အိမ်ထောင်ကျနေပြီဟု။

ဒေါ်ခင်မေချော. .။

ဒေါ်ခင်မေချော၏ နာမည်နှင့် ရုပ်အဆင်းကို တွဲဖက်ကြည့်သည့်အခါ အဆင်းအင်္ဂါနှင့် နာမည်မှာ လုံးဝမလိုက်ဖက်ပါ။ တွဲစပ်၍လည်း မရနိုင်ပါ။ သို့သော် အရုပ်ဆိုးအကျည်းတန်သူများသည် နာမည်လှလှကလေးများ ရွေးမှည့်တတ်ပုံကို သဘောပေါက်မိသည်။

ဟောင်းနွမ်း၍ အဆင်အကွက်မရှိတော့သည့် အဝတ်အစားများ ဝတ်



ထားသည့် ပဲပြုတ်သည်အဒေါ်ကြီးတစ်ယောက်ကို ဒေါ်ခင်မေချောဆိုသည့် အမည် မှည့်၍ ခေါ်လိုက်လျှင် အများက ဝိုင်းကဲ့ရဲ့ ပေလိမ့်မည်။

ခုတော့ အသားမည်းမည်း၊ ဗိုက်ရွှဲရွှဲ တင်တွဲလဲနှင့် အကျည်းတန်သူကို ဒေါ်ခင်မေချောဟု အမည်လှလှကလေး. တပ်လိုက်စေကာမူ ကိုယ်ပေါ်တွင် ဆင်သထားသည့် တဖိတ်ဖိတ်၊ တဖျပ်ဖျပ်တောက်နေသည့် စိန်ရောင်များက ဒေါ်ခင်မေချောနာမည်နှင့် လိုက်ဖက်လေခြင်းဟု ချီးမွမ်းကြပေမည်သာ။

ဒေါ်ခင်မေချော အခန်းထဲသို့ ဝင်သွားပြီးမှ ရီနှင့် တွေ့ခဲ့ရသည့် အကြောင်း ခင်မောင်ဦးကို ပြောပြလိုက်ရာ ခင်မောင်ဦးက ပါးစပ်နား လက်ညှိုးကလေးကပ်၍ မပြောရန် အချက်ပြလိုက်သဖြင့် ပြောမည့်စကားများကို ဘရိတ်အုပ်လိုက်ရသည်။

တနင်္ဂနွေမနက်တွင် ကျွန်တော် အိမ်ကစောင့်နေဖို့နှင့် ကားမောင်းသူကို အိမ်ပြထားဖို့ မှာကြားပြီး. .

“ကဲ. . သူငယ်ချင်း။ ကိုယ်တို့ အဲဒီနေ့ကျမှ ပြောချင်တာတွေ ပြောကြရအောင် .သူငယ်ချင်း။ ဆက်ဆက်သာ စောင့်နေပေတော့”

ဟု မှာကြားနေစဉ် ဧည့်သည်နှစ်ယောက်တက်လာသဖြင့် စကားပြတ်သွားခဲ့ပါသည်။

ဧည့်သည်များကို ခဏလေးစောင့်ရန်ပြောရင်း နံရံပေါ်မှ ခလုတ်ကလေးကို နှိပ်လိုက်ရာ လူတစ်ယောက်ထွက်လာသည်။

“ငါ့မိတ်ဆွေကို အိမ်အရောက် ကားနဲ့လိုက်ပို့လိုက်။ သူနေတဲ့ လမ်းနဲ့ အိမ်ကိုလည်း သေသေချာချာမှတ်ခဲ့”

ဟု အမိန့်ပေးလိုက်၏။

“မမကြီးကားတော့ အပြင်မှာ ရှိပါသေးတယ် ဆရာကြီး။ မမကြီးကားနဲ့ပဲ လိုက်ပို့လိုက်ရမလား”

“နေပါစေ။ ငါ့ကားထုတ်ပြီး လိုက်ပို့လိုက်။ ကဲ. . သူငယ်ချင်း။ လိုက်သွားပေတော့။ တနင်္ဂနွေနေ့ကျမှပဲ. .”

သူပြောနေစဉ် ကားမောင်းသူ ရှေ့မှဆင်းသွားသဖြင့် နောက်က လိုက်ခဲ့ရသည်။

ကျွန်တော်ဝင်လာစဉ် အိမ်ရှေ့တွင်ရပ်ထားသော ကားအနီအပြာနှစ်စီးအနက် ဘောက်စ်ဝက်ဂွန်းကားနီကလေး မရှိတော့ပေ။ ဖယ်မလီယာ ကားအပြာကလေးသာ ရှိသည်။ ကားပြာကလေးနောက်တွင် တစ်စီးထပ်ထိုး

ထားသည်။

ကျွန်တော်ဆင်းမလာမီ တက်လာသည့် ဧည့်သည်များ၏ ကားဖြစ်မည်ထင်၏။

တိုက်အပြင်ရောက်သည့်အခါ ကားမောင်းသူက ခဏကလေးစောင့်ရန် ရှိရိုသေသေပြောပြီး တိုက်နောက်ဘက်သို့ ကွေ့ဝင်သွား၏။ မကြာပါ။ အမျိုးအမည်မပြောတတ်သော ကားတစ်စီး ချာခနဲထွက်လာသည်။ ကားကြီးကလှပါ၏။ မြန်မာပြည်ကိုသွင်းသည့် ကားအမျိုးအစားထဲတွင် မပါပါ။ သံရုံးကားဖြစ်ဖို့ သေချာပါသည်။

အင်္ဂလိပ်၊ အမေရိကန်ကြီးများ ဇိမ်ယူစီးသည့်ကားမျိုး မြန်မာဘိုးတော်ကြီး စီးနေသည်ကို ဝမ်းသာရလေမည်လား၊ ခိုးကျုံးရလေမည်လား ကျွန်တော် မပြောတတ်ပါ။ ကျွန်တော်စီးရဖူးလိမ့်မည်ဟု မထင်မှတ်သည့် ကားကြီးကို စီးနေပါပြီ။ ကားကြီးက ဖင်လည်းဇိမ်ရှိသလို နားလည်းဇိမ်ရှိလှပါသည်။

ကားကြီး ခြံပြင်ရောက်သည်နှင့် ငြိမ့်ငြိမ့်ညောင်းညောင်းတေးသံသာများ ပျံ့လွင့်လာပါသည်။

ဘိုးတော်ကင်း၏ ကောင်းမှုဟု ဆိုပါရစေ။

သူများတွေကို မ,စနိုင်၊ မနိုင် မသိပါ။ ကျွန်တော့်ကိုတော့ လောလောဆယ် မ,စလိုက်ပါပြီ။ ကျွန်တော့်တစ်သက်တွင် စီးဖူးလိမ့်မည်ဟု မထင်သည့် ကားကြီးကို စီးလျက် ငြိမ့်ညောင်းသာယာသော တေးသံများကို နားအရသာခံရင်း စတိုင်ခပ်ထွားထွားနှင့် လိုက်လာရသည့် ကျွန်တော့်ဘဝမှာ တဒင်္ဂအားဖြင့်သာယာလှလေစွ။

သဘောကောင်းပုံရသော ကားဆရာကြီးကို စီးကရက်တည်ရင်း စကားစကြည့်လိုက်ရသည်။

မြန်မာလူမျိုးတို့၏ ထုံးစံမှာ သူများအကြောင်းပြောရမည်ကို ဝန်မလေးကြ။ မေးသူရှိလျှင် အာပေါက်အောင်ပြောတတ်သည့် ဉာဉ်အတိုင်းပင် ကျွန်တော်က စကားစလိုက်သည်နှင့် သူ့ထံမှ စကားပြန်လာသည်။

"နောင်ကြီး ဒီအိမ်မှာ အလုပ်လုပ်နေတာ ကြာပြီထင်တယ်"

"ကြာပါပြီ။ သူဌေးကြီးဦးဘထွေး လက်ထက်ကပါပဲ"

"ဦးဘထွေးဆိုတာက ဘယ်သူလဲခင်ဗျ"

"ဒေါ်ခင်မေချောရဲ့ ယောက်ျားပါ။ အခု မရှိတော့ပါဘူး။ သေသွားပါပြီ"



"ဒေါ်ခင်မေချောတို့က တော်တော်ချမ်းသာပုံရတယ်နော်"

"ဟာ. . သူဌေးကြီးရှာဖွေပေးခဲ့တာ နည်းတာမှ မဟုတ်ဘဲ။ မရှိတော့ဆိုရင် အနည်းဆုံး ဆယ်သိန်းခန့်လောက် ကျန်ရစ်ခဲ့တာပဲဟာ။ သူဌေးကြီးက သိပ်အလုပ်လုပ်တာ။ အားတဲ့အချိန်ဆိုတာ မရှိသလောက်ပဲ"

သူ့အဖြေ ကြားရသဖြင့် ကျွန်တော်နည်းနည်းတွန့်သွားသည်။ သူ့ဖြေပုံအရ ပါးစပ်ကပြောသည်ထက် ဝမ်းထဲက ပြောချင်သည့်စကားကို ကျွန်တော်သိလိုက်ရသောကြောင့်ပင်။ သူ့ဝမ်းထဲက ပြောချင်သည်မှာ သူဌေးကြီးဦးဘထွေး အလုပ်တွေသိပ်လုပ်ပြီး ရှာဖွေခဲ့သည့် ငွေတွေကို ဘိုးတော်ကင်းကထိုင်သုံးနေသည်ဟူ၍ ပြောချင်ဟန် ရှိပါသည်။ သူ့စကားရိပ်သန်းလိုက်ပုံကထိုသို့ပင်။

"အခု အလုပ်လုပ်ရတာကော အဆင်ပြေရဲ့လား"

"ပြေတယ် ဆိုပါတော့။ ဒါပေမဲ့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာက ပြေလည်တယ် မရှိဘူး။ သိပ်မဆိုးတော့ ပြေလည်တယ်လို့ ပြောရမှာပေါ့"

"ဟုတ်တာပေါ့။ ခင်ဗျားတို့၊ ကျွန်တော်တို့ အလုပ်သမားတွေဆိုတာက အလုပ်ရှင်နဲ့၊ အထက်လူကြီးနဲ့ ပြေလည်မှ ထမင်းအိုးလေး မြဲမှာဆိုတော့ အဆင်ပြေအောင်လုပ်တာ အကောင်းဆုံးပဲပေါ့ နောင်ကြီးရယ်"

ကားဆရာကြီး၏ စကားအသွားအလာ ကြည့်ခြင်းအားဖြင့် သူနှင့်စကားပြောရလျှင် အတွင်းရေးတွေ နှိုက်ရမည့်အခြေအနေရှိသဖြင့် ခဏလောက် အေးအေးဆေးဆေးစကားပြောရန် စီစဉ်လိုက်ရသည်။

"ကဲ. . နောင်ကြီး။ ကျွန်တော်လည်း ဆာနေပြီဗျာ။ အချိန်ရရင် ခဏလောက် လက်ဖက်ရည်ဝင်သောက်ကြရအောင်"

"အချိန်ရပါတယ် ဆရာ။ လက်ဖက်ရည်သောက်ချင်ရင် အေးအေးဆေးဆေးသောက်ပါ။ ကျွန်တော်တို့ဆရာကြီးက နေ့ဘက် အပြင်ထွက်တဲ့အလေ့ မရှိပါဘူး။ အိမ်မှာက ကားနှစ်စီးတောင် ရှိပါသေးတယ်"

"ကဲ. . ဒါဖြင့် မြေနီကုန်းဘက် မောင်းဗျာ။ မြေနီကုန်းဘက်မှာ လက်ဖက်ရည်ကောင်းတယ်။ အိမ်က ကားနှစ်စီးဆိုတော့ တိုက်အောက်မှာတွေ့ခဲ့တဲ့ ဖယ်မလီယာကားပြာကလေးက ဒေါ်ခင်မေချောစီးတာ ထင်တယ်"

"ဒါက ဈေးဝယ်တဲ့ ကားပါ"

"ခင်ဗျာ. . "

ဟု ကျွန်တော့်ပါးစပ်မှ အာမေဍိတ်သံ ထွက်သွားသည်။

ကာလတန်ဖိုး တစ်သိန်းကျော်တန်သော ဖယ်မလီယာကားမျိုးကို ဝေးဝယ်သည့်ကားဟု ပြောသံကြားလိုက်ရသည်မှာ နားရှိ၍သာ ကြားလိုက်ရသည် မယုံနိုင်စရာပါ။ ကျွန်တော်ကြားဖူးသည်မှာ မိုးကုတ်ကျောက်သူဌေးများအိမ်တွင် မီးသွေးနှင့် ထင်းဝယ်ဖို့ လင့်ရိုဘာကား ထားကြသည်ဟု ကြားဖူးပါ၏ ဈေးဝယ်ရန် ဖယ်မလီယာကား ထားသည်ဟု မကြားဖူးသေးပါ။ ယခု လက်တွေ့ မြင်ခဲ့ရပါပြီ။ သို့တိုင်အောင် စိတ်ထဲကတော့ မယုံချင် ယုံချင်ပါ။

"ဖယ်မလီယာကားက ဈေးဝယ်တဲ့ကားဆိုတော့ ဒေါ်ခင်မေချောင်တဲ့ ကားကရော"

"တိုယိုတာ ကိုရိုနာ အဝါရောင်ပါ"

"သြော်. . သြော်. ."

ခင်မောင်ဦးဒေါ် ဘိုးတော်ကင်းမှာ ကန်တော့ပွဲတွေပေး၊ ဆန်မင်းပေါက်ပေါက်တွေကြဲပြီး မောင်းသံတဒူဒူထုစ၍ မြေကြီးထဲမှ ရွှေအိုးတွေ မတူးဘဲ တိုက်ကြီးပေါ်မှ စိန်သေတ္တာကြီးကို အလွယ်တကူဖွင့်ယူလိုက်နိုင်ရုံမက ဟီးနေသော တိုက်ကြီးနှင့် ကားသုံးစီးပိုင် ဘိုးတော်အဖြစ် အောင်လံတလူလူ လွှင့်ထူနိုင်ခဲ့ပေသည်။

ဘီအေဘီအယ်လ်ဘွဲ့ နှစ်ထပ်ကွမ်းနှင့် ဘိုးတော်ဆိုတော့ ပို၍ထူးသည်ပေါ့။

သူ့အကြောင်း စဉ်းစားရင်း လက်ဖက်ရည်ဆိုင် ရောက်လာသည် လက်ဖက်ရည်သောက်ရင်း မိနစ်နှစ်ဆယ်လောက် လေပန်းလိုက်ရ၏။

"ကျွန်တော်က ဒီကို ပထမဆုံးရောက်ဖူးတာပါ။ ဦးခင်မောင်ဦးနဲ့ မတွေ့တာ ကြာလို့ အလည်လာခဲ့တာပါပဲ။ သူနဲ့ ကျွန်တော်က သူငယ်ချင်းပ"

"ဟုတ်ကဲ့. .။ ဆရာကြီးက သဘောကောင်းပါတယ်။ ဒါပေမဲ့ မမကြီးရဲ့ ဩဇာက တက်နေတော့ ခက်တာပေါ့လေ"

"သူတို့ အိမ်ထောင်ကျတာ ကြာပြီထင်တယ်"

"သုံးလေးနှစ်ပဲ ရှိပါဦးမယ်"

"ဘိုးတော်ဘဝမှာ တွေ့ကြတာထင်တယ်"

"ဟုတ်ပါတယ်။ မမကြီးက ဒါမျိုးဆို သိပ်ဝါသနာပါတာကလား နောက်ဆုံးတော့ ဆရာကြီး အိမ်ပေါ် ရောက်လာတာပဲ"

"အင်းပေါ့လေ. .။ ကျွန်တော့်သူငယ်ချင်းက ဓာတ်ကူးရုံတင် မဟုတ်ပါဘူး။ လူပါကူးလိုက်တယ် ထင်တယ်။ ဟဲ. . ဟဲ. . ဟဲ. .။ ဒါနဲ့ ခင်မောင်ဦး



ကို ခင်ဗျားတို့ရဲ့မမကြီးက တော်တော်အလိုလိုက်ပုံရတယ်နော်"

"အမယ်လေး ဆရာလေးရယ်. .။ ဆရာကြီးတို့ အကြောင်းတွေတော့ မပြောပါရစေနဲ့။ တော်ကြာ ကျွန်တော် ထမင်းအိုးကလေး ကွဲသွားပါဦးမယ်"

"ဟာ. . မဟုတ်တာ ဆရာကြီးကလည်း။ ကျွန်တော်က ဘာသွားပြန်ပြောရမှာလဲ။ ကျွန်တော်သိချင်လို့ မေးတာပါ"

အမှန်တော့ သူဌေးအိမ်က အကြောင်းတွေကို ကားမောင်းသူများ၊ အခိုင်းအစေများထဲမှ အကြောင်းအစုံ ကြားနိုင်သည်မှာ သဘာဝ။ သို့သော် သူတို့အန္တရာယ်လေးများကိုတော့ သူတို့စိုးရိမ်ကြသေးသည်။ မပြောဘူးလားဆိုတော့လည်း ပြောကြသည်သာ။

"ဆရာက အပြင်ပန်း မြင်လို့ပါ။ တကယ်အလိုလိုက်ရတာက မမကြီး မဟုတ်ဘူး ဆရာရေ့။ ဆရာကြီးက အလိုလိုက်ရတာ"

"ကြီးသူက ငယ်သူကိုချို၊ ငယ်သူက ကြီးသူကိုမှီလို့သာ ကြားဖူးတယ်။ ခုဟာက ပြောင်းပြန်ကြီးပါလား"

"ဆရာပြောတာလည်း မှန်ပါတယ်။ ဒါက ကျွန်တော်တို့၊ ဆရာတို့လို သူလိုကိုယ်လိုဆိုရင် ဟုတ်တာပေါ့။ ပိုက်ဆံရှိတဲ့လူတွေကျတော့ ပြောင်းပြန်ပဲ ဆရာရေ့။

ဆရာကြီးဝင်ငွေကို မမကြီးက ဂရုမှ မစိုက်တာ။ ဆရာကြီး ငွေလိုရင်တောင် လိုသလောက် ထုတ်ပေးနေတာပဲဥစ္စာ။ အဲ. . သူ့အရောင်းအဝယ်ကိစ္စတွေ ဘာတွေကျရင်သာ မမကြီးက အားကိုးတာ"

"ဒါဖြင့် ခင်ဗျားတို့ဆရာကြီးက တော်တော်စွမ်းတယ်ထင်ရဲ့"

"ဒါတော့ ကျွန်တော်တို့လည်း မသိဘူးခင်ဗျာ။ ကျွန်တော်တို့က ထမင်းနပ်မှန်ဖို့ကိုပဲ တော်တော်ကြိုးစားနေရတာ။ ကြီးပွားအောင်လုပ်ဖို့ ဆိုတာကလည်း လက်ထဲမှာ မြူတစ်ပြားမှ မရှိတာ"

"ခင်ဗျားတို့ကိုကျော့ အင်း၊ အိုး၊ ဆေးဝါးတွေ၊ ဓာတ်တွေ မပေးဘူးလား။ ဒီလောက်ရင်းနှီးတဲ့ ကိုယ့်တပည့်လက်သားတွေကို အရင်မ,စရမှာပေါ့"

"မထင်လိုက်ပါနဲ့ ဆရာရေ။ ထင်သာထင် ဟိုဒင်းမဖြစ်ဘူး ကျောင်းအစ်မရေဆိုတာ ကျွန်တော်တို့ ဖြစ်နေဦးမယ်။ နောက်ပြီး ကျွန်တော်တို့လို လူမျိုးတွေကို မ,စလို့ မရဘူးမဟုတ်လား ဆရာလေးရဲ့။ ကျွန်တော်တို့က ကားမောင်းသမားအပြင် ဘာဖြစ်နိုင်တာမှတ်လို့။ သူတို့ကလည်း ကျွန်တော်တို့ကို ဂရုမစိုက် ပါဘူး။ ကျွန်တော်တို့ကလည်း သူတို့အလုပ်ကို စိတ်မဝင်စားပါဘူး"

ကားဆရာကြီးပြောသည်မှာ အလွန်မှန်သော စကားဖြစ်၏။ ကားမောင်းနေသူတစ်ဦးကို လေယာဉ်ပိုင်းလော့ဖြစ်အောင်၊ သင်္ဘောကပ္ပတိန်ဖြစ်အောင် ငြည်သူကမှ လုပ်မပေးနိုင်ပေ။ ကားမောင်းသမား သူတို့ဆီသွားလျှင် ထိထိုးနှိ နံပါတ်ရွေးပေးလိမ့်မည်။ ပေါက်သည်၊ မပေါက်သည်မှာ သူတို့အလုပ်မဟုတ်။ ကားမောင်းသူကို ရာထူးတိုးအောင်တော့ လုပ်ပေးလိမ့်မည် မဟုတ်ပေ။

ဘိုးတော်အမည်ခံသူတို့သည် သူတို့ဆီရောက်လျှင် ဘာမဆို ဖြစ်သည်ဟု အာမခံကြ၏။

❖

≪အခန်း-၇≫

# အထက်ဂိုဏ်းဆရာများနှင့် တွေ့ဆုံခြင်း

ဘိုးတော်ကင်းလာမည့် တနင်္ဂနွေနေ့ သူ့အိမ်ပေါ်တွင် ဘရိတ်အုပ်ထားခဲ့ရသည့် မေးစရာ မြန်းစရာ၊ ပြောစရာ ဆိုစရာများကို အားရပါးရ ပြောရမည်မို့ သူ့အလာကို စောင့်ရမည်။

သူလာမည့် တနင်္ဂနွေနေ့ ရောက်ဖို့မှာ ခြောက်ရက်ခန့်လိုသေးသည်။ သည်အတောအတွင်း သူတို့အသိုင်းအဝိုင်းအကြောင်း ပြင်ပတွင် လေ့လာရမည်။

လေ့လာရမည်ဆိုတော့ ကျွန်တော်က ဂိုဏ်းဆရာလည်းမဟုတ်။ ဘိုးတော်အမည်ခံတို့၏ အသိုင်းအဝိုင်းနှင့်လည်း မနီးစပ်သဖြင့် ရှာရသည်။ ဖွေရသည်။

မေးပါများ စကားရ ဆိုသည့်အတိုင်း မဟိဒ္ဓိဂိုဏ်းပေါင်းစုံနှင့် အကျွမ်းတဝင်ရှိသည့် သူငယ်ချင်းတစ်ဦးကို သွားတွေ့သည်။ သူက ဂိုဏ်းဆရာဘိုးတော်အမည်မခံသော်လည်း ကိုယ်တိုင်လုပ်နေသူဖြစ်၏။

သူက အစိုးရ အရာရှိကြီးတစ်ယောက်။ လစာ ၈၀၀-၁၂၀၀ စကေးဝင်

အရာရှိကြီး။ သူက နေ့လယ်ဘက်တွင် ဝမ်းရေးအတွက် အလုပ်လုပ်သူ။ ည ဘက်တွင် သူ့အတွက် အလုပ်လုပ်သူ။

သို့သော် ဂိုဏ်းဆရာအမည်မခံ။ ဘိုးတော်အမည်မခံ။ မြန်မာတစ် ပြည်လုံးနီးပါးတွင် ရှိကြသည့် ဂိုဏ်းဆရာများ၊ ဘိုးတော်အမည်ခံများ၊ အထက် ဆရာကြီးများထံ တော်တော်လေး ရောက်ဖူးသည်။ တွေ့ဆုံဖူးသည်။ နှီးနှော ဖူးသည်။

သူ့ရည်မှန်းချက်က ရာထူးတိုးဖို့မဟုတ်။ ခံ သာဖို့ မဟုတ်။ ဝါသနာ အရ လိုက်စားခြင်းမျှသာ။

သူ့တွင် ဆရာရှိသည်။ ဆရာက ဘုန်းတော်ကြီး။ ဘုန်းတော်ကြီးက ကျင့်စဉ်နည်းလမ်း ညွှန်ပြသည်။

ပုတီးစိပ်ရမည်။

တရားထိုင်ရမည်။

ထွက်ရပ်ပေါက် ဖြစ်ရေး၊ မဖြစ်ရေးမှာ ကိုယ့်အလုပ်မဟုတ်။ သူ့ အလုပ်။

သို့သော်. .

ဆေးမကုရ။

ဗေဒင်မဟောရ။

အကြားအမြင်ပေါက်သည် မပြောရ။

တစ်ပါးသူများဆီမှ လာဘ်လာဘကို မယူရ။

ဤသည်က ပညတ်ချက်။

သူ့ကို အမြဲသတိပေးနေသည်မှာ. .

လောဘ သတ်ရမည်။

ဒေါသ သတ်ရမည်။

မောဟ မဖြစ်အောင် သတိရှိရမည်။

မိမိက လုပ်အားဖြင့်၊ သမာဓိသဘောဖြင့်ရသည့် ဝင်ငွေကို ခြိုးခြံ၊ သုံးစွဲမှုကို တန်ဆာမဆင်နှင့်။ ငွေပိုငွေလျှံရှိလျှင် သာသနာပြုလုပ်ငန်းတွင် သုံးဟု အမြဲတမ်း ဩဝါဒပေးထားသည်။

သူ့ဆရာ ဘုန်းတော်ကြီးဩဝါဒအတိုင်း နေထိုင်သည်။ ကျင့်ကြံသည်။

ဝါသနာအရကတော့ မနေနိုင်။ သတင်းကြားလျှင် သွားချင်သည်။ လေ့လာချင်သည်။ နှီးနှောချင်သည်။ သတင်းကြားလျှင် ရောက်အောင် သွား



တတ်သည်။

တွေ့လည်း တွေ့ပါသည်။ သို့သော် ဘဝင်မကျ။ သူတွေ့ခဲ့သမျှတွင် ကိုးဆယ့်ငါးရာခိုင်နှုန်းဟာ ငွေရဖို့တစ်ခုတည်း အာရုံပြုနေကြသည်။ စီးပွားရေး လုပ်ငန်းသဘော လုပ်နေကြသည်။

တကယ့်ကျင့်စဉ်များမေးလျှင် တိတိပပ မဖြေနိုင်ကြ။ ဟိုယောင် ယောင်၊ သည်ယောင်ယောင် ပြောကြသည်။

ကျွန်တော်တို့က သူ့ကိုမေးသည်။

"ဘယ့်နှယ်လဲ သူငယ်ချင်း။ အတွေ့အကြုံလေးဘာလေး ပြောစမ်းပါဦး"

"ခက်တယ် သူငယ်ချင်း။ အခုလုပ်နေတဲ့လူတွေက ကျင့်စဉ်လုပ်ငန်း လုပ်ဖို့ထက် ဆေးကုဖို့နဲ့ ဗေဒင်ဟောဖို့ပဲ စိတ်ထက်သန်နေကြတယ်။ အလုပ် စခန်းကျတော့ ရောတီရောယောင်ပဲ"

"ဒါနဲ့ မင်း ဘိုးတော်ကင်းဆီကိုကော ရောက်ပြီးပလား"

"ရောက်တာပေါ့ သူငယ်ချင်းရယ်"

"သူ့အပေါ် အမြင်ကကော"

"အကြားအမြင်ဆရာ လုပ်နေတာကလွဲလို့ သူ့ဆီမှာ ဘာပညာမှ မရှိဘူးကွ"

"ဒါဖြင့် လူတွေက ဘာဖြုလို့ သူ့ဆီ ဒီလောက်သွားနေကြရတာလဲ"

"ဟဲ. . သူငယ်ချင်းရ။ သွားနေတဲ့ လူတွေက ကျင့်စဉ်သိဖို့မှ မဟုတ် ဘဲ။ သူတို့ကိစ္စတွေ ခိုင်းဖို့ သွားကြတာပဲ။ လုပ်ပေးရင် ကျေနပ်ကြတာပေါ့"

"လုပ်ပေးရင် ကျေနပ်တယ်ဆိုတော့ တကယ်ကော လုပ်ပေးနိုင်လို့ လား"

"ဘယ်ကလာ လုပ်ပေးနိုင်ရမလဲ။ အာပေါ့ကွာ. . ။ အေး. . ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ကွ။ သူတို့အဟောအပြောကလေးတွေက တွန်းအားတော့ ဖြစ်သွားသကွ"

"ဘယ်လိုတွန်းအားလဲကွ။ ဆိုစမ်းပါဦး"

"ဥပမာကွာ. . ။ မင်းက လူတစ်ယောက်ဆီ သွားငွေချေးဖို့ သွားတယ် ဆိုပါတော့။ မင်းဟာမင်း သွားရင် ရ မရ ဆိုတာ မသေချာတော့ စိတ်ထဲက တွန့်နေတာပေါ့။ သွားရတာကို အားသိပ်မရှိဘူးပေါ့ကွာ။ ငါ သေသေချာချာ ပြောထားတယ်။ မင်း စိတ်ချလက်ချသွား။ ရမှာ သေချာတယ်သာဆိုရင် သွား ရတာကိုက အားမာန်အပြည့်နဲ့။ ရတာ၊ မရတာ ဘေးချိတ်ထား။ သွားရတာကို

က အားရပါးရရှိတယ်။ ဟိုကျတော့လည်း ရဲရဲဝံ့ဝံ့ ပြောအားရှိတယ်။ တွန်းအားဆိုတာကတော့ ဒါပဲ သူငယ်ချင်းရဲ့။ ခု သူတို့လုပ်နေကြတာလည်း ဒီသဘောပဲ။ ဘယ်ဘိုးတော်က၊ ဘယ်ဝိဇ္ဇာက လုပ်သာလုပ်၊ ရမှာသေချာတယ်ဆိုရင် လုပ်ကြတာပဲ။ အမှန်ကတော့ ကိုယ့်ရဲ့ကြိုးစားမှုကြောင့် ဖြစ်ပေမယ့် မ,စလို့ ဖြစ်တယ်လို့ ယုံကြည်တတ်ကြတယ်။ အဲဒါ တွန်းအားရဲ့ သဘော လေးပဲ"

"ရာထူးတိုးဖို့ ဘာဖို့ ဆိုတာတွေကကော တကယ်လုပ်ပေးနိုင်ရဲ့လား"

"ဟာ. . သူငယ်ချင်းကလည်း။ ဘယ်လု ပေးနိုင်ပါ့မလဲ။ သူ့အချိန်တန်လို့ သူဖြစ်တာပါ။ ဒါပေမဲ့ ခုနပြောတဲ့ တွန်းအားကလေးတော့ ပါတယ်လေ။ အဓိဋ္ဌာန်ဝင်ရမယ်၊ သက်သတ်လွတ်စားရမယ်၊ ပုတီးစိပ်ရမယ်လို့ ညွှန်ကြားတတ်ကြတာပဲ။ ဒါတွေတော့ ကောင်းတဲ့အလုပ်၊ မွန်မြတ်တဲ့အလုပ်တွေပါပဲ။ ဒါပေမဲ့ ကိုယ့်ဟာကိုယ်လုပ်ရင် ဖြစ်လျက်နဲ့ ဒီမွန်မြတ်တဲ့အလုပ်တွေကို ငွေပေးဝယ်ပြီး လုပ်နေကြတာ "ရင်နာစရာကောင်းတယ်"

"ဟာ. . သူငယ်ချင်းရဲ့။ ရှင်းစမ်းပါဦး။ ပုတီးစိပ်တာကို ငွေပေးစိပ်တယ်လို့"

"အေးလေ. . ။ ကိုယ့်ဟာကိုယ် အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်. . ။ပြီးတာပဲဟာ။ ခုတော့ ဆရာဆီသွား၊ ငွေကန်တော့ပြီးမှ ပုတီးစိပ်တော့ ပုတီးစိပ်တာကို ငွေပေးပြီးမှ စိပ်ရသလို ဖြစ်တာပေါ့"

"ဒါဖြင့် ဆေးကုတာတို့ ဘာတို့ရော"

"ဒါကျတော့ နှစ်ပိုင်းခွဲရမယ်ကွာ။ တစ်ပိုင်းက တကယ်ဖြစ်တဲ့ရောဂါ။ ဆေးအမျိုးမျိုးနဲ့ ကုလို့မရတဲ့အခါ ကျတော့ ဟိုဟာကြောင့်၊ ဒီဟာကြောင့် ထင်လာတဲ့ ဝဋ်ဝေဒနာ။ တစ်ပိုင်းကတော့ နဂိုမူလ မဖြစ်ကတည်းက အကြောင်းတစ်စုံတစ်ရာပေါ် အခြေခံပြီး ဖြစ်လာတဲ့ စိတ်ဝေဒနာ။ စိတ်ဝေဒနာတွေကို စိတ်နဲ့ပြန်ကုတဲ့ သဘောပဲ။ အဲဒီလိုကုဖို့အတွက် သရုပ်ပြပစ္စည်းက ကန်တော့ပွဲ၊ ရေမန်းနဲ့ ဖယောင်းတိုင်ပေါ့"

"ဒါဖြင့်ကွာ. . သူငယ်ချင်း။ လူတစ်ယောက်က ဘိုးတော်ရှေ့ရောက်လာတယ် ထားပါတော့။ ဘိုးတော်ရှေ့ရောက်ပြီး ထိုင်လိုက်တာနဲ့ သူ့အကြောင်းတွေကို ဒက်ခနဲ ပြောလိုက်တာမျိုးကကောကွာ"

"ဒါလည်း နှစ်မျိုးရှိတယ်ကွ။ အောက်လမ်းနဲ့ အလယ်အလတ်လမ်းပဲ။ ဝိဇ္ဇာကျင့်စဉ်လိုက်တဲ့ လူတွေရဲ့ လမ်းမဟုတ်ဘူး။ ဒါမှာ အင်္ဂဝိဇ္ဇာနည်း လူကဲခတ်နည်းလည်း သုံးတယ်ပေ့ါ။ ခေါင်းစွဲနတ်ကို အစွဲထားပြီး လုပ်တာပေ့ါ။

မှော်ပညာ ပေါက်ထူး မပေါက်ရင် ရှုံး။ အဲဒီနည်းကို အခြေခံထားပြီး လုပ်တာပဲ"

"ငါ ဒီကိစ္စတွေကို လက်တွေ့လေ့လာချင်တယ်။ မင်းတတ်နိုင်ရင် လုပ်ပေးစမ်းပါ။ သာမန်လူတစ်ယောက်အနေနဲ့ လေ့လာချင်တယ်"

"ဖြစ်ပါတယ် သူငယ်ချင်း။ ပထမဆုံးတိုက်ပေါ်က ဘိုးဘော်၊ ဘုရားပေါ်က ဘိုးတော်တွေအကြောင်း မလေ့လာခင် တဲပေါ်က ဘိုးတော်တွေအကြောင်း လေ့လာ။ ငါလမ်းညွှန်လိုက်မယ်။ လိပ်စာပေးလိုက်မယ်"

"အိုကေ"

သူငယ်ချင်းဖြစ်သူ ပေးလိုက်သည့် လိပ်စာရှင်ဆီ မသွားမီ သူနှင့်ဆွေးနွေးခဲ့သည့်အပိုင်းကို ပြန်စဉ်းစားမိသည်။

သူပြောလိုက်သည်များကို ကျွန်တော် ဘဝင်ကျမိပါသည်။

ပထမအချက်ကို ကြည့်ကြပါစို့။

အများအားဖြင့် ဆရာကြီးအမည်ခံ၊ ဘိုးတော်ဘုရားအမည်ခံ ပုဂ္ဂိုလ်ကိုကြည့်လျှင် ကျင့်စဉ်ကျင့်နေသည့်အချိန်ထက် ပုတီးလည်ပင်းဆွဲပြီး ဆေးကု၊ အဟောပြောလုပ်နေသည့်အချိန်က များ၏။ မရှိ မဟုတ်ပေ။ တကယ်အလုပ်လုပ်နေသည့် ပုဂ္ဂိုလ်များလည်း ရှိပါ၏။ အနည်းစုပါ။

မွန်မြတ်သော လုပ်ငန်းတစ်ခုကို စီးပွားရေးသဘော လုပ်နေသည်မှာ လက်တွေ့ ရိုးရိုးတန်းတန်းပုတီးစိပ်သူပင်လျှင် လူအထင်သေးခံရသည့်အဆင့်သို့ ရောက်နေကြသည်။

နောက်တစ်ချက်. . တွန်းအား။ ဒီသဘောကလည်း အလွန်မှန်၏။ ဘာလုပ်လုပ် မိမိကိုယ်တိုင်ကြိုးစားမှ ဖြစ်သော်လည်း တွန်းအားလိုချင်တတ်သည်မှာ လူ့သဘာဝ။ တွန်းအားကို ရှာကြသည်မှာ မှန်ကန်သော တွန်းအားမပေးဘဲ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို ဗန်းပြ၍ တွန်းအားပေးသည်ကို မမှန်ကန်ဟု ဆိုရပေမည်သာ။

ပုတီးစိပ်နည်း ငွေပေးဝယ်ကြသည်ဆိုသည်ကို ကျွန်တော် ဘဝင်မကျဆုံးပါ။

ပုတီးစိပ်သည်မှာ မိမိအတွက် သမာဓိတည်ကြည်ရန်နှင့် သတ္တဝါများအတွက် မေတ္တာတရားပွားများရာတွင် အကျိုးသက်ရောက်မှုရှိရာ တစ်ပါးသူအပေါ်သို့ ရည်စူးပွားများသည့် စေတနာ၏အကျိုးကို ခံစားရမည့်သူမှာ မိမိသာလျှင် ဖြစ်ပေ၏။

မိမိထံမှ အလင်းရောင်သွားလျှင် ပြန်လည်ရောင်ပြန်ဟပ်မည်မှာ

အလင်းရောင်ပင်။

မိမိထံမှ မေတ္တာဓာတ်ဖြန့်ပွားလျှင် ပြန်လာမည်မှာလည်း မေတ္တာဓာတ်များပင် ဖြစ်ပေသည်။

ပုတီးစိပ်ခြင်း။ သမာဓိတည်ဆောက်ခြင်းမှာ အလွန်မွန်မြတ်သော အလုပ်ဖြစ်၏။ မွန်မြတ်သောအလုပ်အတွက် ထိုက်တန်သောအကျိုးကို ခံစားရပေမည်။ သို့သော် ရည်ရွယ်ချက်မှားလျှင်မူကား အညောင်းသာအဖတ်တင်ပေလိမ့်မည်သာ။

ဆေးကုသည့်ကိစ္စတွင် သူပြောသည်မှာ သဘာဝကျသည်။ ပယောဂရှိမရှိ၊ နတ်တိုက်၊ စုန်းတိုက်၊ ရွာသူတိုက် စသည်များ ရှိ၊ မရှိ မှာမူ ခံယူသူ၏ ခံယူချက်သာ ဖြစ်၏။

သာမန်ရောဂါများပင်လျှင် စိတ်က ထင်ထားလျှင် ပယောဂဖြစ်သွားတတ်၏။ ဂိုဏ်းအမည်ခံဆရာများထံ ရောက်သည့်အခါ မေးလိုက်လျှင် သာမန်ရောဂါဟု အပြောမရှိ။ ပယောဂနွယ်သော ရောဂါဟု အမည်တပ်ကြပေသည်။ အမည်တပ်ပြီးသည်နှင့် ဆေးကုဖို့က အဆင်သင့်။

စမ်းသပ်လိုက်သည်နှင့် ပယောဂအမည်တစ်ခုခုတပ်ပြီး ကုသရေးအတွက် ငွေကြေးစကားပြောလာတတ်သည်။ သတ္တဝါတွေကို မေတ္တာထားပြီး ငွေကြေးမယူဘဲ စေတနာအရင်းခံဖြင့် ကုသနေသူများရော မရှိဘူးလားဟု မေးလာလျှင် ရှိပါသည်ဟု ဖြေရပါမည်။ သို့သော် အလွန့်အလွန်နည်းသော အနည်းစုပါ။ ရေတွက်ပြစရာ ရှားပါးသည့် အနည်းစုသာ ဖြစ်ပါသည်။ .

တစ်စုံတစ်ဦးသော သူတစ်ယောက်သည် ဂိုဏ်းဆရာများရှေ့မှောက်သို့ ရောက်ငြားအံ့။ ထိုသူ၏ အတွင်းရေးအချက်အချို့ကို အကြားအမြင်ဟန်ပြု၍ ဟောလိမ့်မည်ဖြစ်၏။ သို့သော် အကြားအမြင်အစစ် မဟုတ်ပေ။ အင်္ဂဝိဇ္ဇာနည်း၊ ခေါင်းစွဲနည်းများကို အခြေခံ၍ ဟောသည်က အများစု။ သမာဓိအားကောင်းသဖြင့် စိတ်ကိုထိန်းချုပ်ပြီး မနောအထင်ဖြင့် ဟောသည်က အနည်းစု။

ဗေဒင်နှင့် လက္ခဏာပညာကို သူ့ပညာအတိုင်း မဟောဘဲ မနောမယပညာပုံစံပင် ဖြစ်ပေသည်။

အရှိ ဗေဒင်နှင့် လက္ခဏာပညာနေရာတွင် မရှိ အကြားအမြင်ဖြင့် လှည့်စား အစားထိုးလိုက်ကြသည်။

ဤသည်မှာ သဘာဝမကျသော၊ မလုပ်သင့်သော၊ မလုပ်အပ်သော အလုပ်များကို လုပ်ကိုင်နေကြခြင်း ဖြစ်ပေသည်။



သူတို့လုပ်ငန်းကလေးများ အတွင်းကျကျ ကိုယ်တွေ့လေ့လာနိုင်ရန် ကျွန်တော်၏မိတ်ဆွေ ညွှန်ပြသည့် သာကေတဆရာဆီ ရောက်သွားသည်။

သပ်သပ်ရပ်ရပ် ဆောက်ထားသော ဝါးထရံကာ၊ ဓနိမိုး သုံးပင်အိမ်လေးရှေ့တွင် ဂိုဏ်းအမည်နှင့် ဆရာအမည်ရေးထားသည့် ဆိုင်းဘုတ်အစိမ်းတစ်ခု ရှိ၏။ ဂိုဏ်းအမည်နှင့် ဆရာအမည်ကို မဖော်ပြလိုတော့ပါ။

အိမ်ကလေးမှာ ဖျဉ်တစ်ဝက်၊ ဝါးကြမ်းတစ်ဝက် ခင်းထားသည်။ ကျွန်တော် အိမ်ပေါ် တက်သွားချိန်တွင် အမျိုးသမီးငါးယောက် ထိုင်နေကြသည်။ ညာဘက်လက်တွင် ပုတီးအနက်ကြီးပတ်ထားသည့် ပိတ်ဖြူဝတ်ဆရာတစ်ယောက်ထိုင်နေရာ ကျွန်တော့်ကို မြင်သဖြင့် ကိစ္စရှိပါသလားဟု ဆီးမေးသည်။ ကျွန်တော့်မိတ်ဆွေရေးပေးလိုက်သည့် မိတ်ဆက်စာကို ဖတ်ပြီးနောက် အင်မတန်ရင်းနှီးသော အမူအရာဖြင့် ခေတ္တခဏစောင့်ရန် ပြောပြီး ဝရန်တာတွင် မှီထားသည့် ပက်လက်ကုလားထိုင်တွင် အေးအေးဆေးဆေးထိုင်နေရန် ညွှန်ပြပါသည်။

"ကိစ္စမရှိပါဘူး ဆရာ။ ဆရာတို့အတွက် အနှောင့်အယှက်မဖြစ်ရင် ကျွန်တော် ဒီမှာပဲ ထိုင်နေပါ့မယ်"

"ထိုင်နိုင်ပါတယ် ခင်ဗျာ။ အနှောင့်အယှက် မဖြစ်ပါဘူး"

ဤသို့ဖြင့် ကျွန်တော်ဆက်ထိုင်နေပြီး ပွဲပြင်ဆင်ထားပုံကို လေ့လာလိုက်ပါသည်။

ဘိုးတော်ကင်းတိုက်မှာ ပွဲပြင်ဆင်ထားသလို ခမ်းခမ်းနားနား မရှိစေကာမူ သပ်သပ်ရပ်ရပ်တော့ ရှိသည်။ ပိတ်ဖြူခင်းထားသော စားပွဲအရှည်ပေါ်တွင် ပွဲသုံးပွဲပြင်ထားသည်။ ဘိုးတော်ကင်းအိမ်မှာလို ယွန်းကလပ်ဖြင့် ပြင်ထားခြင်း မဟုတ်ပါ။ ပြောင်လက်နေအောင် ဆေးကြောထားသည့် ကြွေရည်သုတ်ဇလုံကြီးများနှင့် ပြင်ဆင်ထားပါသည်။

ညာဘက်အစွန်ဆုံးပွဲတွင် ငှက်ပျောငါးဖီးနှင့် ပွဲတစ်ပွဲ။ အလယ်တွင် ငှက်ပျောသုံးဖီးနှင့် ပွဲတစ်ပွဲ။ ထိုနှစ်ပွဲမှာကပ်လျက်။

လက်ျာဘက်အစွန် ပွဲနှစ်ပွဲရှိ အုန်းသီးများပေါ်တွင် ပုတီးတစ်ကုံးစီ ရစ်ခွေထားပြီး ဝဲဘက်အစွန်ပွဲပေါ်တွင်မူ စပယ်ပန်းများ ရစ်ခွေထား၏။

ပွဲရှေ့ သစ်သားကလပ်ကလေးပေါ်တွင် ပုပု၊ ရှည်ရှည်၊ လုံးလုံး၊ လေးထောင့် ပုံစံမျိုးစုံ ဆေးတောင့်ကလေးများ တင်ထားပြီး ရေခဲမုန့်ထည့်သည့် ကလပ်ဖန်ခွက်ကလေးတစ်ခွက်ထဲတွင် ငွေရောင်ဆေးလုံးကလေးများ အတော်

များများထည့်ထားသည်ကို တွေ့ရ၏။

အားလုံးကို မြဲကြည့်လိုက်လျှင် ပွဲပြင်ဆင်ထားပုံမှာ မခမ်းနားသော်လည်း မြင်ကွင်းလှပ၍ ရှင်းရှင်းလင်းလင်းရှိပါသည်။

ကျွန်တော်တက်သွားစဉ်က ထိုင်နေသည့် အမျိုးသမီးငါးယောက်အနက် နှစ်ယောက်က တစ်တွဲ၊ သုံးယောက်က တစ်တွဲဖြစ်၍ ဆရာလုပ်သူက နှစ်ယောက်တစ်တွဲကို သူ့ရှေ့တွင် လာထိုင်ရန် ခေါ်လိုက်၏။

တစ်ယောက်သော အမျိုးသမီးမှာ အသက်လေးဆယ့်ငါးနှစ်ခန့်၊ တစ်ယောက်သော အမျိုးသမီးမှာ အသက်သုံးဆယ်ခန့်။ တစ်ယောက်နှင့်တစ်ယောက် ရုပ်ချင်း ဘယ်လိုမှမဆင်သဖြင့် ညီအစ်မသော်လည်းကောင်း၊ သားအမိသော်လည်းကောင်း ဖြစ်ဟန်မရှိပေ။ အသက်လေးဆယ့်ငါးနှစ်ခန့်ရှိ အမျိုးသမီးမှာ ဆရာနှင့် ရင်းရင်းနှီးနှီးရှိသည်။ ကျန်အမျိုးသမီးမှာမူ ယခုမှ ရောက်ဖူးဟန်ရှိ၏။

တစ်ယောက်က ရဲရဲတင်းတင်း။ တစ်ယောက်က မှိုတိုးရှုန်းတန်း။

"ကဲ. . မခင်ကြည်။ ခင်ဗျားအဖော်ရဲ့ကိစ္စကို ပြော"

"ဟုတ်ကဲ့ ဆရာကြီး။ မတင်တင်ရဲ့ ယောကျ်ားက ကုန်သွယ်ရေးမှာ ဌာနခွဲစာရေးကြီးပါ။ အရင်ကတော့ တော်တော်ရိုးသားပါတယ်။ ခုတော့ အိမ်ပြန်မမှန်၊ လခပေးမမှန်ဘဲ အနေအထိုင်ကျနေလို့ လိုက်စုံစမ်းတော့မှ စာရေးမတစ်ယောက်နဲ့ ဟိုလိုလိုဒီလိုလိုဖြစ်နေတာ သိရပါတယ်။ အဲဒါ မလွှန်ခင် တားချင်လို့ပါ။ ဆရာ့ဆီ ခေါ်လာတာပါ"

"ကလေးမနာမည် ဘယ်လိုခေါ်သလဲ"

"တင်တင်အီပါ ဆရာ"

"ခင်ပွန်းနာမည်ကရော"

"ကိုလွန်းမောင်ပါ"

"နေ့သင့်နံသင့်ပဲနော်"

"ဟုတ်ပါတယ် ဆရာ။ ဗုဒ္ဓဟူးသားပါ"

"ဒီလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"လေးလလောက် ရှိသွားပါပြီ ဆရာ"

"ကဲ. . ကဲ. . စမ်းကြည့်ရအောင်"

ဆရာက ပြောပြောဆိုဆို ပွဲရှေ့တွင် ဖယောင်းတိုင်ငါးတိုင်ထွန်းလိုက်ပြီး ရေတစ်ခွက်ကိုကိုင်၍ ရှိခိုးကန်တော့လိုက်သည်။

ရှိခိုးပြီးနောက် ဖန်ခွက်ထဲရှိ ရေများကို လက်နှင့်မွှေပြီး ဂါထာရွတ်ရင်း ဦး. . ဦး. . မန်းမှုတ်နေသည်မှာ ငါးမိနစ်ခန့်။

ပြီးသည်နှင့် ကျွန်တော်တို့ဘက်လှည့်ပြီး အမျိုးသမီးကို သူ့ရှေ့သို့ တိုးခိုင်းလိုက်၏။ အမျိုးသမီး၏ လက်ထိပ်ကလေးများကို သွေးစမ်းသလို စမ်းကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လျက်. .

"အင်း. . ကလေးမတောင် နည်းနည်းမိနေပါလား။ ဆရာနဲ့ အတွေ့စောပေလို့။ ကလေးမကို မေးရဦးမယ်။ အခုတစ်လနှစ်လအတွင်းမှာ ခင်ပွန်းက မင်းကို မကြည့်ချင်အောင်၊ စကားမပြောချင်အောင် ဖြစ်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ အရင်က ကျွန်မကို သိပ်အလိုလိုက်ပါတယ်။ အခုတော့ မူပြောင်းနေပါပြီ"

"ဒါကြောင့် ဆရာပြောတာပေါ့။ ကလေးမလည်း မိနေပြီလို့"

"ဘာမိတာလဲ ဆရာ။ ကျွန်မ နားမလည်လို့ပါ"

"အေးပေါ့ကွယ်. . အေးပေါ့။ သူ့ဆေးက သူ့ကို ချစ်အောင်လုပ်ပြီး မင်းကို မုန်းအောင်လုပ်ထားတဲ့ ဆေးပဲ။ ဒါပေမဲ့ မပူပါနဲ့လေ။ ဒါတွေက အောက်နည်းတွေပါ။ ဆရာနဲ့တွေ့ရင် ဘယ်ခံနိုင်ပါ့မလဲ။ သူငယ်မအတွက်ကတော့ နည်းပါတယ်။ မင်းခင်ပွန်းအတွက်တော့ တော်တော်လေး လုပ်ရလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာရယ်။ ဆရာကြီးကို အားကိုးပါတယ်။ အဆင်ပြေအောင်သာ လုပ်ပေးပါ။ ကျွန်မဘက်က လုပ်ရမယ့်တာဝန်တော့ ကျွန်မတာဝန်ထားပါ"

"အေး. . အေး. . စမ်းကြည့်မယ်လေ။ ကလေးမကို စမ်းကြည့်လည်းရပါတယ်။ ကလေးမကို အစွဲကူးမသွားစေချင်ဘူး။ မခင်ကြည်နဲ့ပဲ စမ်းတာပေါ့။ ဘယ့်နှယ်လဲ မခင်ကြည်"

"ဖြစ်ပါတယ် ဆရာ"

"ကဲ. . ကလေးမ နောက်နည်းနည်းဆုတ်။ မခင်ကြည်က ရှေ့တိုးလာ။ လက်အုပ်ချီ. . ။ စိတ်ကို လျှော့ထားလိုက်"

လက်အုပ်ချီထားသော မခင်ကြည်ဆိုသူ အမျိုးသမီး၏ လက်ကိုကိုင်ပြီး ဤကဲ့သို့ အမိန့်ပေးလိုက်၏။

"ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့ အပ်နှင်းထားသော အာဏာအရ

ငါ့အမိန့်ပေးလိုက်သည်။ ငါ့မျက်မှောက်တွင် ရောက်နေသည့် စနေသမီးအပေါ် စုန်းတိုက်၊ နတ်တိုက်၊ ဆေးတိုက်လုပ်ထားတဲ့ ကာယကံရှင် ရောက်စေ။ ကဲ. . အဘဘိုးတော်ရဲ့အမိန့်။ ရောက်စေ။ မည်သူမှ မတားဆီးရ။ မနှောင့်ယှက်ရ။ စေဆရာအမိန့်"

ဆရာကြီးဖြစ်သူက ဤသို့ ဟန်ပါပါအမိန့်ပေးနေသော်လည်း မခင်ကြည်က မလှုပ်သေး။ လက်အုပ်ချီလျက် ငြိမ်ငြိမ်လေးသာပင်။

ဤတွင် ဆရာကြီးက ဒေါပွလာဟန်ဖြင့် ဖန်ခွက်ထဲမှရေကို နှိုက်ယူလိုက်ပြီး မခင်ကြည်၏မျက်နှာကို တောက်လိုက်ပါသည်။

"ငါ့အမိန့်ကို အာခံနေတဲ့ ပယောဂရှင်ဟာ ဘယ်လိုပယောဂရှင်လဲ။ ဝင်ဆို အခုဝင်။ အခု ရောက်စေ"

ပြောပြောဆိုဆို ကြမ်းပြင်ကို လက်ဝါးနှင့် ဖြန်းခနဲရိုက်လိုက်၏။

မခင်ကြည်၏လက်များ လှုပ်လာပါပြီ။ ခန္ဓာကိုယ်မှာလည်း ဖြည်းဖြည်းချင်း ရှေ့တိုးနောက်ငင် လှုပ်ရှားစပြုလာပြီ။

"အတုအယောင် မလိုချင်ဘူးနော်။ အစစ်ရောက်တာပဲ လိုချင်တယ်။ ဒဏ်ခတ်မခံချင်ရင် အစစ်ရောက်စေ"

မခင်ကြည်၏ လက်နှင့် ကိုယ်ခန္ဓာမှာ ခပ်ကြမ်းကြမ်းကလေး လှုပ်လာသည်။ ယှက်ထားသည့် လက်နှစ်ဖက်မှာ နဖူးကို တဖတ်ဖတ်ရိုက်နေသည်။

ပုံသဏ္ဍာန်ကတော့ နတ်ဝင်တဲ့ ပုံသဏ္ဍာန်ပါ။

"အစစ်အမှန်ရောက်ရင် ဆရာ့ကို ဦးတိုက်။ ဘိုးတော်ကို ဦးတိုက်"

မခင်ကြည်၏ လက်နှင့်ကိုယ်မှာ ပြန်ငြိမ်သွားပြီး ဆရာဖြစ်သူကို ဖြည်းဖြည်းကန်တော့နေသည်။

"ခုအချိန်ကစပြီး ငါ့အမိန့်မပေးဘဲ မထွက်ရ။ ချုပ်ဆရာ ချုပ်၊ ချည်ဆရာ ချည်"

ဟု အမိန့်ပေးပြီး လက်ထဲရှိ ရေစင်ဖြင့် မခင်ကြည်ကိုယ်ပတ်လည်သို့ ထောက်လိုက်သည်။

"ကဲ. . ရောက်နေတဲ့ ကာယကံရှင် ဘယ်သူလဲ။ ပြောစမ်း"

မခင်ကြည်၏ ပါးစပ်က မလှုပ်။

"တယ်. . ငါလုပ်လိုက်ရ။ ဆေးစောင့်တွေ နှုတ်ဖွင့်လိုက်စမ်း။ အတားအဆီး မရှိစေနှင့်။ တစ်ခွန်းတည်း အမိန့်ပေးမယ်။ နှုတ်ဖွင့်လိုက်"

ဒေါသသံဖြင့် ခပ်ကြမ်းကြမ်းကလေး အော်လိုက်သည်။



မခင်ကြည်၏ ပါးစပ်များ လှုပ်လာပါပြီ။ အသံမထွက်သေး။

"ပြောမလား၊ မပြောဘူးလား။ ရေဝဏ်နဲ့နင်းဖို့ အမိန့်ပေးလိုက်ရမလား"

သည်တော့မှ မခင်ကြည် အသံထွက်လာသည်။

"ကြောက်ပါပြီ ဆရာရဲ့။ ပြောပါတော့မယ်"

"ကဲ. . နင်ဘယ်သူလဲ။ ပြောစမ်း"

"သူများလုပ်ခိုင်းလို့ပါ ဆရာရယ်။ အမည်တော့ မပြောပါရစေနဲ့"

"နင့်ပယောဂတွေ နင်နုတ်မလား"

"နုတ်ပေးပါ့မယ် ဆရာရယ်"

"ဗုဒ္ဓဟူးသား အတွက်ပါနော်။ တစ်ခါတည်း နုတ်ရမယ်"

"ဗုဒ္ဓဟူးသားအတွက်က ကျွန်မနဲ့မဆိုင်ပါဘူး ဆရာရယ်။ ဒါက တစ်ဦးပါ"

"အောင်မယ်. . ငါ့ကို လိမ်နေတာလား။ အဟင်း. . ကြိမ်စကြာ ဖြန့်လိုက်ရမလား"

"မလုပ်ပါနဲ့ ဆရာရယ်။ ကြောက်ပါတယ်။ နုတ်ပေးပါ့မယ်"

"ကတိတည်ရမယ်နော်။ သစ္စာရေလည်း သောက်ရမယ်"

"တည်ပါ့မယ် ဆရာရယ်။ သောက်ပါ့မယ်။ ပူလွန်းအားကြီးလို့ပါ။ မြန်မြန်သွားပါရစေတော့"

"ကဲ. . ကဲ. . ဆေးဝင်ပြီ။ ငါသစ္စာဆိုထားတဲ့ ငါ့အမိဋ္ဌာန်ရေကို သောက်သွား။ ရော့. . သောက်ဘွား"

မခင်ကြည်က ခွက်ထဲမှရေကို မျက်နှာရှုံ့မဲ့ရှုံ့မဲ့အမူအရာနှင့် သောက်ချလိုက်၏။

"စေဆရာအမိန့်. . ။ ဖြီဆရာ ဖြီ။ ဖြေဆရာ ဖြေ"

နောက်ဆုံးအမိန့်သံနှင့်အတူ မခင်ကြည် ဝါးခနဲသမ်းလိုက်သည့် အသံကလည်း တစ်ပြိုင်တည်းပေါ်လာလေသည်။

"ကဲ. . ကလေးမ အမြင်၊ အကြားပဲနော်။ ဘာမှမပူနဲ့တော့။ ဆရာဆေးပေးလိုက်မယ်။ ညကျ သောက်။ ဝမ်းသွားလိမ့်မယ်။ ဝမ်းသွားပြီးရင် ပယောဂစင်သွားလိမ့်မယ်"

"ကိုထွန်းအောင်အတွက်ကကော ဆရာ"

"မပူပါနဲ့လေ။ သူ့အတွက်က သီးခြားလုပ်ရလိမ့်မယ်။ သူ့ကို ဒီခေါ်

လာလို့ ရမလား"

အမျိုးသမီးနှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုးတိုးတိုင်ပင်ကြသည်၊

"ဒီခေါ် လာဖို့တော့ မလွယ်ဘူးထင်ပါတယ် ဆရာ"

"ကိစ္စမရှိဘူးလေ။ ဆ ဘုစီရင်ပေးလိုက်မယ်။ ဆေးနဲ့ ဖယောင်းတိုင် ယူသွား။ ဆေးကို သောက်။ ရေအိုးနဲ့ သူ့မျက်နှာသစ်ရေ တစ်ခွက်ကျ ခပ်ထား လိုက်။ ဖယောင်းတိုင်ကိုတော့ သူအလုပ်သွားနေတုန်း နေ့လယ်ဘက်မှာ ထွန်း ပေး။ ဖယောင်းတိုင်မကုန်ခင် သူစိတ်ပြန်လည်လာလိမ့်မယ်"

"ဆရာကြီးကျေးဇူး မမေ့ပါဘူး ဆရာကြီးရယ်။ သေသေချာချာလေး သာ လုပ်ပေးပါ"

"ကလေးမ. . ဆရာ့ဆီရောက်မှတော့ စိတ်အေးအေးနေ။ ဒီကိစ္စတွေ ပြီးသွားရင် မင်းယောကျ်ား မင်းဆီက မသွားနိုင်အောင် လုပ်ပေးလိုက်မယ်"

အမျိုးသမီးနှစ်ယောက် တိုးတိုးနှင့် တိုင်ပင်ကြပြန်သည်။ မခင်ကြည် က ဆရာကြီးကို ပြောလိုက်သည်မှာ. .

"တင်တင်က ဆရာကြီးကို ကန်တော့ဖို့ ဆရာကြီးအမိန့်ရှိပါ"

"ဆရာကြီးကတော့ ငွေရဖို့ လုပ်တာ မဟုတ်ပါဘူးကွယ်။ ဒုက္ခတွေ့ နေတဲ့ သတ္တဝါတွေကို ကူညီဖို့ပဲ။ ဆေးဖိုးဝါးခလောက်ပဲ ယူပါတယ်။ ကျန်တာ ကတော့ မေတ္တာ၊ စေတနာပါပဲ။ အဖိုးသားနားပြောဖို့ မလိုပါဘူး။ ကလေးမလေး စေတနာအတိုင်းပဲ လုပ်ပါ။ ကလေးမယောကျ်ားအတွက်တော့ အင်းဖယောင်း တိုင် ထွန်းရလိမ့်မယ်။ ဒါကတော့ ငွေနှစ်ဆယ်ကျပ် ကျမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီးရယ်။ ကျွန်မအတွက် စေတနာထားပြီး လုပ် ပေးတာကိုပဲ ကျေးဇူးတင်လို့ မဆုံးပါဘူး။ ဒီကျေးဇူး တကယ်မမေ့ပါဘူး။ နောက် ထပ်လည်း ဆရာကြီးကို လာကန်တော့ပါဦးမယ်"

ဟု ပြောပြောဆိုဆို ခရမ်းရောင်စက္ကူဟောင်းလေးသုံးရွက်နှင့် အပြာ ရောင်စက္ကူလေးတစ်ရွက် ဆရာကြီးလက်ထဲ ထည့်ပေးလိုက်ပါသည်။

စုစုပေါင်း သုံးဆယ့်ငါးကျပ်။

ဘိုးတော်ကင်းနှင့်တော့ ကွာပါသည်။

ဟိုကတော့ ထောင်မလဲ သဲကော်များ။ ဒီမှာတော့ တစ်ဆယ်တန် အဟောင်းကလေးများ။

မည်သို့ပင်ဖြစ်စေ၊ ပုံစံချင်းသာ ခြားသည်။ ငွေယူသည်မှာ အတူတူ ပင်။



"ဆရာကြီး. . တင်တင်အတွက် အကာအကွယ် ကိုယ်လုံဆေးထိုးဖို့ လိုဦးမလား"

"ဒါကတော့ ကလေးမသဘောပေါ့"

"ဟုတ်ကဲ့. . ။ ကျွန်မ ဆေးထိုးထားချင်ပါတယ် ဆရာကြီး"

"အေး. . ဒီလိုဆို နောက်အပတ် ခေါင်းလျှော်ပြီးတဲ့အခါ လိုက်နာရ မယ့် စည်းကမ်းနဲ့ ပွဲပေးဖို့တော့ မခင်ကြည်ပဲ ပြောပြလိုက်ပေါ့။ ရော့. . ဟောဒီ ဆေးက ရေထဲခတ်ဖို့ ဆေး။ ဟောဒါက ည ကလေးမသောက်ဖို့။ ဟောဒါက ကလေးမကိုယ်ထဲ အဆောင်ထားဖို့ ဓာတ်လုံးကလေး။ လက်ကိုင်ပဝါလေးနဲ့ ထား။ မသန့်တဲ့နေရာသွားရင် မယူနဲ့။ အမြင့်နေရာမှာ ထားခဲ့။

ကဲ. . စိတ်ချလက်ချ ပြန်ပေတော့။ ဖယောင်းတိုင်ထွန်းပြီးရင် အား လုံး အဆင်ပြေသွားစေရမယ်။ ဆရာ လုံးဝတာဝန်ယူလိုက်တယ်။ ကဲ. . ကဲ. . ပြန်နိုင်ပြီ. . ပြန်နိုင်ပြီ"

အမျိုးသမီးများမှာ ဆရာကြီးနှင့် ဘိုးတော်ပွဲများကို ကန်တော့၍ ယို့ ယို့ကလေး ပြန်ထွက်သွားကြသည်။

သည်တော့. .

နောက်တစ်ဦးအကြောင်း မဆက်ခင် အထက်ဂိုဏ်းအမည်ခံတို့၏ လုပ်ဟန်ကလေးများကို ပြန်လည်ဆန်းစစ်ရပေမည်။

အထက်ဂိုဏ်းလုပ်ငန်းသည် မြင့်မြတ်သောအလုပ်။ တရားဓမ္မဘက် နွယ်သောအလုပ်။ လောကီရေးနှင့် မပတ်သက်သောအလုပ်။

ဘိုးတော်အမည်ခံသူတစ်ဦး အနီးတွင်၊ ရှေ့မှောက်တွင် လုပ်နေသည် မှာ အထက်ဂိုဏ်းနှင့် မည်သို့မှဆက်စပ်မရသည့် လောကီရေးတွင် အောက်ဆုံး အဆင့်တွင်ရှိသည့် မယားငယ်နေသည့်ကိစ္စ၊ လင်မယားအရှုပ်တော်ပုံ။

ခေတ်ကြီးက ဘာဖြစ်နေပြီလဲ မပြောနိုင်တော့၊ ဖြစ်ချင်တာတွေတော့ ဖြစ်ကုန်ပြီ။ အလုပ်လည်း ဖြစ်နေကြပြီ။ စားလည်းစားသာနေကြပြီ။

ငွေရောင်လုံးကလေးနှင့် ဖယောင်းတိုင်တစ်တိုင်အတွက် တန်ဖိုးမှာ ငွေသုံးဆယ့်ငါးကျပ်တိတိ။ နောက်ထပ်လည်း အလားအလာတွေရှိသေးသည်။

တင်တင်၏ယောကျ်ား ကိုထွန်းမောင်ဖောက်ပြန်မှု အဆင်ပြေ မပြေ၊ တင်တင့်အိမ်ဆီ ပြန်လာ မလာတော့ မသိ။ တင်တင့်အိတ်ထဲမှာ တစ်ပတ်စာဈေးဖိုး ထွက်သွားခဲ့ပေပြီ။

အမည်ခံ ဘိုးတော်ဆရာကြီးအတွက် တစ်ပတ်စာဆေးဖိုးမှာ ဖူလုံသွား

ပေပြီ။

ဆရာကြီးနှင့် မတွေ့ခင်ကပင် သူ့ယောက်ျားအငယ်အနှောင်းကိစ္စ ဖွင့်ပြောခဲ့သည်ကို ဆရာကြီးက သူ့စကားပေါ် နင်းလိုက်၏။ လိုက်ပုံမှာ ဤသို့။

မယားငယ်နေသည့် ယောက်ျားများသည် ကိုယ့်သားကြီးအပေါ်တွင် ထိုအချိန်ထိုအခါမျိုး၌ အမျိုးမျိုးရန်ပြုတတ်သည်။ မကျေနပ်ဖြစ်တတ်သည်မှာ သဘာဝ။

ထိုသဘောကို သဘာဝဟု မပြော။ ကလေးမယောက်ျားက ကလေးမအပေါ် အမူအရာပြောင်းနေတယ်မဟုတ်လား၊ ဘာလား ညာလားမေးသည်။ ရောင်တော်ပြန်နှင့် ရောလွှတ်ခြင်းမျှသာ ဖြစ်သည်။

ပယောဂအမှောင့် စမ်းသပ်ခြင်းနှင့် ဝင်ပူးခိုင်းခြင်းမှာ ရုတ်တရက် ကြည့်လျှင် ဆန်းကြယ်သည်ဟု ထင်ရသော်လည်း တကယ်တော့ မဆန်းပါ။ ဤကဲ့သို့ ဝင်အောင်လုပ်တိုင်း လုပ်၍ရသည် မဟုတ်ပေ။ စိတ်နုသူများ၊ နတ်ဝင်သည်အဖြစ် ဝါသနာထုံသူများကိုသာ လုပ်၍ ရပေသည်။

အသိစိတ်နှင့် မသိစိတ်ကို မသိစိတ်ဘက် တွန်းပို့ပေးပြီး အခြောက်အလှန့်ဖြင့် မေးမြန်းခြင်း၊ အဖြေကို ကြောင်းပေးခြင်း စသည့်သဘောပင် ဖြစ်သည်။

အိပ်မွေ့ချ၍ မေးမြန်းခြင်းသဘောနှင့်လည်း ခပ်ဆင်ဆင်တူ၏။

ထို့ကြောင့်သာ ကာယကံရှင်ကို မလုပ်ခိုင်းဘဲ သူ့တပည့်ကို လုပ်ခိုင်းခြင်းသာ ဖြစ်ပေသည်။

ဆေးပေးခြင်း၊ ဖယောင်းတိုင်ထွန်းခြင်းတို့မှာမူ စိတ်ဝေဒနာခံစားနေရသူတို့အား စိတ်ဓာတ်လှည့်စားကြသည့် သဘောပင် ဖြစ်ပေသည်။

ကျွန်တော်တွေ့ဖူးပါသည်။ ဆရာတစ်ယောက်၏ ငွေငါးဆယ်တန် ဆေးဖယောင်းတိုင်ကြီးတစ်ခုကို အသေအချာ ခွဲစိတ်လေ့လာဖူးပါသည်။

ဖယောင်းတိုင်မှာ ဝါဆိုဖယောင်းတိုင်ဖြစ်၍ အထဲတွင် ဘာမှ မပါပါ။ သူနဂိုမူလအတိုင်း ကြိုးမိုးမိုးသာ ဖြစ်ပါသည်။ ဓာတ်ဆင်၊ ဓာတ်ရိုက်ထားသည်ဆိုသည့် အင်းများ လုံးဝမပါပါ။ ဖယောင်းတိုင်ကို ရွှေမင်သုတ်ပြီး ဂဏန်းအင်းများနှင့် ကာယကံရှင်၏ နေ့နံများ၊ အောင်ပါစေသတည်း အောင်စေသတည်းဆိုသည့် စာလုံးများကို အတွန့်အတက်များဖြင့် ရေးသားထားသည်ကို တွေ့ရ၏။ ရုတ်တရက်ကြည့်လိုက်လျှင် ရွှေမင်တွေတလက်လက်နှင့် ဖယောင်းတိုင်ကြီးက သူ့အဖို့ တစ်ခဏချင်း ဝမ်းသာအားရဖြစ်ပြီး စိတ်အားတက်ကြွသွား



စေရုံသဘောသာ ရှိပေသည်။

အမှန်တော့ ဖယောင်းတိုင်ထွန်းတိုင်း အကြံအစည်တွေ အောင်မြင်မည်ဆိုလျှင် ဘာမျှမလုပ်ဘဲ အိမ်မှာထိုင်၍ ဖယောင်းတိုင်ထွန်းနေရုံမျှသာ။

မည်သို့ပင်ဆိုစေ အတတ်ဂိုဏ်းအမည်ခံပုဂ္ဂိုလ်များ၊ ဘိုးတော်အမည်ခံပုဂ္ဂိုလ်များသည် ဗေဒင်ပညာနှင့်သက်ဆိုင်သည့်အလုပ်များကို လုပ်ပြီး လူထုကို လှည့်စားရန် မသင့်ဟု ဆိုရပါမည်။

ဤခေတ်၊ ဤစနစ်များအလယ်တွင် ဤသို့သောလုပ်ဟန်များကို ပို၍ ရှောင်ရှားသင့်ပါသည်။

ကျွန်တော်ရှိနေစဉ် တွေ့ခဲ့ရသည့် ဆရာကြီးလုပ်ငန်းများအကြောင်း ပြန်ဆက်ပါမည်။

အမျိုးသမီးနှစ်ဦး ပြန်သွားပြီးနောက် အမျိုးသမီးသုံးဦးကိစ္စ ဆက်ပြန်ပါသည်။

"ကဲ. . ဒေါ်ကျင်မြိုင်တို့ကိစ္စ ဆိုစမ်းပါဦး"

"ကျွန်မကိစ္စ မဟုတ်ပါဘူး။ ကျွန်မညီမကိစ္စပါ ဆရာ"

ဆရာကြီးက ဘာမှ ပြန်မပြောသေး။ အေးအေးဆေးဆေး ကွမ်းယာဝါးနေပြန်၏။

ဤသို့ပြန်အဖြေပေးလိုက်သည့် အမျိုးသမီးမှာ အသားဖြူဖြူ ရုပ်ချောချော၊ တရုတ်ကပြားဖြစ်ဟန်ရှိ၏။ လက်ဝတ်လက်စားများလည်း အပြည့်ဝတ်ဆင်ထား၏။ ဖြူဝင်းသော အသားပေါ်တွင် တင်ထားသည့် မိတ်ကပ်ပန်းသွေးရောင်ကြောင့် ပို၍တောက်ပနေသလားဟု ထင်ရသည်။

ကျွန်မညီမဟု လက်ညှိုးညွှန်ခံရသည့် အမျိုးသမီးမှာလည်း သူ့လိုပင် ဖြူ၏၊ ချော၏။ သို့သော် လက်ဝတ်ရတနာများ မရှိ။ ပြင်ပြင်ဆင်ဆင်၊ ခြယ်ခြယ်သသ မရှိ။ ဆံကေသာကိုပင် ဘီးပတ်ကလေး ပတ်ထားသည်။ သူမမျက်နှာ ညှိုးငယ်နေသည့်အသွင်။ ထိုသို့ မိတ်ကပ်မခြယ်၊ သနပ်ခါးမလူးဘဲ ပင်ကိုအရှိအတိုင်း နေသည်ကပင် တစ်မျိုးကြည့်ကောင်းနေသည်ဟု ထင်မိပါ၏။

တစ်ယောက်ကတော့ အဖော်ဖြစ်မည်လား၊ ဘာလား မဆိုနိုင်ပါ။ သူတို့နှစ်ယောက်နှင့် ဆက်စပ်မရ။ ဖျိုးတို့အလယ်တွင် ရောက်နေသည့် ကျီးပမာ အသားမည်း၍ အရုပ်ဆိုးသည့်ကြားမှ မျက်နှာပေါ်တွင် မြုပ်နေသည့် ကျောက်ပေါက်မာ အရာများကြောင့် ပို၍အကျည်းတန်သည်ဟု ပြောရလေမလားမသိ။ သို့သော် အပေါ်၊ အောက်တွင် ဝတ်ဆင်ထားသည့် ဝတ်စုံက

သူမအလှကို မတောက်ပစေရုံမက လူပြက်က မင်းသားအဝတ်များ ဝတ်လာသည်နှင့် တူပေသည်။

မည်းသောအသားကို ဖုံးထားသည့် စိမ်းပြာပြာဝတ်စုံသည်ပင် လွင်လွင်ပပမရှိဘဲ ခြောက်ခြောက်သွေ့သွေ့ဖြစ်နေသည်။

ထိုစဉ် ဆရာကြီးစကားသံ ထွက်လာသဖြင့် ကျွန်တော့်အတွေးလည်း ရပ်သွားသည်။

"ကိစ္စကို ပြည့်ပြည့်စုံစုံပြောပါဦး"

"သူက ကျွန်မညီမ မကျင်လှိုင်ပါ။ သူ့ယောကျာ်းက ဆိုကုန်သည်ပါ။ အောင်လံဘက်မှာ ဆီစက်လည်း ရှိပါတယ်။ အခု သူ့ကို အစိုးရစီးပွားရေးပျက်အောင် လုပ်တယ်ဆိုပြီး ဖမ်းထားပါတယ်။ အခုတော့ ရုံးထုတ်ပြီး ခစ်လိမ့်မယ်လို့ သိရပါတယ်။ အဲဒီအမှု နိုင်အောင်လုပ်ဖို့ ဘာတွေလုပ်ရမလဲဆိုတာ ဆရာကြီးဆီ ခေါ်လာတာပါပဲ"

"ဖမ်းထားတာ ကြာပြီလား"

"နှစ်လလောက်ပဲ ရှိပါသေးတယ်"

ဟု မကျင်လှိုင်ဆိုသူ အမျိုးသမီးက ဝင်ဖြေသည်။

"အင်း. . ကိစ္စကတော့ မလွယ်ပါလား ဒေါ်ကျင်မြိုင်။ ဒါပေမဲ့ အားမငယ်ပါနဲ့လေ။ ဆရာကြီး အစွမ်းရှိသလောက် လုပ်ပေးပါ့မယ်"

"ဒါကြောင့်လည်း ကျွန်မ ဆရာကြီးဆီ ခေါ်လာတာပါပဲ"

"ကဲ. . ဒါဖြင့်လည်း ခဏနေဦး။ ကျုပ် ကိုယ်လက်သန့်စင်လိုက်ဦးမယ်၊ ဘိုးတော်တွေကို ကျုပ်ကိုယ်တိုင် ပင့်ရလိမ့်မယ်"

ဆရာကြီးမှာ ပြောပြောဆိုဆိုပင် ထိုင်ရာမှထပြီး နောက်ဖေးဘက်သို့ ဝင်သွားပါသည်။

ကျွန်တော်လည်း ပျင်းပျင်းရှိသည်နှင့် စီးကရက်ထုတ်ပြီး သောက်နေလိုက်၏။

အမျိုးသမီးများ အမှုစကား ဆက်ပြောနေကြ၏။

ဒေါ်ကျင်မြိုင်အမည်ခံ အမျိုးသမီးက. .

"ညီမ ဘာမှမပူနဲ့တော့။ ဆရာကြီးကိုယ်တိုင် ဘိုးတော်တွေပင့်မယ်ဆိုရင် အားလုံးအဆင်ပြေသွားလိမ့်မယ်။ ဆရာကြီးကိုယ်တိုင် ဒီလိုလုပ်ရင် အဆင်ပြေတာ များတယ်။ အိုး. . ညီမရယ်။ အဆင်မပြေရဘူးဆိုတာ မရှိသလောက်ပဲ"





ထိုစဉ် အသားမည်းမည်းအမျိုးသမီးက ဝင်ထောက်လိုက်၏။

"ဆရာကြီးက ဉပမိရုပ်ကောင်းတယ်နော်။ မြင့်တော့ ကြည့်နေရင်း ကြည်ညိုလာတယ်"

"ဆရာကြီးက ဉပမိရုပ်ကောင်းရုံတင် မဟုတ်ဘူး။ ဆက်လည်းထက်တယ် မြင့်ရဲ့။ ဆရာကြီးသာ လုပ်ပေးသလောက် ငွေတွေယူရင် ဒီအိမ်မျိုးနဲ့ ဘယ်နေရမလဲ။ တိုက်ကြီးဆောက်ပြီး ကားစီးနေရပြီပေါ့။ အခုဟာက မေတ္တာအရင်းခံပြီး လုပ်ပေးနေတော့ ဒီလိုအိမ်ကလေးနဲ့ပဲ နေရတာပေါ့"

"အင်းပေါ့လေ. . ။ ငွေကြေးအမိကမထားလို့လည်း ထက်နေတာ ဖြစ်မှာပေါ့"

မြင့်အမည်ခံ အမျိုးသမီးက ပြောလိုက်၏။

"မြင့်ကြည့်ပါလား။ ခုကိစ္စမျိုးဆိုရင် ဆရာကြီးတောင်းသလောက်ရတာပေါ့။ ခုတော့ ကန်တော့ပွဲဖိုးနဲ့ အမိဋ္ဌာန်ဘုရားတည်ဖို့ထဲ ထည့်ဖို့လောက်ပဲ ယူလိုက်တာ ကြည့်. . "

ကျွန်တော့်မှာမူ အမျိုးသမီးများ ပြောနေသည့်စကားများကို နားထောင်နေရင်း ဝမ်းထဲတွင် ကလိကလိဖြစ်နေသည်။ ကျွန်တော်နှင့်က မဆိုင်။ သည်တော့ ကျွန်တော်က ပြောစရာလည်း မလိုပေ။

'သည်မိုး၊ သည်လေ၊ သည်လူတွေနဲ့တော့' ဟူ၍သာ စိတ်ထဲမှ တွေးလိုက်မိပါ၏။

ဆရာကြီး ပြန်ထွက်လာပါပြီ။

ဆရာကြီး ပြောင်းသွားသည်။ ရုပ်နှင့် အရုပ်အမောင်း ပြောင်းသွားခြင်း မဟုတ်ပါ။ အဝတ်အစား ပြောင်းသွားခြင်းပါ။

စောစောက ပိတ်ဖြူစင်ကြယ်နှင့်။ ယခုတော့ ယောဂီဝတ်နှင့်။

ပိတ်ဖြူစင်ကြယ်နှင့်က တစ်မျိုးကြည့်ကောင်းသလို ယောဂီဝတ်နှင့်ကျတော့ တစ်ဘာသာ ထူးခြားပါသည်။ မြင့်ဆိုသည့် အမျိုးသမီးပြောသလို ကြည့်နေရင်း ကြည်ညိုစရာကြီးပါ။

ကျွန်တော်ကတော့ ဆရာကြီးကိုကြည့်၍ တော်တော်စိတ်ပျက်သွားပါသည်။ ကျွန်တော်က ဘိုးတော်လုပ်ချင်သူပါ။ သို့သော် ဉပမိရုပ်က မရှိပါ။ အရုပ်ဆိုးသူပါ။ ပိတ်ဖြူဝတ်လျှင်လည်း ကြည့်ကောင်းမည် မဟုတ်ပါ။ ယောဂီအဝတ်အစားနှင့်လည်း မလိုက်ပါ။ ဘိုးတော်ဖြစ်ရန်လည်း လမ်းမရှိသဖြင့် ဉပမိရုပ်ကောင်းကောင်းနှင့် ဆရာကြီးကိုကြည့်ပြီး အလိုလို အားငယ်စိတ်ပျက်မိခြင်း

ဖြစ်ပါသည်။

ဆရာကြီးမှာ သစ်လွင်သော ယောဂီဝတ်စုံနှင့် ပွဲရှေ့တွင် ထိုင်ပြီး ဘုရားရှိခိုးနေ၏။ ဘိုးတော်များ ကြွရောက်ရန် ပင့်ဖိတ်နေခြင်းပါ။

"ရှင်အင္ဂဂေါ်န၊ ရှင်ဥ သီး၊ ဘားမဲ့ဆရာတော်၊ ယက္ကန်းစင်တောင်ဆရာတော်၊ အဘဘိုးဘိုးအောင် အမှူးပြုသော ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့သည် ဤပွဲများပေါ်သို့ ကိုယ်တိုင်ကိုယ်ကျကြွရောက်ပါရန် ဆရာသခင် ကျေးဇူးရှင်တို့အား လေးမြတ်စွာ ပင့်ဖိတ်ပါသည်။

သားတော်ကြီးအတွက် ကြွရောက်တော်မူကြပါ. . ကြွရောက်တော်မူပါ. . ကြွရောက်တော်မူပါ. . ။

ကြွရောက်စေသတည်း. . ကြွရောက်စေသတည်း. . ကြွရောက်စေသတည်း. ."

ဤသို့ ရွတ်ဖတ်သရဇ္ဈာယ် ပင့်ဖိတ်ပြီးနောက် ဆရာကြီးမှာ ပွဲရှေ့တွင် ထိုင်လျက် ပုတီးစိပ်နေသည်။

ဆရာကြီးပင့်ဖိတ်သံကို ကြားလိုက်ရသဖြင့် ကျွန်တော် အတော်ပင် ဒိုးရိမ်သွားမိပါသည်။ မနိုင့်တနိုင် အိမ်ကလေးပေါ်တွင် ကျွန်တော်အပါအဝင် ထိုင်နေသည်မှာ ငါးယောက်။ နောက်ဖေးဘက်တွင် အိမ်သားဦးရေ မည်မျှရှိနေသည် မသိ။ နောက်ထပ် ဆရာကြီးပင့်ဖိတ်သည့်အတိုင်း ဝိဇ္ဇာရှစ်သောင်း ပွဲပေါ်သို့ ကြွရောက်လာခဲ့သော် အိမ်ကလေးမှာ မြေပေါ်သို့ ပြားပြားဝပ် ကျသွားပေတော့မည်။ အိမ်ကလေး ပြိုကျသွားလျှင် ကျွန်တော်လည်း သက်သာလိမ့်မည် မဟုတ်။ ဆရာကြီးပင့်သလောက် မကြွပါစေနှင့်ဟု ဆုတောင်းနေရသည်။

ပုတီးစိပ်ပြီးသည်နှင့် ဆရာကြီးက ပွဲကို မ,ကြည့်လိုက်ပါသည်။

ပွဲကို မကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေသည့် ဆရာကြီးမျက်နှာမှာ ပြုံးပြုံးကြီး။ ပီတိဖြစ်နေဟန်။ ဘိုးတော်များ ကြွလာပြီထင်ပ့ါ။

ဆရာကြီးက မကျင်လှိုင်ကို ပွဲရှေ့ခေါ်ပြီး ငါးပါးသီလ ယူခိုင်း၏။ ငါးပါးသီလယူပြီးသည့်အခါ အင်းလက်ကိုင်ပဝါကြီးတစ်ခုနှင့် မျက်စိကို လုံအောင်ပတ်လိုက်ပြီး အာရုံပြုခိုင်း၏။

ဆရာကြီးမှာ မတ်တတ်ရပ်လျက် မကျင်လှိုင်ခေါင်းကို လက်ဝါးနှင့် အုပ်ထားပြီး ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်။ ရိုးရိုးမြန်မာစကားနှင့် မဟုတ်။ ကျွန်တော်တို့ နားမလည်သည့်စကားဖြင့် ရွတ်သည်။

ရွတ်ဖတ်သည့်ကိစ္စ ပြီးစီးသည်နှင့် မျက်နှာတွင် စည်းထားသည့်အင်း



လက်ကိုင်ပဝါကြီးကို ဖြုတ်ပြီး မကျင်လှိုင်ကို ပွဲ မ,ခိုင်းပါသည်။

"ကဲ. . မကျင်လှိုင်ရဲ့ခင်ပွန်းကိစ္စ အောင်၊ မအောင် ကိုယ်တိုင် ပွဲမ,ကြည့်ပေတော့။ မ,လို့မရအောင် လေးပါစေဆိုပြီး တစ်ခါ မ,ကြည့်။ ဖက်ရွက်ကဲ့သို့ ပေါ့ပါစေဆိုပြီး တစ်ခါ မ,ကြည့်"

"ကဲ. . မ"

မကျင်လှိုင်က ဆရာကြီးအမိန့်ပေးအတိုင်း မ,နေသည်။

ပထမတစ်ခါ မ,လိုက်သည်။

ပွဲမှာ ခုံပေါ်မှ ကြွသည်ဆိုရုံကလေး။

ဒုတိယတစ်ခါ မ,လိုက်သည်။

ပွဲမှာ တစ်တောင်လောက် မြင့်သွားသည်။

ရောက်စက ညှိုးငယ်နေသည့် မကျင်လှိုင့်မျက်နှာမှာ ပြုံးပြုံးကလေး။

ဆရာကြီး၏ မျက်နှာမှာ ပြုံးပြုံးကြီး။

"မကျင်လှိုင်. . ဘယ်လိုအဖြေထွက်သလဲ။ ဆိုပါဦး"

"အောင်မယ်လို့ အဖြေထွက်ပါတယ် ဆရာကြီး"

"ဘိုးတော်တွေကတော့ အဖြေပေးပြီ။ ကျန်တဲ့အပိုင်းတော့ ဆက်လုပ်ကြရမှာပေါ့"

"ဟုတ်ကဲ့. . အမိန့်ရှိပါ ဆရာကြီး"

"ဒီကပြန်သွားရင် မကျင်လှိုင်က သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ရမယ်။ အင်းဖယောင်းတိုင်တော့ လုပ်ပေးလိုက်မယ်။ ဓာတ်ဆင်ဓာတ်ရိုက်ဖို့တော့ အမှုဆင်မယ့် တရားသူကြီးနာမည်နဲ့ သက်သေတွေရဲ့နာမည်တွေ အမြန်ဆုံး ပို့ပေးလိုက်။ နက်ဖြန် ဖယောင်းတိုင်လာယူ။ အဓိဋ္ဌာန်ဝင်ပုံဝင်နည်းနဲ့ ဖယောင်းတိုင် ဘယ်လိုထွန်းရမယ်ဆိုတာ မကျင်မြိုင်ကပဲ ပြောပြလိုက်ပေတော့"

ဆရာကြီးက ကွမ်းစားဖို့ ပြင်လိုက်သည်။

အိတ်ကလေးက ပွင့်သွားပြီးနောက် တစ်ဆယ်တန်ငါးရွက်။

ဆရာကြီးကမကိုင်။ ပွဲပေါ်တွင်တင်ရန် ဒေါ်ကျင်မြိုင်ကို ပြောလိုက်သည်။

အမျိုးသမီးများ ပြန်သွားပြီးနောက် ကျွန်တော့်ကို ခဏလေးစောင့်ရန် ပြောပြီး အထဲသို့ ဝင်သွားပြန်သည်။

ကျွန်တော့်မှာ တစ်ယောက်တည်းထိုင်နေရင်း အတွေးများ ဝင်လာ

သည်။

ပွဲမ,ခြင်းနှင့် ကျောက်တုံးမ,ခြင်း သဘောတစ်မျိုးတည်း။

စာမေးပွဲဖြေတိုင်း ငယ်ငယ်က ကျောက်တုံးမ,ဖူးသည်။ ကိုယ်၏စိတ်က လေးစေချင်လျှင် မ,သည့်လက်က ပေါ့ပေါ့ကလေး မ,သည်။ ကျောက်တုံးက ကြွသည်ဆိုရုံကလေးမျှ။

ပေါ့စေချင်သည်ဆိုလျှင် အားစိုက်ခွန်စိုက် မ,လိုက်သည်။ ကျောက်တုံးကြီးမှာ မြောက်ခနဲ အပေါ်သို့ ပါလာသည်။ ဆက်မ,လိုက်လျှင် ခေါင်းထက်ကိုပင် လွန်သွားလေမည်လား မသိ။

ယခုပွဲမှာလည်း ဤသဘော။

ပွဲကား ကြွသည်၊ မကြွသည်၊ လေးသည်၊ ပေါ့သည်ဆိုသည်မှာ ဆန္ဒအတိုင်း။ မမ,ခင် ထားသည့် စိတ်အတိုင်း။

အောင်မြင်မည်ဆိုလျှင် လေးပါစေ။

ပွဲက မကြွ။

အောင်မြင်မည်ဆိုလျှင် ပေါ့ပါစေ။

ပွဲက ကြွလာသည်။

ဘန်ဖိုးက ငွေငါးဆယ်။

ရှင်တော်ဗုဒ္ဓက စိတ်ကို အမိကထား ဟောခဲ့သည်။

မည်သို့ပင်ဆိုစေ၊ ဝိသမလောဘဖြင့် စီးပွားရှာသည်။ မတော်လောဘကြောင့် အမှုရောက်သည်။ အမှုရောက်တော့ ဆရာဆီ လာကြသည်။ ဘိုးတော်တွေဆီ လာကြသည်။

လူဘိုးတော်အမည်ခံတွေက ကိုယ့်စွမ်းအားနှင့် မလုပ်။ ဝိဇ္ဇာတွေကို ပင့်ကြသည်။ ဝိဇ္ဇာတွေက ဈေးကအစ၊ သေးကအစပါ ကုတော့မလိုသာပ။

သဘာဝလည်း မကျပါ။ ဖြစ်လည်း မဖြစ်နိုင်ပါ။

သို့စေကာမူ ဖြစ်အောင် လုပ်နေကြပါသည်။

အမှုဖြစ်လျှင် တရားဥပဒေရှိသည်။ အဆုံးအဖြတ်မှာ တရားဥပဒေ။ တရားဥပဒေအရ မိမိကိုယ်ကို ကာကွယ်ဖို့ အခွင့်အရေးပေးထားသည်။

လမ်းမှန်ကမ်းမှန်မလုပ်ဘဲ အချောင်လိုက်လျှင် ငွေကုန်ရုံသာ ရှိပေလိမ့်မည်။

အမှုတစ်ခုဖြစ်လာလျှင် ဘိုးတော်အမည်ခံတွေက လွတ်အောင်လုပ်ပေးနိုင်မည်၊ ဓာတ်ဆင်ဓာတ်ရိုက်လုပ်ရုံနှင့် လွတ်မည်ဆိုလျှင် တရားရုံးအကျိုး



ဆောင်တွေ အလုပ်ရှိတော့မည် မဟုတ်သလို အကျဉ်းထောင်များတွင်လည်း အကျဉ်းသားများ ရှိတော့မည် မဟုတ်ပေ။

လူတွေလည်း အကျင့်စာရိတ္တ ထိန်းသိမ်းရန် မလိုတော့ပေ။ ဖြစ်ချင်တိုင်းဖြစ်၊ လုပ်ချင်တိုင်း လုပ်ကုန်ကြပေတော့မည်သာ။

ယခုအလှည့်မှာ ကျွန်တော့်အလှည့်။

ဆရာကြီး ပြန်ထွက်လာပါပြီ။ ပိတ်ဖြူဝတ်နှင့်လည်း မဟုတ်။ ယောဂီဝတ်နှင့်လည်း မဟုတ်။ မိုးမိုးအိမ်နေရင်း ဝတ်သည့် အဝတ်အစားဖြင့်..။

"ကဲ..ကိုရင့်ကိစ္စ ဆိုစမ်းပါဦး"

"ကျွန်တော်ကတော့ အထူးကိစ္စ မရှိပါဘူးခင်ဗျာ။ ဝါသနာပါလို့ လေ့လာရုံ ဆရာကြီးဆီ လာတာပါပဲ"

"ကျုပ်တို့လုပ်ငန်းမှာတော့ အထူးကိစ္စ မရှိပါဘူး။ ဝါသနာပါရင် ဂိုဏ်းဝင်၊ အဆင့်တက်၊ ဆေးလေးဘာလေးကုပေါ့"

"အလုပ်စခန်းကတော့ ဆရာကြီးရဲ့"

"ပုတီးစိပ်ပေါ့"

"ကျွန်တော်က ပုတီးစိပ်ပြီး ဆေးမကုချင်ဘူး ဆရာကြီးရဲ့။ ထွက်ရပ်ပေါက်စခန်းအထိ လိုက်စားချင်တယ်"

"ဟာ..ကိုရင်တို့အသက်အရွယ်နဲ့ ဒီလောက်လုပ်ဖို့ မလိုပါဘူးလေ။ ကျုပ်တို့တောင် ဒီအဆင့်ထိ သွားဖို့ရာ မရည်ရွယ်ဘဲ"

"ဒါပေမဲ့ ဆရာကြီးဆီက ကျင့်စဉ်ကလေးဘာလေး ညွှန်ပြဖို့ တောင်းခံချင်လို့ပါ"

"ဒါကတော့ ကျုပ်လည်း ကြားဖူးတာလောက်၊ ဖတ်ဖူးတာလောက်ပဲ ရှိတယ်။ လက်တွေ့တော့ မလုပ်ဖူးသေးပါဘူးလေ။ ဒီတော့ ကိုရင်လည်း စိတ်ပါရင် စာအုပ်ကလေး ဘာလေး ဖတ်ကြည့်ပေါ့"

"လက်ရှိ ဆရာကြီးရဲ့ ကျင့်စဉ်စခန်းကလေး သိပါရစေခင်ဗျာ"

"ဟိုတုန်းက ကျင့်ခဲ့တာပဲ ရှိပါတယ်။ အခုတော့ အားရင် ပုတီးကလေး ဘာလေး စိပ်ရုံလောက်ပါပဲ"

ကျွန်တော်ဆွေးနွေးချင်သည့် ကိစ္စကို သူစိတ်ဝင်စားပုံမပေါ်ပါ။ ဆေးကု၊ ဗေဒင်ဟော၊ ပိုက်ဆံရသည့်အလုပ်လောက်သာ စိတ်ဝင်စားဟန်။ ကျွန်တော်နှင့် စကားပြောနေစဉ် တဝါးဝါးသမ်းနေသဖြင့် ကျွန်တော်လည်း အလိုက်သိစွာ ပြန်ခဲ့ရ၏။

တဝါးဝါးသမ်းနေသည်ကိုလည်း အဆိုးမဆိုသာပါ။ ကျွန်တော်က ငွေထွက်မည့်အကောင် မဟုတ်သဖြင့် မြန်မြန်ပြန်စေချင်မည်မှာ သဘာဝကျသည် ဟု ဆိုရပါမည်။

တစ်နာရီအတွင်း ဝင်ငွေမှာ ရှစ်ဆယ့်ငါးကျပ်။

ဖယောင်းတိုင်ဖိုး၊ ရွှေမင်ဖိုး၊ အခြားဆေးဝါးဖိုး နှစ်ဆယ့်ငါးကျပ်နှုတ်လိုက်သည့်တိုင် ငွေခြောက်ဆယ်အသားတင်ကျန်မည်မို့ တစ်မိနစ်လျှင် ငွေတစ်ကျပ် ဝင်ငွေရှိသော အလုပ်သဘောကို လွှေလာ၍ ပြန်ခဲ့ရပေသည်။

❖

<အခန်း-၈>

# ဘိုးတော်ကင်း ရောက်လာခြင်း၏

သူချိန်းဆိုထားသည့် တနင်္ဂနွေနေ့..။

ခင်မောင်ဦးလာမည်မို့ ဘယ်မှမသွားဘဲ စောင့်နေရသည်။

မနက်ရှစ်နာရီခန့်တွင် သူစီးလာသည့်ကားကြီး အိမ်ရှေ့ရောက်လာသည်။ ကားပေါ်မှဆင်းလာသည့် ခင်မောင်ဦးတွင် ဘိုးတော်ဟန်ပန်များ လုံးဝမရှိတော့။ အခုမှပင် ခင်မောင်ဦး၏ မူလပုံစံ ပြန်ပေါ်လာသည်။

စပို့ရှပ်အဖြူနှင့် တက်ထရက်ဘောင်းဘီနက်ပြာရောင် ဝတ်ထား၏။ လက်ထဲတွင် ပြည်ပရောင်းဒူးယားစပယ်ရှယ် သံဘူးအဝါကလေးကိုင်လျက်။ စီးလာသည့်ကားကို ပြန်လွှတ်လိုက်သည်။ ကျွန်တော့်ထံတွင် အေးအေးဆေးဆေးနေမည့်ပုံ။

သူ့တိုက်ရောက်စဉ်က နာမည်ကျော်ကြား လူသိများသည့် ဘိုးတော်ကင်းနှင့် စကားပြောခဲ့ရသည်။ ယခု ခင်မောင်ဦး(ဝါ)ဂျစ်တူးဆိုးပေနှင့် စကားပြောရမည်။

ငယ်မူအတိုင်း မင်းနှင့်ငါနှင့် အားရပါးရကြီး။

သူ ပြောစရာ ရှိ မရှိ မသိ။ ကျွန်တော်မေးစရာတွေက တစ်ပုံတစ်ပင်။ ထိုင်မိသည်နှင့် သူက စကားစသည်။

"မင်း ရိုတို့ဆီ ရောက်ခဲ့တယ် မဟုတ်လား"

"အေး. . ရောက်ခဲ့တယ်။ အားလုံးနေကောင်းတယ်။ ငါရောက်တုန်းက သမီးအကြီးလေး နည်းနည်းဖျားနေတယ်။ နေပါဦး. . ။ မင်းနဲ့က လုံးလုံး အဆက်အသွယ် မရှိတော့ဘူးပေါ့"

"အေး. ."

"ဒီလောက်ကြီးတော့ ဖြတ်ဖို့ မကောင်းဘူးကွ"

"ဖြစ်လာတဲ့ အခြေအနေဆိုတော့လည်း မတတ်နိုင်ဘူးပေါ့ကွာ။ ငါလည်း စိတ်တော့ ဘယ်ကောင်းမလဲ။ ဒါနဲ့ နေပါဦး။ ငါ့အကြောင်းတွေ ဘာပြောလိုက်သေးလဲ"

"မင်းနဲ့ သူနဲ့ ဒီလိုဖြစ်နေတဲ့အကြောင်းပေါ့။ ထူးထူးခြားခြားပြောလိုက်တာကတော့ မင်းလုပ်နေတာတွေဟာ သူတို့သားအမိအတွက် အရှက်ရစေတယ်ပေါ့။ ကလေးတွေမျက်နှာထောက်ပြီးတော့ မလုပ်သင့်တဲ့အကြောင်းလည်း ပြောလိုက်တယ်"

"ငါ့အိမ်ထောင်အကြောင်းကော. ."

"ဒါတော့ ဘာမှ မပြောဘူးကွ။ သူစိတ်ဝင်စားဟန်လည်း မရှိဘူး"

"ငါပြောပါပကောလား သူငယ်ချင်း။ ရီနဲ့ ဒီလိုဖြစ်နေတာလည်း ဖြစ်လာတဲ့အခြေအနေအရ လုပ်လိုက်ရတာပဲ။ ငါ အခု ဒီလိုဖြစ်နေတာဟာလည်း ဖြစ်လာတဲ့ အခြေအနေပဲ။ ဘာမှ မတတ်နိုင်ဘူးလေကွာ။ လောကကြီးက ဖြစ်ချင်တိုင်း ဖြစ်နေတာ မဟုတ်လား"

"ဟောကောင်ရ. . လောကကို မပြောစမ်းပါနဲ့ကွ။ ကိုယ်ဖြစ်ချင်သလို ဖြစ်နေတာလို့ ပြောစမ်းပါကွာ"

"ထားပါတော့ကွာ"

"မင်းရဲ့ အဖြစ်အပျက်ကိုလည်း ရှင်းစမ်းပါဦး"

"အေး. . ငါပြောမယ် သူငယ်ချင်း။ ဒါပေမဲ့ ငါပြောတာတွေကို မင်း ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကတိပေးရမယ်"

"စိတ်ချစမ်းပါကွာ။ မင်းထိခိုက်အောင် ငါဘယ်လုပ်ပါ့မလဲ"

သူ့ကို ကတိပေးထားသည့်အတိုင်း ဘယ်သူ့မှ မပြောခဲ့ပါ။ ကျွန်တော်၏ ကတိအတိုင်း စောင့်ထိန်းခဲ့ပါသည်။ ပါးစပ်ဖြင့် ကျွန်တော်မပြောပါ။ စာရေး



၍ ပြောရခြင်းကိုတော့ ခွင့်လွှတ်ပါသူငယ်ချင်းလို့ တောင်းပန်လိုက်ပါသည်။

ဝါသနာကို တားမရသဖြင့် ရေးမိသည်ကို ခွင့်လွှတ်ပါဟု။

"ရီတို့သားအမိတွေ ပြန်သွားတော့ ငါ ကသာမှာပဲ ကျန်ရစ်ခဲ့တယ်။ ဖြစ်ခဲ့တဲ့အမှုမှာ ထောင်ကျပေမယ့် အလုပ်ကတော့ ပြုတ်သွားတယ်။ သူတို့သားအမိတွေ မရှိတော့ ပိုပြီးတေပေနေခဲ့တာပဲ။ ရီက ငါ့ဆီက တစ်ပြားတစ်ချပ်မှ ယူမသွားတော့ ရှိသမျှ သုံးဖြုန်းပြီး ပျော်ပျော်ကြီးပဲ နေခဲ့တယ်။ မင်းသိတဲ့အတိုင်းပေါ့ကွာ။ အရက်ကတော့ မိုးမလင်းပဲ။ မိန်းမတွေကတော့ ကွာစီစားသလိုပဲ။ တစ်ခွဲထွက်သွား၊ နောက်တစ်ခွဲရောက်လာနဲ့ဟာ တစ်နှစ်တောင်မကြာဘူးဟေ့။ ရောဂါရလာရော။

တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ် ဆိုတာလို တစ်သက်လုံးပေတေခဲ့တဲ့ဒဏ်တွေက အသက်နဲ့မမျှတော့ ဖြစ်တယ်ဆိုတာနဲ့ ချုံးပွဲချငိုရတော့တာပဲ။

ငါ့နှာခေါင်းနဲ့ နှာသီးဖျားတွေက နီရဲပြီး ထူလာတယ်။ ပါးစပ်နဲ့ နဖူးစတွေမှာ အဖြူကွက်တွေ ပေါ်လာတယ်။ ဆရာဝန်ပြလိုက်တော့ ငါ ကိုယ်ပျက်စပြုလာပြီဆိုတာ သိရတယ်။ သောက်ဖော်သောက်ဘက်၊ ပျော်ဖော်ပျော်ဘက် အပေါင်းအသင်းတွေကလည်း ငါ့အနားက ခွာကုန်ကြပြီ။ ဒီတော့ ငါက အိမ်ထဲက သောက်၊ မူးလာရင် ငို။

သောက်ရင်းငို၊ ငိုရင်းသောက်နဲ့ အခြေအနေက တစ်စထက်တစ်စ ဆိုးလာတယ်။ ဆရာဝန်ကလည်း ဒီလိုဆက်သောက်နေရင် သူကုမပေးနိုင်တော့ဘူးလို့ ပြောရော။ ငါလည်း ဖြတ်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ အရက်မသောက်ရင် ငါ့ဘဝအကြောင်းတွေ စဉ်းစားရင်း ငိုပွဲဆင်နေရတာနဲ့ ဖြစ်ချင်တာဖြစ်တော့ဆိုပြီး အရက်ကို မဖြတ်တော့ဘဲ ဖိသောက်ခဲ့တယ်။ သေရင်လည်း အေးတာပဲပေါ့။

သေသွားတဲ့ အပုပ်ကောင်ကိုသာ လူတွေက ရွံတာမဟုတ်ဘူး။ ဖဲ ကြဉ်ကြတာ မဟုတ်ဘူး။ မသေသေးတဲ့ ငါ့ကိုလည်း ရွံနေကြပြီ။ ဖယ်ကြဉ်နေကြပြီ။ ငါငှားတဲ့အိမ်ကလည်း ပြောင်းပေးဖို့ တပူပူတဆူဆူလုပ်လာပြီ။

ငါ့ဘဝဟာ နွံထဲကကြာ မဟုတ်တော့ဘူး။ အမှိုက်ပုံက ခွေးသေကောင်ပုပ် ဖြစ်လာပြီပေါ့။

ငါ ရန်ကုန်ပြန်ပြီး ရီတို့သားအမိဆီပြန်ဖို့ စိတ်ကူးကြည့်သေးတယ်။ ရန်ကုန်ပြန်ပြီး ဆေးကုရရင် ဖြစ်မလားလို့ပါ။ ငါ အဲဒီလိုစိတ်ကူးလိုက်တာနဲ့

မျက်ရည်တွေကျလာတာနဲ့ တစ်ပြိုင်တည်း ဖြစ်ဖြစ်နေတယ်။ နောက်ဆုံးတော့ ငါဆုံးဖြတ်လိုက်တယ်။ ရိုနဲ့ ကလေးတွေကို ငါ့ဘဝတစ်လျှောက်လုံး နှိပ်စက်ခဲ့ပြီးပြီ။ ဒါ. . ငါ့အပြစ်။ ငါ့ဆိုးမွေတွေကို သွားပေးရင် ငါ့ထက်ဆိုးတဲ့လူဟာ ဒီဘဝမှာ ရှိတော့မှာမဟုတ်ဘူးလို့ ဆုံးဖြတ်လိုက်ပြီး ရန်ကုန်မှာ နောက်ဆုံးကျန်တဲ့ တိုက်တစ်လုံးကို ရောင်းဖို့စီစဉ်လိုက်ရတယ်။

အဲဒီတုန်းက ငါ မင်းကို သိပ်သတိရတာပေါ့။ ငါ့တိုက်ရောင်းဖို့ကိစ္စမင်းကို တာဝန်လွှဲဖို့ စိတ်ကူးရတာကိုး။ ဒါပေမဲ့ ဘယ်လိုဆက်သွယ်ရမှန်း မသိတာနဲ့ တသာတ လူတစ်ယောက်ကိုလွှတ်ပြီး စီစဉ်လိုက်ရတယ်။ ရောဂါအခြေအနေအတော့ ဆိုးပေမယ့် ဆေးဖိနိုင်လွန်းအားကြီးတော့ တန့်နေတယ်။ ငုပ်နေတဲ့ သဘောပေါ့"

"ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်။ ဘာပဲဖြစ်ဖြစ် ဒီအချိန်က မင်းရန်ကုန်ဆင်းလာဖို့ကောင်းတယ်။ ရိုတို့ဆီ မသွားချင်တောင် တို့အထဲက တစ်ယောက်ယောက်ကိုရှာပြီး တိုင်တိုင်ပင်ပင်လုပ်သင့်တာပေါ့ကွ။ ခု မင်းဟာက မသေကောင်းမပျောက်ကောင်း"

"အေး. . မင်းပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ အမှိုက်ပုံထဲ ရောက်နေတဲ့ ခွေးသေကောင်ပုပ်ကို ဘယ်သူကမှ အိမ်ထဲပြန်မသွင်းချင်ဘူးလေကွာ။ အမှိုက်ပုံထဲက ခွေးသေကောင်ပုပ်ရဲ့ လမ်းဆုံးဟာ အမှိုက်သချိုင်းနဲ့ မြစ်ထဲပဲ ရောက်ရမှာပေါ့ကွာ။ ဒါကြောင့် ငါလည်း ဖြစ်ချင်တာဖြစ်၊ မပြန်တော့ဘူးလို့ ဆုံးဖြတ်လိုက်တာပဲ"

"ဒီနောက်တော့. ."

"တိုက်ရောင်းတာလည်း အဆင်ပြေသွားတယ်ကွ။ ဝယ်သူဆစ်တဲ့ ဈေးအတိုင်းနဲ့ပဲ ပေးလိုက်တယ်။ အဲဒီတော့ အဆင်ပြေသွားတာပေါ့။

တိုက်ရောင်းတဲ့ ငွေတွေလည်းရရော ကသာမြို့မှာ ရှင်းစရာရှိတဲ့ ပိုက်ဆံတွေ ရှင်းပေးလိုက်ပြီး ငါမွေ့ခဲ့တုန်းက စပယ်ရာထားခဲ့တဲ့ ဂဒူးဂဏန်းမလေး ရှိတဲ့ရွာကို လိုက်သွားတယ်။ ဟိုကျတော့ ကောင်မလေးကို အဆင်သင့်တွေ့ရတယ်။ သူလည်း ငါ့မြင်လိုက်တော့ အံ့ဩသွားပြီး ငါ့ကို ဖက်ငိုတော့တာပဲ။ ငါလည်း မျက်ရည်တွေ မထိန်းနိုင်တော့ဘူး။ သူနဲ့တွေ့တုန်းက အပျော်လုပ်လိုက်တာပဲ။ ငွေတွေဘာတွေလည်း များများစားစားမပေးဖူးဘူး။ ငါ့ဆီက ငွေတွေကို တရပေါနှိုက်သွားတဲ့ ကောင်မတွေက ငါ့နားလုံးဝမကပ်တော့တဲ့ အချိန်မျိုးမှာ သူက ငါ့ကို ဖက်ငိုတယ်ဆိုတော့ ငါ့စိတ်တွေကို မထိန်းနိုင်တော့



ဘူး။

"ငါ့တစ်သက်လုံးမှာတော့ ဒီတစ်ခါလောက် စိတ်ထိခိုက်တာ တစ်ခါမှ မရှိသေးဘူး။

"သူက အိမ်ထောင်မပြုသေးဘူး။ သူ့မိဘတွေနဲ့ အတူနေတယ်။ သူ့မိဘတွေကလည်း ငါ့ကိုကြည့်ပြီး ရင်ထုမနာဖြစ်နေကြတယ်။ အားလည်း ပေးကြတယ်။ ဘာမှမပူပါနဲ့။ ဒီရောဂါကုဖို့ သူတို့ဘုန်းကြီးဆရာ ရှိတယ်ပေါ့။ ဘယ်မှလည်း မသွားဘဲ သူတို့နဲ့အတူနေပြီး ရောဂါကုဖို့ ပြောရှာတယ်။

သူတို့က ဒီလိုကောင်းလေ၊ ငါ့မှာ မျက်ရည်မဆည်နိုင်လေပဲ။ ငါလည်း သူတို့ကို ငွေငါးထောင်ထုတ်ပေးပြီး ကန်တော့လိုက်တယ်။ ငါ့ကို သေတဲ့အထိ ဒီမှာနေပါရစေလို့ ခွင့်တောင်းလိုက်တယ်။ သူတို့က ငါပေးတဲ့ငွေတွေကို မြင်တော့ အဘိုးကြီးရော၊ အဘွားကြီးပါ ကြက်သေသေနေကြတယ်။ ရင်ဘတ်ကလေးတွေဖိပြီး စကားမပြောနိုင်ကြတော့ဘူး။

သူတို့သားအမိသုံးယောက်လည်း သူတို့အချင်းချင်း ပြောလိုက်ဆိုလိုက်ကြတာ ဘာတွေပြောမှန်းတော့ ငါလည်းမသိဘူး။

နောက်ဆုံး ငါ့ကိုပြောတာကတော့ ဒီငွေတွေကို သူတို့မယူပါရစေနဲ့တဲ့။ ငါ့ဆီမှာပဲ ထားပါ။ ဆေးကုတဲ့အခါမှာသာ လိုရင်သုံးပေါ့။ ငါ့အတွက်တော့ သူတို့ပဲ တာဝန်ယူပါ့မယ်။ စားဖို့ကတော့ သူတို့စားသလို စားရမယ်။ သူတို့လို မစားနိုင်ရင် ကိုယ့်ဟာကိုယ် ကြိုက်သလိုဝယ်ခြမ်းစားဖို့ ပြောကြတယ်။

ငါကလည်း ယူထားဖို့ ပြောရတယ်။ ငါ့မှာ ငွေရှိတဲ့အကြောင်း၊ သူတို့သမီးဟာလည်း ငါ့မိန်းမပဲ။ သူတို့လည်း အမေ၊ အဖေပဲ။ ဒီငွေကို မယူရင်လည်း ဒီမှာမနေဘဲ သွားတော့မယ့်အကြောင်း ပြောတော့မှ မယူချင့်ယူချင် ယူကြတယ်။

ဒါတောင်မှ ဘာလုပ်ကြသလဲဆိုတော့ ငါပေးတဲ့ငွေတွေကို ပုံးထဲထည့်ပြီး နောက်ဖေးခြံထောင့်မှာ မြှုပ်ထားကြတယ်။ အဲဒီငွေတွေ မြှုပ်တုန်းက ငါ့ကိုလည်း တစ်ပါတည်းခေါ် သွားတယ်။

ဂဒူးဂဏန်းတွေဟာ အဲဒီလောက်ရိုးသားကြတယ် သူငယ်ချင်း။

နောက်တစ်နေ့မနက်ကျတော့ မိုးတောင်မလင်းသေးဘူး။ သူတို့အိမ်ဝိုင်းကလေးထဲမှာ အိမ်ကလေးတစ်လုံး ဆောက်နေကြပြီလေ။ အိမ်က ဖြစ်ကတတ်ဆန်းဆောက်တာ မဟုတ်ဘူးကွ။ သပ်သပ်ရပ်ရပ်ကလေး ဆောက်တာ။ အိမ်လည်းပြီးရော သူတို့ထုံးစံအတိုင်း နတ်ပွဲတွေဘာတွေပေးပြီး သူတို့

သမီးနဲ့ ငါ့ကို အဲဒီအိမ်ပေါ် တင်လိုက်တာကွ။

ငါကတော့ အတော်ကလေးဝမ်းသာသွားတာပေါ့။ ငါခေါင်းချဖို့ နေရာရပြီမဟုတ်လား။ ငါ့ရောဂါအတွက် ပြန်ကောင်းဖို့ လုံးဝမစဉ်းစားတော့ဘူး။ သေဖို့အချိန်ကိုသာ ငါက စောင့်နေခဲ့ပြီလေ။ အဲဒီရောက်တော့ တစ်နေကုန် ဘယ်မှလည်း သွားစရာမရှိ။ ငါ့အခြေအနေကလည်း ရွာထဲလျှောက်လို့မဖြစ်။ ဒီတော့ တစ်နေကုန်တစ်နေခန်း ကြက်သားကြော်နဲ့ အရက်ပဲ့ ဖိသောက်နေခဲ့တယ်။

ကောင်မလေးကလည်း မရှုံ့မရှာ ငါ့ကိုပြုစုရှာတယ်။ ကုန်ကုန်ပြောမယ်ကွာ. . ။ အိပ်တာတောင် ငါနဲ့အတူတူ ဖက်အိပ်တယ်။

သုံးရက်လောက်နေတော့ အဘိုးကြီးက ဘုန်းကြီးပင့်လာတယ်ကွ။ ဘုန်းကြီးက ငါနေတဲ့ဘက် ကူးလာပြီး ရောဂါအခြေအနေကို စမ်းသပ်တာပဲ။ အင်္ကျီတွေ၊ လုံချည်တွေကို ချွတ်ပြီး တစ်ကိုယ်လုံးကို ကိုင်တွယ်ပြီး သေသေချာချာစမ်းသပ်တယ်။ ရောဂါဖြစ်လာတဲ့ အခြေအနေကို အကုန်မေးတယ်။

နောက်ဆုံးတော့ ဘုန်းကြီးက ပြောတယ်။ သူပြောတဲ့အတိုင်း လိုက်နာရင် ငါ့ရောဂါကို ခြောက်လအတွင်း ပျောက်ကင်းအောင်ကုပေးဖို့ တာဝန်ယူမယ့်အကြောင်း ကတိပေးတယ်။ ကုသခ အခကြေးငွေလည်း မလိုချင်ဘူးတဲ့။ ဆေးဝါးဝယ်ဖို့သာ ငါက တာဝန်ယူရမယ်လို့ အမိန့်ရှိတယ်။

ငါက ပြန်လျှောက်တယ်။ 'အရှင်ဘုရား. . တပည့်တော်ရောဂါဟာ တကယ်ပဲ ခြောက်လအတွင်း ပျောက်နိုင်ပါ့မလား။ တပည့်တော်တော့ မထင်ဘူး' လို့ လျှောက်တော့ ဘုန်းကြီးက. .

'ကောင်းပြီဒကာ။ ဒကာ ပထမသုံးလ ကုကြည့်။ ရောဂါတစ်ဝက် မညှိုးရင် ဆက်မကုနဲ့။ ကျုပ်က ဒီပညာကိုသင်ထားတာ ကတိကဝတ်နဲ့ သင်ထားတာ။ ကုသမှုအတွက် လုံးဝငွေမယူပါဘူး။ ဒီရောဂါ ခံနေရတဲ့ ပုဂ္ဂိုလ်တွေ့ရင်၊ တိုက်ဆိုင်လို့ ကျုပ်ဆီရောက်လာရင် အယုတ်၊ အလတ်၊ အမြတ်မရွေး ကုသပေးမယ်ဆိုတဲ့ ကတိတစ်လုံးကို ကျိန်စာအထိုးခံပြီး သင်ခဲ့ရတာ။ အခု ဒကာလည်း ကျုပ်နဲ့တိုက်ဆိုင်လို့ တွေ့ရတာ။ ရောဂါက မျိုးရိုးရောဂါမဟုတ်ဘူး။ ဝဋ်နာကံနာမဟုတ်ဘူး။ ဒါကြောင့် ကျုပ် ပျောက်မယ်လို့ ကတိပေးတာပဲ'

'မှန်လှပါဘုရား. . ။ ကျေနပ်အားရလှပါတယ်ဘုရား။ တပည့်တော်ဘာတွေလိုက်နာရမယ်ဆိုတာ အမိန့်ရှိပါဘုရား' လို့ ပြန်လျှောက်လိုက်ရတယ်"

ကိုခင်မောင်ဦးပြောပြနေသည်မှာ စိတ်ဝင်စားစရာကောင်းလှ၏။



တကယ့်အဖြစ်အပျက်ဖြစ်သော်လည်း စိတ်ကူးယဉ်ဇာတ်လမ်းများလားဟု ထင်ရလောက်အောင်ပင်။ စရောက်ကတည်းက နှစ်ယောက်သား စကားပြောနေသည်မှာ ဆယ်နာရီခွဲသည့်တိုင် ဖော်ပြခဲ့သည့်နေရာသို့သာ ရောက်သေးသည်။

ထမင်းစားချိန်လည်း ရောက်လာပြီဖြစ်သဖြင့် စကားဝိုင်းကို ခဏရပ်၍ စားပွဲသို့ ထခဲ့ကြသည်။

ထမင်းစားရင်းမှာတော့ ဤဇာတ်လမ်းကို မဆက်ကြဘဲ သူငယ်ချင်းအပေါင်းအသင်းအကြောင်းကို ပြောကြဆိုကြရင်း ငယ်ငယ်ကအကြောင်းများကို ပြန်ပြန်ရင်း ထမင်းမြိန်ဆေး ဖော်ကြ၏။

ရှေးဟောင်းနှောင်းဖြစ်များပြော၍ ငယ်ငယ်က ပေခဲ့တေခဲ့ပုံများ ပြန်ပြောရသည့်အရသာမှာ စိတ်နှင့်ခန္ဓာကိုယ် နုပျိုသွားစေရုံမျှမက မည်သည့် ပျော်ရွှင်မှုနှင့်မှမတူသည့် ပျော်ရွှင်မှုမျိုးကို ခံစားရပါသည်။

ခင်မောင်ဦး၏ ငယ်ကျွင့်ကလေးများလည်း အပြည့်အဝပြန်ပေါ်လာသည်။

"ငါလည်း နေ့စဉ်နဲ့အမျှ အကျဉ်းထောင်ထဲရောက်နေတာ ဒီနေ့မှပဲ လွတ်တော့တယ် သူငယ်ချင်း"

ဟု ဖွင့်ပြောရှာသည့်အထိပင်။

ထမင်းစား၊ အချိုတည်းရင်း ချိုချဉ်ပြင်းသည့် ပြည်ပရောင်း ဒူးယားစပါယ်ရှယ် တစ်ယောက်တစ်လိပ်စီဖြင့် ငယ်စဉ်ဘဝကို ပြန်ပြောင်းတွေးနေစဉ် သူ၏ကားကြီး အိမ်ရှေ့သို့ ထိုးဆိုက်လာသည်။ ကားမောင်းသူပေးလာသည့်စာကို ဖတ်ရင်း ခင်မောင်ဦးမှာ ဒေါပွသွားသည်။

"တစ်နေ့တလေ ဇိမ်နဲ့နေမလားလို့ ထွက်လာပါတယ်။ သောက်အလုပ်က ရှုပ်လာပြန်ပြီ သူငယ်ချင်းရ။ ပုဂ္ဂိုလ်ကြီးတစ်ယောက် အိမ်ရောက်နေလို့ လာခေါ်တာပဲ။ လိုက်သွားရဦးမယ် သူငယ်ချင်းရေ။ နောက်မှ ဆက်ကြတာပေါ့။ ဟာ. . နေဦး. . နေဦး. . ။ ဒီလိုလုပ်. . ။ မင်း ခွင့်ငါးရက်လောက် ယူလို့ရမလား"

"ရပါတယ်။ ကိစ္စ ဆိုပါဦး"

"ငါ လာမယ့်တနင်္ဂနွေနေ့ မန္တလေးသွားမယ်။ အဲဒါ မင်း ငါနဲ့အတူတူ လိုက်ခဲ့ကွာ။ မင်းအတွက် ငါ အားလုံးဒကာခံမယ်။ ဘယ့်နဲ့လဲ။ လိုက်မလား"

"မင်းတစ်ယောက်တည်းလား"

"ဒါပေါ့. . "

"ဒါဖြင့် ငါ သန်ဘက်ခါ မင်းဆီ ဖုန်းဆက်လိုက်မယ်ကွာ။ လိုက်ဖြစ်အောင်တော့ ငါကြိုးစားမယ်"

"အေး. . ဖုန်းဆက်လိုက်။ ငါ အားလုံးစီစဉ်ထားလိုက်မယ်. . ဟုတ်လား။ အိုကေ. . ငါသွားလိုက်ဦးမယ်"

ပြောပြောဆိုဆို နှုတ်ဆက်ပြန်သွားပါသည်။

တကယ်တော့ သူ့ဘဝက သနားစရာ။ မလွတ်မလပ်။

တစ်မနက်လုံး ငယ်မူငယ်သွေးပြန်သည့်အကြောင်းဖြင့် ပျော်ပျော်ရွှင်ရွှင်ဖြစ်နေစဉ် ကြွေခြောက်တစ်ခွဲသားနှင့် ဘိုးတော်ပြန်လုပ်ရပေဦးတော့မည်။

စပို့ရှပ်နှင့် ဘောင်းဘီချွတ်၍ မှိုင်းညို့ညို့ယောဂီအရောင်လဲပြီး ဟောရ ပြောရ လုပ်ရမည်ဖြစ်၏။

သူတို့ရှုထောင့်ကတော့ အပြော၊ အဟော (ဝါ) အကြားအမြင်ပေါ့။ ကျွန်တော်တို့ လူပြိန်းရှုထောင့်ကတော့ အဖြီးအဖြန်းပေါ့။

မည်သို့ပင်ဖြစ်စေ ခင်မောင်ဦးမှာ အိစက်ညက်ညောသည့် ကုရှင်ပေါ်ထိုင်ရင်း ပုဂ္ဂိုလ်ကြီးကို ဘာတွေများပြောရမလဲဟု စဉ်းစားသွားလေမည်လား မသိပေ။

ကျွန်တော့်မှာ မဆုံးသေးသော သူ့ဘဝဇာတ်လမ်းကို ပြန်လည်စဉ်းစားရင်း ကံတရားကို ပို၍ယုံကြည်လာသည်။ အကြောင်းအကျိုးတရားကို လို့ ချင်လက်ခံမိသည်။ ဗုဒ္ဓ၏ အဆုံးအမများကို ပို၍လေးစားလာမိသည်။

အတွေးစဉ်များတွင် နစ်မျောနေစဉ် ပုခက်တွင်းမှ သားငယ်၏ငိုသံက အတွေးစဉ်များကို ဖြတ်ပစ်လိုက်ပါသည်။

ဘိုးတော်ကင်းက ပုဂ္ဂိုလ်ကြီးကို ဟောပြောနေသည့်အချိန်တွင် ကျွန်တော်က သားငယ်ကို တေးဆိုချော့မြူနေရသည်။

သူလည်း လူသားတို့အတွက် အလုပ်လုပ်ခြင်း၊ ကျွန်တော်လည်း လူသားတို့အတွက် အလုပ်လုပ်ခြင်း။ အလုပ်သဘော တူသော်လည်း အခြေခံက မတူပါ။

သူက လူလားမြောက်ပြီး သူများထက် ပို၍ကြီးမြင့်အောင် သူ့နည်းသူ့ဟန်ဖြင့် လုပ်ပေးနေသည်။ ကျွန်တော်က လူလားမမြောက်သေးသည့် သားငယ်အတွက် လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးနေသည်။

သို့သော် ကျွန်တော့်သားငယ် လူလားမြောက်ချိန်တွင် ဘိုးတော်အတုအယောင်တွေ မရှိပါစေနဲ့။ ကျွန်တော့်သားသည်လည်း. .

❖

<အခန်း-၉>

# ကျွန်တော်တွေ့ဖူးသော ဘိုးတော်များ

ဘိုးတော်ကင်းနှင့် မတွေ့မီက ကျွန်တော်သည် ရုံးဆင်းပြီး အိမ်သို့သာ ပြန်လာသည်။ သားသမီးများဖြင့် ပျော်ပျော်ရွှင်ရွှင်၊ အေးအေးဆေးဆေး နေခဲ့ရာ အပေါင်းအသင်းမိတ်ဆွေများဆီသို့ပင် ရောက်ခဲသည်။ မလွှဲမရှောင်သာသော သာရေးနာရေးကိစ္စများ ရှိလျှင်သာ ရောက်တတ်၏။

အိမ်ပြန်ရောက်ပြီးလျှင် လမ်းပေါ်သို့ ပြန်မရောက်တတ်ပေ။

ခုတော့ တစ်ခေါက်မှပင်မရောက်သည့် ရွှေတိဂုံဘုရားပေါ်သို့ နေ့စဉ်ရောက်နေသည်။ အိမ်မှာရှိချိန်ထက် အပြင်ထွက်သည့်အချိန်က များနေသည်မို့ အိမ်က သက်ထားကပင် မသင်္ကာဖြစ်လာသည်။

ကျွန်တော်က ဘိုးတော်တွေကို လိုက်ရှာနေသူဖြစ်သည်ကြောင့် ဘိုးတော်တို့ကျက်စားရာ နေရာမှန်သမျှကို သွားနေရသည်။

သေသေချာချာတွေးကြည့်တော့ ကိုယ့်ဒုက္ခ ကိုယ်ရှာခြင်းပင်။

ဘိုးတော်ကင်းက သူများတွေကို မ,စနေသော်လည်း ကျွန်တော့်ကိုတော့ ဒုက္ခပေးနေပါပြီ။

ကျွန်တော်ကလည်း ဘိုးတော်ရှူး ရှူးနေသည် မဟုတ်ပါလား။

ဘိုးတော်ရှိသည့်နေရာမှန်သမျှ သတင်းကြားသည့်နေရာမှန်သမျှ ရောက်အောင်သွားရသည်မှာ မအားရအောင်ပင် ဖြစ်နေသည်။

ကျွန်တော်သွားခဲ့၊ ရောက်ခဲ့၊ မြင်ခဲ့၊ တွေ့ခဲ့ရသည့် ဘိုးတော်အမည်ခံများအကြောင်းကိုတော့ တင်ပြပါမည်။

တိုက်ကြီးပေါ်မှ ဘိုးတော်နှင့် တဲနန်းပေါ်မှ ဘိုးတော်ထိ ရောက်ခဲ့စဉ်က လေ့လာတွေ့ရှိချက်များနှင့် ကိုယ်ပိုင်ထင်မြင်ချက်များကို အတွေ့အတိုင်း၊ အရှိအတိုင်း မကွယ်မထောက် တင်ပြခဲ့ပြီးသည့်နောက် ပလက်ဖောင်းပေါ်မှ ဘိုးတော်အကြောင်း တင်ပြပါဦးမည်။

စာဖတ်သူများအနေဖြင့် ပလက်ဖောင်းပေါ်မှ ဘိုးတော်ဟု အမည်တပ်လိုက်ခြင်းကို ရုတ်တရက် လက်ခံချင်မှ လက်ခံပါလိမ့်မည်။ စာရေးသူက ထင်ရာမြင်ရာ မဟုတ်မဟတ်ရေးသည် ထင်ကောင်းထင်ပါမည်။ ပလက်ဖောင်းပေါ်မှ ဘိုးတော် ရှိပါ့မလား။

ရှိပါသည်။ အမှန်ပဲ ရှိခဲ့ပါသည်။

ပလက်ဖောင်းပေါ်မှာစား၊ ပလက်ဖောင်းပေါ်မှာနေပြီး ပလက်ဖောင်းပေါ်မှာအိပ်လျက် ဘိုးတော်လုပ်နေသူပါ။ သို့သော် အနုညာတဘိုးတော်ဟု မထင်လိုက်ပါနှင့်။ သူ့ဆီလာသူများမှာ ကားအမျိုးမျိုးစီးနိုင်သူများ ဖြစ်ပါသည်။

ထို့ထက်ထူးခြားသည်မှာ သူသည် ကျင်ကြီးစွန့်သည့်အချိန် ရန်ကုန်ထဲတွင် မရှိပါ။ နေ့စဉ်နေ့တိုင်း မှော်ဘီသွား၍ စွန့်ခြင်းပင်။

အစားကောင်း၊ အသောက်ကောင်းအကြောင်း ပြောတတ်သူများကို 'မင်းကလည်း ချေးကို တန်ဆာမဆင်စမ်းပါနဲ့' ပြောတတ်ကြရာ ပလက်ဖောင်းပေါ်မှ ဘိုးတော်ကိုမူ မည်သို့ပြောရမည်လဲ မသိပေ။

ပလက်ဖောင်းပေါ်မှ ဘိုးတော်မှာ ကျုလယာကုလားလူမျိုး၊ မြေတူးကုလားလူမျိုး ဖြစ်၏။ အခြားသော ကုလားဆာဒူးများလို အလိပ်အခွေနှင့် မဟုတ်။ ခေါင်းတုံးနှင့်. . ။ ဝတ်ထားသည်က မြန်မာဘုန်းကြီးများဝတ်ရုံသည့် သင်္ကန်းကို ဖြစ်ကတတ်ဆန်း ကပိုကရိုဝတ်ထားသည်။

ကွမ်းကို ဆယ့်နှစ်ရာသီဝါး၍ တံတွေးတပျစ်ပျစ်ထွေးတတ်၏။ သူ့ပါးစပ်ထဲမှ စီးကျနေသည့် ကွမ်းတံတွေးများမှာ ပါးစောင်ဘေးသို့ အမြဲတမ်းစီးကျနေသည်။ ရေအာယ်တော့မှမချိုး။ သူ့ကိုကြည့်လိုက်လျှင် အမြဲတမ်းညစ်ပတ်နေသည်။



အကြောင်းမသိသူများ ရုတ်တရက်မြင်လိုက်လျှင် ကုလားအရူးကြီးဟု ထင်နေမည်သာ။

သူက နာမည်ကျော်ဘိုးတော်တစ်ဦး။ နာမည်က ဘိုးတော်ဆာမိတဲ့။ သူစားကျက်များသည့် နေရာမှာ ပန်းဆိုးတန်း ဂရင်းဟိုတယ် ပလက်ဖောင်းပေါ်တွင်ဖြစ်၏။ သူစားသည်မှာလည်း ထိုနေရာ၊ သူအိပ်သည်မှာလည်း ထိုနေရာ။

ပလက်ဖောင်းဘိုးတော်ကို ကိုးကွယ်သူများကဆိုလျှင် ကွမ်းတံတွေးတွေ ပါးစောင်တွင်စီးကျနေသည့်ရုပ်ပုံကို ဓာတ်ပုံထဲတွင်ပါအောင်ရိုက်ပြီး အိမ်ဦးခန်းတွင် တခမ်းတနားကိုးကွယ်ကြ၏။

ဘိုးတော်ဆာမိ ညအိပ်လျှင် ဘာဘူစောင်တစ်ထည်ကိုခင်း၍ တစ်ထည်ခြုံပြီး အိပ်သည်။ မနက်မိုးလင်းသည်နှင့် သူ၏စောင်နှစ်ထည်ကို ဝယ်လိုသူများ အလုအယက်ဖြစ်နေကြသည်။ စောင်တစ်ထည်၏တန်ဖိုးကို ရာနှင့်ချီ၍ ပေးကြသည်။

တချို့များ ကျွန်တော့်ရှေ့မှာပင် စောင်တစ်ထည်ကို ငွေသုံးရာပေး၍ ဝယ်သွားသည်ကို တွေ့ဖူး၏။ အသေအချာ လိုက်၍လေ့လာစုံစမ်းကြည့်သောအခါ သူခင်း၍၊ ခြုံ၍ အိပ်ခဲ့သည့်စောင်မှာ အိမ်မှာထားလျှင် စီးပွားတက်သည်၊ ရောဂါဘယကင်းသည်၊ အကြံအစည်များ အောင်မြင်သည်၊ အပပယောဂတွေ မဝင်နိုင်ဟု ယုံကြည်ပြီး ဝယ်ယူကြခြင်းဖြစ်၏။

ဝယ်သည်မှာ အလုအယက်။ သူ့ထက်ငါ ဦးအောင် လာကြသည်။

သူခြုံ၍၊ ခင်း၍ အိပ်သည့်စောင်များကို နေ့စဉ် နံနက်တိုင်း အလုအယက်ဝယ်ကြသဖြင့် နေ့တိုင်း ဘာဘူစောင်နှစ်ထည်လိုသည်။

ဘာဘူစောင် တစ်နေ့နှစ်ထည်သွင်းသည့် ကန်ထရိုက်မှာ မွန်အမျိုးသမီးတစ်ယောက်ဖြစ်၍ ညနေတိုင်း ဂျစ်ကားနှင့် ယူလာသည်။ စောင်နှစ်ထည်ပေးလျက် ငွေခြောက်ဆယ်ယူသွားသည်။

စောင်တစ်ထည်တန်ဖိုးမှာ သုံးဆယ်။

ထိုအချိန်က ဘာဘူစောင်တစ်ထည်၏ ပေါက်ဈေးမှာ တစ်ဆယ်နှင့် ဆယ့်ငါးကျပ်ကြားတွင် ရှိသည်။ စောင်သွင်းသူအမျိုးသမီး၏ ဝင်ငွေမှာ တစ်နေ့ သုံးဆယ်။

ကဲ. . မနိပ်လား။ မဆန်းလား။

ဆန်းပါသည်။ ပို၍ဆန်းသည်မှာ ရေမချိုးသော ဆာမိ၏ လူတကာသွားသည့် လမ်းပေါ်တွင် ခင်း၍၊ ခြုံ၍ အိပ်သည့်စောင်က စီးပွားတက်သည်၊

ရောဂါဘယကင်းသည်၊ အကြံအစည်အောင်သည်၊ အပ ပယောဂတွေ မဝင်နိုင်ဟု ခွတ်မိုတ်ယုံကြည်ကြခြင်းမှာ ပို၍ဆန်းသည်ဟု ဆိုရပါမည်။

ပလက်ဖောင်းဘိုးတော် ခင်းအိပ်သည့်စောင်က ဘယ်လိုတန်ခိုးသတ္တိများ ရှိနိုင်ပါမည်နည်း။ ဘယ်လိုအစွမ်းထက်ပါမည်နည်း။ သိပ္ပံနည်းနှင့်ဖြစ်စေ၊ ဝိဇ္ဇာနည်းနှင့်ဖြစ်စေ ဆန်းစစ်ကြည့်၍ ဘယ်လိုမှ အဖြေမထွက်နိုင်သော်လည်း တစ်ကိုယ်လုံးညစ်ပတ်နေသည့် လူတစ်ယောက်မှာ နေ့စဉ်နေ့တိုင်း စောင်အသစ်နှစ်ထည်ဖြင့် အိပ်နေသည်ကိုသာ ထူးခြားသည်ဟုဆိုသော် ကျွန်တော့်ထင်မြင်ချက်ကို အပြစ်ဆိုလာသူများ ရှိကြမည်ဖြစ်ပါသည်။

အပြစ်ဆိုချင် ဆိုကြပါစေ။ ကျွန်တော့်ကို အရူးဟု သတ်မှတ်ချင် သတ်မှတ်ပါစေ။

ကျွန်တော်ကတော့ ရဲရဲကြီး ပြောပါမည်။ လုံးဝ အဓိပ္ပာယ်မရှိဟု။

စောင်၏ထူးခြားပုံကလေး ဖတ်ပြီးနောက် ကွမ်းတံတွေးထူးခြားပုံကို ဆက်ပါမည်။

မယုံလျှင် ပုံပြင်ဟု မမှတ်လိုက်ပါနှင့်။ တကယ်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

အလွန်ထူးခြားသည့် ကွမ်းတံတွေးအဖြစ်အပျက်က ဤသို့ ဖြစ်ပါသည်။

ပလက်ဖောင်းဘိုးတော်ဆာမိမှာ အိပ်ချိန်မှလွဲ၍ ကွမ်းနှင့် ပါးစပ်မပြတ်။ အမြဲတမ်းကွမ်းဝါးနေတတ်ရာ သူဝါးသည့်ကွမ်းမှာ တစ်ယာ ငါးပြား ဆယ်ပြားတန် ကွမ်းယာမဟုတ်ပေ။ ကွမ်းတစ်ယာတန်ဖိုး တစ်ကျပ်ပေးရသည့် အထူးစပါယ်ရှယ် ငွေကွမ်းယာဖြစ်၏။

သူ၏ကွမ်းတန်ဖိုးမှာ တစ်နေ့ နှစ်ဆယ့်ငါးကျပ်မှ သုံးဆယ်အထိ ရှိ၏။

ထူးခြားသည်ဟုဆိုသည်မှာ တစ်ကျပ်တန်ကွမ်းယာ နှစ်ဆယ်၊ သုံးဆယ်ဖိုးစား၍ ထူးခြားသည်ဟု ဆိုခြင်းမဟုတ်ပါ။ သူထွေးထုတ်လိုက်သော ကွမ်းတံတွေးကို မိမိစီးသည့် ကားပေါ်သို့၊ အင်္ကျီ၊ လုံချည်ပေါ်သို့ (သို့မဟုတ်) ခေါင်းပေါ်သို့ အထွေးခံရန် အချိန်ကုန်ခံ၍ လာစောင့်နေရခြင်းပင် ဖြစ်ပေသည်။

မနက်မိုးလင်းသည်နှင့် သူ့နေရာဝန်းကျင်တွင် မာစီဒီး၊ ဖီးယက်တောက်စ်ဝက်ဂွန်းမှစ၍ ဂျစ်ကား၊ သုံးဘီးကားအထိ တန်းစီရပ်နေကြရသည်၊

ကားပေါ်သို့ သူ့ပါးစပ်ထဲမှ ကွမ်းတံတွေး အထွေးခံရန်ဖြစ်၏။



သို့သော် သူက အထွေးခိုင်းတိုင်း ထွေးသည်မဟုတ်။ ထွေးခိုင်း၍လည်း မရ။

သူစိတ်ရလျှင် တန်းစီရပ်ထားသည့် ကားထဲမှ တစ်စီး (သို့မဟုတ်) နှစ်စီးသုံးစီးကို ရှေ့အဖုံး၊ နောက်အဖုံး၊ ကားမှန်ချပ်များပေါ်သို့ ကွမ်းတံတွေးကို ဖျစ်ခနဲ ထွေးချလိုက်၏။ တစ်ခါတစ်ရံ တစ်စီးလောက်သာ အထွေးခံရ၏။ တစ်ခါတစ်ရံ တစ်စီးကိုမှပင် မထွေး။

သူ့ပါးစပ်မှ ကွမ်းတံတွေးအထွေးခံရသည့် ကားရှင်မှာ ထီပေါက်သလောက် ဝမ်းသာကြသည်။

ကားဘေး သို့မဟုတ်ဘဲ လူစီးသည့်ဆိုဖာပေါ်သို့ ထွေးချလိုက်လျှင် ခံရသည့်ကားရှင်မှာ ခုန်ပေါက်မြူးတူးသွားပါသည်။ လက်သီးလက်မောင်းတန်းပြီး ငါလိုလူ ဇမ္ဗူမှာရှိသေးသလောဟုပင် ပြောမည့်ဟန်။

တချို့ကားပိုင်ရှင်များဆိုလျှင် ရက်နှင့် သို့မဟုတ် လနှင့် လာစောင့်ကြရသည်။

ကားမရှိသူများဆိုလျှင် သူ့ဘေးတွင် ဝိုင်းဝိုင်းပတ်လည်အောင် သွား၍ မတ်တတ်ရပ်နေကြရသည်။ သူက တိုက်ရိုက်ကွမ်းတံတွေးနှင့် မထွေး။ ထွေးသည့်တိုင် မြေကြီးပေါ်သို့ ထွေးလိုက်သည့် ကွမ်းတံတွေးအစအနကလေးများ မြေကြီးပေါ်မှတစ်ဆင့် စင်လိုစင်ငြားပေ့ါ။

အဝတ်အစားများပေါ်သို့ တိုက်ရိုက်ထွေးလိုက်လျှင် ဖိုးကံကောင်း။

ထို့ထက် ခေါင်းပေါ်ထွေးချလိုက်လျှင် အလွန်ထူးခြားသည့် ဖိုးကံကောင်း။

ဤအပြုအမူများမှာ ဘေးလူများအတွက် ရယ်စရာ၊ အန်နိုင်ရမည့်မြင်ကွင်း ဖြစ်လိမ့်မည်ဖြစ်သော်လည်း ပလက်ဖောင်းဘိုးတော်ဆာမိကို ကိုးကွယ်နေသူများအဖို့တော့ ရင်တမမ၊ ရင်တထိတ်ထိတ်။ သည်းလှိုက်ရင်ဖိုဇာတ်လမ်းဖြစ်ပေသည်။

ဤသည်ကို. .

ထူးသည်ဟု ပြောရမလား။

ရူးသည်ဟု ပြောရမလား။

ကျွန်တော် မပြောတတ်။ စာဖတ်သူများ၏ အဆုံးအဖြတ်သည်သာ အမှန်ဖြစ်ပါမည်။

ကျွန်တော့်အဖို့တော့ တခွိခွိရယ်ရသည့် ဇာတ်လမ်းကလေးအဖြစ်

မှတ်တမ်းပြုလိုက်ရခြင်းပါ။

လာပါဦးမည်။

ထမင်းတစ်လုတ် ငွေတစ်ရာ၊ တစ်ရာ့ငါးဆယ်တန်များ ရှိသည်။ ဟိုတယ်ကြီးများတွင် စားကြသည်ကို ကြားဖူးပါသည်။ စားလည်း စားဖူးကြပါသည်။

စားပွဲခင်းဖြူဖြူဖွေးဖွေးပေါ်တွင် လှပသော ရောင်စုံပန်းကန်ကြီးများ၌ အငွေ့တထောင်းထောင်းနှင့် စားချင့်စဖွယ် အကြော်၊ အလှော်၊ အဖုတ်၊ အကင်၊ ငါးခေါင်းကြီးပေါ်လောပေါ်နေသည့်ဟင်းချိုများ တည်ခင်းထားသည့် ထမင်းတစ်စားပွဲကို တစ်ရာ၊ တစ်ရာ့ငါးဆယ် ပေးစားသည့်အခါ လျှာပေါ်တွင် မြိုးမြိုးမြက်မြက်၊ နောက်ထပ် နောက်ထပ် စားချင်စဖွယ် အရသာအသွယ်သွယ် ပြည့်စုံပါပေသည်ဟု ဆိုစမှတ်ပြုကြ၏။

သို့သော် သူတစ်ပါးစားပြီးသား ထမင်းတစ်လုတ်ကို ငွေတစ်ရာပေးရသည်ဆိုခဲ့သော် စိတ်မနှံ့သူမှအပ မည်သူကမျှ ယုံကြည်လိမ့်မည် မဟုတ်ပေ။

ပြောသူရှိ၍သာ ကြားရပါသည်ဟု ပြောကြပါလိမ့်မည်။

ရေးသူရှိလျှင်လည်း ရေးသူက ပေါက်နေသည့် စာရေးဆရာဟု ပြောကြပါလိမ့်မည်။

ကျွန်တော် မပေါက်ပါ။ ပေါက်နေသူများအတွက် အငှားတရားခံလိုက်ပေးခြင်းဟု ဆိုပါရစေ။

ရှေးရှေးတုန်းက အဖြစ်အပျက် မဟုတ်ပါ။ လူသူမရောက်နိုင်သည့်နေရာမှာ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်လည်း မဟုတ်ပါ။

မှတ်မှတ်ရရ ခေတ်. . ။

၁၉၆၃ ခုနှစ်မှ ၆၉ ခုနှစ်အထိ ရန်ကုန်မြို့လယ်ခေါင် ပန်းဆိုးတန်းတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဟု စာရေးသူက ရဲရဲကြီး ဝန်ခံချက်ပေးပါသည်။

ငွေတစ်ရာတန်သည့် မြန်မာထမင်းတစ်လုတ်ဇာတ်လမ်းမှာ ဤသို့။

ပလက်ဖောင်းပေါ်မှ ဘိုးတော်ဆာမိ၏ တန်ဖိုးကြီးပေးရသော စောင်နှင့် ကွမ်းတံတွေး ရှိခဲ့သလို တန်ဖိုးကြီးပေးရသော တစ်လုတ်တည်းသောထမင်းလည်း ရှိပါသည်။

ဘိုးတော်ဆာမိမှာ မြို့ထဲသို့သွားသည့်အခါ အများအားဖြင့် ဆိုက္ကားစီး၏။ တစ်ခါတစ်ရံမှသာ ဂျစ်ကားစီး၏။

သူအမြဲစီးနေသည့် ဆိုက္ကားတစ်စီးရှိသည်။ ဆိုက္ကားနင်းသူအမည်မှာ ကိုညွန့်မောင်။ ဆိုက္ကားနံပါတ်မှာ ၃၉၂။

ကိုညွန့်မောင်၏ ဆိုက္ကားမှာ မိုးလင်းသည်နှင့် ဂရင်းဟိုတယ်ရှေ့သို့ ရောက်နေရသည်။ တစ်ခါတစ်ရံ ညမိုးချုပ်၍ ဘိုးတော်ဆာမိ အိပ်ရာဝင်သည်အထိ ဘယ်ကိုမှမသွား။

သွားသွား၊ မသွားသွား ကိုညွန့်မောင်က အမြဲရှိနေရသည်။ သူသွားတော့မည်ဆိုလျှင် ဆိုက္ကားပေါ် တက်ထိုင်လိုက်သည်။ ကိုညွန့်မောင်က ဘယ်သွားမည်ကို မမေး။ သူလက်ညှိုးညွှန်ပြသည့်ဘက်သို့ သွားရသည်။

ရပ်ရန် လက်ညှိုးညွှန်ပြသည့်နေရာတွင် ရပ်လိုက်ရသည်။

ဤအခါကျမှ သူလက်ထဲတွင်ပါသည့် ဖက်ထုပ်ကလေးကို ကိုညွန့်မောင်က ကိုင်၍ သူတက်သည့်အိမ်ပေါ်သို့ သွားရ၏။

ဘိုးတော်ဆာမိရောက်လာလျှင် ထိုအိမ်ရှိ အိမ်လူထုမှာ နေစရာမရှိလောက်အောင် ပျားပန်းခပ်သွားတတ်ကြ၏။ နေ့ချင်းညချင်း စိန်ဆယ်တင်း၊ ပတ္တမြားဆယ်တင်း ရတော့မလောက် ထင်ကြသည်။ သူစားပြီး ထွေးထုတ်ထားသည့် ထမင်းထုပ်ကလေးရလျှင် တစ်ရာလည်းပေး၊ နှစ်ရာလည်း ပေးသည်။

သူကလည်း ထမင်းထုပ်လေးတစ်ထုပ်ကို နေ့တိုင်းပေးသည်မဟုတ်။ တောင်းသူတိုင်းအား ပေးသည်မဟုတ်။ ပေးချင်သူကိုမှ ပေးသည်။ ပေးချင်သည့်အခါ ပေးသည်။ တစ်ခါတလေ တစ်လလုံးနေ၍ ထမင်းတစ်ထုပ်မျှ မပေး။ ဤထမင်းထုပ်ကလေး ရသူမှာ တစ်သက်စားမကုန်သည့် ပြည်တန်ပတ္တမြားကြီး ရသည့်အလား ထင်မှတ်ကြကုန်၏။

သူ့ကို ဆိုက္ကားဖြင့် နေ့စဉ်နေ့တိုင်း ခြောက်နှစ်တိုင်တိုင် ပို့ပေးနေရသည့် ဆိုက္ကားဆရာကိုညွန့်မောင်သည်ပင်လျှင် ထမင်းထုပ်ကလေးတစ်ထုပ် မရခဲ့ဖူးပေ။ တစ်ခုတော့ရှိသည်။ ဆိုက္ကားခကိုတော့ နင့်နေအောင် ရသည်။ သတ်မှတ်ချက်တော့ မရှိ။ မပေးချင်သည့်နေ့တွင် တစ်ပြားမှ မပေး။ ပေးသည့်နေ့တွင် လေးငါးဆယ်လည်း ပေး၏။ တစ်ခါတစ်ရံ တစ်ရာ၊ တစ်ရာ့ငါးဆယ် ပိုးခနဲပက်ခနဲ ပေးတတ်သည်။ တစ်ခါတစ်ရံ ထမင်းထုပ်ရသည့်အိမ်မှ ပေးသည့် ငွေအားလုံးကို အထပ်လိုက်ပေးတတ်၏။

ဆိုက္ကားဆရာ ကိုညွန့်မောင်ခမျာ ဘိုးတော်ဆာမိနှင့် သွားလာနေရသည်မှာ အရှုံးမ လင်လုပ်နေရသည့်အလား။

ရေမချိုး၍ ချေးအထပ်ထပ်နှင့် စိတ်ရူးပေါက်သလိုနေတတ်သည့်

ဘိုးတော်ဆာမိ၏ ရွှံစရာထမင်းတစ်ထုပ်၏တန်ဖိုး တစ်ရာ၊ နှစ်ရာ။

ဘာတွေစွမ်း၍ ဘာတွေကောင်းသည်ကိုတော့ မပြောတတ်ပါ။ ထမင်းထုပ်လိုချင်သူတွေကတော့ ဒုနှင့်ဒေးပါ။ လိုချင်သူများတွင် တဲပေါ်က လူတွေ၊ စက်ရုံထဲက အလုပ်သမားတွေ၊ ကုလားထိုင်ပေါ်က စာရေးစာချီတွေ မပါပါ။

တိုက်ပေါ်က ကားစီးနေသူတွေသာ ဖြစ်ပါသည်။

ကျွန်တော်တို့တိုင်းပြည်မှာ လူလိမ်မျိုးစုံ၊ လိမ်နည်းမျိုးစုံ ပေါ်ခဲ့သည်။ ပေါ်နေဆဲလည်း ဖြစ်သည်။ ကျွန်တော်တို့ မြန်မာလူမျိုးများကလည်း အလိမ်ခံသည်။ အလိမ်ခံဖို့အတွက် လိမ်မည့်သူကို တကူးတက လိုက်ရှာနေတတ်ကြသည်။

လိမ်သူတွေအဖို့ လိမ်ရလွယ်လွန်းသည်။

ကြိုက်သလိုလိမ်၊ ကြိုက်သလောက်လိမ်၊ ကြိုက်သည့်နေရာမှာ လိမ်။ ပြုံးပြုံးကလေး။

အပြုံးမပျက် အလိမ်ခံကြသည်။

တခြားမကြည့်ပါနှင့်။ နှစ်ပေါင်းလေးငါးဆယ်ကတည်းက ပေါ်သည့် ဖဲသုံးချပ်လိမ်နည်းကို ယနေ့ခေတ်တွင် ပန်းသီးအရုပ်ကလေး၊ မိန်းမရုပ်ကလေး၊ ရွှေရောင် ငွေရောင် အတုံးကလေး၊ ခပေါင်း ဒုံးယား စက္ကူကလေးများနှင့် ပြောင်းလိမ်နေသည်ကိုလည်း အမှတ်မထားကြ။ သွားနှုရင်းလာရင်း တစ်ကျပ်တစ်ပြားမှ တစ်ဆယ်၊ တစ်ရာအထိ ဝင်ဆော့နေကြသေးသည်။

အခြားနေရာမှာမဟုတ်။ ရန်ကုန်မြို့လယ်ခေါင် ဆူးလေဘုရားလမ်းမကြီးပေါ်မှာ လိမ်နေကြသည်ကိုပင် ရန်ကုန်ဂျင်များက ပြုံးပြုံးကလေး အလိမ်ခံနေကြဆဲပင်။

ယခုလည်း အဓိပ္ပာယ်မရှိသည့် အလုပ်ကို အဓိပ္ပာယ်ရှိအောင် ကြံဖန်လုပ်နေကြပေသည်။

ပလက်ဖောင်းဘိုးတော်ဆာမိ၏ ထမင်းတစ်ထုပ်တန်ဖိုးမှာ ငွေတစ်ရာဆိုလျှင် တိုက်ကြီးပေါ်က ဘိုးတော်ကင်းထမင်းတစ်လုတ်သည် တစ်ထောင်များ တန်လေမလား မသိ။

ကျွန်တော်တို့ တိုင်းပြည်တွင် ထူးလျှင်လည်း ထူးပါမှ။ ရူးလျှင်လည်း ထင်ပေါ်ပါသည်ဟု။

ဘိုးတော်ဆာမိ၏ ထူးခြားချက်မှာ ဤတွင်မရပ်သေးပါ။ ထပ်မံဖော်ပြစရာ ရှိပါသေးသည်။



ယခုဖော်ပြမည့်လုပ်ရပ်မှာ ဘိုးတော်ဆာမိလုပ်ခဲ့သမျှ အလုပ်ထဲတွင် အထူးခြားဆုံးအလုပ်ဟု ဆိုသင့်ပါသည်။

ဘိုးတော်ဆာမိက အစာဟောင်းစွန့်လွှတ်သည့်အလုပ်ကို လမ်းဘေးတွင်လည်း မလုပ်တတ်ပါ။ အစာဟောင်းစွန့်လွှတ်သည့် ယိုအိမ်သာတွင်လည်း မလုပ်တတ်ပါ။ အစာဟောင်းစွန့်မည့်နေ့ သို့မဟုတ် စွန့်ချင်သည့်အချိန်၊ ခပ်ရိုင်းရိုင်းဆိုရလျှင် အီးအီးပါချင်သောအခါ သူစီးနေကျ ဂျစ်ကားကို ခေါ်လိုက်ပြီး မှော်ဘီသို့ သွားရပါသည်။

မှော်ဘီအလွန်ရောက်သည့်အခါ ဂျစ်ကားကို လမ်းပေါ်မှာ ရပ်ထားပြီး သူကတော့ ချုံများကြားတွင် အီးအီးသွားပါ၏။ အီးအီးပါပြီးနောက် ရန်ကုန်သို့ ပြန်လာ၏။ သူအီးအီးသွားပါစဉ် မည်သူမျှ နောက်က မလိုက်ရ။ ဤသည်မှာ တစ်ခါတစ်ရံမဟုတ်။ အမြဲတမ်းအလုပ် ဖြစ်၏။

ဘိုးတော်ဆာမိ အီးယိုချင်တိုင်း မှော်ဘီသို့ ပြေးရ၏။

ကဲ.. မထူးခြားလား။

ဘိုးတော်ဆာမိက သူစိတ်ရူးပေါက်သလို လုပ်နေသည်ကို ကိုးကွယ်ကြသူများက တင်စားစကား ဆိုကြပြန်၏။

သူ့ဖင်က ချေးမထွက်ဘဲ ရွှေထွက်လို့ တောထဲ အီးအီးသွားပါရသည်ဟု ပြောကြပြန်သည်။

အပုပ်ကောင် ရုပ်ဆောင်ထားသည့် ခန္ဓာကိုယ်ထဲသို့ ဝင်သွားသမျှ အရည်၊ အဖတ်ဟူသမျှသည် အပုပ်ဓာတ်သဘောသို့ ရွေ့လျောပြီးနောက် တံတွေး၊ သလိပ်၊ ချွေး၊ နှာရည်၊ အပုပ်ရည်၊ ကျင်ကြီးကျင်ငယ်အဖြစ် ဒွါရပေါက်များမှ ယိုစီးထွက်နေသည်ကို ကိုယ်တွေ့မျက်မြင်၊ ကိုယ်တိုင်ခံစားရသည်ဖြစ်ပါလျက် ဘိုးတော်ဆာမိမှထွက်သောချေးကို ရွှေဟု ပြောနေကြသည်ကို ယခုခေတ်စကားနှင့်ဆိုတော့ 'လွန်တာပေါ့'ဟု ပြောရလေမည်သာ။

ဘိုးတော်ဆာမိမှာ နေ့လယ်ဘက်တွင် ဤသို့သော ပေါကြောင်ကြောင် အလုပ်များ လုပ်ပြီးနောက် ညဘက်တွင်မူ စိန့်ဘရားသားဘေးရှိ ကုလားဘုရားရှိခိုးကျောင်းကြီးထဲတွင် ပလောင်ထင်းလိုက်သည်မှာ ညအိပ်ချိန်ထိအောင်ပင် ဖြစ်၏။

သူက ကုလားတွေလို ခနီရည်တို့၊ ချက်အရက်တို့ မချပါ။ 'ရမ်'ကိုမှ ဆွဲသူဖြစ်ပါသည်။ ညစဉ်ညတိုင်း ရမ်အကြီးတစ်လုံးဆွဲပြီးနောက် ဂရင်းဟိုတယ်

အောက်ထပ်တွင် စောင်တစ်ထည်ခင်း၍ စောင်တစ်ထည်ခြုံပြီး အိပ်ပါတော့သည်။

ဘိုးတော်ဆာမိ နေ့စဉ်နေ့တိုင်း ပုလင်းထောင်နေသည်ကို သူ့ကို ကိုးကွယ်နေသူများက မသိ မဟုတ်ပါ။ သိကြပါ၏။ သို့သော် အပြစ်ဟု မမြင်ကြ။

အပြစ်မမြင်သည့်အပြင် သူတို့ပြောပုံကလေးကလည်း သင်းလှပါသည်။

ဘိုးတော်ဆိုတာ နေချင်သလို နေတတ်သည်။ လုပ်ချင်သလို လုပ်တတ်သည်။ အရူးတွေလို နေတတ်သည်။ ပြောချင်သလိုပြော၍ စိတ်ထဲရှိသလို လုပ်သူမှ ဘိုးတော်အစစ် ဖြစ်ပါသတဲ့။

ကဲ. . ကောင်းကြရောပေါ့။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် အလိမ်ခံရမည်ဆိုလျှင် လိမ်သူအပေါ် အမျိုးမျိုးခွင့်လွှတ်၍ ပြုံးပြုံးကလေးအလိမ်ခံတတ်ကြသည့် အလေ့အထကို ခိုးကျူးစရာဟုပင် ပြောရလေမည်လား။ အပြစ်တင်စရာဟု ပြောရလေမည်လား။

မည်သို့ပင်ဖြစ်စေ။ ဘိုးတော်ဆာမိကို ယနေ့ခေတ်လူငယ်များ အသုံးအနှုန်းဖြင့် အမည်ပေးရမည်။

ရှာန်ထုသည့် ဘိုးတော်ဟု. . ။

နောက်တစ်ဦးက ဂန်တူး (ဝါ) မိန်းမလျှာဘိုးတော်။

သူ့နာမည်ကိုတော့ မဖော်ပြတော့ပါ။ မိန်းမလျှာဘိုးတော်ဟု သုံးရပါမည်။

မိန်းမလျှာဘိုးတော်မှာ ယခင်က နတ်ကတော်ပါ။ ဘိုးတော်တွေ ခေတ်စားလာသည့်အချိန်တွင် ဘိုးတော်လုပ်ပစ်လိုက်သည်။ ဘိုးတော်အမည်ခံလိုက်သည်။

'ယောကျ်ားသည် မြင့်မြတ်၏၊ မိန်းမသည် ယုတ်ညံ့၏' ဟူသော အယူအဆမှာ ယနေ့သိပ္ပံခေတ်တွင် မရှိတော့ပါ။ သို့သော် ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်သည့် မိန်းမလျှာများကိုမူ ယုတ်ညံ့သည့်စာရင်းတွင် သွင်းထားကြ၏။

မိန်းမလျှာတို့၏အလုပ်မှာ လိင်တူချင်း ဟိုဒင်းပြုခြင်း၊ နတ်ကခြင်းနှင့် ရှောက်သီးဆေးပြားရောင်းခြင်းအလုပ်သာရှိရာ သူတို့ကို မြင်သူတိုင်းက နှာ



ခေါင်းရှုံ့ကြ၏။ အော့နှလုံးနာကြ၏။ သူတို့နှင့် မဆက်ဆံလိုကြ။ မလွှဲမရှောင်သာမှ ဆက်ဆံကြသည်။

သို့စေကာမူ မိန်းမလျှာက ဘိုးတော်ဖြစ်လာသည့်အခါ ဆက်ဆံသူတွေက များကြသည်။

သူကလည်း နှယ်နှယ်ရရမဟုတ်။ နာမည်ကြီးဘိုးတော်။ ဘုရားတွေ ဘာတွေ တည်။ ဘိုးတော်. . ဘုရားဒကာ အမည်ခံနေသည့် ဘိုးတော်။

သူ့အနားတွင် ယောကျ်ားပရိသတ်ထက် မိန်းမပရိသတ်က ပို၍များသည်။

မိန်းမလျှာဘိုးတော်မှာ လာသမျှပရိသတ်ကို အသံဖြင့်ထိန်းထားပြီး စားနေသူပါ။

သို့သော် သူက အခြားဘိုးတော်များလို ခမ်းခမ်းနားနား ပွဲအပြင်အဆင် လုပ်မထားပါ။ ရေအိုးတင်သည့် သုံးချောင်းထောက်စင်ပေါ်တွင် ဇလုံတစ်လုံးနှင့် ပွဲပြင်ထားသည်။ ထူးခြားသည်မှာ အခြားပွဲများလို အုန်းတစ်လုံးနှင့် ငှက်ပျောသုံးဖီး မဟုတ်။ အုန်းတစ်လုံးနှင့် ငှက်ပျောနှစ်ဖီးမျှသာ။ အဆိုပါပွဲရှေ့တွင် ခုံမြင့်ကလေးတစ်ခုရှိ၏။ ခုံမြင့်ကလေးပေါ်တွင် အမျိုးအမည်မတပ်နိုင်သော ရုပ်တုတစ်ခုရှိ၏။ အမျိုးအမည်မတပ်နိုင်ဟု ဆိုရခြင်းမှာ ရုပ်တုတစ်ခုလုံး ဖုံးနေအောင် စပယ်ကုံးတွေ လွှမ်းထားသောကြောင့် ဖြစ်သည်။

ကျွန်တော်ရောက်သွားချိန်တွင် အမျိုးသမီးခြောက်ယောက်ရှိနေ၏။ နှစ်ယောက်က ခပ်ကြီးကြီး။ လေးယောက်က အပျိုဖြန်းကလေးများ။ အပြင်အဆင်နှင့် အပြောအဆိုဟန်များ ကြည့်ရခြင်းအားဖြင့် တက္ကသိုလ်ကျောင်းသူများဟု ထင်ရသည်။

မိန်းမလျှာဘိုးတော်မှာ အခြားဘိုးတော်များထက် ပြတ်သည်။

ပြတ်သည်ဆိုသည်မှာ စေတနာတို့၊ မေတ္တာတို့၊ သတ္တဝါတွေကို ကယ်ဖို့ ကုသိုလ်ပြုပါသည်ဟု မပြော။ ပညာတန်ဖိုးကို စကားပြောသည်။ သူ့ကိုမေးလိုလျှင် ငွေငါးကျပ်တစ်မတ် ဒရှေ့သို့ချလိုက်ရသည်။ ကျပ်တန် လက်မခံ။ ငါးကျပ်တန်အဟောင်း လက်မခံ။ ယခုလာ ယခုမေး၍မရ။ တစ်ရက်ကြိုတင် စာရင်းပေးထားရသည်။

ကန့်သတ်ထားသည့်အချိန်မှာ ၁၅ မိနစ်သာ။ ပို၍မေးလိုသေးလျှင် နောက်ထပ် ငါးကျပ်တစ်မတ်။

သူပြောနေစဉ် ကြားဖြတ်မမေးရ။ သူ့အဟောဆုံးမှ မေးလိုရာကို

မေးနိုင်သည်။

အမည်ခံထားသည်မှာ အကြားအမြင်အဟော။

တစ်ယောက်လာမေးလျှင် ဘိုးတော်တစ်ခါ ပင့်လိုက်သည်။ ကြွလာသည့် ဘိုးတော်အမည်ကို ပြောသည်။ အင်္ဂလိပ်အမည်နှင့် ဘိုးတော်၊ တရုတ်အမည်နှင့်ဘိုးတော်၊ ကုလားအမည်နှင့်ဘိုးတော်၊ မွန်၊ ရခိုင်၊ ကရင်၊ ရှမ်းဘိုးတော်စသည်ဖြင့် အတော်စုံသည်။ ဘိုးတော်တစ်မျိုးဝင်လာလျှင် အသံတစ်မျိုးပြောင်းသည်။ အင်္ဂလိပ်မကြီးများ မေးတုန်သည့်အသံ၊ ကုလားဆာဒူးကြီး မေးနိုက်သည့်အသံ၊ တရုတ်ဘိုးဘိုး၏ ဒေါသအသံ၊ မွန်၊ ရခိုင်၊ ကရင်၊ ရှမ်းတို့၏ မပီကလာ ပီကလာအသံ။ ဝဲသံများ စုံလင်လှ၏။

အခြားသူများအတွက် အဟောမှန်၊ မမှန် မသိ။ ကျွန်တော့်ကို ဟောသည့်အခါ နှစ်လုံးသာမှန်၏။ အားလုံး လွဲသည်။ မိန်းကလေးများဆိုလျှင် ပို၍မှန်သည်ဟု ပြောသံကြားခဲ့ရသည်။ သူ့ဆီကြွလာသည့် ဘိုးတော်များမှာ ယောကျ်ားကလေးများကို မဟောချင်ဘူး ထင်ပါ့။

ကျောင်းသူလောကတွင်မူ သူ့သတင်းက ကြီးသည်။ စာမေးပွဲအတွက် စိတ်ချရသည်ဟု။

အကြားအမြင်အဟောအတွက် ငါးကျပ်တစ်မတ်ယူရုံနှင့် မပြီးပါ။ သူ့အစိဋ္ဌာန်ဘုရားတည်ဖို့ပါ ပါရမီဖြည့် အလှူခံပါသေးသည်။

မိန်းမလျာဘိုးတော် အပြောအဟောသတင်းကြီးသလို ဘိန်းဖြူသောက်ရာတွင်လည်း နာမည်ကြီးသည်။ သူ မိန်းမလျာဖြစ်ပေမယ့် ယောကျ်ားယူထားသည်။ သူ့ငနဲက ဖြူဖြူချောချောကလေး။ ခေါင်းလောင်းဘောင်းဘီ အမြဲဝတ်၍ ရွှေဖြင့်လုပ်ထားသည့် နဂါးပုံခါးပတ်ခေါင်းပါသော သားရေခါးပတ်အပြားကြီးပတ်ထားပြီး ဆံပင်ရှည်ကို ခါမချသူပါ။

သူ့အသုံးစရိတ်နှင့်တွက်ပြီး မိန်းမလျာဘိုးတော်က တစ်နေ့နှစ်ဆယ်ပေးသည်။ ငနဲကလေးက တစ်နေကုန်လည်၍ ရုပ်ရှင်ကြည့်၊ ငွေနှစ်ဆယ် တန်အောင်သုံးပြီး ညနေခြောက်နာရီခွဲလျှင်တော့ သူ့ဆီ အရောက်ပြန်ရသည်။

နှစ်ယောက်အတူ ထမင်းစားပြီး ညရှစ်နာရီမှစ၍ တစ်ယောက်လျှင် ဘိန်းဖြူစီးကရက် နှစ်လိပ်သောက်ပြီး ကြူကြသည်။ ဖက်အိပ်ကြသည်။ နောက်. . ဘာတွေဆက်လုပ်ကြမည်ကို ငွေရောင်ပိတ်ကားပေါ်တွင် စာဖတ်သူများ စိတ်ကူးအတွက် ချန်ထားခဲ့ပါမည်။

မယုံလျှင် ကျွန်တော့်ထံလာ၍ သူတို့၏ဓာတ်ပုံများကို ကြည့်ကြပါဟု။





ကျွန်တော် မိန်းမလျာဘိုးတော်ထံ ရောက်စဉ်က မဆီမဆိုင် စိတ်ကူးတစ်ခုပေါ်လာပါသည်။

အကယ်၍များ အသံတုဝိဇ္ဇာရဲမြင့်လေးသာ ဘိုးတော်လုပ်ရလျှင် သူ့ထက်သာလိမ့်မည်လားဟု ထင့်မှတ်မိ၏။

သူ၏သတင်းတွေ ပြင်ပတွင် မကြားချင်အဆုံး ပျံ့နှံ့စေကာမူ သူ၏အကြားအမြင်အတွက် ဝင်လာသူတွေက မစဲပါ။ မေးမြန်းသူတွေက တန်းစီလျက်ပါ။

မိန်းမလျာဘိုးတော်၏အကြောင်း လေ့လာပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချမိ၏။

လောကတွင် လိမ်သူတွင် အပြစ်မရှိ။ အလိမ်ခံနေသူတွေသာ အပြစ်ရှိသည်ဟု။

မည်သို့ဆိုစေ မိန်းမလျာဘိုးတော်ကို ခေတ်စကားနှင့် အမည်ပေးရလျှင်. .

'ဖိုး' ဆွဲသည့် ဘိုးတော်ဟု။

တိုက်ပေါ်က ဘိုးတော်၊ တဲပေါ်က ဘိုးတော်၊ ပလက်ဖောင်းပေါ်က ဘိုးတော်၊ မိန်းမလျာဘိုးတော်များအကြောင်း ဖော်ပြပြီးနောက် မှိုဘိုးတော်အကြောင်းပါ။

ပြပါမည်။

မှိုဘိုးတော်မှာ လူဝတ်နှင့်မဟုတ်။ ရဟန်းဝတ်နှင့်. .။

ဤနေရာမျိုးတွင် မှိုဘိုးတော်အကြောင်း မရေးမီ နှစ်ရာနှစ်ဆယ့်ရှစ်သွယ်သော သိက္ခာပုဒ်ကို ထိန်းသိမ်းနေကြသည့် သံဃာတော်အရှင်မြတ်များအား တပည့်တော် ခြေတော်ဦးခိုက်၍ တောင်းပန်အပ်ပါသည်။ တပည့်တော်သည် သံဃာအစစ်၊ ရဟန်းအစစ်များအား ထိပါးလိုသည့် စေတနာ လုံးဝမပါပါ။ သံဃာတု၊ ရဟန်းတုအကြောင်းကိုသာ ရေးသားသည်ဖြစ်ပါသဖြင့် ရဟန်းစစ်၊ သံဃာစစ်များက တပည့်တော်အပေါ် ခွင့်လွှတ်တော်မူကြပါ အရှင်သူမြတ်များ ဘုရား။

သစ်ခေါက်ဆိုး၊ တက်ထရွန်သင်္ကန်းဝတ်ထားသည့် ဦးပြည်းစိမ်းစိမ်း၊ အသားဖြူဖြူ နှာတံပေါ်ပေါ်၊ ရွှေမျက်မှန်နှင့် ကိုယ်တော်ကလေးမှာ ရွှေချင့်စဖွယ် တင့်တယ်သောရုပ်အဆင်းနှင့် ပြည့်စုံပါပေသည်။

မြင်ရလျှင် ချစ်ချင်စရာ ကိုယ်တော်ကလေးပါ။ ကြည်ညိုစရာထက်

ချစ်ချင်စရာရှိသူဟု ဆိုပါရစေ။

အသံမှာ ကြည်၍ တရားဟောလည်း ကောင်း၏။

အသံဝိဇ္ဇာ တိုင်းချစ်သန်းစိန်အသံမျိုး ဟစ်လိုက်လျှင် တိုင်းချစ်သန်းစိန် တရားဟောပလ္လင်ပေါ် ရောက်နေသလားဟု ထင်မှတ်မှားလောက်အောင်ပင်။

အလွတ်ပညာသင်ကျောင်းတွင် အင်္ဂလိပ်ဘာသာသင်ယူထားသည်မို့ အင်္ဂလိပ်လိုပြောလိုက်သည့်အခါ အောက်စဖို့တက္ကသိုလ်ထွက်လား အောက်မေ့ရလောက်အောင် အသံအထားအသို အဆက်အပေါက် ပြေပြစ်လှသူပါ။

မူလကတော့ တရားဟောဓမ္မကထိကဖြစ်ဖို့ ရည်ရွယ်ကြိုးစားခဲ့သော်လည်း ဘိုးတော်ခေတ်ထလာသောအချိန်တွင် မူလရည်ရွယ်ချက်ကို စွန့်လွှတ်ပြီး ဘိုးတော်လိုင်းသို့ ကူးပြောင်းခဲ့သည်။

ရဟန်းငယ်ဘဝကတည်းက ဆန်းကျမ်း၊ ဗေဒင်ကျမ်းများ သင်ယူခဲ့သည်မို့ လိုင်းပြောင်းသည့်အခါ သူ့အတွက် အခက်အခဲမရှိတော့ပေ။ ဓမ္မကထိကလိုင်းတွင် နာမည်ရခဲ့ပြီဖြစ်သည့်ပြင် ဗေဒင်၊ လက္ခဏာများ တတ်ကျွမ်းသည်ကို မသိကြသဖြင့် လိုင်းပြောင်းလိုက်သည်နှင့် ရွှေမျက်မှန် အကြားအမြင်ကိုယ်တော်ကလေးဟု တစ်ဟုန်ထိုး နာမည်ကြီးသွားသည်။

တရားဟော ဓမ္မကထိကပီပီ စကားပြောကလည်း ကောင်းလှသဖြင့် ရွှေမျက်မှန်ဘိုးတော်ဘဝတွင် တစ်နှစ်မပြည့်မီ ဟီလမင်ကားပိုင်ရှင်ကိုယ်တော်ကလေး ဖြစ်လာသည်။ ဆွမ်းချိုင့်ပို့လိုသူတွေက အလုအယက်။ သူ့နေ့နှင့်သူ ခွဲတမ်းချပေးနေရသည်။ ဒါကိုပင် လိုချင်သည့်နေ့ မရသဖြင့် တဆူဆူတပူပူ လုပ်ကြသူတွေကို ကျေနပ်အောင် တောင်းပန်ရသေးသည်။

တရားဟော ဓမ္မကထိကဘဝတွင်လည်း အောင်မြင်ပါသည်။ သို့သော် ဘိုးတော်ဘဝတွင် ပို၍အောင်မြင်သည်။ သူလိုချင်သော၊ ဖြစ်စေချင်သော အဆင့်ကို ရောက်လာသည်။

သူ့အနားတွင် ပတ်ချာလည်ဝိုင်းနေသည့် စိန်နားကပ်တွေ တဝင့်ဝင့်။ တဝင်းဝင်းတလက်လက် တောက်ပနေသည့် စိန်တွေနှင့် ပိတ်သက်န်းမှာ မလိုက်ဖက်တော့။ ဖဲနှင့်မှ လိုက်ဖက်မည်။ ယူနီဖောင်းသေတ္တာထဲမှ ပိတ်သင်္ကန်းတွေကို စွန့်ပစ်လိုက်သည်။ ရက်ရက်ရောရောကြီး စွန့်ပစ်လိုက်သည်။ မဝ္ဝန့်၍လည်း မဖြစ်တော့။ ဖဲသင်္ကန်းတွေ ထားစရာ နေရာပေးရသည်။

ရွှေအစစ်နှင့် လုပ်ထားသည့် မျက်မှန်ကိုင်းနှင့် သုံးဘီးရောင် ဖဲ



သင်္ကန်းမှာ လိုက်ဖက်လှသည်။ ရွှေနှင့်မြ၊ နေနှင့်လ အလားပမာ။

ရွှေမျက်မှန်ဘိုးတော် ပွဲပြင်ဆင်ပုံမှာ တစ်ဘာသာထူးခြား၏။ အခြားသော ဘိုးတော်အမည်ခံများ ပွဲပြင်ဆင်ပုံနှင့် လားလားမှမတူပေ။ တစ်မျိုးတစ်ဘာသာ ဆန်းသစ်ထား၏။ အများ သူငါလို လုပ်လျှင် မထူး။ အများနှင့် မတူ တစ်မူထူးခြားအောင် လုပ်နိုင်မှ ပို၍စိတ်ဝင်စားမည်ကို သိသည့် ရွှေမျက်မှန်ဘိုးတော်က ပွဲပြင်ပုံ တစ်ဘာသာ ထူးခြားဆန်းသစ် တီထွင်လိုက်ပါသည်။

ပွဲပြင်ဆင်ပုံမှာ. .

ဝဲ၊ ယာ စားပွဲနှစ်ဖက်တွင် ပွဲနှစ်ပွဲစီ။ အလယ်ခေါင်အနိမ့်အမြင့် အဆင့်ငါးဆင့်ရှိသည့် ခုံပေါ်တွင် ပွဲငါးပွဲပြင်ထားသည်။ အလယ်ခေါင်စားပွဲ ငါးပွဲမှာ အနိမ့်အမြင့်ဆိုသော်လည်း အထက်အောက် တည့်တည့်မဟုတ်။ လှေကားထစ်သဖွယ် အဆင့်ခံထားသည့် ခုံဖြစ်ရာ ပွဲများမှာ စောင်းစောင်းကလေးတွေ။ အမြင့်မှ အနိမ့်သို့ လျှောဆင်းလာသည်။

မြင်ကွင်း တစ်မျိုးဆန်းပါသည်။

မြင်ကွင်းဆန်းသည်ထက် စိတ်ဝင်စားစရာမှာ ပွဲများပေါ်ရှိ နဖူးစည်းကတ္တီပါအနက်ပေါ်တွင် ငွေရောင်စာလုံးများဖြင့် စီခြယ်ထားသည်။

'ကိုးနဝင်း မိုးလင်းလျှင် သိရမည်'

ပွဲကိုးပွဲပေးထားသည့် အဓိပ္ပာယ်ကို ရည်ညွှန်းထားဟန် တူပါသည်။

ပွဲကိုးပွဲနှင့် ကိုးနဝင်းစာလုံးများမှာ လိုက်ဖက်သည်ဟု ဆိုရပေမည်သာ။

ရွှေမျက်မှန်ဘိုးတော်မှာ ကောင်းပေ့ဆိုသော အညွန့်၊ အဖူး ဟင်းလျာများဖြင့်သာ ဘုဉ်းပေးတတ်၏။ ချိုင့်ထဲက ဟင်းလျာများကို စိတ်နှင့်မတွေ့လျှင် တရုတ်ဟိုတယ်မှ ဟင်းလျာအသစ်အဆန်းများ မှာ၍ ဘုဉ်းပေးတတ်၏။

ဟင်းကောင်းများဖြင့် ဘုဉ်းပေးတတ်သည့် ကိုယ်တော်ကြီး၏ အဘိဓမ္မာမှာ. .

'အာရောဂျံ ပရမံ လာဘံ၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး'

ကျန်း…မှ စိတ်ချမ်းသာမည်။ ကျန်းမာ၊ စိတ်ချမ်းသာမှ သတ္တဝါတို့အကျိုးကို အားရပါးရကြီး သယ်ပိုးဆောင်ရွက်နိုင်မည်။

ထို့ကြောင့် ကောင်းကောင်းစားသည်။

သက်သတ်လွတ်ဆွမ်းကိုသာ ဘုဉ်းပေးနေ၍ မဖြစ်။

ကောင်းကောင်းစားခြင်းသည်၊ အာဟာရဖြစ်စေမည့် အစာများကို

စားနေခြင်းသည် မိမိအကျိုးအတွက် သက်သက်မဟုတ်။ သတ္တဝါတွေ၏အကျိုး ဖြစ်ပါသည်ဟု။

ရွှေမျက်မှန်ဘိုးတော်ကလေး၏ အဘိဓမ္မာသည်လည်း စဉ်းစားစရာ ပါ။ မဟုတ်မမှန်ဟု မငြင်းနိုင်စရာပါ။

ရုပ်ကို အာဟာရစောင့်သည် အဟောရှိသည် မဟုတ်ပါလား။

ရွှေမျက်မှန်ဘိုးတော်၏ အကြားအမြင်အဟောကို ကြားနာလိုပါလျှင် ချတ်ချင်းမရပါ။ သူ၏တပည့် ကပ္ပိယထံတွင် အမည်၊ မွေးသက္ကရာဇ်၊ အချိန်၊ နာရီ နေ့ မည်သည့်အရပ်တွင်မွေးဖွားသည် ဆိုသည်ကို စာရွက်နှင့် ရေးပေးရ သည်။

ကပ္ပိယကြီးက ပြက္ခဒိန်နှင့် ဒိုင်ယာရီစာအုပ်ကလေးကို လှန်ပြီး ရက် ချိန်းပေးလိုက်ပါမည်။ ငါးရက်ခွာ၍ ချိန်းပါမည်။ သည့်နောက် ကပ္ပိယကြီး၏ အတင်းကို နားသောတ ဆင်ရပါဦးမည်။

ဆရာတော်က လူတစ်ယောက်ကိစ္စကို ပေါ့ပေါ့ဆဆမဟော။ ချက် ချင်းမပြော။ ပေးထားသည့် သက္ကရာဇ်၊ နေ့နံများအတိုင်း အဓိဋ္ဌာန်ဝင်ပြီး ဘိုး တော်များပင့်၍ မေးမြန်းပြီးမှ အသေအချာ တိတိကျကျဟောပါလိမ့်မည်။ စိတ် အေးချမ်းမှု ဖြစ်စေပါလိမ့်မည် ဟု၍တည်း။

ရွတ်တရက်သော် သူ့နည်းသူ့ဟန်က တစ်မျိုးဟု ထင်ရ၏။ အမှန် တော့ နိုးနိုးတစ်မျိုး မဟုတ်ပါ။ လှည့်စားခြင်းတစ်မျိုးသာ ဖြစ်၏။

လှည့်စားပုံမှာ လှည့်စားသည်ဟု မရိပ်မိလောက်အောင် ပိရိသည်။

အကြားအမြင်အဟော ကြားချင်သူ၏ မွေးသက္ကရာဇ်၊ နေ့နံများကို ယူထားပြီး ရွှေမျက်မှန်ဘိုးတော်ကလေးက သူတတ်ထားသည့် ဗေဒင်၊ လက္ခဏာပညာများဖြင့် တွက်ချက်လိုက်၏။ ထိုသို့တွက်ချက်ပြီး အဟော ထွက်လာသည့်အထဲမှ အရေးကြီးသော အချက်များကို မှတ်ထားလိုက်၏။

လိုအပ်သည့် ပြင်ဆင်မှုအားလုံးကို အသေးစိတ် အကွက်ချပြင်ဆင်ပြီး မှ အဟောခံမည့် အမေးပုဂ္ဂိုလ် ရောက်ရှိလာသည့်အခါ သူ၏ပွဲများရှေ့တွင် ထိုင်နိုင်းပြီး ငါးပါးသီလယူစေသည်။

အမေးလာသူ ငါးပါးသီလယူသည်နှင့် ရွှေမျက်မှန်ဘိုးတော်က ဝိဇ္ဇာ များကို အသံနေအသံထားနှင့် ပင့်နေသည်မှာ နားထောင်နေရသူအဖို့ ပီတိဖြစ် စေရုံမက ကြက်သီးတဖြန်းဖြန်း ထလာစေသည်။

စကြဝဠာ ကမ္ဘာမြေမျိုး ဖြန်းဖြန်းကျိုး တန်ခိုးသိဒ္ဓိအပေါင်းနှင့် ပြည့်စုံ





တော်မူသော စုဋ္ဌဂန္ဓာရီ ဆရာသခင်သည် သန့်ရှင်းထူးမြတ်သည့် ကိုးနဝင်းပွဲ တော်ပေါ်သို့ ကြွရောက်ပါမည့်အကြောင်း ရိုသေဦးခိုက်လျက် ပင့်ဖိတ်အပ်ပါ သည် ဆရာသခင် ကျေးဇူးရှင်။

မနေ သိဒ္ဓိ။

အာယု သိဒ္ဓိ။

စိန္တာမဏိ သိဒ္ဓိ။

အာဟာရ သိဒ္ဓိ။

ကာယ သိဒ္ဓိ။

အာရောဂျ သိဒ္ဓိ။

ပထဝီ သိဒ္ဓိ။

အာကာသ သိဒ္ဓိ။

သိဒ္ဓိဆယ်ပါးကို အောင်မြင်တော်မူပြီးသည့် ဆရာသခင် ကျေးဇူးရှင် သည် အကျွန်ုပ်၏ဦးခေါင်းပေါ်တွင် ရပ်တည်တော်မူပါ။

အို. . ဂန္ဓာရီရသေ့၊ စကြာပါလရသေ့၊ ဝါမရရသေ့၊ ဝိဂ်လရသေ့ အစ ရှိကုန်သော ဆရာကောင်း ရသေ့အပေါင်းတို့သည် ဂန္ဓာရီအတတ်ပညာများကို ကျင့်ကြံအားထုတ်နေသည့် အကျွန်ုပ်အား ကိုယ်နှင့်မကွာ စောင့်ရှောက်တော် မူပါ။ လှူပ်ရှားတော်မူပါစေသတည်း။

နဂါး၊ ဂဠုန်၊ ဂုမ္ဘာဏ်၊ ယက္ခ၊ ဂန္ဓနတ်တို့နှင့်တကွ တန်ခိုးရှိန်စော် အာနုဘော်ကြီးလှသော မဟာတေရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ နာမခေါ်မည် စတုလောကပါလနတ်မင်းကြီးတို့သည်လည်းကောင်း။ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသ စိုး၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင် စောင့်နတ်၊ သာသနာစောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ အင်းစောင့်နတ်၊ ဆေးစောင့် နတ်တို့သည် အကျွန်ုပ်၏ပင့်ဖိတ်မှုကို သိကြပါစေ၊ ကြားကြပါစေသတည်း။

အကျွန်ုပ်အား အရာခပ်သိမ်း စောင့်ရှောက်ပေးတော်မူပါ။

ဤစာသားများကို ဌာန်ကရိုဏ်းကျကျ၊ ဒေါ်မာန်ပါပါ၊ အသံနေအသံ ထားဖြင့် ရွတ်ဖတ်နေစဉ် ပွဲရှေ့တွင်ထိုင်နေသည့် အကြင်ပုဂ္ဂိုလ်မှာ ကြက်သီး တဖြန်းဖြန်း ထနေသည်။

ရွှေမျက်မှန်ဘိုးတော်က ဘာမှမဟောသေးခင်မှာပင် သူ့အပေါ်တွင် ရာခိုင်နှုန်းပြည့် ယုံကြည်နေပြီဖြစ်သည်။

သူဟောသည်ကို အဟုတ်အမှန်ဟုတ်ပါ့မလားဟု သံသယမရှိတော့။

ဟုတ်ရမည်၊ ဖြစ်ရမည်ဟု နှလုံးစိုက်လိုက်ကြသည်။

အမှန်တော့ ရွှေမျက်မှန်ဘိုးတော်က အပိုင်လုပ်ထားသည်။

အကြားအမြင် ရွှေမျက်မှန်ဘိုးတော် ဟောပါတော့မည်။

ဟောတော့မည်ဆိုသည်နှင့် လက်မနှင့်လက်ညှိုးကို မျက်ခုံးနှစ်ခုကြား၌ နှာတံထိပ်ကို ကိုင်လိုက်ပြီး မျက်စိမှိတ်လျက် တခေါက်ခေါက်နှင့် ကရားရေလွှတ်သလို ဟောချသွားပါသည်။

သော်မှ ကြားရမြင်ရသူများအဖို့တော့ အံ့ဩစရာကြီးပါ။

သူကတော့ လွယ်လွယ်ကလေး။ ဆန်းကျမ်း၊ ဗေဒင်ကျမ်း၊ လက္ခဏာသဘောအရ တွက်ချက်ထားသည်များကို ဟောသွားခြင်းပင်။

သို့သော် လက္ခဏာကို ကြည့်သည့်သဘောနှင့် မကြည့်ဘဲ ဓာတ်ကူးသည့်သဘောဖြင့် ကြည့်သည်။

လူသည် အစစအဆင်ပြေနေသည့်အချိန်၊ အောင်မြင်နေသည့်အချိန်တွင် ဗေဒင်မေးလျှင် ဆန်ကုန်သည် ပြောလေ့ပြောထရှိသော်လည်း လုပ်ငန်းကိုင်ငန်း အပေါက်အလမ်းမတည့်သောအခါ ဗေဒင်တို့၊ လက္ခဏာတို့၊ အကြားအမြင်တို့နောက်သို့ တကောက်ကောက်လိုက်ကြ၏။

အားငယ်နေသည့်အချိန် အောင်မြင်မည်ဟု ကြားရလျှင် အကြွင်းမဲ့ယုံကြည်တတ်ကြ၏။ အောင်မြင်သည်၊ မအောင်မြင်သည် အပထား။ အကယ်၍ တိုက်ဆိုင်မှုကြောင့်ဖြစ်စေ၊ အောင်မြင်စရာအကြောင်း အထောက်အပံ့ပေါ်လာလျှင်ဖြစ်စေ အောင်မြင်သွားလျှင် ထိုဆရာ၏အကြောင်းကို မိုးရွာထဲ ထီးထမ်း၍ လမ်းလျှောက်ပြောတတ်ကြပေသည်။

ရင်းနှီးသူမှန်သမျှကို ထိုဆရာဆီရောက်အောင် သွားခိုင်းတတ်ကြသည်။

အလျဉ်းသင့်သဖြင့် ကျွန်တော်ဖတ်ဖူးသော အင်္ဂလိပ်လူလိမ်တစ်ယောက်အကြောင်းကို ဖော်ပြပါရစေ။ .

အင်္ဂလိပ်လူလိမ်ကြီးမှာ နှယ်နှယ်ရရပုဂ္ဂိုလ်ကြီး မဟုတ်ပါ။ အလုပ်အကိုင်မှာ အင်ဂျင်နီယာကြီးတစ်ဦး ဖြစ်၏။ အင်္ဂလန်မှ ဟောင်ကောင်ရှိဆောက်လုပ်ရေးကန်ထရိုက်အဖွဲ့တွင် အလုပ်ဝင်နေသူ ဖြစ်၏။ အရက်အလွန်သောက်ပြီး အလုပ်ခွင်တွင် အမှားတစ်ခု လုပ်မိရာမှ အလုပ်မှ ထုတ်ပယ်ခြင်းခံရသည်။

ရှက်လည်းရှက်၊ ဘိုင်ကလည်း ကျနေသဖြင့် အင်္ဂလန်သို့ ချက်ချင်း



မပြန်သေးဘဲ ဟောင်ကောင်ပျိုဖြူများကြားတွင် ပွေချင်တိုင်း ပွေနေခဲ့သည်။ သို့သော် သူ့မှာရှိသောငွေမှာ ပွန်းပဲ့လာခဲ့ပြီဖြစ်သည့်တိုင် အင်္ဂလန်သို့ မပြန်နိုင်သေး။ ဟောင်ကောင်ပျိုဖြူများ၏ ရင်ခွင်မှ မထွက်နိုင် ဖြစ်နေသည်။

လှပသော တရုပ်မကလေးများ ကျင်လည်စွာကိုင်တွယ်ထားသည့် ဆင်စွယ်တူကလေးများဖြင့် ခွံ့ပေးသည့် အစားအသောက်များ၏ အရသာကို မစွန့်နိုင်၊ မခွာရက် ဖြစ်နေသည်။

ဟောင်ကောင်တွင် ဆက်နေဖို့မှာ ငွေလိုလာသည်။ ငွေရှာရမည်။ ရနိုင်မည့်နည်းလမ်းတွေကို အမျိုးမျိုး အကြံထုတ်သည်။

တစ်ရေးနိုးသော် အကြံပေါ်ဟူသည့် ဆိုစကားရှိသော်လည်း သူကညနေစောင်းမှ အကြံပေါ်လာသည်။

တစ်နေ့ ဟောင်ကောင်ကမ်းနားသွားရင်း အကြံတစ်ခု ရလာသည်။

ဟောင်ကောင်သည် တရုတ်လူမျိုးအများစု နေထိုင်ရာဒေသ။ တရုတ်လူမျိုးများသည် မွေးလာသော ရင်သွေးရင်နှစ်များထဲမှ မိန်းကလေးထက် ယောကျ်ားကလေးကို ပို၍ချစ်တတ်သည်။ ပို၍မြတ်သည်ဟု ယူဆကြသည်။ မိန်းကလေးထက် ယောကျ်ားကလေးကို မြှောက်စားသည်။

ဤသည်ကို ကြည့်၍ သူ အကြံတစ်ခုရသည်။

သူ့အကြံက သားယောကျ်ားကလေး မွေးသည့်ဆေး ရောင်းရသော် ဆိုသည့်အကြံ။

ငွေလိုသဖြင့် ကြံမိကြံရာ ကြံလိုက်သည့်အကြံ။

လုပ်မိလုပ်ရာ စွန့်စားလိုက်ခြင်း ဖြစ်စေကာမူ သူ့အကြံမှာ တင်းပြည့်ကျပ်ပြည့်အောင်မြင်သွား၏။

သူ့တွင်ရှိသည့်ငွေနှင့် ပုလင်းလွတ်ကလေးများနှင့် ဗီရိုတစ်လုံးဝယ်ပြီး ခန့်ညားသပ်ရပ်သော ဆိုင်းဘုတ်ကြီးကြီးတစ်ခုကို သူနေသော အိမ်ခန်းရှေ့တွင် စတိုင်တင်းတင်းဖြင့် ဆွဲချိတ်လိုက်သည်။

ထို့နောက်တော့ လှပသော ပုလင်းဖြင့် တံဆိပ်ကပ်ထားသည့် အနီရောင်ဆေးပုလင်းကလေးများ ဗီရိုထဲတွင် အစီအရီထည့်ထားလိုက်၏။

တရုတ်စာများဖြင့် ရေးထားသည့် ဆိုင်းဘုတ်နှစ်ခုကို သူ့အခန်း၏ ဝဲယာဘက်တွင် ချိတ်ဆွဲထား၏။

ယောကျ်ားကလေး လိုချင်သူများအတွက် ယောကျ်ားကလေး မွေးသည့်ဆေးကို အင်္ဂလန်မှ မစ္စတာ (...) စမ်းသပ်ဖော်ထုတ်လိုက်ပြီ။

ဤဆေးကိုသောက်လျှင် ယောကျ်ားကလေး ကျိန်းသေမွေးရမည်။

ယောကျ်ားကလေး မမွေးလျှင် ငွေပြန်ပေးဖို့ စာချုပ်ဖြင့် အာမခံသည်။

အခမဲ့ ဝင်ရောက်ဆွေးနွေးတိုင်ပင်ပါ။

သူက ဗီရိုရှေ့တွင် စားပွဲတစ်လုံးနှင့် ခပ်တည်တည် ထိုင်နေသည်။

တစ်ရက်၊ နှစ်ရက်တော့ လူမလာ။ သူ့အခန်းရှေ့ ဖြတ်သွားကြသည့် တရုတ်အထီး၊ အမများက သူ့ဆိုင်းဘုတ်ကစာကို ဖတ်ပြီး ပြုံးစေ့စေ့လုပ်သွားကြသည်။ ကွိကွိကွကွတွေ ပြောသွားကြသည်။

နှစ်ရက်မြောက်နေ့အထိ သူ့ဆေးပုလင်းမှာ မရောင်းရသေးပေ။

သူကတော့ ငွဲနှင့်ပင်။ အားတက်သရောတော့ တွေ့ရသည်။

တရုတ်တွေ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ သူ့ဆိုင်းဘုတ်ကစာကို ဖတ်ပြီး ကွိကွိကွကွလုပ်နေကြသည်။ သူကတော့ ဆိုင်းဘုတ်လာဖတ်သမျှလူများကို အပြုံးဖြင့် နှုတ်ဆက်လျက်သာ။

လေးရက်မြောက်နေ့တွင် ဆေးအကြောင်း စုံစမ်းရန်လာသူ ရှစ်ဦးအနက် ခြောက်ဦးက ဆေးခြောက်ပုလင်းဝယ်သွား၏။

ဆေးတန်ဖိုးက မသေးပါ။ တစ်ပုလင်း ဟောင်ကောင်ဒေါ်လာ ငါးဆယ်။ တစ်နေ့တည်း ဒေါ်လာသုံးရာရလိုက်သည်။ ဆေးတစ်ပုလင်း၏ ကုန်ကျငွေမှာ သုံးဒေါ်လာခန့်သာရှိရာ သူရလိုက်သည့်အမြတ်က မနည်း။

သူ့ဆေးအတွက် ကုန်ကျငွေမှာ ပုလင်းကြီး၊ ပုလင်းကပ်တံဆိပ်ရိုက်ခ၊ ဆေးညွှန်းရိုက်ခမျှသာ ကုန်သည်။ ပုလင်းထဲတွင်ရှိသည့် ဆေးရည်မှာ မွှေးသော၊ အရောင်ဆိုးထားသော ရေသက်သက်မျှသာဖြစ်သည်။

ဆေးအညွှန်းတွင်. .

(၁) ဆေးကို ဆားနှင့်သောက်ရမည်။
(၂) ကိုယ်ဝန်ဆောင်ထားစဉ် ယောကျ်ားကလေးများကိုသာ ချီရမည်။
(၃) လှပသော ယောကျ်ားကလေးဓာတ်ပုံများ အိပ်ခန်းထဲ ချိတ်ဆွဲထားရမည်။
(၄) ကိုယ်ဝန်ဆောင်ထားစဉ် မိန်းကလေးများကို မနမ်းရ။
(၅) ဤဆေးရည်ကို အညွှန်းအတိုင်း မီးဖွားသည့်ရက်အထိ မှန်မှန်သောက်ရမည်။

ဆေးဝယ်လိုလျှင် နေရပ်လိပ်စာအပြည့်အစုံကို မှတ်တမ်းစာအုပ်ကြီးထဲတွင် ရေးမှတ်ပြီး ယောကျ်ားကလေး မမွေးလျှင် ငွေပြန်ပေးမည့်အကြောင်း အာမခံစာချုပ်တစ်ခု ပေးလိုက်သည်။

သူ့ဆေးမှာ တစ်နေ့ထက်တစ်နေ့ ဝယ်သူများလာသည်။ ကျော်ကြားလာသည်။

သူ့အိတ်ကပ်ထဲသို့ ငွေတွေ ဝင်လာမစဲ တသဲသဲ။ ဘဏ်စာရင်းပင်ဖွင့်ရသည်။

ဟောင်ကောင်သူရင်ခွင်ထဲတွင် စိတ်ကြိုက်အနားယူနိုင်ပြီ။

ခုတော့ ကားနှင့်၊ တယ်လီဖုန်းနှင့်. .။

တစ်နှစ်လောက်ကြာသည့်အချိန်တွင် သူ့ဆေးဆိုင်သို့ လူအဝင်အထွက် ပိုရှုပ်လာသည်။

လက်ဆောင်ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်ကြီး၊ ပြုံးပြုံးရွှင်ရွှင်ဝင်လာသူများနှင့် သူပေးလိုက်သည့်စာချုပ်ကြီးကို ကိုင်လျက် မဲ့မဲ့ရွဲ့ရွဲ့ဝင်လာသူများ။

ပြုံးသူမှာ ယောကျ်ားကလေး မွေးသူ။

မဲ့သူမှာ မိန်းမကလေး မွေးသူ။

သူကတော့ မည်သူလာစေ ပြုံးလျက်သာ။

ယောကျ်ားကလေးမွေးသူက လက်ဆောင်တွေပိုက်ပြီး ဝင်လာလျှင် သူက သူ့ဆေး၏အာနိသင်ကို ပို၍ကြွားလုံးထုတ်လိုက်သည်။

မိန်းကလေးမွေးသူက စာချုပ်ကြီးကိုင်၍ မဲ့မဲ့ရွဲ့ရွဲ့ဝင်လာလျှင် သူက ပြုံးပြုံးကလေး စာချုပ်အတိုင်းသာ ငွေပြန်ပေးသည်။

ဒါပေမဲ့ သူကား ကာယကံရှင်တို့ကိုတော့ အာလူးပေးလိုက်သေးသည်။ သူ့ဆေးမှာ မစွမ်း၍ မဟုတ်။ သူ့ဆေးမှာ အလွန်စွမ်းသည့် အာနိသင်ရှိသည့် ဆေးဖြစ်သည်။ ကာယကံရှင်က အညွှန်းအတိုင်း မလိုက်နာ၍သာ၊ ဆေးကို မှန်မှန်မသောက်၍သာ မိန်းကလေးမွေးခြင်းဖြစ်သည်။ မယုံလျှင် ဟောဒီမှာ ကြည့်ပါ။

သူ့မှတ်တမ်းစာအုပ်ကြီးလှန်၍ ယောကျ်ားကလေးမွေးသူများစာရင်းကို ပြလိုက်၏။ မယုံလျှင် လိပ်စာအတိုင်း သွားမေးနိုင်ကြောင်း ရဲရဲကြီးပြောဆိုလိုက်၏။ စာအုပ်ထဲ ကြည့်လိုက်တော့လည်း ဟုတ်နေသည်။ မငြင်းသာတော့။

ကာယကံရှင်က ငွေပြန်ယူရမည်ကို အားနာနေပြီ။ သူကတော့ ကတိအတိုင်း ပြန်ပေးသည်။ ပြန်ပေးရသူအတွက် အရှုံးငွေမှာ သုံးဒေါ်လာ။

ယောကျ်ားကလေးမွေးသူထံမှ ရလိုက်သည့်ငွေက အဆမတန်။

သူ့လိမ်နည်းက ရှင်းရှင်းကလေးပါ။ ကိုယ်ဝန်ဆောင်များသည်

ယောက်ျားကလေးချည်း မမွေး။ မိန်းကလေးများချည်း မမွေး။ ထို့ကြောင့်လည်း သူမှတ်တမ်းစာအုပ်ကြီးထဲတွင် ယောက်ျားကလေးမွေးသူစာရင်းနှင့် မိန်းကလေးမွေးသူစာရင်းမှာ မျှမျှတတရှိနေသည်။

သို့သော် သူ့ကို လိမ်သည်ဟု မည်သူက စွပ်စွဲပါမည်နည်း။

ယနေ့ မြန်မာပြည်တွင် အကြားအမြင်အဟောသမားများမှာလည်း ဤပုံစံအတိုင်းပါဟု ဆိုပါရစေ။

တိုက်ဆိုင်မှုကြောင့်သာ မှန်သူရှိမည်။ မတိုက်ဆိုင်မှုကြောင့် မမှန်သူရှိမည်။ ကွာခြားသည်မှာ မမှန်သူက ငြိမ်ငြိမ်ကလေးနေလိုက်တတ်ကြသော်လည်း မှန်သူတွေကတော့ အခမဲ့ မမောမပန်း ဝါဒဖြန့်ပေးတတ်ကြ၏။

ဤသို့ဆိုသော် သူတို့ကိုလည်း လိမ်သည်ဟု မဆိုသာပေ။

ရွှေမျက်မှန်ဘိုးတော်မှာ တစ်နေ့ထက်တစ်နေ့ ကျော်ကြားလာသည်။ ပရိသတ်တွေ ပိုများလာသည်။ အနားယူချိန် မရှိလောက်အောင် ဖြစ်နေသည်။ ပရိသတ်များသလို ဝင်ငွေလည်း များလာသည်။

ဟောခန္ဓာကိုပင် သုံးဆယ်ကျပ်အထိ တက်ယူခဲ့ပြီဖြစ်၏။

သူမှာ အလုပ်လုပ်ချိန်မရှိသဖြင့် မေးသူနည်းအောင် တမင်ငွေပိုယူရသည်ဟု အကြောင်းပြ၏။ ဤသည်ကလည်း လှည့်စားချက်တစ်မျိုးပင်။

မည်သူမဆို မည်မျှလောက်အရေးကြီးသည့်ကိစ္စ ရှိပါစေ။ ညနေငါးနာရီထိုးပြီးနောက် ရွှေမျက်မှန်ဘိုးတော်နှင့် တွေ့ခွင့်မရနိုင်ပေ။ ငါးနာရီထိုးပြီးနောက် ညပိုင်း အဓိဋ္ဌာန်အလုပ်တွေ ရှိသည်ဟု အကြောင်းပြထားသည်။

အတွင်းကျကျ လေ့လာသည့်အခါ အဖြစ်မှန်ပေါ်လာသည်။

အဖြစ်မှန်က ဤသို့ပါ။

ရွှေမျက်မှန်ဘိုးတော်သည် ဘိုးတော်အမည် မခံယူမီ ဓမ္မကထိကဘဝကပင် တစ်ချပ်မှောက်ဖဲကစားခြင်းတွင် အလွန်မွေ့ထုံသူဖြစ်သည်။ ဖဲမကစားရလျှင် မနေနိုင်။

ညဘက်များတွင် အချိန်းအချက်လုပ်ထားသော ဖဲဝိုင်းရှိသည့်နေရာတွင် ကျက်စားလေ့ရှိသည်။ ဓာတ်သိများက 'ကိုယ်တော်ကြီး. . နိုးဦးမလား' ဟုမေးလျှင် ဘယ်တော့မှ မငြင်း။ ခေါင်းညိတ်တတ်သည်သာ။

ဘိုးတော်ဖြစ်လာတော့ အသေးစားဖဲဝိုင်းများသို့ မဝင်တော့။ အကြီးစားဖဲဝိုင်းများသို့ ခြေဦးလှည့်ခဲ့ပြီဖြစ်သည်။

ညခုနစ်နာရီထိုးလျှင် သူ၏ခေါင်းတုံးပေါ်သို့ ကတ္တီပါဘဲရီကက်



ကလေး အသင့်ရောက်နေပြီးဖြစ်သည်။ အဝါရောင်သင်္ကန်းများမှာ ကြိုးတန်းပေါ်တွင် တွဲလဲခိုနေရရှာသည်။ သူ့ကိုယ်ပေါ်တွင် အဝတ်အစားအမျိုးမျိုးကို စမတ်ကျကျဝတ်၊ တစ်ကိုယ်လုံး အကောင်းစားရေမွှေးဖျန်း၊ မျက်နှာကို ပေါင်ဒါလေး သ,ပြီးသည်နှင့် ဖဲဝိုင်းရှိရာသို့ ကြော့ကြော့ကလေးထွက်တော့၏။

နေ့လယ်ဘက်တွင် ကိုးနဝင်းပွဲတော်ရှေ့တွင် ဘိုးတော်ဟန်အပြည့်။ ညဘက် ဖဲဝိုင်းတွင် သူဌေးကလေးအိုက်တင်အပြည့်။

မကြာပါ. . ။

သတင်းစာများတွင် သူ့ကို ဖဲဝိုင်းတွင် ဖမ်းမိလိုက်ကြောင်း သတင်းပါလာသည်။ ဘိုးတော်အမည်နှင့် မဟုတ်။ ဘုန်းကြီးဘွဲ့မည်နှင့်။

ဘွဲ့မည်ကိုတော့ မဖော်ပြတော့ပါ။

ဖဲကစားသည့် ဘိုးတော်. . ။

ဤအပိုင်းအထိ ကွတ္တိယသိုက်တူးသည့်ဘိုးတော်၊ ရှာန်ထုသည့်ဘိုးတော်၊ 'ဖိုး' ဆွဲသည့်ဘိုးတော်၊ ဖဲကစားသည့်ဘိုးတော်များအကြောင်း ရေးခဲ့ပါပြီ။ သူတို့၏ အမည်နာမ၊ နေရာဌာနအမှန်ကို ဖော်ပြနိုင်သော်လည်း စာရေးသူတစ်ယောက် စောင့်ထိန်းရမည့်စည်းကမ်းအရ ချန်ထားခဲ့ပါသည်။

ဆက်လက်ဖော်ပြရမည့် အမည်ခံဘိုးတော်လိမ်များအကြောင်း အများအပြားရှိပါသေး၏။

ဂူအောင်းဘိုးတော်. .

ဘုရားမှီဘိုးတော်. .

လမ်းလျှောက်ဘိုးတော်. .

မျက်လှည့်ဆရာတစ်ဖြစ်လဲ ဘိုးတော် စသည်. . စသည်များ. . ။

ယခု သူတို့အကြောင်း မဖော်ပြမီ ဘိုးတော်အမည်ခံ၊ ဘိုးတော်အလုပ်မလုပ်၊ သူ့နာမည်ကို သူမပြောနိုင်အောင် ရူးနေသူတစ်ယောက်ကို လူတွေက အတင်းလိုက်၍ ဘိုးတော်လုပ်နေသည့် ဖြစ်ရပ်ကလေးတစ်ခုကို ဖော်ပြပါဦးမည်။

ရယ်စရာကောင်းသလို အံ့ဩစရာလည်း ကောင်းပါသည်။

စိတ်နောက်နေသည့် ကုလားအရူးကြီးတစ်ယောက်။ ဆံပင်တွေ ဖုန်အလိမ်းလိမ်းတက်၍ ပျစ်ခဲကြီးဖြစ်ပြီး အလိပ်လိပ်ဖြစ်နေသည်။ တစ်ကိုယ်လုံးတွင် ချေးတွေက အထပ်ထပ်။ မည်းသည်းနေသည်။ နဂိုအသားရောင် လုံးဝမရှိတော့။ အထပ်ထပ်ကပ်နေသည့် ချေးများသည် သူ့အသားရောင်။ ဝတ်ထား

သည်မှာလည်း ဂုန်နီအိတ်အစုတ်အပြတ်များ ဖြစ်၏။

အိပ်ချင်သည့်နေရာတွင် အိပ်သည်။ အမှိုက်ပုံထဲက တွေ့သမျှ စားစရာမှန်သမျှကို ကောက်စားသည်။

ဘယ်ဘက်လက်တွင် ဒန်ကရားလေးတစ်လုံးနှင့် ညာဘက်လက်တွင် သံကွင်းလေးကွင်းပါသည့် လေးပေခန့်ရှည်သော သံချောင်းနှစ်ချောင်း။ ဤသည်မှာ သူပိုင်ဆိုင်သမျှ၊ ချမ်းသာသမျှ။ သူ့လက်က ဘယ်တော့မှမချသည့် ပစ္စည်းများဖြစ်၏။

သူသည် အငြိမ်မနေ။ မနက်မိုးလင်း အိပ်ရာမှထသည့်အချိန်မှ အိပ်သည့်တိုင် နည်းနည်းကလေးမှမငြိမ်။ ထိုင်၍လည်း မနေ။ တစ်နေကုန်တစ်နေခန်း သွားချင်ရာသို့ လျှောက်သွားနေတတ်သည်။ စိတ်မမှန်သဖြင့် ခြေဦးတည့်ရာ လျှောက်သွားနေခြင်းပါ။

သူလမ်းလျှောက်နေသည့်အခါ ညာဘက်လက်တွင်ရှိသည့် သံချောင်းနှစ်ချောင်းကို လက်နှင့်ဆုပ်လျက် တီးခတ်သွားတတ်သည်။ သံချောင်းတွင် သံကွင်းကလေးများ တပ်ထားသဖြင့် တချွင်ချွင်မြည်နေသည်။

တချွင်ချွင်လုပ်ပြီး လမ်းလျှောက်နေရင်း ဖြုန်းခနဲ ရပ်လိုက်သည်။ ရပ်သည့်အခါ သံချောင်းနှစ်ချောင်းဖြင့် မရပ်။ တစ်ချောင်းတည်း ရပ်သည်။

ကျန်တစ်ချောင်းက ရပ်ထားသည့်ဒူးပေါ်သို့ လှမ်းချိတ်ထားလိုက်သည်။ မတ်တတ်ရပ်သည့်အခါ လက်ထဲမှ သံချောင်းတီးခြင်းကိုပါ ရပ်လိုက်ပြီး မိုးပေါ်မော့၍ 'ရှုရီ..ရှုရီ..ဆာရဆွတ်' ဟု မနားတမ်းရွတ်နေသည်။

ဤသို့ ရွတ်လိုက်၊ ဆက်သွားလိုက်ဖြင့် တစ်နေ့လုံး မနားတမ်းသွားသလို မနားတမ်းရွတ်နေသည်။

သူသည် မည်သူ့ကိုမှ စကားမပြော။ လှည့်မကြည့်။ သူ့အလုပ်ကို သူလုပ်နေတတ်သည်။ သူ့အလုပ်က သူစိတ်ရှုးပေါက်သလို လုပ်နေသည့် အလုပ်။

မည်သူက စ,လိုက်သည် မသိ။

ရှုးချင်သယောင် ဆောင်နေသော ဆာဒူးဘိုးတော်ဟု နာမည်ထွက်လာသည်။

သူသွားရာနောက် လိုက်ကြသည်။

❖

ဦးကိုကိုလွင်
ယာဉ်စီးလုံးငှားနှင့်လက်မှတ်ဝန်ဆောင်မှု
ဖုန်း ၀၉-၄၂၀၉၀၅၀၇၇

<အခန်း-၁၀>

# ဘိုးတော်ကင်းနှင့်ခရီးထွက်ခြင်း

ကျွန်တော်ကြုံတွေ့ခဲ့ရသည့် ဘိုးတော်များအကြောင်း မပြီးဆုံးသေးပါ။ ဆက်စရာတွေ တစ်ပုံတစ်ပင် ကျန်ပါသေးသည်။ သို့သော် ဤနေရာတွင် ခေတ္တရပ်ထားရပါမည်။

ကျွန်တော် ဘိုးတော်ကင်းနှင့် ခရီးထွက်မည့်ရက် ရောက်လာသောကြောင့်ပါ။

ဆယ့်တစ်နာရီထွက်မည့်ရထားနှင့် လိုက်ရန်ဖြစ်သော်လည်း မနက်ရှစ်နာရီထိုးကပင် သူ့အိမ်က ကားလွှတ်၍ ခေါ်ခိုင်းလိုက်သည်။

အမှန်တော့ မန္တလေးခရီးကို ကျွန်တော်က အမြန်ရထားနှင့် သွားချင်သည်။ မနက်ထွက်၊ ညရောက်။ ဘိုးတော်ကင်းက အမြန်ရထားနှင့် မသွားချင်။ အမြန်ရထားက ဇိမ်မရှိဟု ဆိုသည်။ သူက ခရီးကို အေးအေးချမ်းချမ်းသွားချင်သည်။ ကျွန်တော်က သူ့အစီအစဉ်အရ လိုက်ရမည့်သူဖြစ်သဖြင့် မငြင်းသာပါ။

ယခင်ကလည်း အမြန်ရထားကို မစီး။ သူ့နောက်ပါတပည့်နှင့် ညအိပ်ရထားကို စီးသည်။ သည်တစ်ခေါက်တော့ တပည့်ကျော် မပါတော့။

တပည့်ကျော်နေရာတွင် အစားဝင်ရသူက ကျွန်တော်။

သည်တစ်ခေါက် အိမ်သွားသည့်အခါ တံခါးမှူးထံ ခွင့်ပန်စရာ မလိုတော့ပေ။ တံခါးမှူးကပင် ပြန်၍အရိုအသေပေးနေသည်။ ကျွန်တော်က ဘိုးတော်ကင်းသီးသန့်စီးသည့် ကားပြီးပေါ်တွင် အခန့်သားလိုက်သွားရသူ မဟုတ်ပါလား။

ဘိုးတော်ကင်းကို ရိုသေသလို ကျွန်တော့်ကိုလည်း လေးစားလေသလား မသိ။

ကျွန်တော်ဝင်သွားသွားချင်း အောက်ထပ်မှာပင် ဒေါ်ခင်မချောကို တွေ့ရသည်။ သူ့ထုံးစံအတိုင်း အမျိုးလေးရှုံးအောင် ပြင်ဆင်ထားသည်။ မွေးထိုက်သည်ကလည်း ကြိုင်လို့။ အလေ့အကျင့်လုပ်ယူထားဟန်ရသည့် အပြုံးကလည်း ရိုတိတိ။ အမျိုးတုန်းကများဆိုရင်ဖြင့် မတွေ့ဝံ့စရာ။

"မမ နေကောင်းတယ်နော်"

ကျွန်တော်က လူပေါ်လူဇော်နည်းဖြင့် နှုတ်ဆက်လိုက်သဖြင့် မနောနွေ့သွားဟန်ရှိသည်။ သူကလည်း ကျွန်တော့်နည်းအတိုင်း။

"ငါ့မောင်က ဒီလိုဝတ်လာတော့လည်း ဘယ်ဆိုးလို့တုံး။ လူချောနှစ်ယောက် ရန်ကုန်မပြန်နိုင် ဖြစ်နေဦးမယ်နော်"

"မမမောင် ပါမှတော့ မပူပါနဲ့ မမရယ်။ ကိုဦးလည်း ရန်ကုန်ပြန်ပါရစေပါ့မယ်"

ကျွန်တော့်အဖြေကို သဘောတွေ့သွားဟန်တူပါသည်။ ရယ်လိုက်တာမှ လည်ပင်းကလေးလှုပ်သွားအောင်ပင်။

"ကိုဦးကိုတော့ လမ်းမှာ ဂရုစိုက်သွားပါနော်"

သူမောင်တော်ကို ချစ်ကြောင်းပြသည့် အမူအရာပါ။

သက်တူရွယ်တူ အိမ်ထောင်ရှင်များ သည်အသုံးအနှုန်းမျိုးသုံးသည်ကို ကြားရလျှင် အားကျစရာ။ ခုတော့ သက်ကြားအိုက မက်အားပိုနေသည်မို့ ရယ်စရာ။

"ကဲ..မမ အပြင်သွားဦးမယ်။ ကိုဦး အပေါ်မှာရှိတယ်။ တက်သွားပေတော့"

"ဟုတ်ကဲ့ပါ မမ"

ကျွန်တော် အပေါ်ရောက်သည့်အခါ ခင်မောင်ဦးကို အဆင်သင့်တွေ့သည်။ တစ်ယောက်တည်းမဟုတ်။ အနားတွင် အသေး၊ အကြီးများ ပတ်



လည်ဝိုင်းနေသည်။ တစ်ယောက်က ပြောလိုက်၊ နောက်တစ်ယောက်က ဝင်ပြောလိုက်။ ခင်မောင်ဦးကား ဟိုလှည့်ခေါင်းညိတ်လိုက်၊ သည်ဘက်လှည့် ခေါင်းညိတ်လိုက်။

သွားခါနီး မောင်ကြီးရယ်တဲ့မှာခဲ့မယ် ဆိုသည့် ပုံစံမျိုးပေါ့။

ဘိုးတော်နှင့် ဘိုးတော်ကိုးကွယ်သူများမှာ အံဝင်ခွင်ကျ ဖြစ်နေကြသည်။

ခေတ်စကားနှင့် ကြည်နေသည်ဟု ဆိုရလေမလား။

"ဓာတ်ကူးပေးခဲ့ပါဦး" ဟု ဝိုင်းဝန်းတောင်းဆိုနေကြပြန်သဖြင့် ခင်မောင်ဦး အလုပ်ရှုပ်သွားပြန်သည်။ သူ၏ ရွှေနားကွပ် သပြေသီးရောင်တုတ်တိုဖြင့် အကြီး၊ အသေးတို့၏ ခေါင်းများကို ထိုးပေးနေရပြန်သည်။

ပြီးတော့မှ တပျော်တပါးကြီး အောက်ထပ်ကို ဆင်းသွားကြသည်။

"ဘယ့်နှယ်လဲ သူငယ်ချင်း။ မင်းမလည်း ဒုက္ခပါပဲလား။ သွားမယ့်လာမယ့်ဆဲဆဲတောင် အလုပ်က မအားရသေးဘူးလား"

"အေးလေကွာ..။ အခြေအနေအရဆိုတော့လည်း ဒီလိုပဲပေါ့။ ခက်တယ်ကွ သူငယ်ချင်းရ။ ငါတို့လောကက ဆရာတပည့် ရင်းနှီးကြပါလားဆိုရင် ဘေးကလူတွေက အထင်လွဲလောက်အောင် ရင်းနှီးကြတယ်"

"မင်းစိတ်ထဲကကော"

"ဟေ့ကောင်..တော်စမ်းပါ။ ငါ ခင်မောင်ဦးမဟုတ်ဘူးကွ။ ဘိုးတော်ကင်း"

"ထားလိုက်ပါတော့ သူငယ်ချင်းရယ်"

"ကဲ..ငါရေချိုးလိုက်ဦးမယ်။ ရေချိုးပြီး ထမင်းစားကြမယ်။ တော်ကြာ ငါ့လိုက်ပို့မယ့်လူတွေ လာကြဦးမှာ"

ရေချိုးပြီးနောက် ကျွန်တော်တို့နှစ်ယောက် ထမင်းစားကြသည်။

ထမင်းစား၍ မပြီးခင်မှာပင် အကြီး၊ အသေး အမျိုးသမီးတစ်သိုက် ပြန်ရောက်လာကြသည်။ လမ်းမှာ ဘိုးတော်စားသွားဖို့ ပစ္စည်းတွေမှာ တစ်ယောက်လျှင် တစ်ပွေ့တစ်ပိုက်။

ဘူတာကြီးသို့ ထွက်ခဲ့ကြပါပြီ။ စုစုပေါင်း ကားရှစ်စီး။ ဒါတောင် အလွန့်အလွန်တောင်းပန်ထား၍ မလိုက်ရသူတွေက တစ်ပုံကြီး။ ခုဟာက တားမရ ပြောမနိုင်သည့် တပည့်လက်ရင်းတွေသာ လိုက်ကြရသည်။

တွဲပေါ်ရောက်တော့လည်း ပြောလိုက်ကြသည်မှာ နားကို ငွမ်းဆို့ထား

ရပေမတတ်။ ကျွန်တော့်မှာ ရထားကြီးမြန်မြန်ထွက်ပါစေဟု ဆုတောင်းနေရသည်။

ဘိုးတော်တွေ (သူတော်စင်သူတော်မြတ် ဘိုးတော်များကို မဆိုလိုပါ)၊ အမည်ခံဘိုးတော်တွေနှင့် အမျိုးသမီးတွေ ဇာတ်လမ်းရှုပ်ကြသည်မှာလည်း ဒါကြောင့်ကိုးဟု မှတ်ချက်ချရမလောက်ပင်။

ကျွန်တော်၏ အယူအဆကလေးကို ကြားဖြတ်တင်ပြပါရစေ။ စာဖတ်သူများ အနည်းငယ်သည်းခံ၍ ခွင့်လွှတ်ပြီး ဖတ်ရှုပါရန်။

(စာရေးသူ)

ကျွန်တော် ဘိုးတော်ကင်းအကြောင်း ရေးရာတွင် တကယ့်သူတော်စင်သူတော်မြတ်များပေါ်တွင် စိုးစိမျှ ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် စော်ကားလိုသည့်ဆန္ဒ လုံးဝမရှိပါ။ မြူမှုန်မျှလောက်ပင် မရှိပါ။ ဂန္ဓာရီဝိဇ္ဇာပညာရပ်မရှိဟု ဖော်ကျူးနေခြင်း မဟုတ်ပါ။ ရှိပါသည်။ ရှိသည့်အကြောင်း ကျွန်တော်ဝန်ခံပါသည်။

ဂန္ဓာရီဝိဇ္ဇာပညာရပ်ကို အတတ်ပညာတစ်ခုအဖြစ် ကျွန်တော်လက်ခံပါသည်။ သို့သော် ဘာသာရေးနှင့်ကား လုံးဝမသက်ဆိုင်ဟု ကျွန်တော်ခံယူပါသည်။

အချို့သော ဂိုဏ်းဂဏဆရာတို့က ဤအတတ်ပညာကို ဘာသာရေးနှင့် ဆက်စပ်သယောင် အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ မဟုတ်ပါ။

ဂန္ဓာရီလမ်း၊ အထက်လမ်း၊ အင်း အိုင် ဆေးဝါးပညာရပ်သည် လောကီအတတ်ပညာတစ်ခုသာ ဖြစ်ပါသည်။

အတတ်ပညာတစ်ရပ်သည် လောက၌ ရှိသည်အမှန် ဖြစ်စေကာမူ အတတ်ပညာအတုအယောင်များ ပေါ်များလာသောအခါ၊ ပညာရှင်အစစ်အမှန်များ ဆိတ်သုဉ်းလာသောအခါ ပျက်ပြယ်သွားတတ်၏။ အတုအယောင်ပညာရှင်များကြောင့် အတတ်ပညာသည် ရယ်စရာပုံပြင်များ ဖြစ်သွားတတ်၏။

ယနေ့ခေတ်တွင်ကား အစစ်အမှန်အတတ်ပညာရှင်များထက် အတုအယောင်အတတ်ပညာရှင်များ ပေါ်များလာ၏။ ခက်ခဲနက်နဲစွာ လေ့ကျင့်ရသော စိတ်တန်ခိုးပညာကို အလွယ်တကူပြော၊ အလွယ်လုပ်ချင်နေကြ၏။

တစ်နေ့ ပုတီးကိုးပတ်လောက်စိပ်ပြီး တစ်လကြာသည့်အခါ ဘိုးတော်အမည် ခံယူလိုက်ကြ၏။

မောင်ဖြူသည် သူငယ်တန်းမှ ပထမတန်းသို့ တက်ရ၏။ မောင်ဖြူကား သူ့ကိုယ်သူ ပထမတန်းဟု မထင်။ တက္ကသိုလ်ရောက်နေပြီဟု ထင်၏။ ပထမတန်းရောက်သည် ဆိုရုံရှိသေးသည်။ သူ့ကိုယ်သူ တက္ကသိုလ်မောင်ဖြူဟု နာမည်တပ်လိုက်တော့၏။



ယနေ့ ဘိုးတော်အမည်ခံအများစုမှာလည်း ဤပုံစံအတိုင်းပါ။

အတုအယောင်များကို ရည်ညွှန်းလိုသဖြင့် သရော်တော်တော် ဖော်ထုတ်ရေးသားနေသည်ကို ပညာရှင်အစစ်များက ခွင့်လွှတ်ကြပါဟု။

ဘိုးတော်ကင်းနှင့် ကျွန်တော် စီးသွားရမည့် ရထားကြီးက ဥသြသံပေးနေပါပြီ။ သို့တိုင် အမျိုးသမီးများက တွဲပေါ်က မဆင်းကြသေး။ တွတ်ထိုးတုန်း၊ တွတ်ထိုးဆဲ။ ဂါတ်ဝိုလ်ထံမှ ဝီစီသံ ပျံ့လွင့်လာမှသာ တွဲပေါ်က ကမန်းကတန်းဆင်းကြသည်။ ရထားကြီးထွက်သွားလျှင် တော်တော်ဝေးသည့်တိုင် ရှုပ်ယှက်ခတ်နေသော လက်များမှာ လှုပ်ရှားခြင်းမရပ်သေး။

ကဲ. . ကဲလွန်းသည်ဟု ဆိုရမလား။ လွန်တာပေါ့ဟု ဆိုရမလား။ လေးယောက်စီးရမည့် အခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်တည်း အေးအေးဆေးဆေး တစ်ခန်းလုံးယူထားသဖြင့် အခြားသူများ လာတော့မည်မဟုတ်ပေ။

ရထားကြီး ထွက်တော့မှပင် အေးအေးဆေးဆေး စီးကရက်ဖွာရင်းနား၊ မျက်စိရှုပ်သည်များကို ဖြေဖျောက်နေရသည်။

"နေပါဦး ခင်မောင်ဦးရ။ ငါ မေးပါရစေဦး။ မင်းတပည့်မတွေက မင်းကို တော်တော်ခင်ကြတာပဲနော်"

"ဒါကြောင့် ငါခက်နေတာပေါ့ကွ"

"ဆိုစမ်းပါဦး မင်းခက်ပုံက. . "

"ငါ့ဇာတ်လမ်းဆုံးတော့ မင်းသိလာပါလိမ့်မယ်"

"ဟာ. . ဟုတ်တာပေါ့ကွ။ ဟိုနေ့ကဇာတ်လမ်း ဆက်ရဦးမှာပဲဟာ"

"မင်းကို ဒီအကြောင်းတွေ ပြောချင်လို့ တမင်ခေါ်လာတာပဲ သူငယ်ချင်း။ ငါ့အဖြစ်အပျက်ကို သူတို့ ဘာမှမသိကြသေးဘူးကွ။ မင်းက အဖြစ်အပျက်တွေကို ပြန်ပြောပြဖို့။ ခွင့်လွှတ်တာ၊ မလွှတ်တာ သူတို့အလုပ်ပေါ့ကွာ"

"သူကလည်း မင်းကို အခု ခွင့်လွှတ်သားပဲကွ။ ဒါပေမဲ့ သူပြောတာက မင်းဘိုးတော်လုပ်နေတဲ့ကိစ္စကိုသာ ပြောတာပဲဟာ"

"အေးလေ. . ။ အကြောင်းစုံသိမှ ဘိုးတော်ဖြစ်ရတဲ့ ကိစ္စကလည်း ရှင်းမှာကိုးကွ။

ဒီလိုကွ. . ။ ဂဒူးဂဏန်းဘုန်းတော်ကြီးနဲ့တွေ့တော့ သူက ငါ့ရောဂါကို

သေသေချာချာစစ်ဆေးပြီး ငါ့ရဲ့အတိတ်ဇာတ်လမ်းကို မကွယ်မဝှက် အသေးစိတ်ပြောပြဖို့ မေတ္တာရပ်ခံတယ်။ ငါကလည်း ငယ်ငယ်ဘဝ ဖြစ်စဉ်က စပြီး ဘဝတစ်လျှောက် တေခဲ့၊ ပေခဲ့ပုံတွေကို မကွယ်မဝှက်ပြောပြလိုက်တယ်"

"ပွေခဲ့တာ အရေအတွက်နဲ့ပြောရင် ဘယ်လောက်ရှိမလဲ"

"ဘယ်မှတ်မိပါ့မလဲ သူငယ်ချင်းရယ်။ ငါးဆယ်ထက် မနည်းတာတော့ သေချာတယ်ကွ။ ငါးဆယ်အထက်မှာပဲ ရှိမယ်။

ငါ့ဇာတ်လမ်း နားထောင်ပြီးတော့မှ ဆရာတော်က မေးတယ်။ မင်းရောဂါ တကယ်ပျောက်ချင်သလားတဲ့။

ပျောက်ချင်ပါတယ်ဘုရားလို့လျှောက်တော့ ပျောက်ချင်ရင် ကတိသစ္စာ ဆိုရမယ်တဲ့။ ဒီရောဂါ ပျောက်သွားပြီးတဲ့နောက် သူရာမေရယကံနဲ့ ကာမေသုမိစ္ဆာစာရာကံ နှစ်ပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲအောင် ထိန်းသိမ်းပါ့မယ်။ ဒီကံနှစ်ပါးကို မကျိုးမပေါက်၊ မပျောက်မကျားအောင် စောင့်ရှောက်ပါ့မယ်လို့ သစ္စာဆိုရမယ့်အပြင် ရောဂါကုသနေစဉ် သူ့ကျောင်းဝင်းထဲမှာ လိုက်နေရမယ်။ ဘယ်ကိုမှ မသွားရဘူး။ အရက်ကိုတော့ လုံးဝဖြတ်ပစ်ရမယ်။ အဲဒီသစ္စာနဲ့ ကတိကိုပေးရင် ကုပေးမယ်လို့ အမိန့်ရှိတယ်။

ငါက ရုတ်တရက် ကတိမပေးနိုင်ဘူး။ ဒီတော့ ဘုန်းကြီးကို လျှောက်ရတယ်။ အရှင်ဘုရား. . တပည့်တော် ရောဂါပျောက်ရင် ကံနှစ်ပါးထိန်းသိမ်းဖို့တော့ သစ္စာဆိုပါ့မယ်။ အရှင်ဘုရားကိုလည်း လေးမြတ်တဲ့ ကတိပေးပါ့မယ်။ အခုလောလောဆယ် အရက်ဖြတ်ဖို့ကတော့ တပည့်တော် အခက်အခဲကြီးတစ်ခု ဖြစ်နေပါတယ်။ တပည့်တော်အပေါ် စေတနာထားတဲ့ အရှင်ဘုရားအပေါ်လည်း မလိမ်ပါရစေနဲ့။ တပည့်တော် ဒီအိမ်မှာနေပြီး တစ်လလောက် ကြိုးစားပြီး အရက်ကို ဖြတ်ကြည့်ပါ့မယ်။ တကယ်လည်း ကြိုးစားပြီး ဖြတ်ပါ့မယ်။ ဖြတ်လို့ရတာနဲ့ အရှင်ဘုရားဆီ လာခဲ့ပါ့မယ်။ ဖြတ်လို့မရရင်တော့ တပည့်တော် ထိုက်နဲ့ တပည့်တော်ကံပဲလို့သာ သဘောထားတော်မူပါဘုရားလို့ လျှောက်ထားလိုက်ရတယ်။

ငါဒီလိုလျှောက်တော့ ဆရာတော်ဘုရားက. .

'ကဲ. . ဒကာကြီး။ ဒီလိုလုပ်. . ။ ကျုပ် ဆေးမှုန့်တစ်ခု ပေးလိုက်မယ်။ ဒကာကြီးသောက်တဲ့ အရက်ထဲမှာ ထည့်ထည့်သောက်။ ဒီဆေးမှုန့် ထည့်သောက်ရင်းနဲ့ အရက်ကို ကြိုးစားပြီး ဖြတ်ပေါ့။ ကျုပ်ရဲ့ဆေးမှုန့်ကြောင့်လည်း အရက်ကို မုန်းသွားနိုင်တယ်။ ဒါပေမဲ့ ဒကာကြီးရဲ့စိတ်က ပိုအရေးကြီးတယ်။



ကိုယ့်စိတ် ကိုယ်မနိုင်ရင် ဘာကိုမှ လုပ်လို့မဖြစ်ဘူး။ လောကမှာ အရေးအကြီးဆုံးဟာ မိမိစိတ် မိမိနိုင်ဖို့ပဲ'

အဲဒီလို ဆရာတော်က ဆုံးမပြီး ပြန်ကြွသွားတယ်။

အရက်ဖြတ်ရေး၊ မဖြတ်ရေးဟာ ငါ့စိတ်ကို လွန်ဆွဲနေပြီ။ အဘိုးကြီး၊ အဘွားကြီးနဲ့ ငါ့လက်ရှိအမျိုးသမီးကလည်း အရက်ဖြတ်ဖို့နဲ့ ဆရာတော်ဘုရားဆီသွားဖို့ အတင်းတိုက်တွန်းကြတယ်။

ဆရာတော်ဘုရားဟာ ငါ့ထက်ဆိုးတဲ့ ရောဂါတွေတောင် ပျောက်အောင်ကုသပေးနိုင်တယ်လို့ အဘိုးကြီးက ပြောရှာတယ်။

ဒါပေမဲ့ ငါစဉ်းစားနေတာက ငါအရက်ဖြတ်ပြီး ဆေးကုလို့ ဒီရောဂါ ပျောက်သည့်တိုင် ငါ လောကကြီးမှာ ဘာဆက်လုပ်ရမလဲ။ ဘယ်လိုနေရမလဲ။ ရိုတို့သားအမိဆီလည်း သွားလို့မဖြစ်ဘူး။ ငါ့အမွေတွေလည်း ကုန်ပြီ။ ဒီတော့ ငါ့ဘဝဟာ ဘာများထူးခြားလာဦးမလဲ။ အဲဒီလို အဖြေထွက်လာတယ်ကွ"

"ဒီတော့ မင်းဆက်သောက်ရော ဆိုပါတော့"

"အေးလေ. . ဆက်သောက်တာပေါ့။ များများသောက် မြန်မြန်သေ၊ မြန်မြန်အေးတာပဲ မဟုတ်လား"

"နောက်တော့ကော. . "

"နောက်တော့ဆိုတာက ဆရာတော်ပြန်ကြွသွားပြီး နောက်တစ်နေ့ကစတာပေါ့။ ဆရာတော်ပေးလိုက်တဲ့ ဆေးမှုန့်ကို အရက်ထဲထည့်ပြီး သောက်လိုက်တာ နှစ်ခွက်လား သောက်ရသေးတယ်။ တစ်ခါတည်း ဆိုးကုန်တော့တာပဲ။ တစ်ညလုံး တဝေါ့ဝေါ့နဲ့ အန်လိုက်တာ မိုးလင်းခါနီးတော့ ငါလည်း သတိမရတော့ဘူး။

ငါသတိရတဲ့အချိန်က နေမွန်းတည့်နေပြီ။ ဗိုက်ထဲမှာလည်း ဘာမှမရှိတော့ဘူး ထင်တယ်။ ဗိုက်ကလေးက ရှုပ်နေပြီး ဗိုက်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်နေတယ်။ နေရထိုင်ရတာ တစ်မျိုးကြီးပဲ။ ကောင်မလေးက ဆန်ပြုတ်ပူပူလေး လာပြီးတိုက်တယ်။ နှစ်ဇွန်းလောက် သောက်ပြီး နောက်ထပ် သောက်လို့မရတော့ဘူး။ ဒါနဲ့ ကော်ဖီဖျော်ခိုင်းပြီး သောက်ဖို့ကြိုးစားပြန်တော့လည်း သောက်မရပြန်ဘူး။

အိပ်ရာပေါ် ပြန်လှဲလိုက်ပြီး မကြာဘူး။ ပြန်ပြီးအိပ်ပျော်သွားပြန်ရော။ အိပ်ရာက နိုးတဲ့အချိန်မှာ မီးထွန်းတဲ့အချိန် ရောက်နေပြီ။

ငါ့ရင်ဘတ်ကြီးတစ်ခုလုံးကို မီးစကြီးနဲ့ ထိုးထားသလား အောက်မေ့

ရတယ်။ ပူလိုက်တဲ့ဖြစ်ခြင်း။ ရေအိုးကြီး ငါ့နားရွှေ့နိုင်းပြီး ရင်ဘတ်နဲ့ကပ်ပြီး ပိုက်ထားပေမယ့်လည်း ပူတာကတော့ ပူတာပဲ။ ငါ ဘယ်လိုမှ နေလို့မရတော့ဘူး။ လူးလှိမ့်နေတာပဲ။ ဒါနဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး အရက်ပုလင်းတောင်းလိုက်တယ်။

ကောင်မလေးက ယူမပေးဘူး။ ငါ့ကို လာချော့တယ်။ အရက်မသောက်ဖို့ အမျိုးမျိုး အသနားခံပြီး ပြောရှာတယ်။

ငါက သူ့စကားလည်း နားထောင်မနေတော့ဘူး။ သူ့ကို အော်ဟစ်ပြီး ယူနိုင်းတယ်။ သူက ယူမပေးဘူး။ ပေခံနေတယ်။ စိတ်ဆိုးဆိုးနဲ့ သူ့ကို ခြေထောက်နဲ့ခတ်ပစ်လိုက်ပြီး ငါ့နားမှာ မနေဖို့ နှင်ထုတ်လိုက်တယ်။ ကောင်မလေးကတော့ ငိုလို့။ ငါလည်း အရက်ပုလင်းရှိတဲ့နေရာကို လေးဘက်ထောက်သွားယူပြီး မော့ချလိုက်တယ်။ ဘယ်လောက်မော့မိလိုက်သလဲ မသိဘူး။ အဲဒီနေရာမှာတင် ပက်လက်လန်သွားတာပဲ။

အရက်သမားစကားနဲ့ဆိုရင် ဖလက်မှာ ပြသွားတာပေါ့"

ခင်မောင်ဦးက သူ့ဘဝဇာတ်ကြောင်း ပြန်လည်တင်ပြသည့်နေရာတွင် စိတ်ပါလက်ပါရှိလှ၏။ အားရပါးရ မကွယ်မဝှက် သူ့အဖြစ်အပျက်ကို စီကာပတ်ကုံးပြောပြနေသည်မှာ ဖျင်းစရာမရှိပါ။ ထို့ထက် ပိုကောင်းသည်က နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ထိုင်လျက် အေးမြချိုစိမ့်သော စပျစ်သီးများကို တမြုံ့မြုံ့ လျှာပေါ်တွင်လှိမ့်ရင်း မန္တလာအဆန်ရထားကြီး၏ ခေါင်းဆောင်ရာသို့ လိုက်ပါသွားရသည့်ဇိမ်မှာ ပို၍ကောင်းပါသည်။

ဘိုးတော်ကင်း၏ မ,စသည့်အကျိုးကို အခြားသူများအတွက်တော့ မသိပါ။ ကျွန်တော်ကတော့ လက်တွေ့ခံစားနေရသည်။

စားစရာသောက်စရာတွေကလည်း အပြည့်အစုံ။ ငါးသုံးလုံးစီးကရက်သံဘူးကလည်း လှလှပပကလေး။ ဒီလို ဇိမ်ရှိရှိသာ နေထိုင်သွားလာရမည်ဆိုလျှင် တစ်သက်လုံး ဘိုးတော်ကင်း၏တပည့် ခံလိုက်ချင်ပါဘိ။

"ပါးစပ်ကနေ ပြန်ပြီး စတင်းဒင်းဖြစ်လာတာကော"

"ငါ့တစ်ကိုယ်လုံး အနံဖတ်တွေ ပေကျံနေပြီလေ။ ငါ့ဘောင်းဘီပတ်လည်မှာလည်း အနံဖတ်တွေအပြည့်။ ငါ့ဝမ်းထဲမှာ အသည်းတွေ၊ ကလီစာတွေမှ ရှိပါ့မလား ထင်ရလောက်အောင် ဟာတာတာကြီး ဖြစ်နေတယ်။

ကောင်မလေးက ငါ့တစ်ကိုယ်လုံး အဝတ်အစားတွေချွတ်ပြီး အိမ်





ပေါ်မှာတင် ရေချိုးပေးတယ်။ ရေလည်းချိုးပြီးရော ပူလောင်နေတာတွေပျောက်ပြီး လူလည်း လန်းလန်းဆန်းဆန်းဖြစ်လာပြီ။ ကော်ဖီပူပူတစ်ခွက်ဖျော်နိုင်းပြီး သောက်လိုက်တာ ဘာပြောကောင်းမလဲ အရသာရှိလိုက်တဲ့ဖြစ်ခြင်း။

ငါ့တစ်သက်မှာ အဲဒီကော်ဖီလောက် အရသာရှိတဲ့ ကော်ဖီမျိုး မသောက်ဖူးသေးဘူး။

နက်စ်ကော်ဖီတို့၊ ပေါ်လဆင်ကော်ဖီနဲ့ ဖျော်ထားတဲ့ ကော်ဖီတောင် အဲဒီကော်ဖီလောက် မကောင်းဘူး။ ကော်ဖီသောက်ပြီးတော့လည်း ဗိုက်က ဆာတုန်းပဲ။ အစာတောင်းတယ်ဆိုတာ ဒါမျိုးလားတော့ မသိဘူး။ အစာကို ချဉ်ခြင်းဖြစ်လာတယ်။ ဒါနဲ့ ကြက်တစ်ကောင်ဝယ်နိုင်းပြီး တချို့ပြုတ်၊ တချို့ကို ကြော်နိုင်းလိုက်တယ်။

ဂဒူးဂဏန်းမလေးကတော့ စွပ်ပြုတ်တွေဘာတွေ ဘယ်လုပ်တတ်မလဲ။ သူတို့ပြုတ်သလို ပြုတ်တာပဲ။ ငါကလည်း သောက်လိုက်တာ အိုးထဲရှိသမျှ ပြောင်ရော။ ကြက်သားကြော်လည်း ကုန်ရောပဲ။ စားသောက်ပြီး အိပ်ပျော်သွားလိုက်တာ မိုးလင်းမှပဲ တစ်ရေးနိုးတော့တယ်။

အိပ်ရာကလည်းထရော တစ်ကိုယ်လုံး ပေါ့ပြီး လန်းလန်းဆန်းဆန်းဖြစ်နေတယ်။ အရက်ကိုတော့ မကြည့်ချင်တော့ဘူး။ တစ်ခါတည်း မုန်းသွားတော့တာပဲ။ အဲဒီကတည်းက အရက်ပြတ်သွားလိုက်တာ"

"ခုတော့ ပြန်သောက်နေပြီ ဆိုပါတော့"

"အေး . . မမနဲ့ ညားပြီးမှ သူက အားဖြစ်အောင်ဆိုပြီး ကြက်ဥနဲ့ ဘရန်ဒီနည်းနည်းကို ညအိပ်ရာဝင်ခါနီးတိုင်း တိုက်တာနဲ့ သောက်ဖြစ်တယ် ဆိုပါတော့။ ဒါပေမဲ့ အရင်ကလို အရက်သမားသောက်တော့ မဟုတ်ဘူးကွ။ ဂျင်တဲလ်မင်းသောက် သောက်တယ်ပေါ့"

"ဒါဖြင့် မင်း ဆရာတော်ကို ပေးခဲ့တဲ့ ကတိသစ္စာကို ချိုးဖောက်လိုက်ပြီပေါ့"

"ဝိနည်းလွတ်ပြောတာတော့ မဟုတ်ဘူး သူငယ်ချင်းရ။ ဆေးဖြစ်ဝါးဖြစ် သောက်တဲ့သဘောဆိုတော့ ကတိသစ္စာချိုးတယ်လို့ မဆိုနိုင်ပါဘူး"

"ဒါနဲ့ မင်းတို့ ဂိုဏ်းတွေဘာတွေလုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ အရက်ကို အထူးရှောင်ရတယ်ဆို"

"ဩော် . . ဆေးဖြစ်ဝါးဖြစ်လို့ ဆိုနေမှပဲဟာ။ ချင်ခြင်းတပ်ပြီး တောင့်တောင့်တတ သောက်တာမှ မဟုတ်ဘဲ။ ဘိုးတော်ကြီးများကလည်း ဒီခေတ်မှာ

နည်းနည်းလျှော့နေပြီကွ။ မလွဲမရှောင်သာတဲ့ ညှိခံပွဲတို့ ဘာတို့ဆိုရင် နည်းနည်းသောက်နိုင်တယ်လို့"

"ဒါက မင်းတို့ရဲ့ ထွင်လုံးတွေ ဖြစ်မှာပေါ့"

"ကဲ. . ထားပါတော့။ တောင်ငူရောက်ခါနီးနေပြီကွ။ တောင်ငူက တပည့်တွေ ဘူတာဆင်းလာကြလိမ့်မယ်။ ပြီးမှပဲ ဇာတ်လမ်းဆက်ကြတာပေါ့"

လက်ရှိ သူ့ဘဝအကြောင်း စဉ်းစားရင်း ကျွန်တော့်စိတ်ထဲတွင် အတွေးတစ်ခုပေါ်လာသည်။

'မိန်းမများယူရင်ကွယ်. . ပိုက်ဆံလည်းပေါ်ရမယ်. . ရုပ်ရည်လည်း ချောရမယ်. . ' ဆိုသည့် သီချင်းသားကလေးပါ။ ယောက်ျားများသည် မိန်းမ အပျိုအစုံ အယုအယများကို ရသာပြည့် ခံစားချင်သည်။

'မိန်းမများ ယူရင်ကွယ်. . ပိုက်ဆံလည်း ပေါ်ရမယ်. . အသက်ကလေးလည်း ကြီးရမယ်. . '

သို့မှသာ ဒေါ်ခင်မေချောက ခင်မောင်ဦးကို ပြုစုသည့် အရသာမျိုးစုံ ခံစားရပေမည်သာ။

ညအိပ်ရာဝင်လျှင် ကြက်ဥနှင့် ဘရန်ဒီ။

ဖီးကြမ်းငှက်ပျောသီးကလေးတစ်လုံးများထည့်လိုက်လျှင် အားပါး. . ငါ့တူမကြီးပေါ့။

စီစီညံညံ ဈေးသည်များအုံသံ လွှမ်းနေသည့် တောင်ငူဘူတာသို့ ရထားကြီးဝင်လာပါပြီ။

ခေတ်ပေါ်ရောင်စုံအဆင်ဆန်းတွေ ဝတ်ထားသည့် လူနှစ်ဆယ်ခန့်ရှိသော အမျိုးသား၊ အမျိုးသမီးတစ်သိုက်မှာ ရထားမဆိုက်မီမှာပင် ကျွန်တော်တို့တွဲသို့ လက်များဝှေ့ယမ်းနှုတ်ဆက်နေကြသည်။ ရထားဆိုက်သည်နှင့် တွဲဘေးသို့ ရောက်လာကြ၏။

ထုံးစံအတိုင်း လက်အုပ်ချီနှုတ်ဆက်ခြင်း၊ စားသောက်ဖွယ်ရာတွေ ပေးခြင်း၊ စကားတွေ ပလဖောင်အောင်ပြောခြင်း ပြုကြသည်မှာ ရထားထွက်ခွာသည်အထိ။

ကျွန်တော့်မှာတော့ ကြောင်စီစီ။ သို့သော် သွားတွေကိုတော့ ဖြီးထားရသည်။ သူတို့ကမူ ကျွန်တော့်ကို ဘိုးတော်တစ်ယောက်ဟု အောက်မေ့လေသလား၊ သို့မဟုတ် ဘိုးတော်ကင်း၏ ကပ္ပိယတပည့်ကြီးဟု အောက်မေ့လေသလား မသိ။



တချို့ကလည်း တွဲပေါ်တက်လာပြီး ဘိုးတော်ကင်း၏လက်ဝါးနှင့် သူတို့လက်ဝါးများကို လက်ဝါးချင်း ထပ်ကြသည်။ ဓာတ်ကူးသည်ပေါ့။

ကျွန်တော့်မှာ ဘေးက မရယ်မိအောင် ထိန်းနေရသည်။

အမယ်လေး. . ကြက်ဥနှင့် ဘရန်ဒီဓာတ်တွေ ကူးကုန်မှဖြင့်ဟု. . ။

မြန်မာလူမျိုးများသည် ယုံကြည်မိပြီဆိုလျှင် မျက်စိကိုဇွတ်မှိတ်၊ နားကိုအတင်းပိတ်၍ ယုံကြည်တတ်ကြသည်။

ဘဲဥဖြူဖြူကြီးကို ကြက်ဥနီနီကလေးပါဟု ပြောလျှင်လည်း နီနီကလေးပါဟု ခေါင်းညိတ်တတ်ကြ၏။

ကျွန်တော်တို့လူမျိုးအထာကို သိ၍လည်း ဘိုးတော်အတုအယောင်တို့ ပေါက်ကောင်ဖွင့်နေကြခြင်း ဖြစ်ပေသည်။

ဘိုးတော်အမည်ခံတွေ မှိုလိုပေါက်နေသလို ကိုးကွယ်သူတွေကလည်း ခြင်ပေါသလို ပေါနေသည်။ ရဟန်းသံဃာတော်တွေ ဆွမ်း၊ ကွမ်း ရှားပါးသလောက် ဘိုးတော်တွေ ဘော်ငိုးနေကြသည်။

တကယ့်အကျင့်အကြံများကို သန့်ရှင်းမိုးသားစွာ အားထုတ်နေကြသည့် ပုဂ္ဂိုလ်များမှာမူ ဘုရားပေါ်တက်ရမည်ကိုပင် ခပ်ရှုံ့ရှုံ့ဖြစ်နေကြသည်။ အတုအယောင်များ ပေါများသည့်ခေတ်တွင် အစစ်များ အနေခက်လှ၏။

အထက်ဂိုဏ်း၊ ဝိဇ္ဇာပညာရပ် ကျင့်စဉ်လုပ်ငန်းများသည် ယနေ့ လုပ်နေသလို၊ ပြောနေသလို ပရမ်းပတာမဟုတ်ပါ။ အကြောင်းယုတ္တိကင်းမဲ့သော ပညာရပ်လည်း မဟုတ်ပါ။ ခက်ခဲနက်နဲသလို အကြောင်းယုတ္တိပြည့်စုံသော အတတ်ပညာတစ်ခုသာဖြစ်၏။

အလွန်တရာ စည်းစနစ်ကျကျဖြင့် ကျင့်ကြံအားထုတ်ရသည့် ပညာဖြစ်ရာ ပရမ်းပတာပြော၊ ပရမ်းပတာလုပ်နေသူများနှင့် လားလားမျှ မအပ်စပ်ပေ။

ဤနေရာတွင် အကြောင်းသင့်သဖြင့် အနည်းငယ်ဖော်ပြလိုပေသည်။

စိတ်ကိုအခြေခံသော၊ သမာဓိကို အားယူရသော၊ စိတ်အာရုံကို တစ်နေရာတည်း စူးစိုက်ထိန်းချုပ်ထားရသော ကျင့်စဉ်ကြောင့် မူလက စိတ်အတွင်း၌ ကိန်းဝပ်နေသည့် ပင်ကိုသတ္တိထူးများ နိုးကြွလာခြင်းကြောင့် ထူးခြားသော စိတ်တန်ခိုး ဖြစ်ပေါ်လာရသည်။

ယင်းစိတ်တန်ခိုးသည် အရာခပ်သိမ်း လွှမ်းမိုးထားနိုင်၏။ စေစားနိုင်၏။ စိတ်အလိုအတိုင်း ပြီးစေနိုင်၏။

ထွက်ရပ်ပေါက်ဝိဇ္ဇာပညာရပ်သည် စိတ်ကိုအခြေခံ၍ စိတ်ကိုထိန်းချုပ်ခြင်းမှ ဖြစ်ပေါ်လာသော အတတ်ပညာဖြစ်၏။

(Will Power) ခေါ် ပင်ကိုသတ္တိထူးမှာ လူတိုင်းတွင်ရှိ၏။ နှိုးဆွပေးလျှင် တန်ခိုးသတ္တိပေါ်လာ၏။ ကျင့်စဉ်မှာ နှိုးဆွပေးခြင်းဖြစ်သည်။

သမာဓိအား အထွတ်အထိပ်ရောက်လာသည့်အခါ တစ်ပါးသူ၏စိတ်ကို မိမိစိတ်ဖြင့် လွှမ်းမိုးသိနိုင်စွမ်း ရှိလာပေသည်။ မနောစာတ်အမြင် ပေါက်လာသည်ဟု ဆိုလို၏။

ဤအဆင့်သို့ ရောက်ရှိရန်မှာ မလွယ်ကူပေ။ ကျော်လွှားရမည့် အဆင့်ပေါင်းကား များလှစွာ၏။ စောင့်ထိန်းလိုက်နာရမည့် စည်းကမ်းမှာ ခက်ခဲလှစွာ၏။

ဤသို့ ခက်ခဲနက်နဲလှသည့် ပညာရပ်ကို အလွယ်ပြော၊ အလွယ်လုပ်နေသူများကို မြန်မာလူမျိုးတို့သည် အတိုင်းအဆမရှိ ယုံကြည်ကြ၏။

ထို့ကြောင့်သာလျှင် ရထားပေါ်၌ စာတ်ကူးနေကြခြင်း ဖြစ်ပေမည်။

သူတို့ပြောနေသည်များကိုလည်း ကြည့်ပါဦး။

သူရဿတီ (ဆာရဆွတီ) မယ်တော်ကြီး မြင်လိုက်ရသူ၊

ယက္ခန်းစင်တောင်ဆရာတော်ကြီး မြင်လိုက်ရသူ၊

ဘိုးဘိုးအောင်မြင်လိုက်ရသူ စသည်ဖြင့် အမြင်စခန်းရပြီ ဆိုသူကဆို၊

နားထဲသို့ ကြိုးမဲ့ကြေးနန်းပို့သလို အသံတွေကြားရပြီ ဆိုသူကဆို။

အမျိုးမျိုးအထွေထွေ တစ်ယောက်တစ်ပေါက် ပြောနေကြ၏။

သူတို့ပြောသည်များကို နားထောင်ပြီး ကျွန်တော် အရူးဖြစ်ချင်စိတ်ပေါက်လာ၏။ သူတို့ကတော့ ဘယ်လိုနေကြမည်မသိ။

အမေးနွားကျောင်းသား၊ အဖြေဘုရားလောင်းဆိုသည့်အလား. . ။ ဘိုးတော်ကင်းကလည်း မေးသမျှပုစ္ဆာတွေကို ဒက်ခနဲ ဒက်ခနဲ အဖြေထုတ်ပြနေသည်။ သူမဖြေနိုင်သည့် အမေးဟူ၍ မရှိ။

ရထားကြီးက တောင်ငူဘူတာမှ ဆက်လက်ထွက်ခွာရန် အချက်ပေးလိုက်ပါပြီ။ တွဲပေါ်ရောက်သည့် အကြိုဘိုးတော်များမှာ (ဘိုးတော်မဖြစ်တဖြစ်များ) အားမလိုအားမရဖြင့် နှုတ်ဆက်ခွဲခွာသွားကြ၏။

ရထားကြီးထွက်တော့မှပဲ နားအေးပါးအေးရှိသွားသည်။ ဘိုးတော်ကင်းလည်း အတော်ကလေးမောသွားဟန်ရှိသည်။ စကားမပြောနိုင်တော့။



အခန်းထဲတွင် လက်ဆောင်ပစ္စည်းများမှာ တစ်ပုံတစ်ပင်။

"သူငယ်ချင်း. . ငါ တစ်ရေးလောက် မှေးလိုက်ဦးမယ်။ မင်းလည်း မှေးလိုက်ဦးပေါ့"

ဟု ဘိုးတော်ကင်းက ဆိုလာသည်။

ကျွန်တော်ကတော့ မမှေးပါ။ ဘိုးတော်အမည်ခံတွေအကြောင်း ထပ်တလဲလဲစဉ်းစားနေမိသည်။

တကယ့်ကျင့်စဉ်လမ်းအတိုင်း ကျင့်ကြံအားထုတ်နေသည့် ပုဂ္ဂိုလ်အတော်များများကို တွေ့ကြုံဖူးပါသည်။ ရင်းနှီးသောမိတ်ဆွေများ ပြောပြသည်ကိုလည်း ကြားဖူးပါသည်။

အနှီပုဂ္ဂိုလ်များမှာ မပြော၊ မဟော၊ မကု လမ်းကို နိုင်နိုင်မာမာကြီးဆုပ်ကိုင်ထား၏။ ကျင့်ကြံအားထုတ်မှုကို အလေးပေးကြ၏။ တပည့်မမွေး။ ဂိုဏ်းမထောင်။ မိမိကိုယ်ကို ဘိုးတော်အမည်မခံ။ ဂိုဏ်းဆ[illegible] အမည်မခံ။

ခေတ်စကားနှင့် ပြောရလျှင် လုံးဝအာမချောင်။

ကျွန်တော်တွေ့ဖူးသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် ကြားဖူးသည့် ပုဂ္ဂိုလ်တစ်ဦးအကြောင်း ဖောက်သည်ချပါမည်။

တစ်ဦးမှာ စစ်ကြိုခေတ် တို့ဗမာအစည်းအရုံး နိုင်ငံရေးကဏ္ဍတွင် အရေးပါသောအခန်းမှ တိုင်းပြည်တာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူဖြစ်၏။

စစ်ပြီးခေတ် ဒီဘက်ပိုင်းတွင် နိုင်ငံရေးလောက၊ စစ်ရေးလောကသို့ ရောက်သွားသည်။ မူလဇိဇမှာ ရိုးသားသည်။ တိုင်းပြည်ကို ချစ်ခင်သည်။ မိမိလူမျိုးကို ခင်သည်။ ဘာသာရေးကို အလေးအနက်မထား။ ဆန့်ကျင်သည်တော့မဟုတ်။ ဘာသိဘာသာ နေသည်။ မိရိုးဖလာကိုးကွယ်မှုသဘောထက် မပို။

တိုင်းပြည်နှင့်လူမျိုးအတွက်ဆို တိုက်ရခိုက်ရ၊ သတ်ရဖြတ်ရမည်ကို လုံးဝဝန်မလေးသူ။

တိုင်းပြည်နှင့်လူမျိုးအတွက် ငရဲပြည်လိုက်ရမည်ဆိုလျှင် ပြုံးပြုံးကလေး လိုက်မည့်သူပါ။

အလုပ်ခွင်မှလည်း အနားယူ၊ အသက်ကလည်း ထောက်လာ၊ အကြောင်းအကျိုးသဘောအရ အချိန်အခါတိုက်ဆိုင်မှုဖြစ်လာချိန်တွင် တရားဘက်သို့ လှည့်ခဲ့သည်။ ဝိပဿနာဘက်သို့ မမှုနိုင်သေး။ ပုတီးစိပ်ရင်း သမထအာရုံယူခဲ့၏။ သမာဓိအား ကောင်းလာ၏။ စိတ်ကို နိုင်လာ၏။ ကျင့်ရင်းကျင့်

ရင်း ခာတ်ပိုင်လာ၏။ သို့သော် အမည်မခံ။ မိမိဘာသာ ကျင့်သည်။ အချိန်ရှိ သရွေ့ အလုပ်လုပ်သည်။ သမာဓိအာရုံဖြင့် ပျော်မွေ့နေသည်။

ထိပ်ဆုံးအဆင့်အထိ ရည်မှန်းချက်ထား၍ ကျင့်ကြံအားထုတ်ခဲ့သည်။ ထူးခြားမှုတွေ အမြောက်အမြား။ အံ့သြစရာတွေ တစ်ပုံတစ်ပင်။

ခာတ်ပိုင်လာတော့ ဟောသည်။ သူဟောသည်မှာ အကြားအမြင်၊ ဗေဒင် မဟုတ်။ ပိုက်ဆံယူ၍ မဟော။ ရင်းနှီးသူများကိုသာ ဟောသည်။ ကြော်ငြာပြီးတော့ မဟော။

ဟောပုံက တစ်မျိုး။

ခာတ်အပေါ် အခြေခံပြီး ဘဝဆက်ကို ဟောသည်။ ယခင်ဘဝက လူတစ်ယောက် ပြုမူခဲ့သည့်စရိုက်၊ အလေ့အကျင့်၊ ဝါသနာ၊ ဇီဇကို တိုက်ဆိုင်ကြည့်။ မိမိပါရမီအခြေခံကိုသိလျှင် ဘယ်လိုအကျင့်အကြံကို ဆက်လက်အားထုတ်ရမည်ဆိုသည့် အဖြေပေါ်လာမည်။ ယုံကြည်လျှင် ဆက်ကျင့်ပါ။

မဟောခင် စကားခံပုံက ဤသို့။

သူ့ကို ဗေဒင်မေးသလို မမေးပါနှင့်။ သူ့လမ်းသည် ဗေဒင်လမ်းနှင့် မဆိုင်။ စီးပွားရေး၊ ကြီးပွားရေးနှင့် မဆိုင်။ တရားမှ ကျင့်ကြံပိုင်းနှင့်သာ ဆိုင်ပါသည်။ ဘဝဆက်အရ မည်သည့်လမ်းနှင့် ကျင့်ကြံအားထုတ်လျှင် သင့်တော်မည်ကို မိမိကိုယ်တိုင် ဆုံးဖြတ်ရန်။ မိမိဇီဇစရိုက်ကိုသိလျှင် ပြုပြင်ရန်မျှသာဖြစ်သည်။

သူဟောသည်ကို မယုံကြည်လျှင် ပုံပြင်ဟု သဘောထားပါ။

စင်းးကလေး။ အပိုတွေ မပါ။ သမားဂုဏ်တွေ မပြ။ ယုံကြည်ရမည် မည်ဟု မပြော။

မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား အဆုံးအဖြတ်ပေးရန် အလေးပေးထားသည်။

ဤစာအုပ်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘိုးတော်အမည်ခံများနှင့် မကွာလား။ မခြားနားလား။

ခြားနားပါသည်။ သူတို့လုပ်နည်းလုပ်ဟန်နှင့် မည်သို့မှ မသက်ဆိုင်ပါ။ သမ သသနာ လုပ်များသည် မိမိကိုယ်တိုင်လုပ်မှ၊ မိမိကိုယ်တိုင်ကျင့်ကြံအ ထုတ်မှ ဉာဏ်ပွင့်လင်းစေနိုင်သည့် လုပ်ငန်းများဖြစ်သည်ကို စာဖတ်သူများ ဝေဖန်သုံးသပ်ပြီးနောက် အတုရှောင်၍ အစစ်ရှာကြပါဟု။

နောက်တစ်ဦးက ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး ဦးသိန်းမောင်။



ဦးသိန်းမောင်သည် ရွှေတိဂုံဘုရားပေါ်၌ စနေနေ့တိုင်း မိုးအလင်း ပုတီးစိပ်သည်။ အခြားနေ့များတွင်လည်း ညပိုင်းတွင် ပုတီးစိပ်သည်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်မှာလည်း ညတိုင်း ဘုရားတက်ရာ ဦးသိန်းမောင်ကို တွေ့ဖန်များသဖြင့် စိတ်ဝင်စားလာသည်။ အထူးသဖြင့် အပျော်အပါးများဖြင့် ယစ်မူးနေသည့်လောကမှ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရသဖြင့် ပို၍စိတ်ဝင်စားခြင်းဖြစ်၏။

ဦးသိန်းမောင်ကြီးထံ ချဉ်းကပ်၍ ဆွေးနွေးကြည့်မိသည်။ အကျင့်အကြံပိုင်းဆိုင်ရာ နည်းကောင်းလမ်းကောင်းများ ရလေမလားဟူသော အတွေးဖြင့် ဆွေးနွေးမိခြင်းပါ။

ဦးသိန်းမောင်ကြီးပြန်ပြောသည့် စကားလေးမှာ အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။

"ကျုပ်က စကားမပြောတတ်ပါဘူး။ အလုပ်ပဲ လုပ်နေပါတယ်။ ရုပ်ရှင်ထဲမှာ စကားအပြောကောင်းတဲ့ လူတစ်ယောက် စကားမပြောတတ်ဘူးဆိုတော့ အံ့သြသွားမလား မသိ။ အမှန်တော့ ရုပ်ရှင်ထဲမှာ ဒါရိုက်တာသင်ပြတာကို အလွတ်ကျက်ပြီး ပြောတာပါ။ အပြင်မှာတော့ ဒဲဒီလိုလည်း မပြောတတ်ပါဘူး"

ဟူ၍ ဖြစ်သည်။

အလုပ်သဘောတွင် သူ၏ နေ့စဉ်အချိန်ပိုင်းကို နှစ်ပိုင်းခွဲခြားထားပါသည်။ မနက် ၆ နာရီမှ ညနေ ၆ နာရီအထိ အိမ်ထောင့်တာဝန် ထမ်းဆောင်ရန်အပိုင်း။ သားကျွေးမှု၊ မယားကျွေးမှု ရှာဖွေရ လုပ်ကိုင်ရသည့် အပိုင်း။

ည ၆ နာရီမှ မနက် ၆ နာရီကို ကိုယ်ပိုင်အချိန်။ ကိုယ့်အတွက် အလုပ်လုပ်သည့်အပိုင်း။

ရုပ်ရှင်သမားဆိုတော့ ညပိုင်း ကားရိုက်ရသည်များလည်း ရှိ၏။ ကားရိုက်သည့်အခါ စက်ရုပ်သဖွယ် ထလုပ်လိုက်၏။

အားနေသည့်အချိန်တွင် ကိုယ့်အလုပ် ကိုယ်လုပ်၏။

ရုပ်ရှင်မရိုက်ရသည့် ရက်များတွင်မူ ကိုယ်ပိုင်အချိန်ကို အိမ်ထောင်အတွက် လုံးဝအသုံးမပြု။ ကိုယ့်အလုပ်အတွက်သာ ကိုယ်အသုံးပြု၏။

ကိုယ့်အလုပ်မှာ ပုတီးစိပ်၊ တရားထိုင်ခြင်း။

ဤဘက်သို့ ဝါသနာထုံလာသည့် အကြောင်းကလေးကလည်း စိတ်ဝင်စားစရာပါ။

တစ်နေ့တွင် မိတ်ဆွေတစ်ယောက်၏အိမ်ကို အလည်ရောက်ခဲ့၏။ ထိုအိမ်တွင် ခေတ္တရောက်ရှိနေသော ဘားအံဘက်မှ ဆရာတော်တစ်ပါးနှင့် ဆုံမိရာ ဆရာတော်က ဦးသိန်းမောင်ကို မြင်သည့်အခါ. .

"ဒကာကြီးလည်း အဇ္ဈတ္တမှာပဲ သံသရာလည်နေတုန်းပဲနော်။ ကိုယ့်အကြောင်း ကိုယ်ပြန်စဉ်းစား။ အဇ္ဈတ္တက ထွက်ချိန်တန်နေပြီပဲ ဒကာကြီးရဲ့။ အဇ္ဈတ္တနဲ့ ဇာတ်သိမ်းချင်ပါနဲ့။ ဆရာတော်ပြောချင်တာကတော့ ဒီလောက်ပါပဲ"

**ဆရာတော်အမိန့်ရှိသည်မှာ ဤမျှသာ။**

**တိုတိုနှင့် ရှင်းရှင်းကလေး။**

**ဦးသိန်းမောင်ကြီး၏ နားထဲတွင် ဆရာတော်၏အဆိုအမိန့် စွဲဝင်သွားသည်။**

**သူ့နားထဲမှ မထွက်တော့။**

**အိမ်မှပြန်လာပြီးသည့်နောက် စားသည့်အချိန်၊ အိပ်သည့်အချိန်၊ အလုပ်လုပ်နေရသည့်အချိန်** အချိန်ရှိသရွေ့ ဆရာတော့်အဆိုအမိန့်ကို ကြားနေရသည်။

သည်တော့ သူ့ဘဝ ပြန်စဉ်းစားသည်။

**စဉ်းစားသည်ကလည်း နိုးနိုးကလေး။**

ပုထုဇ္ဇနော ဥမ္မတ္တကောလို့ သဘောထားလာသည်။ မြင်လာသည်။

အသက်ကို ပြန်ကြည့်လိုက်တော့ နေ့လား ညလား။

ဆရာတော့်အဆိုအမိန့်ကို သဘောပေါက်သွား၏။

ပုတီး စကိုင်သည်။ တရား စထိုင်သည်။

**စနေနေ့ညတွင်** တစ်ညလုံး ရွှေတိဂုံကုန်းတော်ပေါ် တက်ပြီး ပုတီး **မှန်မှန်စိပ်**သည်။ အားလပ်သည့်နေ့ ညပိုင်းများတွင်လည်း ဘုရားတက်ပြီး ပုတီးစိပ်သည်။

သမထပိုင်တော့ စိတ်နိုင်လာသည်။ မနောဓာတ်တွေ ဝင်လာသည်။ လူတွေကို ကြည့်လျှင်လည်း သနားလာသည်။ သို့သော် ဘာမှမပြော။ ကိုယ့်အလုပ် ကိုယ်လုပ်သည်။

**တစ်နေ့** ပုတီးစိပ်နေသည့်အချိန်တွင် အာရုံလွတ်ကင်းသွားသည်နှင့် ပုတီးစိပ်ပတ်ရေကို မှတ်မရလိုက်။ တစ်နေရာတွင် ၅၄ ပတ်လား၊ ၅၅ ပတ်လား စသည်ဖြင့် ဒွိဟဖြစ်နေစဉ် အသံတစ်သံကို ကြားလိုက်သည်။





"ဒကာကြီး အခု**အလုပ်**လုပ်နေတာ အရေအတွက်လား၊ **အရည်အချင်း**လား။ အရေအတွက်**ကြောင့်** အရည်အချင်းမပျက်ပါစေနဲ့"

ထိုအသံမှာ သူ့ဘေးမှ **ထွက်**ပေါ်လာသည့်အသံ ဖြစ်၏။ မျက်စိကို အနည်းငယ်ဖွင့်၍ ကြည့်လိုက်သည့်အခါ ဘေးမှ သင်္ကန်းစကို မြင်လိုက်၏။ မော့ကြည့်လိုက်တော့မည်ဟု စိတ်ကူးပြီး မျက်လုံးဖွင့်လိုက်သည့်အခါ ဘေးမှာ ဘာမှမရှိတော့။ ထိုအချိန်မှစ၍ အပတ်ရေကို အဓိကမထားဘဲ အာရုံကိုသာ အဓိကထားပြီး ပုတီးစိပ်ခဲ့သည်။

ထိုင်၍စိပ်ရင်း အာရုံမမိလျှင် ထ၍၊ လမ်းလျှောက်၍ စိပ်သည်။ လမ်းလျှောက်၍ **အာရုံမမိလျှင်** အိပ်၍ စိပ်သည်။

အာရုံမမိဘဲ အပတ်ရေကို အဓိကထားစိပ်လျှင် အညောင်းမိ၍ **လက်**ထိပ်နာမည်ဆိုသည်ကို သဘောပေါက်လာသည်။

ပုတီးမစိပ်မီ ရွှေတိဂုံစေတီတော်ကြီးကို မိမိမျက်ဝန်းထဲ စွဲလာအောင် ဖူးစိုက်ကြည့်ပြီး **မျက်စိမှိတ်လိုက်**သည့်အခါ စေတီတော်မြတ်ကြီး၏ ပုံတော်မှာ အာရုံမိသလောက် ထင်ထင်ရှားရှားကြီး **ပေါ်နေသည်။ အစပထမကတော့** မည်းမည်းကြီး။ သမာဓိအားကောင်းသလောက် မည်းမည်းကြီးက ဖြူလာသည်။ သမာဓိအား ပို၍ကောင်းလာသောအခါ ပကတိ ရွှေရောင်ဝင်းနေသော **စေတီ**တော်မြတ်ကြီးကို ထင်းထင်းပပကြီး မြင်လာရသည်။

အာရုံမပျက်မချင်း ပေါ်နေသည်။

ဤသည်မှာလည်း လွယ်လွယ်ကူကူဖြစ်သည် မဟုတ်ပါ။ သမာဓိအား အပြည့်အဝရအောင် အလွန့်အလွန်ကြိုးစားရသော လုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။

သမထထိုင်လျှင် စိတ်နိုင်မည်။ စိတ်နိုင်လျှင် အကုသိုလ်ကင်းမည်။ **အကုသိုလ်**အလုပ်သည် ကာယကံမြောက်အားဖြင့် ကျူးလွန်ရန် ခဲယဉ်းသလောက် ဝစီကံနှင့် မနောကံတွင် အလွန်ဖြစ်လွယ်သည်။ စိတ်**နိုင်လျှင်** အလွန်ဖြစ်လွယ်သောအမှုကို လုံးဝမဖြစ်အောင် ထိန်းသိမ်းနိုင်ပေသည်။

နောက်ပိုင်းတွင် ဆရာတော်ထပ်မံကြွရောက်ခြင်း၊ နည်းပေးခြင်း၊ ရုပ်ပွားတော်အလိုလိုကြွလာခြင်းများကိုမူ မရေးတော့ပါ။

အဓိက အတုအယောင်ဆောင်ပုဂ္ဂိုလ်တွေ ရှိဘိသကဲ့သို့ စစ်မှန်သော ပုဂ္ဂိုလ်တွေ ရှိကြောင်း ဖော်ပြလိုခြင်းဖြစ်ပေသည်။

မီးရထားကြီးဖြတ်သန်းသွားရာ ခရီးတစ်လျှောက်ရှိ သစ်ပင်၊ လယ်

ကွင်းများ၊ အိမ်ရာများကို တရိပ်ရိပ်မြင်နေရသလို ကျွန်တော့်အတွေးများမှာလည်း အတိတ်အကြောင်းများဆီသို့ ပြန်ရောက်ပြီး စိတ်ကူးထဲတွင် တရိပ်ရိပ် ထင်လာပါသည်။

ထိုစဉ် တစ်မေးမေးခဲ့သည့် ဘိုးတော်ကင်းမှာ အိပ်ရာမှ ထလာ၏။ မပြီးဆုံးသေးသည့် သူ့ဇာတ်လမ်းကို ပြန်ဆက်ရပေဦးမည်။

"ကဲ . . သူငယ်ချင်း။ မင်းဇာတ်လမ်း ပြန်ဆက်ဦးဟေ့။ တော်ကြာ မနက်လင်းရောက်တာတောင် ဇာတ်လမ်းမဆုံးဘဲ ဖြစ်နေဦးမယ်"

"ဆုံးပါတယ်ကွာ။ ငါကလည်း အပြီးပြောမှာပါ။

ဒီလိုကွ . . ။ အဲဒီ ဂဒူးဂဏန်းဆရာတော်ပေးတဲ့ အရက်ဖြတ်ဆေးတာ တကယ်အစွမ်းထက်တော့ ငါ့ရောဂါကုဖို့ ပိုပြီးစိတ်ဝင်စားတယ်။

ငါနေတဲ့ ရွာကလေးကလည်း ရွာသေးလေးမဟုတ်လား။ ဖျင်းစရာဖြစ်နေတဲ့အတူတူ ဘုန်းတော်ကြီးသီတင်းသုံးနေတဲ့ရွာကို သွားနေဦးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါနဲ့ အဘိုးကြီး၊ အဘွားကြီးတွေကို အကျိုးအကြောင်းပြောပြတော့ သူတို့ကလည်း တော်တော်ပဲ ဝမ်းသာကြတယ်။ ကောင်မလေးကတော့ ဝမ်းသာဝမ်းနည်း ဖြစ်နေရှာတယ်။ ဘုန်းတော်ကြီးဆီ သွားမယ်ဆိုလို့ သူဝမ်းသာသွားတယ်။ ဒါပေမဲ့ သူဝမ်းသာတဲ့အကြောင်းကို ပြောတဲ့အခါမှာတော့ မျက်ရည်ကလေး ကလယ်ကလယ်နဲ့။ သူလိုက်ခဲ့ချင်ပေမယ့် ဆရာတော်က လက်ခံမှာမဟုတ်တဲ့အတွက် မလိုက်နိုင်လို့ ဝမ်းနည်းတဲ့အကြောင်းကို အချိန်ရတိုင်း ပြောနေရှာတယ်။

ညဘက်ကျတော့ ငါ့ခြေထောက်ကလေးကိုင်ပြီး ရောဂါပျောက်လို့ရှိရင် ဘယ်မှမသွားဘဲ သူတို့ရွာကို ပြန်လာခဲ့ဖို့နဲ့ သူ တစ်သက်လုံး လုပ်ကျွေးမယ့်အကြောင်းတွေကို ပြောလိုက်၊ ငိုလိုက်နဲ့ ထပ်ခါတလဲလဲ ပြောနေရှာတယ်။ အိပ်ပါတော့ဆိုတာတောင် မရဘူး။

ငါတို့မြို့သူတွေဆိုရင် တွတ်တီးတွတ်တာ လုပ်နေမှာပေါ့။ သူက ဒီလို မပြောတတ်ရှာတော့ ပြောတတ်သလို ပြောတာပဲပေါ့ကွာ။ တွတ်တီးတွတ်တာ ပြောရင်တောင် ငါ စိတ်ထိခိုက်ချင်မှ ထိခိုက်မှာ။ ခုတော့ အရိုးခံအတိုင်း စင်းစင်းကြီးပြောနေတော့ စိတ်ပိုထိခိုက်တယ်လေ။ ငါတောင် မျက်ရည်လည်လာမိတယ်။ ရောဂါပျောက်ရင် ဆက်ဆက်လာခဲ့မယ့်အကြောင်း ပြောပြီး နှစ်သိမ့်ရတယ်။ သူ့အတွက်လည်း ငွေဓာစ်ထောင် သပ်သပ်ပေးလိုက်တယ်။ သူက



ငွေတွေ မယူချင်တဲ့အကြောင်း အတန်တန်ငြင်းပြီး ငွေထက် ငါပြန်လာတာကိုပဲ လိုလားတဲ့အကြောင်း တစ်ညလုံးပြောနေတယ်။ ငါလည်း မအိပ်ရတော့ဘူး။

မိုးလင်းတော့ အဘိုးကြီး၊ အဘွားကြီးတွေကို ငွေနှစ်ထောင် ကန်တော့တယ်။ ငါ့မှာ အမေမွေးတဲ့အသက်ထက် သူတို့ပေးမွေးတဲ့အသက်ပဲ ရှိတာကြောင့် ငါကန်တော့တဲ့ ငွေနှစ်ထောင်ကို လက်ခံဖို့အကြောင်း ပြောပြီး ဦးချကန်တော့တဲ့အခါ အဘိုးကြီး၊ အဘွားကြီးတွေဟာ ကလေးတွေလိုပဲ တဟီးဟီး တရှိုက်ရှိုက် ငိုကြတယ်။

နောက်ပြီး သူတို့မှာ တစ်သက်လုံး ဒီလောက်ငွေကို မကိုင်ဖူးတဲ့အကြောင်း၊ ကိုင်ဖူးဖို့နေနေသာသာ မြင်တောင်မမြင်ဖူးတဲ့အကြောင်း၊ ဘာသုံးရမှန်းမသိလို့ ပြန်ယူဖို့ကို အတင်းပြောကြတယ်။

နောက်ဆုံးတော့ ငါက ဒီငွေလက်မခံဘူးဆိုရင် ဆေးကုမသွားတော့ဘူးလို့ ပြောမှပဲ လက်ခံတော့တယ်။

နောက်နေ့မှာတော့ မနက်(၄)နာရီလောက်မှာ လှည်းထပြင်ပြီး အဘိုးကြီးကိုယ်တိုင် ငါ့ကို လိုက်ပို့တယ်။ အဘွားကြီးနဲ့ ကောင်မလေးကတော့ တစ်မိုင်လောက်ခရီးအထိ လိုက်ပို့ပေမယ့် စကားတော့ မပြောကြဘူး။ တစ်လမ်းလုံး ငိုပြီး လိုက်လာကြတယ်။ သူတို့ပြန်မယ့်နေရာ ရောက်တော့မှ လှည်းအောက်ကနေ ငါ့ကိုထိုင်ကန်တော့ပြီး သူတို့ခေါင်းမှာပေါင်းတဲ့ အဝတ်အနက်ကလေးကို ဖြုတ်ပေးတယ်။

သဘောကတော့ တို့မြန်မာတွေ အမှတ်တရပစ္စည်းပေးသလို သူတို့ထုံးစံအရ အမြတ်တနိုးထားတဲ့ ခေါင်းပေါင်းအဝတ်ကို သတိရလက်ဆောင်အဖြစ် ပေးတဲ့သဘောပေါ့။ သူ့ကို[illegible]

ဆရာတော်နေတဲ့နေရာကို ညနေစောင်းမှ ရောက်ကြတယ်။ တော်တော့်ကို သာသာယာယာ၊ အေးအေးချမ်းချမ်းရှိတဲ့ နေရာပဲ။ အရိပ်အာဝါသကလည်း ကောင်း၊ ရွာနဲ့လည်း မနီးတော့ တိတ်ဆိတ်ငြိမ်သက်နေတယ်။ မြေတံရှည်ဆောက်ထားတဲ့ ဝါးကျောင်းလေးငါးကျောင်းဟာ သစ်ရိပ်ဝါးရိပ်အောက်မှာ အေးမြတဲ့အသွင်ကို ဆောင်နေတယ်။

ကျောင်းမှာ ကပ္ပိယအဘိုး[illegible]ကြီးအပြင် ကိုရင်လေးတစ်ပါးပဲ ရှိတယ်။ ကိုရင်ကလေးက ဆရာတော်[illegible]မှာနေပြီး ကပ္ပိယအဘိုးကြီး၊ အဘွားကြီးတွေက တဲလေးတစ်တဲမှာနေတယ်။ ငါ့ကိုတော့ သပ်သပ်ရပ်ရပ်ရှိတဲ့ တဲလေးတစ်တဲမှာ နေရာချထားပေးတယ်။ ဆရာတော်ရဲ့ ဆွမ်း၊ ကွမ်း

အတွက်နဲ့ ကျောင်းနေလူတွေ စားဖို့အတွက်ကတော့ ဆရာတော်ရဲ့ကျောင်းကြီး အောက်မှာ ရိက္ခာတွေ အပြည့်ပဲ။ ဆရာတော်က ဒီနယ်တစ်ဝိုက်မှာ တော် တော်လေးကြီးဇာညောင်းဟန်ရှိတယ်။

ရောက်ပြီး နောက်တစ်နေ့ ငါ့ရောဂါအခြေအနေကို အသေအချာ စမ်းသပ်ပြီး ညဘက် ဝမ်းနုတ်ဆေးစား၊ နေ့ဘက်မှာ ချွေးအောင်း၊ အဲဒီလို သုံးရက်ပြည့်မှ ဆေးစကျွေးတယ်။ ဆေးကျွေးပြီး ငါးရက်တစ်ခါ ရောဂါစမ်းသပ်၊ ဆေးဆက်ကျွေးခဲ့တာ တစ်လခွဲလောက်ကြာတော့ အဖုအပိန့်တွေ တော်တော် လေးချုပ်လာပြီ။ အကွက်တွေလည်း ပျောက်သလောက်ဖြစ်လာပြီ။ ရောဂါက တော့ သိသိသာသာကြီး သက်သာလာတယ်လို့ ဆိုရမှာပေါ့။

ငါလည်း တော်တော်အားနာလာတယ်။

ဆရာတော်ကတော့ ထူးခြားတဲ့ ဆရာတော်ပဲကွ။

မနက် အရုဏ်တက်တာနဲ့ မန္တန်တွေ ရွတ်ဆိုတော့တာပဲ။ နေ့လယ် ဘက်မှာ အဂ္ဂိရတ်ထိုးတယ်။ ညနေစောင်းမှာ စကြံလျှောက်ရင်း ပုတီးစိပ်တယ်။ ညနေဘက်ကျတော့ တရားထိုင်တယ်။

ဒါ. . ဆရာတော်ရဲ့ နေ့စဉ်လုပ်ငန်းပဲ။ စကားလည်း သိပ်မပြောဘူး။ အကြောင်းရှိမှ ပြောတယ်။ မန္တန်တွေရွတ်ဆိုတဲ့ဥစ္စာများ မနက်လေးနာရီက ခြောက်နာရီခွဲအထိပဲ။ မနက် ဆွမ်းဘုဉ်းမပေးခင် အင်းတွေဆွဲ၊ ဆွမ်းဘုဉ်းပေး ပြီး ခဏတဖြုတ်လှဲ။ နေ့လယ်ကျတော့ အဂ္ဂိရတ်ထိုးကြတော့တာပဲ။ ငါ့ကိုကျွေး တဲ့ ဆေးကလည်း သူ့အဂ္ဂိရတ်ပြာနဲ့ စပ်ထားတဲ့ ဆေးပဲ။ တစ်ခါစားမှ မီးခြစ်ဆံ ခေါင်းလောက်ပဲ စားရတယ်။ အသားတော့ လုံးဝမကျွေးဘူး။ အသီးအရွက် တွေပဲ ကျွေးတယ်။

သုံးလလောက်ကြာတော့ ငါ့ရောဂါဟာ သိသိသာသာ ထူးခြားလာပြီ။

တစ်မနက်မှာ ဆရာတော်က ငါ့ကိုခေါ်တယ်။ အေးအေးဆေးဆေး စကားပြောတယ်။ ဆရာတော်ပြောတာကတော့. .

ဒကာကြီးတဲ့. . ။ ဒကာကြီးပြောပြချက်အရ ဘုန်းကြီးသိရတာက ဒကာကြီးဘဝတစ်လျှောက်လုံးမှာ ကောင်းတာထက် မကောင်းတာတွေ လုပ်ခဲ့ တာက ပိုများနေတယ်။ ကုသိုလ်ထက် အကုသိုလ်ပိုများနေတယ်ပေါ့ ဒကာကြီး ရယ်။ အဲဒီတော့ အကုသိုလ်ကို တတ်နိုင်သမျှ ဆေးကြောပစ်ဖို့သင့်တယ်။ ဒကာကြီးရောဂါ ဘုန်းကြီးကုပေးနေတာဟာ ဆေးနဲ့တင် ကုပေးနေတာ မဟုတ် ဘူးနော်။ မေတ္တာကို ပိုပြီးအားကိုးတယ်။ ကျုပ်က ဆေးဖော်တဲ့နေရာမှာတောင်မှ



မေတ္တာမန္တန်တွေ ရွတ်ပြီးမှ ဖော်တာ။ ဒကာကြီးရဲ့ရောဂါလည်း တော်တော် ကလေး သက်သာလာပြီပဲ။ နောက်ပြီးတော့ အားလည်းအားနေတာပဲဥစ္စာ။ မေတ္တာကမ္မဋ္ဌာန်းအလုပ်ကလေးတော့ လုပ်ဖို့ ဘုန်းကြီးတိုက်တွန်းချင်တယ်။ အတင်းအကျပ်တိုက်တွန်းတာတော့ မဟုတ်ဘူးနော် ဒကာကြီး။ စိတ်ဝင်စားမှ လုပ်ပါ။ ဒကာကြီးကိုယ်တိုင် စိတ်ပါမှ လာလုပ်ပါ။ ဒီအလုပ်မျိုးတွေက တစ်ဦး တစ်ယောက်က တိုက်တွန်းလို့ အကြောင်းတစ်ခုခုကြောင့် ဒီအကြောင်းအပေါ် အမှီပြုပြီး လုပ်ကြတယ်ဆိုရင် ဘာမှမထိရောက်ဘူး။ ဘုန်းကြီးပြောလို့ လုပ်ရ တယ်ဆိုတာမျိုး မဖြစ်စေချင်ဘူး။ ခုချက်ချင်းလည်း ဘုန်းကြီးကို ကတိပေးဖို့ လည်း မလိုပါဘူး။ ဒကာကြီး သေသေချာချာစဉ်းစားပြီးမှ လုပ်ချင်တဲ့စေတနာ ပေါ်လာရင် ဘုန်းကြီးကို လျှောက်ပေါ့။

ဒီရောဂါ ကင်းကင်းရှင်းရှင်းပျောက်ဖို့ကတော့ တစ်နှစ်ကျော်လောက် ကြာအောင် ကုရလိမ့်မယ်။ ဒကာကြီး ဘာမှမလုပ်ဘဲနေလည်း ဘုန်းကြီးက တော့ ပျောက်အောင်ကုပေးမှာပဲ။ ဘုန်းကြီးရဲ့မေတ္တာစိတ်နဲ့ ဒကာကြီးရဲ့မေတ္တာ စိတ် ပေါင်းမိရင် ပိုပြီးတော့ ရောဂါမြန်မြန်ပျောက်မယ်လို့ ဘုန်းကြီးထင်တယ်။ ဒါဟာလည်း ဒကာကြီး စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့သာ နေပါ။ ဘုန်းကြီးကို လျှောက်စရာရှိရင်လည်း လျှောက်ပေါ့လို့ ဆရာတော်က အမိန့်ရှိတယ်။

ဆရာတော်အမိန့်အတိုင်း ငါကလည်း လျှောက်ထားစရာရှိတာ လျှောက်ထားလိုက်တယ်။

'ဆရာတော်ဘုရား. . ။ တပည့်တော် လျှောက်ထားစရာရှိပါတယ်'

'လျှောက်ပေါ့ ဒကာကြီးရဲ့။ ဘုန်းကြီး ခွင့်ပြုပြီးသားပါ'

'တပည့်တော်ရောဂါဟာ အားတက်စရာအခြေအနေကို ရောက်နေ ပါတယ်။ အရှင်ဘုရားအမိန့်ရှိတဲ့အတိုင်း တစ်ထစ်ချပျောက်လိမ့်မယ်လို့လည်း တပည့်တော် အပြည့်အဝယုံကြည်ပါတယ်။ တပည့်တော် ရောဂါပျောက်တာ၊ မပျောက်တာကတော့ အရှင်ဘုရားရဲ့မေတ္တာနဲ့ တပည့်တော်ကံလည်း ပါပါ တယ်။ တပည့်တော် လျှောက်သင့်၊ မလျှောက်သင့် စဉ်းစားနေတာ ကြာပါပြီ။ တခြားမဟုတ်ပါဘူး ဘုရား။ တပည့်တော်ကို ဝတ္ထုကပ်ခွင့်ပြုဖို့ တပည့်တော် လျှောက်ထားပါရစေ'

'အဲဒါ ဘုန်းကြီးလိုချင်တဲ့အဖြေ မဟုတ်ဘူး ဒကာကြီး။ ဘုန်းကြီး အတွက် ဝတ္ထုမလိုဘူး။ ဘုန်းကြီးရဲ့မေတ္တာကို တုံ့ပြန်ဖို့ပဲ လိုတယ်။ ကဲ. . ကဲ. . ဒကာကြီး အနားယူပြီး ပြန်စဉ်းစား။ ဘုန်းကြီးလည်း လုပ်စရာလေးတွေ ရှိ

သေးတယ်'

"မင်းဆရာတော်ကတော့ အပြတ်ပဲနေ့ဉ်"

"ဆရာတော်ကတော့ ပြတ်တယ်။ စကားလည်း သိပ်မပြောဘူး"

"အဲဒီတော့ မင်းက. ."

"ဆရာတော်ပြောတာ လုပ်ဖို့ ဆုံးဖြတ်လိုက်ရတာပေါ့။ ဆရာတော့်ကျေးဇူးက ငါ့အပေါ်မှာရှိတော့ ဆရာတော့်ကျေးဇူး ပြန်ဆပ်ဖို့က ဒီနည်းပဲ ရှိတာကိုး။

စချင်းတော့ ဗုဒ္ဓါ အရုပ်၊ အရုပ် ဗုဒ္ဓါကို အပြန်ပြန်အလှန်လှန် ငါးပတ်စိပ်ခိုင်းတယ်။

အနန္တောအနန္တငါးပါးကို ရည်စူးပြီး ငါးရက်စိပ်ရမယ်။ ပုတီးစိပ်တဲ့ နေရာမှာ ထားရမယ့်စိတ်ဓာတ်၊ ပြုရမယ့်အာရုံ၊ ကိုယ်နေကိုယ်ထားနဲ့ ပုတီးကိုင်ပုံကိုင်နည်းကို သေသေချာချာသင်ပေးတဲ့အပြင် ဆရာတော်ပုတီးစိပ်တဲ့ အချိန်မှာ သူ့နောက်ကထိုင်ပြီး စိပ်ရတယ်"

"ကောင်းပေါ့ကွာ. .။ တစ်သက်လုံး အရက်နဲ့မိန်းမကြားထဲမှာ နေတဲ့ကောင်က ပုတီးကိုင်ရပြီဆိုတော့ ရာမကိုယ်ကို ဒဿဂီရိခေါင်း ဆောင်းပေးထားသလို ဖြစ်နေမှာပေါ့"

"ပထမနှစ်ရက်လောက်တော့ တော်တော့်ကို ဒုက္ခရောက်တယ်ကွ။ ငါလည်း တစ်သက်လုံး တစ်ခါမှ ဒါမျိုးတွေလုပ်ဖူးတာမဟုတ်တော့ ပိုဆိုးတာပေါ့။ ဒါပေမဲ့ နောက်ပိုင်းတော့ တော်တော်ကလေး အသားကျလာသားကွ။ ငါးရက်မြောက်တော့ ဆရာတော်က အခြေအနေမေးတယ်။ စိတ်ဝင်စားမှုရှိရဲ့လား၊ စိတ်ပါရဲ့လားပေါ့။ ငါကတော့ ပွင့်ပွင့်လင်းလင်းပဲ လျှောက်တယ်။ ပထမနှစ်ရက်ကတော့ လုံးဝစိတ်မဝင်စားပါဘူးဘုရား။ အခုတော့ စိတ်ဝင်စားလာပါပြီလို့။ ဒီတော့ ဆရာတော်က ပြောတယ်။ ကိုးပတ် ကိုးရက်စိပ်ဦးတဲ့။

အဲဒီကိုးရက်မှာတော့ အခြေအနေက သိပ်ကိုကောင်းလာပြီလေ။ စိတ်က လုံးဝမငြိမ်သေးပေမယ့် မပျံ့လွင့်တော့ဘူး။ ဆရာတော်ကလည်း ပုတီးစိပ်ခါနီးတိုင်း သတိပေးတယ်။ ပုတီးကိုးပတ် ကိုးရက်စိပ်ပြီးတော့ သုံးပတ်နားရတယ်။ ပုတီးစိပ်တာ နားရပေမယ့် တစ်နေ့နာရီဝက် ထိုင်ရတယ်။ ဘာကို အာရုံပြုရသလဲဆိုတော့ ငါ့မိဘတွေကို အာရုံပြုရတယ်။ သူတို့ပုံတွေ ငါ့မျက်စိထဲမှာ ထင်းထင်းရှင်းရှင်းမြင်လာအောင် အာရုံပြုရတယ်။

ဆရာတော်ခိုင်းသလို လုပ်ပေမယ့် မရဘူး။



ပေါ်နေတာက ရို့မျက်နှာနဲ့ တခြား ငါပွေခဲ့တဲ့ မိန်းမတွေကိုပဲ မြင်မြင်နေတယ်။ ဆရာတော်ကမေးတော့ ပေါ်နေတာတွေ ပြန်ပြောတဲ့အခါ ဆရာတော်က ပြုံးနေတယ်။ ဆက်ကြိုးစားဦး ဒကာကြီးတဲ့။ ဒကာကြီးအာရုံက မမှန်သေးဘူး။ ကိုယ့်ကိုမွေးဖွားသုတ်သင်ခဲ့တဲ့ မိဘနှစ်ပါးကိုတောင် အာရုံမထင်နိုင်ဘူးဆိုရင် ရှေ့တစ်ဆင့်တက်လို့ မရသေးဘူး ဒကာကြီး။ အခုလောက်လုပ်ရတာ စိတ်ပင်ပန်းသလားလို့ မေးတယ်။ မပင်ပန်းပါဘူးဘုရားလို့ ပြန်လျှောက်တော့. .

'ဒကာကြီး မနက်စောစောကို အာရုံပြုတဲ့လုပ်ငန်း လုပ်။ မိဘနှစ်ပါးကိုပဲ ဆက်ပြီးအာရုံပြု။ ညဘက်တော့ ဂုဏ်တော်ကွန်ချာပုတီး တစ်ပတ်တစ်ပတ်စိပ်လို့ ခိုင်းပြီး ဂုဏ်တော်ကွန်ချာကားချပ်တစ်ခု လုပ်ပေးတယ်။ မျက်စိဖွင့်ကားချပ်ကို ကြည့်စိပ်ရတယ်။ ဒကာကြီး သမာဓိကောင်းရင် သုံးရက်နဲ့ အလွတ်ရမယ်။ အလွတ်ရတဲ့အခါ ဘုန်းကြီးကိုလျှောက်လို့ အမိန့်ရှိတယ်"

"အဲဒီတော့ ရရောလား"

"မရဘူးကွ. .။ နှစ်ပတ်လောက်ကြာမှ ရတယ်၊ ဂုဏ်တော်ကွန်ချာတော့ ငါးရက်နဲ့ အလွတ်ရတယ်။ နောက်တစ်ဆင့်တက်ခိုင်းတာကတော့ ငယ်ဆရာတွေကို အာရုံပြုခိုင်းပြန်တယ်။ ဂုဏ်တော်ကွန်ချာကိုလည်း သုံးပတ်တိုးလိုက်ပြီ။ ဒါကျတော့ ပထမအခံရှိလို့လား မသိဘူး။ လွယ်လွယ်ပဲ ရတယ်။

နောက်တစ်ဆင့်တက်ရတာကတော့ ဂုဏ်တော်ကွန်ချာကိုးပတ်စိပ်ပြီး မြတ်စွာဘုရားပုံတော်ကို အာရုံပြုခိုင်းတယ်။ မှန်ဘောင်နဲ့ ပုံတော်ကို ရှေ့မှာထောင်။ မျက်စိမမှိတ်ခင် စူးစိုက်ပြီးကြည့်။ နောက်. . မျက်စိအာရုံပြု။ ဒါကျတော့ ခက်ပြန်ရော။ ဒီတော့ ငါကလည်း ဇွဲနဲ့လုပ်တာပဲ။ နောက်ဆုံးတော့ အောင်မြင်တာပါပဲ"

"နောက်တော့ကော. ."

"နောက်တော့ ဆရာတော်က မေးပြန်တယ်။ ရှေ့ဆက်ချင်သလား၊ ဒီလောက်နဲ့ တော်လိုသလားလို့ မေးတယ်။ ဆက်ချင်ပါတယ်ဘုရားလို့ လျှောက်တော့ ဆက်ချင်ရင် မီးကသိုဏ်းရှုရမယ်။ မီးကသိုဏ်းမရှုခင် ကံနှစ်ပါးကို မကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းပါ့မယ်ဆိုတာ သစ္စာပြုရမယ်။ မန္တန်ရွတ်နည်း သင်ရမယ်။ သစ္စာဆိုပြီးရင် အင်းသောက်ရမယ်။ ဆက်လုပ်ဖို့၊ မလုပ်ဖို့ သုံးရက်အချိန်ပေးမယ်။ စဉ်းစားဖို့ အမိန့်ရှိပြန်တယ်။ ရှေ့တစ်ဆင့် မတက်ချင်ရင်တော့ ဂုဏ်တော်ကွန်ချာကို အမြဲစိပ်ပြီး အာရုံကသိုဏ်းကို မှန်မှန်လုပ်

သွားရင် ထူးခြားတဲ့အကျိုးတွေ တွေ့လိမ့်မယ်လို့ အမိန့်ရှိတယ်"

ဤသို့ပြောနေစဉ် ဒေါ်ခင်မေချော၏ အမှာစကားကို သတိရသွားသည် ထင်ပါသည်။ ကြိမ်ခြင်းထဲမှ ကတ္တီပါအိတ်ကလေး ထုတ်ယူလိုက်သည်။ ထွက်လာသည်မှာ ဘရန်ဒီပုလင်းပြားကလေး။

ကျွန်တော့်အတွက် တစ်ခွက်၊ သူ့အတွက် တစ်ခွက်။ ဘိုးတော်က သောက်နေမှတော့ ဘိုးတော်ဖြစ်ချင်သူကလည်း မော့ရပေတော့မည်သာ။

ပယင်းရောင်ရေထဲတွင် ရေခဲတုံးကလေးများမှာ ပေါလောမျောလျက်။

လေတဟူးဟူးတိုက်နေသော ရထားတွဲထဲတွင် ခေါင်းအုံးများမှီလျက် ဘီယာမစုပ်၊ ဘရန်ဒီမြို့၍ ပြောလက်စ စကားများ ပြန်ဆက်ကြပြန်၏။

"ငါကလည်း ဦးတည်ချက်တော့ မရှိပါဘူး။ ဒါပေမဲ့ ထူးခြားတဲ့ဆရာတော်နဲ့ တွေ့နေမှတော့ လမ်းကြုံလိုက်တော့မယ်လို့ ဆုံးဖြတ်ပြီး အဆင့်တက်ခွင့်ပေးဖို့ လျှောက်ထားလိုက်တယ်။

အဲဒီမှာ ဆရာတော်က မန္တန်ရွတ်နည်းကို စသင်ပေးတယ်။ မနက်မနက်ကို ဆရာတော်နဲ့အတူ လိုက်ရွတ်ရတယ်။ နေ့လယ်ဘက်မှာတော့ ဆရာတော်ပေးတဲ့ မန္တန်တွေကို အလွတ်ကျက်ရတယ်။ မန္တန်ရဲ့အဓိပ္ပာယ်တွေကို လေ့လာရတယ်။

ဌာန်ကရိုဏ်းကျကျ ရွတ်ဖို့အတွက်တော့ ဆရာတော်က ရှေ့ကရွတ်ပြတာကို နောက်ကလိုက်ရွတ်ရတယ်။

မန္တန်တွေကို အလွတ်ရပြီး ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်တော့မှ အင်းတစ်ရာ့ရှစ်ရွက်သောက်ပြီး မန္တန်တစ်ရာ့ရှစ် ရွတ်ရတယ်။ ညပိုင်း ပုတီးစိပ်ရတယ်။

မန္တန်တွေ ရွတ်တဲ့အခါ အထူးသတိထားဖို့ ဆရာတော်အမှာရှိတာက စိတ်ကို မပျံ့လွင့်စေရဘူး။ အတည်ငြိမ်ဆုံး ထားရမယ်။ စိတ်မတည်မငြိမ်ဖြစ်နေရင် မန္တန်ရွတ်တာကို ရပ်ပစ်ရမယ်။ စိတ်တည်ငြိမ်အောင် သမာဓိယူပြီးမှ ရွတ်ရမယ် ဆိုတာပဲ။ ဒါမှသာ မန္တန်ရဲ့အစွမ်းဟာ ထက်မြက်တယ်လို့ အမိန့်ရှိတယ်။

အဲဒီအဆင့်ပြီးတော့မှ မီးကသိုဏ်းရှုတဲ့အဆင့်ကို တက်ရမယ်"

"မီးကသိုဏ်းရှုနည်းလေးတော့ ပြောစမ်းပါဦး။ ဗဟုသုတပေါ့ကွာ"

"မီးကသိုဏ်းရှုနည်းလေးကတော့ ဒီလိုကွ။ တိတ်ဆိတ်ငြိမ်သက်တဲ့ အခန်းတစ်ခုထဲမှာ ဖယောင်းတိုင်တစ်တိုင်၊ ဝါဆိုဖယောင်းတိုင်ပေါ့ကွ။ အဲဒီ



ဖယောင်းတိုင်ကို ကိုယ်နဲ့သုံးပေအကွာမှာ ခုံတစ်ခုနဲ့ စိုက်ထားရတယ်။ ကိုယ့်မျက်စိနဲ့ မီးတောက်နဲ့ တည့်နေအောင် ချိန်သားကိုက်ပေးရမယ်။ အဲဒီပြင်ဆင်မှုပြီးရင် ငါးပါးသီလယူ၊ စည်းချ၊ သတ္တဝါတွေကို မေတ္တာပို့၊ ဆယ့်ငါးမိနစ်လောက် စိတ်တည်ငြိမ်မှုအတွက် သမထပိုင်ပြီးတော့မှ ဖယောင်းတိုင်ကို မီးထွန်းပြီး မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်ရတယ်။

မီးတောက်ကို စူးစိုက်ကြည့်ရင်း ပါးစပ်က မန္တန်ရွတ်ရတယ်"

"မလွယ်ပါလားကွ"

"အေး. . ပထမတော့ မလွယ်ဘူးကွ။ မျက်တောင်ခတ်မိတယ်။ မျက်တောင်မခတ်ဘဲ အာရုံစူးစိုက်ရတဲ့အတွက် မျက်ရည်ပူတွေ ကျတယ်။ ရက်အကန့်အသတ်ကိုတော့ ပြောလို့မရဘူး။ ငါ့အနေနဲ့ကတော့ တစ်ပတ်လောက်ကြာမှ မျက်ရည်ပူတွေကျတာ ရပ်သွားပြီး မျက်တောင်မခတ်ဘဲ နာရီဝက်လောက် ကြည့်လာနိုင်တယ်။ ငါ့အလေ့အကျင့်အခြေအနေကို ဆရာတော်ဆီ လျှောက်တော့ အနည်းဆုံး နှစ်နာရီကြည့်နိုင်အောင် လုပ်ရမယ်လို့ အမိန့်ရှိတယ်။ စိတ်ဝင်စားစရာတော့ တော်တော်ကောင်းတယ်ကွ။

အဲဒီလို နှစ်နာရီလောက်ကြည့်လာနိုင်တော့ လှုပ်ရှားနေတဲ့မီးတောက်ကို ငြိမ်အောင်လည်း တတ်နိုင်တယ်။ ပါးစပ်က မမှုတ်ဘဲ ငြိမ်းသွားအောင်လည်း စိတ်နဲ့စေစားနိုင်တယ်။ မီးတောက်သေးသေးကို ပိုပြီးတောက်လာအောင်လည်း လုပ်နိုင်တယ်။

မီးကိုနိုင်တော့မှ ပထဝီကသိုဏ်း၊ ရေကသိုဏ်း ရှုရပြန်တယ်။ အဲဒီလိုလုပ်တဲ့အခါမှာ တွေ့ရတဲ့ အတွေ့အကြုံ၊ နိမိတ်တွေ၊ ဖြစ်လာတဲ့အခြေအနေတွေကို ဆရာတော်ဆီ အမြဲလျှောက်ရတယ်။

ဆရာတော်က ဘာလိုသေးတယ်၊ ဘာပြင်ရမယ်ဆိုတာတွေ ညွှန်ပြပေးတယ်။

အတွင်းကိစ္စပြီးတော့မှ အပြင်ကိစ္စ ဆက်လုပ်ရတယ်"

"အတွင်းကိစ္စနဲ့ အပြင်ကိစ္စဆိုတာ ဘယ်လိုလဲကွ"

"အတွင်းကိစ္စဆိုတာက ကျောင်းဝိုင်းထဲမှာရှိတဲ့ ငါနေတဲ့ တဲကျောင်းထဲမှာ လုပ်ရတာ။ အပြင်ကိစ္စဆိုတာက လူသူမရှိတဲ့ တောထဲမှာ၊ သင်္ချိုင်းထဲမှာ ညဘက်ကျင့်ရတာ"

"ကျင့်နည်းတွေကရော"

"ကသိုဏ်းရှုတဲ့ ကျင့်နည်းတွေပါပဲ။ ဒါတွေပြောရင် အရှည်ကြီးပဲ။

နောက်မှပြောပြမယ်။ အဲဒီလို ဆရာတော်ဆီမှာ ဆေးကုရင်း ကျင့်ကြံအားထုတ်ခဲ့တာ တစ်နှစ်နဲ့လေးလ ရှိခဲ့ပြီ။ ငါ့ရောဂါလည်း လုံးဝပျောက်ကင်းပြီ။ အသားအရေတွေကလည်း လူကောင်းပကတိအတိုင်း ဖြစ်နေပြီ။ ဆရာတော်က ငါ့ရောဂါကို စစ်ဆေးပြီး လုံးဝစိတ်ချရပြီလို့ အမိန့်ရှိတယ်။

ဒါနဲ့ ငါက တပည့်တော် ဘာများဆက်လုပ်သင့်ပါသလဲဘုရားလို့ လျှောက်တော့ ဆရာတော်က အခုလုပ်ခဲ့တဲ့ အကျင့်အကြံတွေကို ရာသက်ပန် ထိန်းသိမ်းပြီး ဆက်လုပ်သွားပါတဲ့။ သူ့ဆီက ဆေးဝါးတွေလည်း ချီးမြှင့်လိုက်မယ်။ မန္တလေးမှာရှိတဲ့ ဆရာတော့်တပည့် ပဉ္စင်းဆီသွားပြီး ဆက်လုပ်ဖို့ အမိန့်ရှိတယ်။

ငါလည်း ကောင်မလေးနဲ့ အဘိုးကြီး၊ အဘွားကြီးဆီ သွားနှုတ်ဆက်ပြီး မန္တလေးဆက်ဆင်းခဲ့တာပဲ။ မန္တလေးရောက်ပြီးမှ မမနဲ့တွေ့ဖို့ ဇာတ်လမ်းက ပေါ်လာတာ"

"နေပါဦး ခင်မောင်ဦးရ။ မင်းက ရိုးနဲ့တုန်းက ကိုယ့်မိန်းမ ကိုယ်ဂရု မစိုက်သလောက် ဒေါ်ခင်မေချောနဲ့ကျတော့ တစ်မ,တည်း မ,နေပါလား။ မင်း ဒီဆေးထက် ဒေါ်ခင်မေချောဆေးက စွမ်းနေပြီထင်တယ်"

"ဒီလိုတော့လည်း မဟုတ်ပါဘူးကွ။ အသက်ကြီးမှ မှီခိုလဲလျောင်းရာ ရတော့လည်း တစ်ဦးပေါ်တစ်ဦး သံယောဇဉ်ပိုထားမိတယ် ထင်တာပဲကွာ"

"ပြောမှလည်း ဟုတ်ပါ သူငယ်ချင်းရာ။ အကြောင်းမသိတာမှတ်လို့"

"အေးပေါ့လေ. . ။ 'ဖြစ်လာမှတော့ မလျှော့နဲ့' လို့ ဆိုတဲ့ စကားလိုပေါ့"

"ငါ့အကဲခတ်ကြည့်ရသလောက်တော့ မင်းမမက မင်းအပေါ်မှာ 'How to control your husband' ဆိုတဲ့ နည်းအတိုင်း ကျင့်သုံးနေပြီ ထင်တယ်ကွာ"

"ဆိုစမ်းပါဦး။ ကြားပါရစေ။ တစ်သက်လုံး ငါ့ကသာ Control လုပ်ခဲ့တာပါ။ မင်းနည်းက ပိုကောင်းနေရင်လည်း ငါ့အတွက် အကျိုးရှိအောင်ပေါ့"

"အဲဒါ ရန်ကုန်မှာပြသွားတဲ့ အင်္ဂလိပ်ဇာတ်ကားထဲက ဇာတ်လမ်းကလေးတစ်ခုပဲ။ သိပ်တော့ မမှတ်မိ, တမိပဲ။ မှတ်မိသလောက်တော့ ပြောပြမယ်။ အဘွားကြီးတစ်ယောက်က သမီးကို အိမ်ထောင်ချပေးလိုက်တယ်။ သမီးကလည်း ယောကျ်ားနောက် လိုက်သွားရတာပေါ့။ ဒါပေမဲ့ ငနဲက ခြေမငြိမ်ဘူး ဆိုပါတော့ကွာ။ ဒီတော့ ကောင်မလေးက သူ့အမေဆီ စာလှမ်းရေးတယ်။ သူ့ယောကျ်ားဟာ အပြင်မှာ သိပ်ပွေတယ်ပေါ့။ သူ့နားကပ်တဲ့အချိန်က နည်းပြီး အပြင်မှာပွေတဲ့အချိန်က များနေတယ်ပေါ့။

ဒီတော့ သူ့အမေက စာပြန်ရေးလိုက်တယ်။ သမီး အမေ့ဆီ ခဏပြန်လာခဲ့တဲ့။ အမေ့စာအရ သမီးကလည်း ပေမေ့ဆီ ပြန်သွားတာပေါ့။ သမီး အိမ်ပြန်ရောက်တော့ သူ့အမေက မေးတယ်။ သမီးယောကျ်ားဟာ ဘယ်လောက်များပွေသလဲလို့ မေးတယ်။ ဒီတော့ သမီးကလည်း သူ့ယောကျ်ားပွေပုံတွေကို လျှောက်ပြောတော့တာပေါ့။

ဒီတော့ သူ့အမေကြီးက ပြောတယ်။ အမယ်လေး သမီးရယ်. . တဲ့။ သမီးယောကျ်ားပွေတယ်ဆိုတာဟာ သမီးဖေဖေ ပွေတာရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိသေးပါဘူး သမီးရယ်။ သမီးဖေဖေကိုတောင် မေမေကိုင်ခဲ့သေးတာပဲ။ သမီးယောကျ်ားကို သမီးကိုင်နိုင်အောင် မေမေနည်းပေးပါ့မယ်။ သမီးစိတ်အေးအေးနေပါတဲ့။

နောက်တစ်နေ့ကျတော့ သမီးကိုခေါ်ပြီး နည်းပေးတယ်။

သမီး ဒီမှာကြည့်. . တဲ့။ ဟောဒီခွေးကလေးဟာ တိရစ္ဆာန်နော်တဲ့။ အေး. . တိရစ္ဆာန်ဆိုတာ ဘာမှ အသိဉာဏ်မရှိဘူး။ လူ့စကားကိုလည်း သူနားလည်တာမဟုတ်ဘူး။ ဒါပေမဲ့ သူ့ခေါင်းကလေးကို ဟောဒီလို ပွတ်သပ်ပေးရင် ငြိမ်ငြိမ်ကလေး ခံနေတတ်တယ်။ ဘယ်တော့မှ ရန်မလုပ်တတ်ဘူး။ အဲဒီလို ခေါင်းကလေးပွတ်သပ်ပေးတဲ့ လူအနားမှာပဲ ကပ်နေတတ်တယ်။ ဟော. . သကြားလုံးလေးနှစ်လုံးလောက် ကျွေးလိုက်၊ ပေါင်မုန့်လေးတစ်ဖဲ့လောက် ပေးလိုက်ရင် ခြေထောက်ကြားထဲဝင်ပြီး သူ့ခေါင်းနဲ့ ခွေ့တော့တာပဲ။

နောက်. . သကြားလုံးလေး ပစ်ပေးလိုက်တယ်ဆိုရင်ပဲ ခြေထောက်ကြားထဲ သူ့ခေါင်းလာခွေ့ရမှန်း သိသွားပြီလေ။ နောက်တော့ သူ့နှုတ်ခမ်းလေး ပွတ်ပေးမယ်။ လက်ကလေးနဲ့ အယားဖျောက်ပေးမယ်။ အေး. . အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်တောင်မှ သူ့အကြောင်းသိရင် မခံနိုင်ဘူး။

အသိဉာဏ်ရှိတဲ့လူ ဆိုရင်တော့ မပြောနဲ့တော့။ မိန်းမရဲ့ အယုအယ၊ အချော့အမော့၊ အညှာအထေ့ကို မကြိုက်တဲ့ယောကျ်ားရယ်လို့ လောကမှာ မရှိဘူး။ ယောကျ်ားကို ခွေးလေးလို သဘောထားပြီး ကိုင်ပေတော့။ တိုးတိုးတိတ်တိတ်နည်းကိုတော့ အမေတိုးတိုးတိတ်တိတ်ပဲ ပြောပြမယ်။

သူ့အမေသင်ပေးလိုက်တဲ့နည်းကို ယူပြီး ပြန်သွားတဲ့ သမီးဆီက ပြန်စာ လာတယ်။

မေမေ

သမီးရင်ခွင်မှာ ငြိမ်နေပါပြီ. . တဲ့။

အဲဒီတော့ ဒေါ်ခင်မေချောရဲ့ ရင်ခွင်မှာ မင်းငြိမ်နေတာဟာဖြင့်. . "

"တော်စမ်းပါ။ မင်း တော်ဝေ.ဉ်ပေါက်ကရပြောတဲ့အကောင်"

"မင်းနဲ့ ဒေါ်ခင်မေချော တွေ့တဲ့ဇာတ်လမ်း ဆက်ကြဦးစို့"

"ဆရာတော်လမ်းညွှန်လိုက်တဲ့ မန္တလေးက ဦးပဥ္စင်းဆီ ရောက်ပြီး ဆက်ကျွင့်ရတယ်။ ဦးပဥ္စင်းကလည်း မန္တလေးမှာ နာမည်ကြီးပဲ။ ဒါပေမဲ့ သူက သမထအာရုံနဲ့ ဟောတာတွေ မဟုတ်ဘူး။ ဗေဒင်နဲ့လက္ခဏာသက်သက်ပဲ။ သူက အကျွင့်ကြပိုင်းထက် အဲဒီဘက် ပိုသန်တယ်။ သူ့ဆီလာတဲ့ ဒကာမတွေကိုလည်း ငါ့ရဲ့ မိတ်ဆက်ပေးတယ်။ ငါ့ကိုလည်း အပျော်သဘော ဟောခိုင်းတယ်။

ငါကလည်း အဲဒီအချိန်က စိတ်အားသိပ်ကောင်းနေတဲ့ သမာဓိအာရုံ ယူပြီး ဆူစိုက်လိုက်ရင် ငါ့ရှေ့မှာထိုင်နေသူရဲ့ မနောစိတ်ဟာ ငါ့မနောစိတ်ထဲမှာ ရုပ်ရှင်ပြသလို ကွက်ကွက်ကွင်းကွင်း လာထင်တယ်။ လူတစ်ယောက်ကို ကြည့်လိုက်ရင် ဒီလူဟာ ဘာဖြစ်တော့မယ်၊ ဘာဖြစ်ချင်လိမ့်မယ်ဆိုတာ သိနေတယ်။

ငါက ဦးပဥ္စင်းဟောခိုင်းလို့သာ ဟောရတာ။ ငါ့ကိုငါလည်း သိပ်ယုံကြည်တာ မဟုတ်ဘူး။ ဒါပေမဲ့ ငါ့ကိုမေးလို့ရှိရင် ငါ့ပါးစပ်ကို ထိန်းလို့မရတော့ဘူး။ စက်သေနတ်ပစ်သလို တရစပ်ထွက်ကုန်တော့တာပဲ။ ဒီမှာတင် ငါ့နာမည်ဟာလည်း သူ့အလိုလို ကျော်ကြားလာတာပဲ။ ငါ့ကို အကြားအမြင် ဘိုးတော်လို့ သူတို့ဟာသူတို့ နာမည်တပ်လာကြတယ်။ တစ်နေ့တခြား မေးသူတွေ များလာတယ်။ မဟောချင်လို့လည်း မရတော့ဘူး။ ငါ့ဆီ လာနေတဲ့ ပရိသတ်ထဲက ငါ့ကို အလွန်အကျွံယုံကြည်လေးစားနေတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူ့နာမည်က ဒေါ်လှမေတဲ့။ သူဌေးမကြီးကွ။ ပိုက်ဆံအတော်ချမ်းသာတယ်။

ငါတို့ ရင်းရင်းနှီးနှီးခေါ်တာက တုတ်တုတ်ကြီးလို့ ခေါ်တယ်။

တုတ်တုတ်ကတစ်ဆင့် စီးပွားဖက်တွေပေါ့ကွာ။ မမနဲ့ ငါနဲ့ စတွေ့ချိန်က သူ့ယောကျ်ားဆုံးပြီးစ။ စီးပွားရေးနဲ့ပတ်သက်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ အခက်အခဲဖြစ်နေတဲ့ အချိန်ပဲ။ ဒီအချိန်မှာ ငါကလည်း တက်နေတုန်းဆိုတော့ ငါခိုင်းသမျှ သူက လိုက်လုပ်တာ အားလုံးအဆင်ပြေတယ်။ မမခင်ပွန်းထားခဲ့တဲ့ အလုပ်တွေအားလုံး တည်တည်ငြိမ်ငြိမ်ဖြစ်လာတယ်။

ဒီမှာတင် ငါ့ကို ရန်ကုန်အတင်းခေါ်တော့တာပဲ။





ငါကလည်း မလိုက်ဘူး။ ဘာလို့လဲဆိုတော့ ရိတ်ို့ရှိတဲ့နေရာကို ဒီတစ်သက် ငါမသွားတော့ဘူးလို့ ဆုံးဖြတ်ထားတာကိုး။

ဒီကြားထဲ တုတ်တုတ်က ကြားကဆွယ်၊ သူကလည်း ရန်ကုန်ထက် မန္တလေးမှာ အနေများလာတယ်။

ငါလည်း ရှေ့ဆက်ရမယ့်စခန်းနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ ဆရာတော်ဆီ လျှောက်ထားဦးမှပဲဆိုပြီး ကသာကို တစ်ခေါက်ပြန်တက်သေးတယ်။ ဒါပေမဲ့ ဆရာတော်နဲ့ မတွေ့တော့ဘူး။ ဘယ်သွားတယ်ဆိုတာလည်း ဘယ်သူမှ မပြောနိုင်ဘူး။ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက မုံရွာဘက် ခဏသွားဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ ခုထိပဲတဲ့။ ဒါနဲ့ ငါလည်း အဘိုးကြီး၊ အဘွားကြီးနဲ့ ကောင်မလေးကို ဝင်တွေ့ပြီး ပေးစရာရှိတာ ပေးပြီး ပြန်ခဲ့တယ်။ သူတို့ကို မန္တလေးဘုရားဖူးခေါ်ပေမယ့် မလိုက်ကြဘူး။ ဟိုပင်နယ်ထဲမှာရှိတဲ့ အင်းတော်ကြီးဘုရားထက် တန်ခိုးကြီးတဲ့ ဘုရားဟာ မြန်မာပြည်မှာ မရှိဘူးဆိုပြီး မလိုက်ကြဘူး။ သူတို့ကတော့ အင်းတော်ကြီးဘုရားမှ ဘုရားလို့ အောက်မေ့ကြတာ။

ဒါနဲ့ ငါလည်း မန္တလေးပြန်လာပြီး ဦးပဥ္စင်းကို ဆရာတော်ကိစ္စ လျှောက်ထားတော့ ဦးပဥ္စင်းက မပူပါနဲ့တဲ့။ ဆရာတော်ဟာ ဒီလိုပဲ ပျောက်ပျောက်သွားတတ်တယ်။ အချိန်တန်ရင် ပြန်လာလိမ့်မယ်လို့ ပြောတယ်။ ဒီတော့ ဦးပဥ္စင်းနဲ့ပဲ ငါ့ကိစ္စကို တိုင်ပင်ကြတာပေါ့။

ဦးပဥ္စင်းက ပြောတယ်။ ဒကာကြီး. . ဆရာတော်လို ထွက်ရပ်ပေါက်လမ်းအထိ သွားဖို့ ရည်ရွယ်သလားလို့ မေးတယ်။

ဒီတော့ ငါက တပည့်တော်မှာ သံယောဇဉ်တွယ်စရာ သားသမီးတွေ ရှိပါသေးတယ်။ ဒီအဆင့်ရောက်အောင် ပြတ်ပြတ်စဲစဲ လုပ်ဖို့တော့ မရည်ရွယ်သေးပါဘူး ဘုရားလို့ လျှောက်လိုက်တယ်"

"နေပါဦး. . ။ မင်းသံယောဇဉ်က ကလေးတွေလား၊ မမကိုလား"

"ဒါတော့ တကယ်ပါ သူငယ်ချင်း။ ငါ အခုထက်ထိ ရီနဲ့ ကလေးတွေ အပေါ်ကို သံယောဇဉ်ဖြတ်လို့ မရသေးပါဘူး။ ငါ့အကူအညီကိုလည်း ရီက ဘယ်လိုမှ လက်ခံမှာမဟုတ်လို့ လက်ပိုက်ကြည့်နေရတာပါ"

"အေးပေါ့လေ. . ။ ဒါဆိုရင်တော့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ပဲကြီးဟင်း ကောင်းလှချည်ရဲ့၊ ကြက်သားဟင်းကုန်တယ်ဆိုတာမျိုးတော့ မဖြစ်ပါစေနဲ့"

"ငါ့အမေကြိုကြားတော့ ဦးပဥ္စင်းကပြောတယ်။ ဒကာကြီး ဒီအထိ ရောက်မှ ဆရာတော်ကိုတွေ့ဖို့ ဆက်မကြိုးစားနဲ့တော့။ ဒကာကြီးဘဝ အတွက် ဒကာကြီးဘာသာ လုပ်ပါလို့ အမိန့်ရှိတယ်။

မမကလည်း ရန်ကုန်ကို တစ်ပေါက်ဖြစ်ဖြစ် လိုက်ခဲ့ဖို့ အတင်းခေါ်၊ တုတ်တုတ်တို့ကလည်း အကျပ်ကိုင်၊ ငါကလည်း ဘာဆက်လုပ်ရမှန်း မသိတာနဲ့ မထူးပါဘူးဆိုပြီး ရန်ကုန်ကိုလိုက်ခဲ့တာပဲ။

ရန်ကုန်လည်းရောက်ရော ဒေါ်ခင်မေချောရဲ့ ထန်းလျက်နဲ့လည်း တွေ့သွားရောဆိုပါတော့"

"ဘာထန်းလျက်လဲကွ. ."

"အနောက်နိုင်ငံမှာတော့ သကြားလုံးပေါ့ကွ။ တို့ဆီမှာတော့ ထန်းလျက်ပေါ့"

"မတွေ့သေးပါဘူးကွ။ ငါခြောက်ရက်နေပြီး မန္တလေးပြန်လာခဲ့တာပဲ။

အဲဒီခြောက်ရက်အတွင်း ရန်ကုန်က မမတို့အသိုင်းအဝိုင်းက လူတွေနဲ့ ငါနဲ့ တော်တော်ကို အလုပ်ဖြစ်သွားကြတယ်။

ငါကလည်း မန္တလေးနဲ့ ရန်ကုန်၊ မမကလည်း ရန်ကုန်နဲ့ မန္တလေး။

နောက်ဆုံး တိုတိုပြောကြပါစို့။ ငါ့ခေါင်းလည်း မမရင်ခွင်ထဲ စိုက်သွားတော့တာပါပဲ"

"အေးပေါ့။ ထန်းလျက်က ချိုတယ်မဟုတ်လား သူငယ်ချင်းရဲ့"

"ထားပါတော့"

❖

<အခန်း-၁၁>

# ဘိုးတော်ကင်းဖြစ်လာပုံ

ဒေါ်ခင်မေချောနှင့် အိမ်ထောင်ကျပြီးနောက် တောင်ကြီးသို့ အိုးလ်ဟန်းနီးမွန်းထွက်ခဲ့ကြသည်။ သူတို့၏ ဟန်းနီးမွန်းမှာ အပျို၊ လူပျို အိမ်ထောင်ကျပြီး ထွက်သည့် ဟန်းနီးမွန်းမဟုတ်သဖြင့် အိုးလ်ဟန်းနီးမွန်းဟု ကင်ပွန်းတပ်လိုက်ရခြင်းပါ။

ရုပ်မချောစေကာမူ ငွေပေါ၍ အညာအခရာ အတာပိုသူ၏ အမြှားအစုအောက်တွင် နစ်မွန်းခဲ့ရသည်မို့ သမာဓိအာရုံစခန်းတွင် မကျက်စားနိုင်တော့ဘဲ မမအနားတွင် တရစ်ဝဲဝဲဖြစ်နေခဲ့သည်။

သမထမှ ဝိပဿနာ၊ သမာဓိမှ ထွက်ရပ်ပေါက်လမ်းသို့ မရောက်ရှာတော့ဘဲ ထန်းလျက်စခန်းတွင် ဇာတ်သိမ်းခဲ့ရသည်။

အပျိုအချစ် တစ်ခဏ၊ အအိုအချစ် တစ်ဘဝ ဆိုသည့်အလား သူတို့နှစ်ဦး ငယ်မူပြန်ခဲ့ကြသည်မှာ အသည်းယားစရာ။

ဟန်းနီးမွန်း တောင်ကြီးနှင့်စတတ်လုပ်ပြီး ဟန်းနီးမွန်း ပေလီလုပ်ရန် ပေလီသို့ ဆက်ခဲ့ကြပြန်၏။ လူနည်းသည့်အချိန်မို့ ပေလီလှိုင်းဂယက်ပေါ်ဝယ်

အပျော်ကြီးပျော်ခဲ့ကြသည်။

တောင်ကုတ်ဆရာတော်ကြီး၏ ဩဝါဒမှာ ပေလီလှိုင်းနှင့်အတူ ပင်လယ်ပြင်ဆီသို့ ရောက်ရှိသွားခဲ့လေပြီ။

ခင်မောင်ဦး၏ အတိတ်ဇာတ်လမ်းများကို ပေလီသောင်ယံဦးတွင် မြှုပ်နှံခဲ့ပြီးနောက် ဘဝသစ်ဇာတ်လမ်းကို မမ၏ရင်ခွင်ထဲတွင် ပြန်လည်ဖွားသန့်စင်လိုက်၏။

ရန်ကုန်ရှိ မမ၏တိုက်ကြီးပေါ်တွင်မူ အကြားအမြင်ဘိုးတော်၏ နာမည်မှာ တစ်နေ့ထက်တစ်နေ့ ကျော်ကြားလာ၏။ အထက်တန်းလွှာနှင့် အလယ်တန်းလွှာတို့၏ ပါးစပ်များတွင် ရေပန်းစားနေ၏။

သူ၏သမာဓိအာရုံမှာ အရှိန်လျော့ကျလာပြီဖြစ်၏။ မနောအကြည်ဓာတ်သည်လည်း ယခင်ကလောက် မလင်းတော့။ သို့သော် ဆင်ပိန်လျှင် ကျွဲဟူသော စကားအလားသို့ ထိပ်ဆုံးတွင် မရပ်နိုင်စေကာမူ အလယ်အဆင့်လောက်တော့ ရှိသေး၏။

တစ်နေ့တခြား နာမည်ကျော်ကြားလာသည်နှင့်အမျှ မမရင်ခွင်တွင် အချိန်ပြည့်နားခိုနေ၍ မရတော့ဘဲ အချိန်အပိုင်းခွဲထွက်၍ အကျင့်စခန်းသို့ ခြေဦးပြန်လှည့်ခဲ့၏။

မမ၏တိုက်ကြီးပေါ်တွင် ခမ်းနားသည့်အပြင်အဆင်ကြောင့် သူ၏ အလယ်အလတ်အဆင့်သည်ပင် ထိပ်တန်းအဆင့်ပမာ ရပ်တည်နိုင်ခဲ့သည်။

ရန်ကုန်မြို့တော်ရှိ ဂိုဏ်းပေါင်းစုံလုပ်ငန်းများကို လေ့လာလိုက်သောအခါ ဘိုးတော်တွေ မှိုလိုပေါက်နေ၏။ အကြားအမြင်ဆရာတွေ ခြင်လိုပေါက်နေ၏။ ဒီအခြေအနေတွင် သူက ရိုးရိုးဘိုးတော်လုပ်၍ မဖြစ်တော့။ ဘိုးတော်ခင်မောင်ဦးဟု လုပ်လိုက်လျှင် အခြားဘိုးတော်တွေနှင့် ရောထွေးသွားမည်ကိုလည်း စိုးရိမ်နေ၏။

အမှန်တော့ သူက အခြားဘိုးတော်များနှင့် မတူ။ ကိုယ်ပိုင်ကားကြီးစီး၍ တိုက်ကြီးပေါ်တွင် ခန့်ခန့်ညားညားကြီး စတိုင်အပြည့်ရှိသည့် ဘိုးတော်ဖြစ်ရာ အခြားသောဘိုးတော်တွေထက် ထူးမှုဖြစ်မည်ကြောင့် ဘိုးတော်တို့တွင် ဘုရင်ဟူသော အတိတ်နာမဖြင့် ဘိုးတော်ကင်းဟု တစ်မူထူးခြားစွာ ဆိုင်းဘုတ်ချိတ်လိုက်ခြင်းပင်။

အကျင့်စခန်း ထိပ်တန်းရောက်နေသည့် ဆရာတော်ကြီး၏ ဆေးဝါးအကူအညီများဖြင့် ရန်ကုန်သား ကိုလူလည်တို့အလယ်တွင် ထည်ထည်ဝါဝါ



ကြီးဖြစ်နေ၏။ ဘီအေဘီအယ်လ်ဘိုးတော်ကြီး၏ အဖြိုးအဖြန်းအောက်တွင် ရန်ကုန်သားတို့မှာ ပြားပြားဝပ်ဖြစ်ခဲ့ကြသည်။

ဘိုးတော်အမည်ခံအချင်းချင်းကပင် သူ့ကိုမော်ကြည့်ခဲ့ရသည်။

ငွေပင်နားတော့ ငွေကျေး၊ ရွှေပင်နားတော့ ရွှေကျေး ဆိုသည့်အလား သူဌေးမကြီးဒေါ်ခင်မေချောတိုက်ပေါ်တွင် နားရသည့်အခါ ဘိုးတော်ကင်း၏ ဘဝမှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

သူ၏နောက်သို့ တကောက်ကောက်လိုက်နေကြသူများမှာ အသားမစားရဘဲ အရွက်စားပြီး သက်သတ်လွတ်အဓိဋ္ဌာန်ဝင်နေချိန်တွင် သူကတော့ ဘရန်ဒီမြို့၍ ကြက်ဥစုပ်နေခဲ့သည်။

အရက်ကြိုက်သူများက အရက်ဖြတ်၍၊ အသားကြိုက်သူများက အသားရှောင်၍ ဘုရားရှပ်ပွားတော်ရှေ့မှောက်တွင် တည်တည်ငြိမ်ငြိမ် ရင့်ကျက်သောဏ္ဍာနှဖြင့် ပုတီးစိပ်၊ သမထထိုင်ကြသည့်အတွက်တော့ သူ့မှာ ကုသိုလ်ဖြစ်နေမည်လား မဆိုနိုင်ပေ။ သူက သူ့ဆီရောက်သမျှလူတွေကို ပုတီးစိပ်ပြီး သက်သတ်လွတ်အဓိဋ္ဌာန်ဝင်ခိုင်းသည် မဟုတ်ပါလား။

ဘိုးတော်ကင်း၏ အဓိဋ္ဌာန်ဆီနှင့် ဘိုးတော်ကင်း၏ အဓိဋ္ဌာန်ရေစင်တို့မှာ တစ်ချိန်သောအခါက ရွှေတိဂုံစေတီတော်မှ သံသေခေါင်းလောင်းရေစင် နာမည်ကြီးသလို ကြီးခဲ့သည်။ နောက်ပိုင်းတွင် ဝိုင်းဝိုင်းလည်နေသဖြင့် သာမန်လူများ ဘိုးတော်ကင်းအနား မရောက်နိုင်တော့ပေ။

ဘိုးတော်ကင်းမှာ အောက်မြန်မာပြည်တစ်လွှားနှင့် အထက်မြန်မာပြည်တစ်လွှားတွင် နာမည်ကျော်ကြား ထင်ရှားနေသော်လည်း သူ၏အရှိန်အဝါမှာမူ တဖြည်းဖြည်း အကျဘက်သို့ ဦးတည်နေပြီ ဖြစ်ပေသည်။

ယနေ့ အထက်ဂိုဏ်းဆရာများ လေ့လာလိုက်စားနေသည့် ဂန္ဓာရီဝိဇ္ဇာပညာရပ်ကို ဘာသာရေးယောင်ယောင် လုပ်နေခြင်းမှာ ဗုဒ္ဓဂိုဏ်းသင့်သည်ဟု ကျွန်တော့်အနေနှင့် ယူဆမိပါသည်။ အမှန်မှာ ဂန္ဓာရီဝိဇ္ဇာပညာဟူသည်မှာ ဘာသာရေးနှင့် မသက်ဆိုင်သည့် အတတ်ပညာတစ်ခုသာလျှင် ဖြစ်ပေသည်။ လောကီပညာရပ်သက်သက်မျှသာ ဖြစ်၏။

ဤအတတ်ပညာကို ဘာသာရေးနှင့် အကျုံးဝင်သယောင် ပြောဆိုပြုမူနေသည်ကို လက်မခံနိုင်ပေ။ အချို့ကဆိုလျှင် ဝိပဿနာအလုပ်၏ ပထမစခန်းသဘောအနေမျိုးရောက်အောင် ပြောဆိုနေကြ၏။

နာမည်ကျော် ကျွန်တော်၏ဘိုးတော်ကင်းသည်ပင်လျှင် ဂန္ဓာရီဝိဇ္ဇာ

ပညာကို ဘာသာရေးနှင့် အကျုံးဝင်သည်ဟု သူ့အားကိုးကွယ်သူများကို ဩဝါဒ ထုး ပေးခဲ့ဖူးပေသည်။

ယင်းပညာသည် ဗုဒ္ဓလက်ထက်တော်ကပင် ထွန်းကားခဲ့သည် မှန်သော်လည်း ဗုဒ္ဓ၏အဘိဓမ္မာနှင့် လုံးဝမသက်ဆိုင်ပေ။

*မန္တလေးအသွားရထားပေါ်တွင် သူနှင့် ကျွန်တော် အတော်ကလေး* ငြင်းခဲ့ရသည်ကြောင့် ထည့်သွင်းဖော်ပြခြင်း ဖြစ်လာ၏။

ခင်မောင်ဦး ဘိုးတော်ကင်းဖြစ်လာသည်မှာလည်း မရွယ်ဘဲ စော်ကဲမင်းဖြစ် ဆိုသည့်သဘောပင်။

သူ့တွင်စွဲကပ်လာသည့် ကိုယ်ရေပြားရောဂါကို ဂဒူးဂဏန်းဆရာတော်နှင့် ဆေးကုသရင်း ဆရာတော်မေတ္တာရပ်ခံချက်အရ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရာမှ ဝန္နာရိပိဋ္ဋာအတတ်ပညာအချို့ကို ဆရာတော်၏ကြပ်မတ်မှုဖြင့် ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုမှ ဆရာတော်က သူ့အား မန္တလေးသို့ လွှတ်ခဲ့၏။ မန္တလေးသို့ရောက်သည့်အခါ ဆရာတော်၏တပည့် ဦးပဥ္စင်းထံတွင် ဆန်းကျမ်း၊ ဗေဒင်လက္ခဏာပညာများ သင်ယူခဲ့သည်။

ဦးပဥ္စင်းထံသို့ လာကြသည့် ဗေဒင်ဝါသနာအိုးများကို ဦးပဥ္စင်း၏ ခွင့်ပြုချက်အရ အပျော်သဘော ဟောပြောခဲ့ရာမှ နာမည်ကြီးလာခဲ့၏။ ဗေဒင်နှင့် လက္ခဏာပညာကို အခြေခံပြီး စိတ်ကိုထိန်းချုပ်ရာမှ ပေါ်လာသည့် သမာဓိအား မနောအမြင်ကို ဟောပြောခဲ့သဖြင့် လူတွေက အကြားအမြင်ဘိုးတော်ဟု နာမည်တပ်ပေးကြသည်။

သူကမူ ဘိုးတော်လုပ်ရန် မရည်ရွယ်။ နားလည်း မလည်။ လူတွေက လုပ်နိုင်းသည်။

ဗေဒင်ဝါသနာအိုးအုပ်စုက လုပ်နိုင်းခြင်းဖြစ်ပေသည်။

မန္တလေး သူ့ဒွေးကတော်တုတ်တုတ်၊ ရန်ကုန် ဒေါ်ခင်မေချောတို့အုပ်စုနှင့် တွေ့ပြီး သူ့ကို ဘိုးတော်ဟု အတင်းသမုတ်သည့်အခါ သူကလည်း ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက် လုပ်လိုက်သည်။

ဒေါ်ခင်မေချော၏ အရှိန်အဝါဖြင့် ရန်ကုန်တွင် တွင်ကျယ်လာသည့် အဆင့်သို့ ရောက်သောအခါ ဘိုးတော်တို့၏ဘုရင် သရဖူကို ဆောင်းပြီး ကိုယ့်ကိုယ်ကိုယ် ဘိုးတော်ကင်းဟု အမည်တပ်ပြီးသည့်နောက် ဘိုးတော်ကင်းမှာ အထက်တန်းလွှာတို့အလယ်တွင် ထည်ဝါနိုင်ခဲ့သည်။

ယခုအချိန်တွင်မူ ဆရာတော်နည်းပေးလမ်းညွှန်ခဲ့သည့် ဝန္နာရိပိဋ္ဋာ





အတတ်ပညာ၏ ကျင့်ကြံအားထုတ်မှုများ မေ့မိန်ကွယ်ပျောက်ခဲ့ပြီ ဖြစ်ရုံမက ဘရန်ဒီ၊ ကြက်ဥနှင့် မမရင်ခွင်တွင် မေ့စက်နားခိုရင်း ဦးပဥ္စင်းထံမှ သင်ယူခဲ့သည့် ဆန်းကျမ်း၊ ဗေဒင်နှင့် လက္ခဏာပညာကို အခြေခံပြီး ခပ်တည်တည်ပင် ဘိုးဘော်ဆက်လုပ်နေခြင်းဖြစ်၏။

ခင်မောင်ဦးနှင့် ကျွန်တော် ရထားပေါ်တွင် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြသည့်အဖြေမှာ ခင်မောင်ဦးကိုယ်တိုင် ဘိုးတော်ဘဝကိုစွန့်လွှတ်ရန် အကြိမ်ကြိမ်စဉ်းစားခဲ့ပြီ။ ကြံစည်ခဲ့ပြီ။ သို့သော် မဖြစ်။ မဖြစ်ဆိုသည်မှာ သူက စွန့်သည့်တိုင် လူတွေက သူ့နောက်လိုက်နေကြဦးမည်သာ။

ဝက်ဖြစ်မှတော့ မစင်ကြောက်၍ မဖြစ်တော့။

သမထအကျင့်အကြံ အားထုတ်မှုဆိုသည်မှာ ကျင့်ကြံအားထုတ်နေစဉ်သာ အရှိန်အဝါတက်နေပြီး ကျင့်ကြံအားထုတ်မှုမရှိသည်နှင့် အရှိန်အဝါကျဆင်းရပေမည်။ သို့သော် လုံးဝတော့ အရှိန်မသေပါ။ တဖြည်းဖြည်းချင်းမှ အရှိန်သေပါမည်။

မော်တာအားနှင့်ဖွင့်သော ကြံရည်စက်မှာ စတတ်တာနှိပ်လိုက်သည်နှင့် မော်တာကြောင့် ဘီးကြီးမှာ မွှတ်နေအောင် လည်ပေလိမ့်မည်။ မော်တာ ရပ်လိုက်သည့်အခါ ဘီးကြီး၏လည်ပတ်မှုမှာ ချက်ချင်းရပ်မသွားဘဲ အရှိန်ကလေးနှင့် လိမ့်ရင်း လိမ့်ရင်းမှ ဖြည်းဖြည်းချင်း ရပ်သွားသည်။

မော်တာတည်းဟူသော ကျင့်ကြံအားထုတ်မှုကြောင့် စိတ်တုန်ခိုးသတ္တိ သမထအာရုံတို့ ရ၏။ ထိုအာရုံသည် ကျင့်ကြံမှုအား များသလောက် အရှိန်တက်နေမည်ဖြစ်၏။ ကျင့်ကြံအားထုတ်မှုမရှိလျှင် အရှိန်သည် တဖြည်းဖြည်းကျသွားမည်မှာ မလွဲပါ။

ခင်မောင်ဦးကိုယ်တိုင်က သူ့အရှိန် ကျနေပါပြီဟု ဝန်ခံခဲ့သည်။

သို့သော်. .

အများက နွားကို ကျွဲဟု ပြောနေကြလျှင် သူသည်လည်း ကျွဲဟု ပြောရုံသာ။

ဤသဘောအရ ခင်မောင်ဦးသည် ဘိုးတော်ကင်းဘဝတွင် ခပ်တည်တည် ဆက်လက်ရပ်တည်နေခြင်း ဖြစ်ပေသည်။

မရွယ်ဘဲနှင့် စော်ကဲမင်းဖြစ်သလို ခင်မောင်ဦးကား ဘိုးတော်ကင်း ဖြစ်လာရပေသတည်း။

❖

## <အခန်း-၁၂>

# ဆေးကြိတ်ပွဲကြီးသို့

ဘိုးတော်ကင်း ကျွန်တော့်ကို မန္တလေးခေါ်လာခြင်းမှာ အလည်သက်သက် မဟုတ်ပေ။ သူ၏ကိစ္စဖြင့် မန္တလေးတက်လာရင်း သူ့ဘဝအဖြစ်ကို ပြောပြရန် ကျွန်တော့်ကို အဖော်ခေါ်လာခြင်းဖြစ်၏။ တစ်နည်းအားဖြင့် သူရပ်တည်ခဲ့သည့် အတိတ်ဘဝဇာတ်ကြောင်းနှင့် လက်ရှိဘဝဇာတ်လမ်းကို ရှိအား အသိပေးလိုခြင်းဖြစ်သည်။

ကျွန်တော်က ကြားလူအဖြစ်။

ဘိုးတော်ဖြစ်ချင်၍ ဘိုးတော်နောက် ကပ်ခဲ့၏။ ဘိုးတော်၏ ဘဝအခြေမှန်ကို သိသောအခါ ဘိုးတော်ဖြစ်လိုစိတ်မရှိ။ ဘိုးတော်တွေ၏အကြောင်းကို အတွင်းကျကျ လေ့လာလိုစိတ်သာ ရှိတော့သည်။

ဘိုးတော်ကင်း၏ နောက်ပါးမှ ကပ်လျက် လေ့လာခဲ့ရသည်မှာ..

ဘိုးတော်ကင်းနှင့် ကျွန်တော်တို့ လိုက်ပါလာသည့် ရထားကြီးမှာ ဥဩသံတညည်ပေးလျက် မန္တလေးဘူတာကြီးအတွင်းသို့ ဝင်လာခဲ့ပါပြီ။

ဘူတာကြီးအတွင်းမှ ကြိုဆိုရန် စောင့်ဆိုင်းနေသည့် လူအုပ်ကြီးမှာ



ဖွေးဖွေးလှုပ်နေသည်။ ကျွန်တော်တို့ကို ကြိုဆိုရန် မဟုတ်ပါ။ အဆန်ရထားကြီးနှင့် လိုက်ပါမည့် ခရီးသည်များကို ကြိုဆိုမည့်လူအုပ်ကြီး ဖြစ်ပါသည်။ ထိုအထဲတွင် ဘိုးတော်ကင်းကို ကြိုဆိုမည့်လူတွေလည်း ပါပါလိမ့်မည်။

ရထားရပ်သည့်အခါတွင် ဘိုးတော်ကင်း၏ပရိသတ်ကို တွေ့ရပါပြီ။ လူပေါင်း ငါးဆယ်ထက် မနည်းပါ။ ပါးရေတွန့်နေသော အဘွားအိုမှသည် နားသံသီးဝတ်နှင့် ကောင်မလေးအရွယ်အထိ ပါဝင်သည့် အမျိုးသမီးပရိသတ်က များပါသည်။ ဘိုးတော်ကို ကိုးကွယ်သူများတွင် မိန်းမပရိသတ်ကပဲ များလေသလား၊ သို့မဟုတ် ခင်မောင်ဦးကပဲ မ,နှင့်အကျိုးပေးလေသလား မသိ။ ဘိုးတော်ကင်းကို နှုတ်ဆက်ကြသူများတွင် ဗိုသံကို မ,သံက လွှမ်းထားသည်ကို တွေ့ရသောကြောင့်ပါ။

ထိုအထဲတွင် ဘိုးတော်ကင်းကို စတွေ့စဉ်ကနှင့် မတူပါ။ ပြီး.. စိန်နားကပ်အမျိုးသမီးကြီးက ရှေ့ဆုံးက။

"ဘိုးတော်ကြီး ကျန်းမာပါရဲ့လား။ မမကြီး ကျန်းမာပါရဲ့လား"

နှုတ်ဆက်သံများက တလွှင်လွှင် တသာသာ။

ခင်မောင်ဦးကို နှုတ်ဆက်သည်နှင့်အတူ ဒေါ်ခင်မေချောကိုလည်း နှုတ်ဆက်ကြသည်။

စိန်နားကပ်ရောင်ကြောင့် ပါးပြောင်သလို ပါးကြောင့် စိန်နားကပ်ရောင် ပို့တောက်သည်ဟု ဆိုရမလား မသိ။

ကျွန်တော့်ကိုမူ မည်သူကမှ နှုတ်မဆက်ကြပါ။ အရေးတယူလည်း မကြည့်ကြပါ။ ဘိုးတော်ကင်းကိုသာ အလုအယက် နှုတ်ဆက်နေကြ၏။ ဘိုးတော်ကင်းနှင့် ပါနေကျ ကပ္ပိယသစ်ဟု ထင်ကြမည် ရှိပါသည်။ တစ်ဦးတစ်ယောက်ကမှ မပြုံးတော့ ကျွန်တော်က ခပ်တည်တည်ပေါ့။ ခင်မောင်ဦးက မနေသာတော့။ စိန်နားကပ်ကြီးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးလိုက်သည်။

"ကိုယ်ပြောတဲ့ တုတ်တုတ်ဆိုတာပဲ။ တုတ်တုတ်ရေ.. ဒါ.. ဆရာညီအစ်ကိုတော် ကိုအေးမောင်ပါ"

သည်တော့မှ အားလုံးက သွားတွေဖြီးလာကြသည်။ စိန်နားကပ်ကြီးကလည်း အားရပါးရ ဖက်လှဲတကင်း နှုတ်ဆက်သည်။

နှုတ်ဆက်ပြီးနောက် တုတ်တုတ်ပြောလိုက်သည့်စကားမှာ ကျွန်တော့်ပါးစပ်ကို သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ဟ,သွားစေပါသည်။

"တုတ်တုတ်ရဲ့ ဆေးကြိတ်ပွဲကြီးကို ဘိုးတော်တစ်ယောက်တိုးပြီး ပါ

လာတာ တွေ့ရလို့ တုတ်တုတ်တို့တော့ သိပ်ကိုဝမ်းသာသွားတာပဲ။ ဆရာက ရောက်ရောက်ချင်းမှ မပြောဘဲကိုး"

ထိုသို့ ကျွန်တော်နှင့်ဘိုးတော်ကင်းကို ပြောသလို သူ့အမျိုးသမီး ပရိသတ်သို့လည်း ကျွန်တော့်ကို ဘိုးတော်တစ်ယောက်အဖြစ် မိတ်ဆက်ပေးလိုက်ပါသည်။

မရှယ်ဘဲ ဘိုးတော်ဖြစ်သူထဲတွင် ကျွန်တော်လည်း အလိုအလျောက် ပါသွားပါပြီ။ ဘိုးတော်ကင်းက ရှင်းချက်မထုတ်တော့။ ကျွန်တော်လည်း ချော်လဲရောထိုင်ပေါ့။

'အင်း. . ဘိုးတော်ဖြစ်ဖို့များ တယ်လည်းလွယ်လိုက်ပါလား' ဟု မှတ်ချက်ချမိ၏။ ခင်မောင်ဦးက ဘိုးတော်ဘုရင်၊ ဘိုးတော်ကင်းဆိုတော့ ကျွန်တော်က အချောင်ဖြစ်သည့်ဘိုးတော်မို့ ဘိုးတော်ချောင်ဟု နာမည်ပေးရန် ကောင်းပေမလားဟု။

မန္တလေးမှ ကြိုဆိုသည်မှာလည်း ရန်ကုန်လိုပင် တခမ်းတနား။ ရှည်လျားသည်။ ကားလမ်းနှင့် အမျိုးသမီး အပြည့်။ သို့သော် ရန်ကုန်နှင့်ကွာသည်မှာ တစ်ခုသာ။ ရန်ကုန်ကားလမ်းတွင် ဂျစ်ကားမပါသော်လည်း မန္တလေးကားလမ်းတွင်မူ ဂျစ်ကားများ ပါသည်။

ရန်ကုန်အမျိုးသမီးများတွင် ခြေကျင်းမပါသော်လည်း မန္တလေးအမျိုးသမီးများတွင် ခြေကျင်းတွေ တဝင်းဝင်း။

ကားတန်းကြီးမှာ ကြီးလည်းကြီး၊ ခေတ်လည်းမီသည့် တိုက်ကြီးရှေ့တွင် ရပ်တန့်သွားကြသည်။ တုတ်တုတ်တို့တိုက်ကြီး ဖြစ်မည်ထင်ပါသည်။ တုတ်တုတ်ကိုယ်တိုင် ဘိုးတော်ကင်းနှင့် ဘိုးတော်ချောင်တို့ စီးလာသည့် ကားတံခါးကို လာဖွင့်ပေးပြီး တိုက်ထဲသို့ တရိုတသေ ရှေ့ဆောင်ခေါ်သွားသောကြောင့်ပါ။ တိုက်ထဲအဝင်တွင် တိုက်ဝမှ ဖြူဖြူဝဝ တရုတ်ကပြားကြီးတစ်ယောက်က ဘိုးတော်ကင်းကို လက်အုပ်ကလေးချီပြီး နှုတ်ဆက်ပါသည်။ တုတ်တုတ်က ထိုတရုတ်ကြီးနားသို့ ကပ်၍ ပြောလိုက်ပြီးနောက် ကျွန်တော့်ကိုလည်း လက်အုပ်ချီ၍ နှုတ်ဆက်ပါသည်။

ကျွန်တော်မှာ ဘုမသိဘမသိ လက်အုပ်ပြန်ချီလိုက်ရ၏။

တုတ်တုတ်မိတ်ဆက်သည်ကိုလည်း ကြည့်ပါဦး။

"ဒါ. . တုတ်တုတ်လူပေါ့". . တဲ့။

တုတ်တုတ်မှာ အသက်မကြီးသေးပါ။ ငါးဆယ်ဝန်းကျင်မှာ ရှိပါမည်။



အသားညိုသော်လည်း မျက်နှာကျ လှပါသည်။ ကိုယ်လုံးကိုယ်ထည် ဖြောင့်ဖြူးပါသည်။ ခေတ်မီ၍ ဖျတ်ဖျတ်လတ်လတ်ရှိသော အမျိုးသမီးတစ်ယောက်။ ပြောဟန်ဆိုဟန်၊ လှုပ်ရှားဟန်တို့မှာ အပျိုစင်ကလေး တစ်ယောက်ပမာ။ တုတ်တုတ်လူဆိုသည့် တရုတ်ကပြားကြီးမှာ လူအေးကြီး ဖြစ်ဟန်ရှိ၏။ စကားသိပ်မပြော။ တုတ်တုတ်လှုပ်ရှားနေသမျှ နောက်လိုက်နေသူ ဖြစ်ဟန်ရှိသည်။ ခြုံ၍ဆိုရသော် တုတ်တုတ်တို့အိမ်ထောင်သည် ကြက်ဖတွန်လို့ မိုးမလင်း၊ ကြက်မတွန်မှ မိုးလင်းသည့်အိမ်ထောင်. . ဟု။

တုတ်တုတ်တို့တိုက်ကြီးမှာ အလွန်ခေတ်မီသည်။ အနောက်တိုင်းပုံစံအတိုင်း အိမ်ခန်းနှင့် ရေချိုးခန်း တွဲလျက်။ အပေါ်ထပ်တွင်လည်း ထိုအတိုင်း။ မျက်နှာဖွင့် ပေခြောက်ဆယ်နှင့် နောက် ပေရှစ်ဆယ်ခန့်ရှိမည့် တိုက်ကြီးဖြစ်ပါသည်။ ဘေးတွင် ကားဝင်ရန်လမ်းနှင့် နောက်ဖေးတွင် နှစ်ခန်းတွဲ ကားဂိုဒေါင်တစ်လုံး ဆောက်ထားပါသည်။

တိုက်ကြီး၏အခြေအနေကိုကြည့်လျှင် တုတ်တုတ်တို့၏ စီးပွားရေးအဆင့်အတန်းကို ခန့်မှန်းနိုင်သည်။ ငါးသိန်းအထက်စာရင်းဝင် လူ့အလွှာတွင်ပါဝင်သူများအဖြစ် သေချာသည်။ သမီးနှစ်ယောက်ရှိသည်ဟုဆိုသော်လည်း မတွေ့ရသေး။ ကျောင်းသွားနေသည်။

အံ့ဩစရာကောင်းသည်မှာ သူတို့စီးပွားရေးမဟုတ်ပါ။ ဤမျှချမ်းသာနေသူများက နောက်ထပ် သည့်ထက်ပိုချမ်းသာရန် မစ,မည့် ဘိုးတော်တွေ ရောက်၍နေခြင်းပင်။

လောကလူသားတို့၏ သဘာဝဟု ဆိုသင့်သလား၊ သဘာဝလွန်ကဲမှုဟု ဆိုသင့်သလား ဆိုသည်ကို မဝေခွဲတတ်ပါ။

သို့မဟုတ်. .

ကျွန်တော်ကြားဖူးသလို ဆိုရသော်. .

ချမ်းသာသူများသည် အများအားဖြင့် မရှိသည့် ဝေဒနာကို အရှိလုပ်နေကြသည့် စိတ္တဇဝေဒနာရှင်များဖြစ်ကြသည် ဆိုသလို ဘိုးတော်နောက်သို့ အပျော်လိုက်နေကြသည်လား မသိပေ။

ရေမိုးချိုးပြီးသည်နှင့် ကျွန်တော့်အား တည်ခင်းသည့် လက်ဖက်ရည်ပွဲကြီးမှာ ခန့်ညားသလောက် စားစရာတွေ စုံလင်လှသည်။ သာမန်လက်ဖက်ရည်ပွဲမျိုး မဟုတ်သဖြင့် လက်ဖက်ရည်ပွဲကြီးဟု ဆိုရခြင်းပါ။ နို့သပ်သပ်၊ သကြားသပ်သပ် ထည့်ထားသည့် ငွေလင်ပန်းပေါ်ရှိ ငွေကရားအိုးကလေးများ

မှာ ဆန်းလှသည်။ မုန့်မျိုးစုံ၊ အသီးမျိုးစုံ ထည့်ထားသည့် ပန်းကန်လေးများမှာ ဝင့်ထည်လှသည်။ ကျွန်တော့်အနေနှင့်တော့ မတွေ့ဖူးသေးကြောင်း အစစ်ခံလိုပါသည်။

သူတို့ဧည့်ခင်းထားသည့် လက်ဖက်ရည်ပွဲမှာ သောက်ဖို့စားဖို့ထက် အလှကြည့်နေဖို့ကောင်းသည့် လက်ဖက်ရည်ပွဲပါ။

ကျွန်တော်တို့ လက်ဖက်ရည်သောက်နေစဉ် တုတ်တုတ်ခင်ပွန်းက ဘိုးတော်ကင်းကို လာနှုတ်ဆက်ပြီး အပြင်ထွက်သွားသည်။ လက်ဖက်ရည်ပွဲတွင် ဘုတာလာကြသည့် အမျိုးသမီးအချို့က ဧည့်ခံနေကြသည်မှာ အားနာစရာကောင်းလောက်အောင်ပင်။

မစားနိုင်တော့ပါ ဆိုသည်ကိုပင် ပါးစပ်ထဲ ခွံ့တော့မတတ်။

ဘိုးတော်ကင်းနောက်ပါ ဘိုးတော်ချောင်ပါ ကောင်းစားနေသည်။

လက်ဖက်ရည်သောက်ပြီးနောက် ကျွန်တော်တို့ နားနေရန် အိမ်ပေါ်ထပ်သို့ တက်ခဲ့ကြ၏။ အမျိုးသမီးအချို့မှာ နှုတ်ဆက်၍ ပြန်သွားကြသည်။ အိမ်ပေါ်ထပ်တွင် ခြေတင်ပါသည့် ကြိမ်ပက်လက်ကုလားထိုင်ကြီးနှစ်လုံးကို တအိအိလည်နေသည့် ပန်ကာအောက်တွင် ကော်ဇောများခင်းလျက်၊ ကြိုးသိုင်းခေါင်းအုံးများချိတ်လျက် ပြင်ဆင်ထားသည်။

အပေါ်ထပ်ရှိ ဘုရားခန်းမှာ မကြီးပါ။ သို့သော် ကြည်ညိုဖွယ်ရှိပါသည်။ မန္တလေး၏ မုန်စီရွှေချ အနုစိတ်လက်ရာကို ပလ္လင်နှင့်တကဲ ပေါ်လွင်စွာဖော်ကျူးထား၏။ သီဟိုဠ်မှလာသည့် နောက်ခံမီးပြောက်မှာ တလက်လက်တဝင်းဝင်း ရောင်ခြည်လွှတ်နေသည့်သဏ္ဌာန်။ ရုပ်လုံးများမှာ ကြွနေသည်။

ပွဲများပြင်ထားပုံမှာ ဘိုးတော်ကင်းအိမ်က အပြင်အဆင်အတိုင်းပင်။ မန္တလေးသည် ဘိုးတော်ကင်းမူလဓာတ်စခန်းစိုက်သည့်နေရာဖြစ်ရာ ဒုတိယဓာတ်စခန်းစိုက်သည့် ရန်ကုန်သို့ မန္တလေးပုံစံကို ယူသွားခြင်းဖြစ်ပေမည်။

သို့သော် ဘုရားစင်ထက် ပွဲစင်မှာ ပိုကြီးနေသည်မို့ မြင်ကွင်းမှာ ခပ်ထောင့်ထောင့်ဖြစ်နေသည်။

'ဘုရားက အမြဲတမ်း သည်းခံခွင့်လွှတ်တယ်။ နတ်က ခွင့်မလွှတ်ဘူး'

ဤသည်ကြောင့် ဘုရားစင်ထက် ပွဲစင်က ပိုကြီးနေသည်လား မသိပေ။ တုတ်တုတ်အောက်ဆင်းသွားပြီး ကျွန်တော်တို့နှစ်ယောက်တည်း ကျန်သည့်အခါ ခင်မောင်ဦးကို ပြောရသည်။

"ကဲ. . ကိုရင်။ မင်းတုတ်တုတ်က ငါ့ကို ဘိုးတော်ထင်နေပြီ။ အဲဒါ



ဘယ်လိုလုပ်ရမလဲ"

"ဘာလုပ်စရာလိုလဲကွ။ ထင်တဲ့အတိုင်းပဲ ဆက်နေလိုက်ပေါ့"

"ဖြစ်ပါ့မလား. . ။ ငါက ဘာနားမလည်၊ ညာနားမလည်နဲ့"

သူပြောသည်မှာလည်း မဆိုး။ ကျွန်ပေါ်တွဲလာသည်က ငါးစိမ်းသည်နှင့် မဟုတ်။ ဘိုးတော်နှင့်. . ။ သို့ဆိုပါက ဘိုးတော်ဟန် ဆောင်နေခြင်းသည်သာ အကောင်းဆုံးဖြစ်မည်ထင်သည်။

ထမင်းစားချိန်ကျတော့လည်း ပြင်ဆင်ထားသည်မှာ အံ့မခန်း။ ဗိုက်ခွဲနမ်းသည့်ထမင်း စားလာသည်ဆိုသည်မှာ ဤထမင်းပွဲမျိုးစားခြင်းကို ပြောခြင်းဖြစ်ပေမည်လား မသိ။ မန္တလေးမှာ လေးငါးရက်နေပြီး ဤထမင်းပွဲမျိုးသာ စားနေရလျှင် ဝဖြိုးလာမည်မှာ မလွဲပါ။ ကုပ်ပိုးများ တက်လာလိမ့်မည်ထင့်။

သို့သော် ထမင်းစားပြီး ဘိုးတော်ကင်းပေးလိုက်သည့်အမိန့်ကြောင့် ကုပ်ပိုးတက်ဖို့နေနေသာသာ မရှိမဲ့ရှိမဲ့အသားပင် လျော့ပါးသွားလေမလားဟု။

"တုတ်တုတ်. . သန်ဘက်ခါကစပြီး ဆရာတို့ဖို့ သတ်သတ်လွှတ်စီစဉ်ပါ"

ဦးကိုကိုလွင်
ယာဉ်စီးလက်မှတ်နှင့်လက်မှတ်ဝန်ဆောင်မှု
ဖုန်း ၀၉-၄၂၁၉၀၅၁၄၄

"ဘယ်နှရက်လဲ ဆရာ"

"သုံးရက်"

"ခါတိုင်းလိုပဲလား ဆရာ"

သေဟဲ့နန္ဒိယလို့ ညည်းရောပါ။ သို့သော် ဘိုးတော်ကင်းပြောသလို ဝက်ဖြစ်မှတော့ မစင်ကြောက်၍ မဖြစ်။ ဘိုးတော်ချောင်ဖြစ်နေမှတော့ ဘိုးတော်ကင်းနောက် လိုက်ရပေတော့မည်သာ။

'ဆရာတို့ဖို့' ဆိုသည့်စကား ထည့်သုံးထားသည်ကြောင့် ကျွန်တော့်အတွက် သီးခြားစီစဉ်ပေးလိမ့်မည် မဟုတ်ပေ။

ကျွန်တော်က အသားကြိုက်သူ။ အသားမှ အမဲသားကို အလွန်ကြိုက်သူ။ အသားမပါလျှင် ထမင်းမမြိန်။ မတတ်နိုင်ပါ။ တွေ့ကြရောပေါ့ သက်သတ်လွှတ်. . ဟု။

ရထားပေါ်တွင် အိပ်ရေးပျက်လာခဲ့သဖြင့် ဘိုးတော်ကင်းနှင့်အတူ ပြင်ဆင်ထားသည့် ခုတင်ကြီးပေါ်တွင် တစ်မှေးအိပ်စက်လိုက်ရ၏။ နေ့ဘက်တွင် အိပ်လေ့မရှိသော်လည်း ညက အိပ်ရေးပျက်ခဲ့သဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားသည်ဟု ထင်ပါသည်။ အိပ်မက်ဆန်းကြောင့် ဖျတ်ခနဲလန့်နိုးသည့်အချိန်မှာ လေးနာရီထိုးရန် ငါးမိနစ်မျှသာလိုတော့သည်။

အိပ်မက် မက်ပုံကလည်း အဆန်းပါ။

တုတ်တုတ်တို့တိုက်ပေါ်ရှိ ပွဲပြင်ဆင်ထားသည့် စားပွဲကြီးရှေ့တွင် ကျွန်တော်က ဝိတ်ဖြူစင်ကြယ်နှင့် ပုတီးကြီး လည်ပင်းဆွဲပြီး ထိုင်နေသည်။ ကျွန်တော့်ဘေးတွင် ဝိုင်းဝိုင်းလည်နေသူတို့၏ လက်ဖဝါးတော်မို့မို့ကလေးများကို တိုင်တွယ်ပြီး ဓာတ်ကူးပေးနေသည့်ဟန်။ အပျိုတစ်ယောက်ပြီးတစ်ယောက် ဓာတ်ကူးပေးနေသည်မှာ ဘယ်နှယောက်ဟု မမှတ်မိတော့။ ကျွန်တော်ဓာတ်ကူးပေးနေသည့် အပျိုလေးတစ်ယောက်က သူ့လက်ဖဝါးတော်မို့မို့ကလေးကို ဆုပ်နယ်ဓာတ်ကူးပေးနေစဉ် 'ယားတယ်. . ဆရာရဲ့' ဟု ပြောပြောဆိုဆို ရယ်လိုက်သံကြောင့် အိပ်ရာမှ ဖျတ်ခနဲလန့်နိုးသွားခြင်းဖြစ်ပါသည်။

အိပ်ရာက နိုးပြီးသည့်နောက်လည်း ရယ်သံများ ဆက်ကြားနေရသည်။ အမှန်တော့ အိပ်မက်နှင့် ရောထွေးသွားခြင်းပါ။ အောက်ထပ်မှ ကျောင်းကပြန်လာသည့် တုတ်တုတ်သမီးများ၏ ရယ်လိုက်သည့် အသံပါ။

ဘိုးတော်ကင်းဓာတ်များမှာ ဘိုးတော်ချောင်သို့ ကူးပြောင်းသွားလေပြီလားမှ ရွေးထိင်စရာပင်။

တုတ်တုတ်၏ သမီးနှစ်ယောက်မှာ ဘိုးတော်ကင်းနှင့် စကားပြောရင်း ရယ်နေကြခြင်းဖြစ်၏။ ကျွန်တော်အောက်ဆင်းသွားချိန်တွင် စတော်ဘယ်ရီနို့ဖျော်ရည်ဖြင့် ဧည့်ခံရန် အဆင်သင့်ဖြစ်နေ၏။ သည်တစ်ခါ ဧည့်ခံသူက ရွှေမန်းပျို့ဖြူချောနှစ်ယောက်။ နှစ်ယောက်စလုံးမှာ ချောသည်။ လှသည်။ မျက်စိအေးသည်။

အဖေ့အသားနှင့် အမေ့မျက်နှာကျ ပေါင်းစပ်ထားသည့် တုတ်တုတ်၏ သမီးနှစ်ယောက်စလုံးမှာ ဖြူချောကလေးတွေဖြစ်သည်။ ရွှေမန်းသူတို့ထုံးစံအတိုင်း အေးညင်းသာယာဖွယ် 'ကျွန်တော်' ဆိုသည့်အသုံးအနှုန်းမှာ 'ကျွန်မ' ကျင့်သားရနေသည့် နားထဲတွင် တစ်မျိုးသာပ။

သူတို့က ခင်မောင်ဦးကိုခေါ်ပုံမှာ တစ်မျိုး။

'အန်ကယ်ဘိုးတော်'. . တဲ့။

ဘိုးတော်ကင်းမျော အလိုလိုနေရင်း ဗိုလ်ကပြားဘိုးတော်ကြီး ဖြစ်သွားသည်။ အန်ကယ်ဆိုသည့် အင်္ဂလိပ်ဝေါဟာရနှင့် ဘိုးတော်ဆိုသော မြန်မာဝေါဟာရတို့ ပေါင်းခေါ်လိုက်သည်မို့ ဘိုးတော်ကင်းမှာ အင်္ဂလိပ်ကပြားဘိုးတော် ဖြစ်သွားရှာသည်။ အန်ကယ်ဘိုးတော်ဆိုသည့် ခေါ်သံလေးမှာ တစ်မျိုးတော့ နားထောင်ကောင်းသည်သာ။



ကျွန်တော့်နှုတ်ဖျားတွင် တိုးတိုးကလေး ရွတ်နေမိသည်။

'အန်ကယ်ဘိုးတော်. . အန်ကယ်ဘိုးတော်. . ' ဟု။

ကျွန်တော့်ကိုတော့ ရိုးရိုးကလေးခေါ်ပါသည်။ အအေးပန်းကန်ကို ကျွန်တော့်ရှေ့တွင်ချပေးရင်း 'အန်ကယ်သုံးဆောင်ပါ' ဟု။

အကယ်၍များ ဘိုးတော်ကင်းကို သူတို့ခေါ်သလို ကိုယ့်ဟာကိုယ်ပေးနာမည်ကိုများ ခေါ်ရလျှင် ခက်ရချည့်ဟုတွေး၍ ပြုံးမိလေ၏။

အန်ကယ်ဘိုးတော်ချောင်ဆိုလျှင် မခက်ပါလား။

တိုက်ဝကတည်းက အသံတစာစာဟစ်လာသည့် တုတ်တုတ်အသံကို ကြားလိုက်ရသည်။ ကျွန်တော်တို့ထိုင်နေသည့်နေရာ ရောက်လာသည့်အခါ နံ့သာယပ်တောင်ကို ခတ်ရင်းမှ ဘိုးတော်မှာထားသည့် ကိစ္စအားလုံး ညနေခြောက်နာရီခွဲလောက် ရောက်လာအောင် တုတ်တုတ်စီစဉ်ပြီးပါပြီ။ အဆင်ပြေပါမယ်ဟု ဘိုးတော်ကင်းကို အစီရင်ခံနေသည်။

"နေ့တွေ ဘာတွေ သေသေချာချာစစ်ပြီးပြီနော်"

"ဘိုးတော်ရဲ့ တုတ်တုတ် လုပ်ရင် ဘာများ မသေချာ ဖြစ်ဖူးလို့လဲ"

"မဖြစ်ဖူးပါဘူး တုတ်တုတ်ရယ်။ ပိုပြီးစိတ်ချရအောင်ပါ။ အသက်နှစ်ဆယ် မကျော်စေနဲ့နော်"

"စိတ်ချပါ"

"ဒီဆေးက တုတ်တုတ်အတွက် အဓိကထားပြီး လုပ်ရမယ့်ဆေးမို့ သေချာအောင်လို့ပါ"

"ဒါတွေကြောင့် ဘိုးတော်ကို တုတ်တုတ်အားကိုးတာပေါ့"

ခေါ်သည်က ဘိုးတော်။ ပြောပုံဆိုပုံက သူငယ်ချင်းပုံစံ။

ကျွန်တော်ကတော့ သူတို့ဘာတွေပြောနေမှန်း မသိသဖြင့် နို့အေးကိုသာ ငုံ့သောက်နေမိသည်။

တုတ်တုတ်နှင့် ဘိုးတော်ကင်း စကားပြောပြီးနောက် ကျွန်တော်တို့ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ အပေါ်ထပ်ရောက်မှ ခင်မောင်ဦးကို မေးရသည်။

"ဆိုစမ်းပါဦး သူငယ်ချင်း။ မင်းတို့ကိစ္စတွေ ငါနဲ့မဆိုင်ရင် တခြားသွားလည်နေရအောင်"

"ဘယ်ဖြစ်မလဲကွ။ ဆိုင်တာ၊ မဆိုင်တာထက် မင်း ငါ့နားမှာရှိဖို့လိုတယ်။ မင်းကိုလည်း သူတို့က ဘိုးတော်တစ်ယောက်လို့ မြင်နေကြတာ"

"အေး. . ခက်တာက ငါက ဘာမှမလုပ်တတ်တော့ တော်ကြာ ကိုးရိုးကားရားတွေ ဖြစ်နေမှ. ."

"မဖြစ်ပါဘူးကွ။ ခုဟာက သူရဿတီမယ်တော် ဆေးကြိတ်ပွဲ လုပ်မှာကွ။ တုတ်တုတ်တို့က တာဝန်ယူပြီး လုပ်မှာ"

"ဒီတော့ ငါက. ."

"မင်းက ငါနိုင်းတာ လုပ်ပေါ့"

"အေးလေ. . မင်းပြောသလို ဝက်ဖြစ်မှတော့. . ။ ဒါနဲ့ သူငယ်ချင်း။ မင်းတို့ကြိတ်ပွဲအကြောင်းလေး ဘာလေး ငါ့ကို ကြိုပြောထားပါဦး"

"သူရဿတီမယ်တော် ဆေးကြိတ်ပွဲဆိုတာက သူရဿတီမယ်တော်ကြီးကို ပွဲပေးပြီး ပင့်ရတယ်။ မယ်တော်ကြီးပွဲရှေ့မှာ ကျောက်ပျဉ်အသစ်နဲ့ ကြိတ်စရာ ကျောက်ပြားကလေးကို အသင့်ပြင်ထားရတယ်။ မယ်တော်ပွဲမှာ သူရဿတီဆေးရယ်၊ ဆူးမပါတဲ့ ပန်းခုနစ်မျိုး ကပ်ထားရတယ်။ ငါ့ဆီမှာရှိတဲ့ ဆေးခံက နည်းတော့ ဆေးပွားယူတယ်ပေါ့ကွ။ နောက်ပြီး ဆေးကို သိဒ္ဓိထပ်တင်တယ်ပေါ့။

အဲဒီ ပန်းခုနစ်မျိုးနဲ့ ဆေးနည်းနည်းစီကို တနင်္ဂနွေအစ၊ စနေအဆုံး ပါတဲ့ နေ့သားအပျိုစင်စစ်စစ်ကလေးတွေက ကြိတ်ရတယ်။ ပထမ တနင်္ဂနွေက စရတယ်။ နောက်. . တနင်္လာသမီးက စ,တစ်ပတ်ပြန်လည်၊ အင်္ဂါက စတစ်ပတ်ပြန်လည်။ အဲဒီလို နေ့စေ့သွားအောင် ကြိတ်ရတယ်။ သုံးရက်တိတိကြိတ်ပြီးမှ သိဒ္ဓိတင်။ သိဒ္ဓိတင်ပြီးရင် ဆေးကြိတ်ပွဲမှာ ပါသူတွေနဲ့ ဆေးကြိတ်ပွဲကမကထလုပ်သူကို ဆေးအပ်ရတယ်။

နက်ဖြန်မနက် ပွဲစပေးမယ်။ ဆေးကြိတ်ပွဲမှာပါတဲ့ အပျိုစင်လေးတွေကို ခေါင်းလျှော်ကူးပေးရတယ်။

သန်ဘက်ခါညကစပြီး ဆေးကြိတ်မယ်။ အစီအစဉ်ကတော့ ဒါပဲ"

"ခေါင်းလျှော်ကူးပွဲမှာလည်း ငါလည်း ဝင်ကူပေးရဦးမလား။ ဒါမျိုးတော့ ငါ ဝါသနာပါတယ်ကွ"

"အေး. . မင်းကတော့ ဒါပဲ သရော်ဖို့ စဉ်းစားနေ။ မင်းပါရမယ့်အခန်းက အဲဒါမဟုတ်ဘူးကွ။ ကျောက်ပျဉ်ဆေးရမယ်ကွာ။ ကျောက်ပျဉ်ရွှေ့ရမယ်ကွာ။ အဲဒါ မင်းအလုပ်ပဲ။

ဒီဆေးကြိတ်ပွဲမှာ သူတို့ဆေးကြိတ်နေကြတုန်း ငါက သူရဿတီဂါထာကို မပြတ်ရွတ်ပေးရမယ်။ မင်းအလုပ်က ကောင်မလေးတွေကို သူ့နေ့နဲ့



သူ့အလှည့် မမှားအောင် အစီအစဉ်လုပ်ပေးရမယ်"

"ထားပါတော့ သူငယ်ချင်း။ ငါက ဘိုးတော်ကင်းရဲ့နောက်လိုက် ဘိုးတော်ချောင်ဆိုတော့ မင်းခိုင်းတာ လုပ်ရတော့မှာပေါ့။ ဒါပေမဲ့ ငါမရှင်းတာ မေးစမ်းပါရစေဦး"

"မင်းကတော့ စံပဲကွ။ မေးရင်လည်း မေးရမှ။ မမေးရင်လည်း သရော်နေရမှ။ ဒီမှာ ငါပြောမယ် သူငယ်ချင်း။ မင်းမယုံဘူးဆိုရင်လည်း ငါက အပြစ်မတင်ချင်ပါဘူး။ ဒါပေမဲ့ မင်း ဘိုးတော်တွေကို သရော်ရင် ဘိုးတော်တွေက ဒဏ်ခတ်တတ်တယ်ကွ။ ဒါ. . ငါအတည်ပြောတာနော်"

"ဒီမှာ ခင်မောင်ဦးရေ။ ငါ့ကို ဘယ်တော့မှ ဒဏ်မခတ်ဘူးကွ. . မှတ်ထား။ ငါက သက်သေသာကေနဲ့ ပြောပြမယ်။ မင်းနားထောင်. . ။

ရွာတစ်ရွာက သူငယ်ချင်းနှစ်ယောက် သစ်ရှာဖို့ တောထဲကို သွားကြတယ်ကွ။ အေး. . တစ်ယောက်က နတ်ကိုးကွယ်တဲ့လူ။ တစ်ယောက်ကတော့ နတ်မကိုးကွယ်ဘူးကွ။ ဒါနဲ့ သူငယ်ချင်းနှစ်ယောက်ဟာ သူတို့လိုချင်တဲ့သစ်ကို လိုက်ရှာကြရင်း တောထဲမှာ မျက်စိလည်သွားကြတယ်။ မိုးသာချုပ်သွားရော တောထဲမှာ တဝဲလည်လည်နဲ့ လမ်းစရှာမတွေ့ကြဘူး။ တစ်နေရာရောက်တော့ နတ်စင်တစ်ခု တွေ့ကြတယ်။ အဲဒီနားမှာပဲ အိပ်ကြပြီး မနက်ကျမှပဲ လမ်းစရှာဖို့ တိုင်ပင်ကြတော့ သဘောတူကြရော ဆိုပါတော့ကွာ။ နတ်စင်ကြီးကလည်း တော်တော်ကြီးတယ် ဆိုပဲကွ။ လူသုံးယောက်လောက်တော့ အိပ်နိုင်တယ်တဲ့။ နတ်မကိုးကွယ်တဲ့ သူငယ်ချင်းက ဒီနတ်စင်ပေါ် တက်အိပ်ရအောင်လို့ပြောတော့ နတ်ကိုးကွယ်တဲ့ သူငယ်ချင်းက အိပ်ဖို့နေနေသာသာ ဒီလိုပြောရမလားလို့ သူ့သူငယ်ချင်းအပေါ် တော်တော်စိတ်ဆိုးပြီး ဒေါသတွေ ဘာတွေ ပွလို့တဲ့။ ဒါနဲ့ နတ်မကိုးကွယ်တဲ့လူက ကဲ. . ဒါဖြင့် မင်းက အောက်မှာအိပ်၊ ငါကတော့ နတ်စင်ပေါ် တက်အိပ်မယ်ဆိုပြီး သူ့မှာပါလာတဲ့ လုံချည်ပိုလေးကို ခင်းပြီး နတ်စင်ပေါ် အကျတက်အိပ်တော့တာကိုး။ နတ်ကိုးကွယ်တဲ့လူကတော့ နတ်စင်ရှေ့က မြေကွက်လပ်ကလေးမှာ လုံချည်လေးခင်းပြီး အိပ်ကြရော ဆိုပါတော့။

နတ်မကိုးကွယ်တဲ့လူက တစ်နေ့လုံး မျက်စိလည်နေတော့ မောမောနဲ့ နတ်စင်ပေါ်ရောက်တယ်ဆိုရင်ပဲ အိပ်ပျော်သွားတယ်။ နတ်ကိုးကွယ်တဲ့လူကတော့ နတ်စင်ကို ကန်တော့၊ နတ်တွေကို သေသေချာချာတောင်းပန်ပြီးမှ အိပ်တယ်။

ညသန်းခေါင်လောက်လည်းကျရော ကျားကြီးတစ်ကောင်ဟာ သူတို့

အိပ်နေတဲ့ နတ်စင်ရှိရာကို ရောက်လာရောတဲ့။ ကျားကြီးက နတ်ကျားဆိုတော့ စကားလည်း ပြောတတ်တယ်ပေါ့။ ဒီတော့ နတ်စင်အောက်မှာ အိပ်နေတဲ့ ကောင်ကို နှိုးပြီး ပြောတယ်တဲ့။

မင်းတို့က. ပိုင်စိုးပိုင်နှင်း ငါ့ဗိမာန်နန်းမှာ လာအိပ်ကြတာ ငါ့ကို မရိုသေ၊ မလေးစားလို့ မဟုတ်လားလို့ မေးတယ်တဲ့။

အဲဒီတော့ နတ်ကိုးကွယ်တဲ့လူက ပြောတယ်။

ကျွန်တော်မျိုးဟာ အရှင်ကြီးတို့ကို ကိုးကွယ်တဲ့လူပါ။ အမြဲတမ်းလည်း ပ,သ တင်မြှောက်ပါတယ်။ ခုလည်း ကျွန်တော်မျိုးကြီးဟာ အရှင်ကြီးတို့ရဲ့ အရိပ်အာဝါသကို မလွဲမရှောင်သာ ခိုလှုံရပေမယ့် တောင်းပန်ပြီးမှ အိပ်ပါတယ်။ အရှင်ကြီးရဲ့ ဗိမာန်ပေါ်မှာလည်း မအိပ်ပါဘူး။ အရှင်ကြီးရဲ့ ဗိမာန်ရှေ့မှာပဲ အိပ်ပါတယ်။ ဟိုကောင်ကတော့ ပြောလို့မရပါဘူး။ အရှင်ကြီးရဲ့ ဗိမာန်ပေါ် တက်အိပ်ပါတယ်။ အမိုက်အမဲများဖြစ်တဲ့ ကျွန်တော်မျိုးကို ခွင့်လွှတ်ပါလို့ တောင်းပန်ရှာတယ်ပေါ့။

နတ်ကျားကြီးက ပြောတယ်တဲ့။ ငါ့ကို စော်ကားမော်ကား မရိုမသေ မလေးမစားလုပ်တဲ့သူဆိုရင် ငါက အရှင်မထားဘူးဟေ့။ ငါ့ကို ဘာမှတ်သလဲ၊ ဘာလဲ ညာလဲနဲ့ ကြိမ်းရောတဲ့။

နတ်ကိုးကွယ်တဲ့လူက အရှင်ကြီးကို ပြန်လျှောက်တယ်တဲ့။ ကျွန်တော်မျိုးဟာ အရှင့်ကို မရိုမသေ၊ မလေးမစား မလုပ်ပါဘူး။ အရှင်ကြီးဗိမာန်ရှေ့မှာ မသိလို့ အိပ်မိတာ ခွင့်လွှတ်ပါ။ ဟိုဗိမာန်ပေါ်က အကောင်ကိုသာ အပြစ်ပေးပါ။

နတ်ကျားကြီးက ပြောပြန်တယ်။

ဟေ့ကောင်. . စကားရှည်မနေနဲ့။ မင်းကို အပြစ်ပေးရလိမ့်မယ်။ ကဲ. . သေဖို့သာပြင်ပေတော့လို့ အမိန့်ပေးလိုက်တယ်ဆိုပဲ။

ဒီတော့ နတ်ကိုးကွယ်တဲ့လူက စောဒကတက်တာပေါ့။

အရှင်ကြီးကို ကျွန်တော်မျိုး လျှောက်ပါရစေ။ ကျွန်တော်မျိုးဟာ အရှင်ကြီးတို့ကို ကိုးကွယ်ခဲ့သူပါ။ အခုလည်း အရှင်ကြီးဗိမာန်ကို တရိုတသေထားပြီး အပေါ်တက်မအိပ်ဘဲ အောက်မှာပဲ အိပ်ပါတယ်ပေါ့။ တကယ်စော်ကားတာက အရှင်ကြီးဗိမာန်ပေါ် တက်အိပ်တဲ့လူပါ။ ကျွန်တော်မျိုးကို အပြစ်မပေးသင့်ပါဘူး။ သူ့ကိုသာ အပြစ်ပေးသင့်တယ်ပေါ့။

ဒီတော့မှ နတ်ကျားကြီးက တဟီးဟီးတဟားဟားရယ်ပြီး ပြောလိုက်



တယ်ဆိုပဲ။ ဟေ့ကောင်. . ဟိုဗိမာန်ပေါ်ကကောင်က ငါတို့လူ မဟုတ်ဘူး။ ငါတို့ကို ကိုးကွယ်တာလည်း မဟုတ်ဘူး။ ဒီတော့ သူ့ကို ငါတို့က မပိုင်ဘူး။ သူ ငါ့ဗိမာန်ပေါ် တက်အိပ်ရုံမကလို့ ချေးပဲပါပါ ငါတို့နဲ့ မဆိုင်ဘူး။ မင်းကသာ ငါတို့လူ။ ငါတို့ကို ကိုးကွယ်ပြီး မရိုမသေ၊ မလေးမစားလုပ်တဲ့အတွက် မင်းမှာသာ အပြစ်ရှိတယ်။ မင်းပဲခံရမယ်ဆိုပြီး အမိန့်ချမှတ်လိုက်ရောတဲ့။

မိုးလင်းတော့ နတ်စင်ပေါ်တက်အိပ်တဲ့အကောင်က ထပြီးကြည့်လိုက်တော့ သူ့သူငယ်ချင်းက သေနေပြီလေ။ ဒီတော့ သူလည်း လမ်းရှာ၊ ရွာအရောက်ပြန်ပြီး ပြောတော့မှ ဟိုကောင့်အလောင်းကို ရွာပြန်ယူကြရတယ်။ အလောင်းကြီး ရွာရောက်တော့မှ သေသွားသူရဲ့အမေကို ပူးပြီး နတ်သံနှောတော့မှ အကြောင်းစုံသိရတာကိုးကွ။

အေး. . ခုလည်း ငါက နတ်စင်ပေါ်တက်အိပ်ရဲတဲ့ကောင်နော်။ မင်းသာ သတိထား"

ဟု ဇာတ်လမ်းပမာ နားဆင်စရာကို ဖွင့်ထုတ်ပြလိုက်ရပါသည်။

"မင်းကတော့ ဘယ်လိုပြောပြော ရမယ့်ကောင် မဟုတ်ဘူး။ ဒီမှာနေတုန်းတော့ မင်း ငါပြောတဲ့အတိုင်း လုပ်ရမယ်။ ဒါပဲ"

"အမိန့်တော်အတိုင်းပါ ဘိုးတော်။ ထွက်ရပ်ပေါက်စခန်း မလှမ်းကြွခင် မေးစရာရှိတာလေး မေးထားပါရစေ။ အမိန့်တော်ရှိပ ဘိုးတော်ကြီးခင်ဗျား"

"ဟေ့ကောင်. . နောက်မနေနဲ့ကွာ"

"အကောင်းပါ။ ငါမေးစရာရှိလို့ပါ။

ဒီလိုကွ. . ။ ငါကြားဖူးတာက သုရဿတီမယ်တော်ဆိုတာ ပိဋကတ်သုံးပုံစောင့်တဲ့ နတ်သမီး။ နတ်လောကမှာတော့ အမြင့်နတ်ပေါ့ကွာ။ နောက်ပြီး ဗြာနတ်သမီးလည်း မဟုတ်ဘူးတဲ့ကွ။ ဗြဟ္မာအနွယ်တွေ ကိုးကွယ်တဲ့ နတ်သမီးလို့လည်း ဆိုပြန်တယ်။ ကုလားလိုတော့ ဆာရဆွတီလို့ အသံထွက်တယ်။ အဲဒါ မင်းတို့ဂိုဏ်းအလုပ်မှာ ဘယ်လိုပါဝင်ပြီး ပတ်သက်နေတယ်ဆိုတာ မရှင်းလို့ပါ။ ရိုးရိုးအနေနဲ့တော့ သုရဿတီမယ်တော်ကို ကိုးကွယ်ကြတာပဲ။ ငါ့အိမ်မှာတောင် ရုပ်တုရှိသေးတယ်။

"အေး. . ငါ ဆရာတော်ဆီမှာ ပညာတက်တုန်းကတော့ ဒါမပါဘူးကွ။ ဂိုဏ်းတွေ ဘာတွေ လုပ်တော့မှ သုရဿတီမယ်တော်ကိစ္စ ပါလာတာပဲ။ အဓိပ္ပာယ်ကတော့ကွာ. . အဖေရှိရင် အမေရှိမယ်ဆိုတာလို ဘိုးတော်ရှိရင် မယ်တော်လည်းရှိရမယ်ဆိုတဲ့ သဘောပေါ့။ သုရဿတီမယ်တော်က နတ်ကို

စောင့်တယ်။ အထူးသဖြင့် ဘိုးတော်တွေဟာ ယောက်ျားပရိသတ်နဲ့ သက်ဆိုင်တယ်။ မယ်တော်က အမျိုးသမီးတွေနဲ့ ဆိုင်တယ်ဆိုတဲ့ သဘောပါပဲ"

ခု . . မင်းတို့လုပ်သလိုသာ ဘိုးတော်တွေ၊ မယ်တော်တွေ ခဏခဏ ပင့်နေရရင် ဘိုးတော်၊ မယ်တော်ပတွေ ဘယ်မှာလာပြီး အလုပ်အားပါတော့မလဲ။ ဦးမင်းကျော်တို့၊ မင်းကလေး၊ မင်းကြီးတို့၊ မနဲ့လေးတို့လို ဖြစ်နေတော့မှာပေါ့"

"ပင့်တယ်ဆိုတာ သဘောလောက်ပါပဲ။ သူတို့ကို ရည်စူးပြီး ပွဲပေးထားတာနဲ့ပဲ လုံလောက်ပါတယ်။ ဒါပေမဲ့ လူတွေက ပင့်မှကြိုက်လို့ ပင့်ရတာပဲ။ တို့လုပ်ငန်းတွေမှာ ကျင့်စဉ်သဘောကိုချည်း လုပ်လို့မဖြစ်ဘူးကွ။ လူတွေရဲ့ စိတ်ဓာတ်သဘောကိုလည်း အကြိုက်ဖြစ်အောင် လိုက်လျောရသေးတယ်။ မင်းတို့ သဘောမပေါက်ဘူးဆိုတာ ဒါပဲဖြစ်မှာပဲ ထင်တယ်"

ကျွန်တော်စကားကောင်းနေစဉ် တုတ်တုတ်သမီးလေးက ရေချိုးဖို့လာခေါ်သဖြင့် အောက်ထပ်သို့ဆင်းခဲ့ရာ ရေချိုးပြီးနောက် ထမင်းမစားမီ မဟာမြတ်မုနိကိုယ်တော်ကြီးကို သွားဖူးရန် ကားအဆင်သင့်စီစဉ်ထားကြောင်း တုတ်တုတ်က ဆီးပြောသဖြင့် ရေချိုးပြီးသည်နှင့် အဝတ်အစားလဲပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြသည်။ တုတ်တုတ်နှင့် သမီးပျိုနှစ်ယောက်ကလည်း အဆင်သင့်စောင့်ကြိုနေကြသည်။

တုတ်တုတ်၏ သမီးကလေးနှစ်ယောက်မှာ ကျောင်းသွားစဉ်ကလို မဟုတ်ဘဲ ပြင်ပြင်ဆင်ဆင်ဝတ်ထားသဖြင့် တွန်းကန်နေသည့် အဖုအထစ်၊ အလုံးအဝန်းတို့ ယနေ့ခေတ်၏ ခေတ်အမျိုးသမီးအခြေအနေများကို ဖော်ကျူးထားသည်မို့ မျက်စိပသာဒ ပြည့်ဝလှပေ၏။

အဖုအထစ်၊ အလုံးအဝန်းတို့ တွန်းကန်အားကောင်းလှသည့်ခေတ်တွင် မူလသည် မရှိတော့။ သဘာဝသည် အလှမဟုတ်တော့။ ဆန်းသစ်တီထွင်မှုသည် အလှဖြစ်နေ ဤသည်မှာလည်း ခေတ်သဘောပင်ဖြစ်သည်မို့ အပြစ်ဟု မမြင်ပေ။

တုတ်တုတ်တို့သားအမိနှင့် ကျွန်တော်တို့နှစ်ဦးမှာ ကားနှစ်စီးဖြင့် မဟာမြတ်မုနိဘုရားဖူးရန် ထွက်ခဲ့ကြသည်။ ကျွန်တော်တို့က ဖယ်မလီယာကားနှင့်။ သူတို့က လင့်ရိုဗာကားနှင့်။ ဖယ်မလီယာမှာ ဘုတို့စီးသော ကားဖြစ်သော်လည်း ဘိုးတော်ကို ဦးစားပေးပြီး သူတို့က လင့်ရိုဗာကား စီးလာကြခြင်းဖြစ်သည်။ ဖယ်မလီယာကားကို ဒရိုင်ဘာကမောင်းပြီး လင့်ရိုဗာကားကို သမီးအကြီးက မောင်းလာသည်။



ကျွန်တော်မှာ မန္တလေးသို့ရောက်သော်လည်း မဟာမြတ်မုနိသို့မူ ရောက်တိုင်း မသွားဖြစ်ပါ။ အချိန်မရခြင်းနှင့် ခရီးအဆင်မပြေခြင်းကြောင့် မသွားဖြစ်ခဲ့သော်လည်း ယခုတစ်ခေါက်တွင် အေးအေးဆေးဆေးဖူးခွင့်ရသဖြင့် စိတ်ပြေလက်ပြေ အားရအောင် ဖူးခဲ့ရ၏။ မြန်မာလူမျိုးတို့၏ ထက်သန်လှသော စေတနာသဒ္ဓါတရားလွန်ကဲမှုကြောင့် မဟာမြတ်မုနိကိုယ်တော်မြတ်ကြီးမှာ မျက်နှာတော်ကြည်ညိုဖွယ်ရာရှိသည်မှလွဲ၍ ကိုယ်တော်တစ်ခုလုံးမှာ အဖုအထစ်ကြီးများ ပြည့်နှက်နေပါပြီ။ သို့သော် အံ့သြဖွယ်ရာကောင်းသည်မှာ ကိုယ်တော်နှင့် ခြေတော်၊ လက်တော်များတွင် မတရားရွှေချထားသောကြောင့် အဖုအထစ်ကြီးများ ဖြစ်နေသည့်တိုင် မျက်နှာတော်မှာ ကြည့်၍လိုက်ဖက်နေခြင်းပင် ဖြစ်ပေသည်။

ကိုယ်တော်ကြီး ကြီးမားလာသလောက် မျက်နှာတော်က သေးငယ်သွားရမည်ဖြစ်သော်လည်း သေသေချာချာဖူးမြော်ကြည့်သောအခါ ဤသို့ မဖြစ်ပါ။ အံ့ဝင်ခွင်ကျပင် ဖြစ်နေသည်ကို တွေ့ရပါသည်။

ဘုရားကို ကြည်ညိုခြင်းသည်လည်းကောင်း၊ တရားကို ဘာဝနာပွားများခြင်းသည်လည်းကောင်း၊ သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည်လည်းကောင်း၊ ဆရာသမားတို့အား မမေ့မလျော့သော သတိဖြင့် ပူဇော်ခြင်းသည်လည်းကောင်း၊ အမိအဘတို့ကို ရိုသေဦးခိုက်လျက် လုပ်ကျွေးပြုစုခြင်းသည်လည်းကောင်း အလွန်ထူးကဲမွန်မြတ်လှပါ၏။ လောကကြောင်း၊ ဓမ္မကြောင်း နှစ်ဖြာစလုံးတွင် ထူးကဲမွန်မြတ်လှပါ၏။

ဤငါးဖြာမှလွဲ၍ ကိုးကွယ်ရာသည် နတ္ထိ၊ ဆည်းကပ်ရာသည် နတ္ထိ၊ ပူဇော်ရာသည် နတ္ထိဟု ဇွဲမြဲယုံကြည်ကြမည်ဆိုလျှင် ဘော်တိုးတို့ဘေးမှ ကင်းဝေးလိမ့်မည်သာ။

ဘုရားမှ ပြန်လာပြီးနောက် ထမင်းစားသောက်ပြီး ခေတ္တအနားယူနေစဉ် အပျိုလေးတစ်သိုက် ရောက်လာကြသည်။ ပွဲကတူရွှေးအုပ် ကျလာသည့်ပမာ ဆူညံဆူညံနှင့်။ မန္တလေး၏ ကျွန်တော်သံများ ရှုပ်ယှက်ခတ်သွားသည်။ ဆေးကြိတ်ပွဲတွင် ပါဝင်မည့် ခုနစ်နေ့သမီး အပျိုစင်များ ရောက်လာသောကြောင့်ပါ။

အအိုမပါသည့် အပျိုစင်များ ဆေးကြိတ်ပွဲကြီးကို စောင့်ကြည့်ရပါမည်။ ထူးခြားသည်၊ မထူးခြားသည် ထား၍ မန္တလေးအပျိုစင်တချို့ ပါဝင်မည့်ပွဲဖြစ်သဖြင့် ကြည့်ကောင်းမည်မှာ သေချာသည်။ ဘိုးတော်ကင်းပြောပြ၍ သိ

ထားရသည်မှာလည်း ဆေးကြိတ်ပွဲတွင် ပါဝင်မည့် အပျိုစင်များကို ရွေးချယ်ရာတွင် နေ့သာ အဓိကမဟုတ်။ ရုပ်အဆင်းကလည်း အဓိက။ လှပေ့ဆိုသော အမျိုးသမီးလေးများ ရွေးထားကြောင်း သိရသည်။

မယ်တော်ဆေးဆိုသည်မှာ လှပေ့၊ ချောပေ့ ပအျိုစင်ကလေးတွေ ကြိတ်မှ ဆေးဘက်ဝင်သည်လား မသိပေ။

ဘိုးတော်ကင်းကတော့ အလုပ်စနေပါပြီ။

ပိတ်ဖြူစင်ကြယ်ဝတ်လျက် ပွဲရှေ့တွင်ထိုင်ပြီး တတွတ်တွတ် ရွတ်နေပါသည်။ တညံ့ညံ့ တဖွဖွ မာန်ပါပါ အော်ဟစ်နေပါပြီ။

'ရောက်ဆရာရောက်၊ ကြွဆရာကြွ' စကားလုံးများက ထပ်တလဲလဲ။

တုတ်တုတ်နှင့် သမီးပျိုများ အပါအဝင် အပျိုကလေးတစ်သိုက်မှာ ဘိုးတော်ကင်း၏နောက်တွင် တန်းစီထိုင်နေကြသည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက် ပြောဖူးသည့်စကားကို သတိရလိုက်မိ၏။

"ခုခေတ် အမျိုးသမီးတွေဟာ ဘယ်လိုဝတ်ဝတ် ကြည့်ကောင်းတယ်ကွ။ အပြင်အဆင်လည်း သိပ်ပြီးတတ်လာကြပြီ။ ငါတို့တော့ အိမ်ပြန်ရောက်မှပဲ ကိုယ့်အမျိုးသမီးကို လှတယ်လို့ ထင်တယ်။ လမ်းပေါ်ရောက်ရင်တော့ တွေ့သမျှအမျိုးသမီးဟာ ကိုယ့်အမျိုးသမီးထက် လှနေတာချည်းပဲ။ ဟိုတုန်းကနဲ့တော့ ကွာလှပေါ့ကွာ။ ဒါလည်း တို့ယောကျ်ားတွေအတွက် အသက်ရှည်ဆေးတစ်ပါးပေါ့ကွာ".

ဤသို့ ပြောဖူး၏။

ကျွန်တော့်ရှေ့တွင် ရောက်နေသည့် အမျိုးသမီးများကို ကြည့်ရင်း ဤသဘောကို မျက်ဝါးထင်ထင် တွေ့လာရသည်။

တစ်ခေတ်က အမျိုးသမီးများသည် ပြားပြားချပ်ချပ်ဝတ်မှ ကျနနေရှိသည်၊ လှသည်ဟု ပြော ...သော်လည်း ယနေ့ခေတ်တွင်မူ တွန်းကန်အားကောင်းမှ လှသည်ဟု သတ်မှတ်ကြသည်။ သို့ဆိုသောကြောင့် ဘယ်နေရာကြည့်လိုက်ကြည့်လိုက် ထစ်၊ ချွန်၊ မောက် နေကြသည်။ မဖုသူက အတုနှင့်၊ မချွန်မမောက်သူက အတုနှင့် ချွန်မောက်နေသည်။

အခုလည်း ဆေးကြိတ်ပွဲတွင် ပါဝင်ရန် ရောက်နေကြသည့် အမျိုးသမီးအားလုံးမှာ သူတို့ပြောသည့်အတိုင်း လှသော၊ ချောသော ရှမဝယမင်းရုပ်ကလေးများပမာ နုနယ်ပျိုမျစ် ဆယ့်ခြောက်နှစ်အရွယ်ကလေးများသည် ပိုမို၍ရှုမောစဖွယ်ရှိ၏။

ဘိုးတော်ကင်းက သွက်စွမျာ ပြီးသည့်နောက် ပြင်ထားသည့်စင်ကို ကျောခိုင်းလိုက်ပြီး ဆေးကြိတ်ပွဲဝင် အပျိုစင်များဘက်သို့ လှည့်လိုက်သည်။

"ကဲ. . တနင်္ဂနွေသမီးက ညာဘက်က စ,ပြီးထိုင်။ ကျန်နေ့သမီးတွေက အစဉ်လိုက် ဘယ်ဘက်ကို တန်းစီပြီး ထိုင်ကြ"

အမိန့်အတိုင်း အမျိုးသမီးများ တန်းစီထိုင်လိုက်ကြသည်။

"အရင်ဆေးကြိတ်ပွဲတုန်းက ပါဖူးတဲ့ ကလေးမတွေ ပါလား"

"မပါပါဘူး ဘိုးတော်"

တုတ်တုတ်က အဖြေဝင်ပေးသည်။

"ဒါဖြင့် အားလုံး လက်အုပ်ချီ။ ဆရာတိုင်ပေးတဲ့အတိုင်း ငါးပါးသီလလိုက်ဆိုကြ"

သာယာနာပျော်ဖွယ်ရှိသော ဝေဝေဆာဆာအသံကလေးများသည် အပျိုစင်ကလေးများထံမှ မပွင့်တပွင့်ထွက်လာသည်။ သို့သော် မညီမညာ။ ရှက်ကြောက်စိုးရွံ့နေသည်ကြောင့် မညီခြင်း ဖြစ်ပေမည်။ ထို့ကြောင့် နောက်တစ်ခေါက်. . ။ နောက်တစ်ခေါက်. . ။ သုံးခေါက်ရောက်လေမှ ညီသွားတော့သည်။

ငါးပါးသီလရွတ်ဆိုပြီးသည်နှင့် တနင်္ဂနွေသမီးကစပြီး ဘိုးတော်ကင်းရှေ့မှောက်သို့ တစ်ယောက်စီသွားရသည်။ ဘိုးတော်ကင်းက အပျိုစင်ကလေးများ၏ လက်ဝါးပေါ်သို့ သူ၏လက်ဝါးကို အုပ်ထားပြီး ခတ်ကူးပေးနေသည်။ တစ်ယောက်ပြီးတစ်ယောက် ခတ်ကူးပေးရင်း. .

"ရောက်ဆရာ ရောက်စေ"

"ကြွဆရာ ကြွစေ"

"ကပ်ဆရာ ကပ်စေ"

ဟု နှုတ်မှ အမိန့်ပေးနေ၏။

ခတ်ကူးခံနေရသည့် အပျိုစင်လေးများ၏ မျက်နှာမှာ မပြုံးတုံ့တုံ့ပြုံးတုံ့တုံ့။

ခတ်ကူးပွဲ ပြီးသွားပြီးနောက် နောက်နေ့ညမှသာ ဆေးကြိတ်ပွဲစတင်မည်ဖြစ်၍ တုတ်တုတ်တို့က ကောင်မလေးများကို အိမ်လိုက်ပို့ကြစဉ် ကျွန်တော်တို့နှစ်ယောက်မှာလည်း နာရီစင်ဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။

ကျွန်တော်နှင့် ခင်မောင်ဦးမှာ ငယ်သူငယ်ချင်းလည်းဖြစ်၊ တစ်

ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာလည်းဖြစ်၍သာ ပြောချင်ရာပြောပြီး နောက်ချင်သလို နောက်နေစေကာမူ သူ့လုပ်ငန်း လုပ်နေသောအခါ ကျွန်တော်က ဘယ်တော့မှ ပြက်ရယ်ပြုလေ့ မရှိ။ ဝင်ရောက်စွက်ဖက်လေ့ မရှိ။ အများရှေ့တွင် သူ့အပေါ်မှာ လေးလေးစားစားနေပြသည်။ နှစ်ဦးသား လွတ်လွတ်လပ်လပ်တွေ့ဆုံသည့်အခါမှသာ ပြောချင်ရာပြောခြင်း ဖြစ်ပေသည်။

သူကလည်း ကျွန်တော့်အကြောင်း သိသည်။ အမြဲတမ်း ခွင့်လွှတ်၏။

အပျိုစင်ကလေးခုနစ်ယောက်၏ လက်ဖဝါးကလေးများကို ခုနစ်ကြိမ်ဆုပ်ကိုင်၍ ဓာတ်ကူးပေးနေစဉ် ကျွန်တော်က သူမှာထားသည့်အတိုင်း ဘေးမှ လေးလေးစားစားလုပ်ကိုင်ပေးခဲ့၏။

ယခု အပြင်သို့ နှစ်ယောက်တည်းထွက်လာသောအခါတွင်မူ. .

"ဘယ်နဲ့လဲဟေ့ သူငယ်ချင်း။ မင်း နာမည်ပြောင်းဖို့ ကောင်းနေပြီကွ"

"ကဲ. . ဆိုစမ်း။ ဘာနောက်ဦးမလို့လဲ"

"မနောက်ပါဘူးကွ။ ဘိုးတော်ကင်းနာမည်ကို ဘိုးတော်ကံကောင်းလို့ ပြောင်းနိုင်းမလို့ပါ"

"မနာလိုတဲ့လူတွေဟာ ဒီလိုပဲ ပျက်ချော်ချော်ပြောတတ်ကြတာပဲ။ မင်းလည်း ဖိုးကံကောင်းဖြစ်ချင်ရင် ဖြစ်အောင်လုပ်ပေါ့ကွ"

"ငါက ဒီလိုမှန်း မသိလို့ပေါ့ကွ။ နို့မို့လား. . ဘိုးတော်ဖြစ်နေတာ ကြာလှပြီ။ ဒါနဲ့ သူငယ်ချင်း. . ။ မင်းတို့ရဲ့ သူရဿတီဆေးတောင့်ဟာ တကယ်ပဲ စွမ်းသလားကွ"

"ဒါတော့ ယုံကြည်မှုပေါ့ သူငယ်ချင်း။ ဆရာဝန်တစ်ယောက်က ခင်ဗျားမှာ ဘာရောဂါမှ မရှိဘူးဆိုရင် လူနာက သိပ်မကျေနပ်ဘူးကွ။ နားကျပ်ကလေးနဲ့ ဟိုယောက်ဒီယောက်လုပ်ပြီး ခင်ဗျားမှာ ဘာရောဂါမှ မရှိပါဘူးဆိုရင် ကျေနပ်သွားတာပဲမဟုတ်လား"

ဘိုးတော်ကင်း၏အဖြေမှာ မဆိုးပါ။ ယုံကြည်ချက်သည်သာ အဓိကဖြစ်၏။ သူရဿတီဆေးတောင့် ရထားသူကလည်း သူ့ကို သူရဿတီမယ်တော်ကြီး စောင့်ရှောက်နေပြီဟု ယုံကြည်လျှင် ထိုသူအတွက် အားဆေးတစ်ခွက်ဖြစ်နေမည်မှာ သေချာသည်။ သို့ဆိုပါက လူနာအတွက် ဆရာဝန်ရှိရမည်ဖြစ်သလို မိမိကိုယ်ကို မိမိ မယုံကြည်သူတွေ၊ စိတ်မချသူတွေအတွက် ဘိုးတော်များ ရှိရပေမည်သာ။

"နေပါဦး သူငယ်ချင်းရဲ့။ သူရဿတီမယ်တော်ဟာ မြန်မာမယ်တော်





လား၊ ကုလားမယ်တော်လား"

"ငါလေ့လာရသလောက်တော့ မြန်မာကျမ်းတွေမှာလည်း ရှိတယ်။ ဟိန္ဒူကျမ်းမှာလည်း ရှိတယ်ကွ။ မြန်မာက ဒေဝီကိုးပါး ရှိတယ်လို့ ဆိုတယ်။ ဟိန္ဒူ ဒေဝီပူရာ ဤကျမ်းအလာကတော့ ဒေဝီခုနစ်ပါးလို့ ဆိုတယ်ကွ။ သက္ကတ-အင်္ဂလိပ် အဘိဓာန်ကြီးမှာတော့ သူရဿတီဟာ မြစ်စောင့်နတ်သမီး။ ညီမခုနစ်ဦးရှိတယ်။ သူကိုယ်တိုင်လည်း ရုပ်ခွဲခုနစ်ရုပ် ခွဲနိုင်တယ်လို့ ဆိုထားတယ်။

တူညီတာတစ်ခုကတော့ ဟိန္ဒူဗြဟ္မဏဘာသာဝင်တွေရော၊ ဗုဒ္ဓဘာသာဝင်တွေကရော အလေးအမြတ်ထားပြီး ကိုးကွယ်ကြတာပဲ။ ပိဋကတ်သုံးပုံ မယ်တော်ကြီးသည် နှုတ်၊ စကား၊ ပညာတို့ကို စောင့်ရှောက်တယ်။ ဗေဒင်သုံးပုံ၊ ဗေဒင်လေးပုံကို စောင့်ရှောက်တယ်ဆိုတာတော့ ဟိန္ဒူတွေရော၊ မြန်မာတွေရော တစ်ထပ်တည်းယုံကြည်ကြတာပဲ"

"အေး. . မင်းပြောတာကတော့ ရှင်းပါရဲ့။ ဒါက ကျမ်းစကားလာသဘောကိုး။ ဒါပေမဲ့ သူရဿတီမယ်တော်ကြီးကို တွေ့ဖူးပါတယ်လို့ ရေးကြတဲ့လူတိုင်းကတော့ အိန္ဒိယတိုင်းသူရုပ်မျိုးရှိတယ်။ ကုလားမင်းသမီးလို လှတယ်။ ချောတယ်။ ဆာရီဝတ်စုံကို ဝတ်တယ်လို့ ရေးကြတယ်။ ဒီတော့ ကုလားမယ်တော် ဖြစ်မှာပေါ့။ ကုလားမယ်တော်ဆိုရင်လည်း တို့နဲ့ ဘယ်လိုပတ်သက်နေတာလဲလို့ စဉ်းစားစရာ ဖြစ်ပြန်ရော။ ဇာတ်လမ်းက နည်းနည်းရှုပ်နေတယ်ကွ။ အဲဒါ မင်းတို့ဘိုးတော်တွေက ရှင်းဖို့ကောင်းတယ်"

ကျွန်တော်ပြောသည်ကို ဘိုးတော်ကင်းက ဘာမှပြန်မဖြေတော့ပေ။ သူလည်း စဉ်းစားနေဟန်ရှိသည်။ နောက်မှ သူက ပြောပြသည်။ ကျွန်တော့်အမေးနှင့်တော့ မဆိုင်။ ဘာပဲဖြစ်ဖြစ် နက်ဖြန် သူ့လုပ်ငန်းကို အကူအညီပေးဖို့ ပြောလာသည်။ ကျွန်တော်ကလည်း ဘာပဲဖြစ်ဖြစ် ကူညီရန် တာဝန်ရှိသည်မို့ ကူညီပါမည်ဟု ကတိပေးလိုက်၏။

စကားတပြောပြောနှင့် လျှောက်လာကြရင်း တုတ်တုတ်တို့မိသားစုဂေဟာသို့ ပြန်လာကြသည်။

တုတ်တုတ်တို့တိုက်အတွင်း ဧည့်သည်များ ရောက်နေကြသည်။ တုတ်တုတ်တို့မိသားစုအပြင် ဧည့်သည်လေးယောက်။ အသက်ငါးဆယ်ကျော်ယောကျ်ား၊ မိန်းမ နှစ်ယောက်။ အသက်သုံးဆယ်ခန့်ရှိ အ[illegible]ကြီးဟန်ဖမ်းထားသည့် အမျိုးသမီးတစ်ယောက်။ အပျိုလေးတစ်ယောက်။

ကျွန်တော်တို့ တိုက်ထဲဝင်သွားသည်နှင့် တုတ်တုတ်၏ခင်ပွန်းက

နေရာဆီးပေးပြီး ဧည့်သည်များနှင့် မိတ်ဆက်ပေးပါသည်။

"ဆရာကြီးကို လာစောင့်နေတဲ့ ဧည့်သည်တွေပါ။ ကျွန်တော့်အရင်းနှီးဆုံး မိတ်ဆွေတွေပါပဲ။ ပွဲစားကြီးဦးချစ်မောင်နဲ့ ပွဲကတော် ဒေါ်မြမေတို့ပါ။ ဒါက ကျွန်တော်တို့ဆရာကြီး ဘိုးတော်ကင်း။ ဒီမိတ်ဆွေကြီးကတော့ ဆရာအေးမောင်ပါ"

ဘိုးတော်ကင်းနှင့်အတူ ကျွန်တော့်ကိုပါ မိတ်ဆက်ပေး၏။

ကျွန်တော်တို့ကလည်း တွေ့ရတာ ဝမ်းသာကြောင်း ပြန်လည်နှုတ်ဆက်ပြီး ဘိုးတော်ကင်းက လာရင်းကိစ္စကို မေးသည့်အခါ တုတ်တုတ်၏ခင်ပွန်းကပင် ဧည့်သည်များကိုယ်စား ဘိုးတော်ကင်းနှင့် တွေ့လိုသည့်ကိစ္စကို ပြောပြပါသည်။

"ဒါက ဦးချစ်မောင်ရဲ့ သမီးအငယ်ပါ။ ဟောဒီသမီးက ဆယ်တန်းရောက်နေပါပြီ။ ကျွန်တော့်သမီးအကြီးနဲ့ အတူတူပါပဲ။ ဒီသမီးက စာမေးပွဲဖြေမယ်လုပ်တိုင်း စာမေးပွဲအခန်းထဲ ဝင်လိုက်တာနဲ့ မူးမူးနေတယ်။ စာမေးပွဲလည်း မဖြေနိုင်တော့ဘူး။ ကျန်တဲ့အချိန်တွေမှာတော့ ရိုးရိုးပဲ။ စာမေးပွဲဖြေတော့မယ်လို့ စာကျက်ရင်၊ စာမေးပွဲဖြေဖို့ ပြင်ဆင်လိုက်ရင် မူးတော့တာပဲ။ ဆရာဝန်တွေနဲ့ စမ်းသပ်ကြည့်တော့လည်း ဘာရောဂါမှ မရှိဘူးလို့ ပြောပါတယ်။ အဲဒါ ဆရာကြီး နည်းနည်းကြည့်ပေးစေချင်လို့ပါ"

"ဟုတ်ပါတယ် ဘိုးတော်။ သမီးကလေးအတွက် ကျွန်မတို့မှာ တစ်နေ့မှ စိတ်မအေးရဘူး။ စာမေးပွဲအချိန်ကျမှ လာလာဖြစ်နေတော့ ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်နေကြပါတယ်။ ကျန်တဲ့အချိန်တွေမှာတော့ အကောင်းပကတိပါပဲ။ ဖျားတယ်၊ နာတယ်လို့လည်း မရှိပါဘူး။ အဲဒါ ဘိုးတော်နဲ့ပြဖို့ ရန်ကုန်တောင် ဆင်းလာမလို့ပါ။ ခုတော့ ဒီမှာ ဘိုးတော်ရောက်နေတယ်ဆိုတာနဲ့ ဘိုးတော်ကို ပြချင်လို့ပါ။ အဲဒါ ဘိုးတော်ကို တောင်းပန်ပါရစေ"

ဟု ပွဲကတော်ကြီး ဒေါ်မြမေကပါ ဝင်ရောက်မေတ္တာရပ်ခံလိုက်ပါသည်။

သူတို့ပြောစကားအရ ကလေးမလေးကို လှမ်းကြည့်လိုက်သည့်အခါ ခေါင်းကလေးငုံ့ပြီး လက်သည်းကလေးများပွတ်နေသည်။ သူ့မျက်နှာတွင် ဘာမှ ထူးခြားမှု မရှိပါ။ အသားဖြူဖြူ ကိုယ်လုံးသေးသေးသွယ်သွယ်နှင့် ယဉ်စစ မျက်နှာပိုင်ရှင်မကလေးမှာ အေးအေးလေး ထိုင်နေရှာသည်။

"ကောင်းပါပြီ. . ။ ကျွန်တော် သေသေချာချာစစ်ပေးပါ့မယ်။ ဒါပေမဲ့



နက်ဖြန်ကစပြီး အထူးကိစ္စလေး ရှိတဲ့အတွက် သုံးရက်လောက်တော့ စောင့်ရပါမယ်။ သန်ဘက်ခါနေ့လယ်ပိုင်းကိုတော့ ဦးနဲ့ဒေါ်ဒေါ်တို့ နှစ်ယောက်တည်း ခဏလာစေချင်ပါတယ်။ အချိန်ကိုတော့ တုတ်တုတ်ချိန်းပါလိမ့်မယ်"

ဟု ဘိုးတော်ကင်းက အဖြေပေးလိုက်ပါသည်။

ဘိုးတော်ကင်းအဖြေကို ကြားရသည့်အခါ ဦးချစ်မောင်ရော၊ ဒေါ်မြမေကပါ ကျေးဇူးစကား အထပ်ထပ်ပြောပြီး ပြန်ခွင့်တောင်း၍ ဘိုးတော်နှင့် တုတ်တုတ်တို့ကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။

ကျွန်တော်တို့မှာ အအေးသောက်ရင်း တုတ်တုတ်တို့မိသားစုနှင့် ဟိုအကြောင်းသည်အကြောင်း နာရီဝက်လောက် စကားပြောပြီး အိပ်ရာဝင်ရန် ထခဲ့ကြ၏။ အပေါ်ရောက်သည်နှင့် ဘိုးတော်ကင်းမှာ ခြေလက်ဆေး၊ မျက်နှာသစ်ပြီး ဘုရားစင်ရှေ့တွင် ပုတီးစိပ်ရန် ပြင်ဆင်နေသည်။ ကျွန်တော်လည်း အိပ်ရာမဝင်မီ ဘုရားရှိခိုးသည့်အလေ့ရှိသဖြင့် သူ့ဘေးမှာ အသာလေးဝင်ထိုင်ပြီး ဘုရားရှိခိုးပါသည်။

ဘုရားရှိခိုးပြီး အိပ်ရာထဲ ဝင်လှဲရင်း စိုင်ကော်လို့ ချုပ်ပေါ်ရောက်ဦးမည့်အဖြစ်ကို တွေးနေမိသည်။ ဘိုးတော်ဓာတ်ကူးသည်ကိုလည်းကောင်း၊ အကြားအမြင် ဟောပြောသည်ကိုလည်းကောင်း မြင်ဖူး၊ ကြားဖူးသော်လည်း ဆေးကုခြင်းကို မမြင်ဖူးသေးပါ။ အခုတော့ မျှော်လင့်မထားဘဲ မြင်ရဦးမည်ဖြစ်သဖြင့် ဘိုးတော်တွေအကြောင်း လေ့လာနေသည့် ကျွန်တော့်အဖို့တော့ အမြတ်ထွက်မည် မဟုတ်ပါလား။ အိပ်ရာထဲလှဲရင်း ဘိုးတော်ကင်းနှင့် အာလူးပေးရန် စောင့်နေသော်လည်း တော်တော်နှင့် ဝင်မလာပါ။ ဆေးကြိတ်ပွဲလည်း ဦးဆောင်ရမည်၊ ဆေးလည်း ကုရဦးမည်ဆိုတော့ ကျနေသည့် အရှိန်ကလေးကို ပြန်မြှင့်ရန် ကြိုးစားနေသည် ထင်ပ။ တုတ်တုတ်တို့တိုက်ရောက်တော့ ဘုရန်ဒီနှင့် ကြက်ဥတို့ ခေတ္တလက်လွှတ်ပြီး ပုတီးကိုပြန်ကိုင်နေရသည့် ဘိုးတော်ကင်း၏အဖြစ်မှာ ဓာတ်သိ ကျွန်တော့်အဖို့တော့ သနားစရာဟု ပြောရပေမည်သာ။

ကျွန်တော်လည်း ဘိုးတော်ကင်းကို စောင့်ရင်းမှ အိပ်ပျော်သွားသည်။ သူ ဘယ်အချိန် လာအိပ်ရာဝင်သည်ကို မသိတော့။ မိုးလင်းမှသာ သူနှင့် ပြန်၍ဆုံပေသည်။ သူက မနက်လေးနာရီထ၍ ပုတီးစိပ်ပြီးပေပြီ။ သည်နေ့ ဆေးကြိတ်ပွဲအတွက်လား၊ အရှိန်ပြန်တင်ဖို့အတွက်လား မသိပေ။

ဘိုးတော်ကင်းဟူသော နာမည်တစ်လုံးနှင့် နေလာပြီး ဆေးကုသည့် အခါ၊ ပယောဂစမ်းသည့်အခါ ကိုးရိုးကားရားဖြစ်မှာ စိုးရိမ်ပြီး ပုတီးဖိစိပ်နေ

သလားဟု ကျွန်တော်နောက်တာ ဝန်လည်းမခံ၊ ငြင်းလည်းမငြင်းဘဲ ပြုံးပြုံးကြီး လုပ်နေသည်။

မနေ့တုန်းက ရုပ်ရှင်ပွဲမှာ သက်သတ်လွတ်လက်ဖက်ရည်ပွဲဟု ဆိုစေကာမူ ပြင်ဆင်ထားသည်မှာ ဖွယ်ဖွယ်ရာရာပင်။ ဆီတွေအိုင်နေသည့် ပဲပြုတ်ကြော်ပွဲထဲတွင် နီနီရွှရွှကြက်သွန်ကြော်များမှာ ပဲပြုတ်ကို မမြင်ရအောင် ဖုံးနေသည်။ ပေါင်မုန့်ကင်ရွှရွှလေးပေါ်တွင် သုတ်ထားသည့် ပုစွန်ထောပတ်ဥ ကလေးများမှာ စားချင်စဖွယ်။ ရွှေပန်းခွက်တွေ ပတ်လည်ဝိုင်းသော ပန်းကန် ပြားကြီးထဲတွင် ထည့်ထားသည့် ရွှေပန်းသီးလေးလုံးက သွားရည်ယိုစရာ။ တစ် လုံးစီခွဲပြီး ရေခဲသေတ္တာထဲ ထည့်ထားသဖြင့် အခိုးအငွေ့ပြန်နေသည့် စပျစ် သီးနီညိုကလေးများမှာ ကျွန်တော်တို့ခံတွင်းကို ရှင်းရန် စောင့်နေသည့်အလား အသွင်ရှိနေ၏။

လက်ဖက်ရည်သောက်ပြီးသည့်အခါ တုတ်တုတ်တို့၏ ဖယ်မလီယာ ကားလေးနှင့် ထွက်ခဲ့ကြသည်။ ဘိုးတော်ကင်းဘဝ မရောက်မီက ခင်မောင်ဦး ကို ဆန်းကျမ်းဗေဒင်သင်ပေးလိုက်သည့် ဦးပဉ္စင်းကို တွေ့ရန်ဖြစ်၏။ ကျောင်း တိုက်သို့ ရောက်သည့်အခါ ဦးပဉ္စင်းကို အဆင်သင့်တွေ့ရသည်။ ဝတ်ဖြည့်ပြီး နောက် ဟိုအကြောင်းသည်အကြောင်းများပြောရင်းမှ ခင်မောင်ဦး၏ ဥပဇ္ဈာယ် ဆရာတော်အကြောင်း လျှောက်ထားသည့်အခါ ဆရာတော်နှင့် တစ်ကြိမ်သာ တွေ့ရကြောင်း၊ ဆရာတော်ကလည်း ခင်မောင်ဦးအကြောင်း အမေးရှိကြောင်း ဦးပဉ္စင်းက ပြန်ပြောပါသည်။

ခင်မောင်ဦးက ဆရာတော် ဘာများအမှာရှိသွားကြောင်း လျှောက် ထားသည့်အခါ ဦးပဉ္စင်းက မပြောချင်ပြောချင် ဖြစ်နေသည်။ ခင်မောင်ဦးက ဆရာတော်အမိန့်ရှိတာ ပြောစမ်းပါဘုရားဟု အတင်းလျှောက်တော့မှ . .

"ဆရာတော်ကတော့ ထူးထူးထွေထွေ မပြောလိုက်ပါဘူး။ ဆရာတော် အလေ့အတိုင်း ဒကာကြီးကို ဆရာတော်က နှမြောဟန်ရှိတယ်ထင်ပါရဲ့။ ဒေါမနဿနဲ့ တစ်ခွန်းပဲအမိန့်ရှိလိုက်တယ်။ လောက်ဆိုတာ ချေးထဲမှာမှ နေ ပျော်တဲ့ သတ္တဝါပဲလို့ အမိန့်ရှိလိုက်တယ်"

"ဆရာတော်အမိန့်ရှိတာ မမှားပါဘူးဘုရား။ ဆရာတော်အမိန့်ရှိတဲ့ အတိုင်း တပည့်တော်ဖြစ်နေပါတယ်။ တပည့်တော် ဆရာတော့်ကျေးဇူးကို ထောက်ထားပြီး လောက်မဖြစ်အောင် ပြန်ကြိုးစားပါ့မယ်ဘုရား"

ခင်မောင်ဦး ဤသို့လျှောက်ထားနေစဉ် သူ၏မျက်နှာတွင် နောင်တ



ရသည့်အရိပ်များ ထင်ဟပ်လျက်ရှိပါသည်။

ခင်မောင်ဦးအပေါ် ချစ်စရာမှာ ဒါပဲဖြစ်ပါသည်။ အမှားကို ဝန်ခံ တတ်ခြင်းနှင့် ပွင့်လင်းခြင်းပင်။

နောက်ပိုင်းတော့ ဦးပဉ္စင်းနှင့် ခင်မောင်ဦးတို့မှာ ဆန်းကျမ်းအကြောင်း စကားဆက်နေကြရာ ကျွန်တော်လည်း စိတ်မဝင်စားသည်နှင့် ကျောင်းဝိုင်း ထဲ လျှောက်ကြည့်ရင်း အချိန်ဖြုန်းနေလိုက်သည်။ တစ်နာရီလောက်ကြာမှ ခင်မောင်ဦးပြန်ဆင်းလာသဖြင့် အိမ်ကိုပြန်ခဲ့ကြသည်။

ဦးပဉ္စင်းထံမှ ပြန်လာပြီးနောက် ခင်မောင်ဦးမှာ မျက်နှာသိပ်မကောင်း သဖြင့် ခါတိုင်းလို မနောက်တော့ဘဲ ခပ်အေးအေးနေလိုက်ပါသည်။

အိမ်ပြန်ရောက်၍ ထမင်းစားပြီးသည့်အချိန်တွင် ဘိုးတော်ကင်းက ယနေ့လေးနာရီလောက် မဟာမြတ်မုနိဘုရား သွားလိုကြောင်း၊ တုတ်တုတ် က အဆင်သင့်စီစဉ်ထားမည့်အကြောင်း ပြောကြပြီး တစ်ရေးနှပ်လိုက်သည်။ ကျွန်တော်တစ်ရေးနှပ်နေချိန်တွင် ဘိုးတော်ကင်းနှင့် တုတ်တုတ်တို့ ညဆေး ကြိတ်ပွဲလုပ်ငန်းအတွက် ပြင်ဆင်နေကြသည်။ ကျွန်တော်တစ်ရေးနိုးသည့် အချိန်တွင် ဘိုးတော်ကင်းမှာ ကျွန်တော့်ကိုခေါ်ပြီး ညနေရာချထားပုံအစီအစဉ် နှင့် ကျွန်တော်လုပ်ရမည့်အပိုင်းကို ပြောပြသည်။

ဆေးကြိတ်ပွဲပြင်ဆင်ပုံမှာ စနစ်ကျပါသည်။ ဟုတ်သည်၊ မဟုတ် သည် အပထား၍ ဘိုးတော်ကင်းအမည်ခံ ခင်မောင်ဦး၏ စနစ်တကျလုပ်တတ် သည့်ပုံစံကြောင့် သူ့ကို ကိုးကွယ်သူများက သူ့အပေါ် အထင်ကြီးခြင်း ဖြစ်ပေ သည်။

ထမင်းနှစ်နပ် မှန်မှန်စားရရေးအတွက် ရုန်းကန်လှုပ်ရှားနေကြသည့် လူတွေမှာ လောကကြီးတွင် ဒုနှင့်ဒေး။ ချမ်းသာဖို့ဆိုသည်ကို စိတ်ကူးထဲတွင် ပင် မတွေးဝံ့ကြသူများမှာလည်း အနမတဂ္ဂ။ ထိုအထဲမှာ ကားနှစ်စီးက သုံးစီး၊ တိုက်တစ်လုံးက နှစ်လုံး၊ ငွေတစ်သိန်းက နှစ်သိန်းဖြစ်အောင်၊ မျက်နှာပွင့် အောင်၊ လာဘ်ရွှင်အောင် ကြိုးစားနေကြသူများ၏ ဒုက္ခမှာလည်း မသေးပါ။ ထိုလူ့အလွှာ အကြိုက်ဖြစ်အောင် လုပ်ပေးနေရသည့် ဘိုးတော်ကင်းတို့လို လူ များ၏ ဒုက္ခမှာ ပို၍ကြီးမည်ထင်ပါသည်။

လောကတွင် ထမင်းစားဖို့ လှုပ်ရှားနေသည့် လူ့အလွှာနှင့် ထမင်း အတွက် မပူပင်ရသော်လည်း ပို၍ချမ်းသာအောင် လှုပ်ရှားနေရသည့် လူ့အလွှာ တို့၏ ဒုက္ခကို နှိုင်းယှဉ်ကြည့်လျှင် ရာခိုင်နှုန်းအားဖြင့် ငါးဆယ်ချင်း ညီမျှပေ

သိမ့်မည်ဖြစ်၏။

ထို့ကြောင့်လည်း ရှင်တော်ဗုဒ္ဓက ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ရုပ် နာမ် ခန္ဓာကို ပိုင်ဆိုင်သူမှန်သမျှတွင် တကယ်ရှိသည်မှာ ဒုက္ခသာလျှင်တည်းဟု ဟောကြားခဲ့ခြင်းဖြစ်ပေသည်။

ညနေလေးနာရီလောက်တွင် ကျွန်တော်တို့ မဟာမြတ်မုနိဘုရားသို့ သွားကြသည်။ ကျွန်တော်တို့ နှစ်ယောက်တည်းပါ။ ကျွန်တော်တို့ ဘုရားရောက်သည့်အချိန်မှာ လူရှင်းနေသဖြင့် ခင်မောင်ဦးမှာ မဟာမြတ်မုနိကိုယ်တော်ကြီးကို ရှုရှုစိုက်စိုက်အာရုံပြုလျက် ပုတီးစိပ်နေသည်။

ဦးပဥ္စင်းထံမှ တစ်ဆင့်ကြားရသည့် ဆရာတော်၏ လောက်နှင့် ဓမ္မသည် ဘိုးတော်ကင်း၏ဘဝင်တွင် စွဲငြိသွားပြီ ထင်ပါသည်။ ဘိုးတော်ကင်းမှာ ပုတီးပြန်တိုင်း၌ အာရုံများလာသည်။ လွတ်နေသော သူ့စိတ်များကို ပြန်လည် ထိန်းချုပ်ရန် ကြိုးစားနေသည်။ သူ့ထံတွင် ရှိခဲ့သည့် သတ္တိထူးများကို ပြန်လည် နှီးဆွနေသည်။ အမှန်တော့ ဘိုးတော်ကင်း သတိပြန်လည်လာပြီထင်သည်။ သို့သော် မမ၏ရင်ခွင်ထက်မှ ရုန်းကန်ထရန် ကြိုးစားမည်လား၊ ဆက်လက်မှေးစက်နေမည်လား ဆိုသည်ကိုမူ မည်သူမျှ ပြောနိုင်လိမ့်မည် မဟုတ်ပေ။

ည၆ နာရီထိုးသည်နှင့် ဆေးကြိတ်ပွဲအတွက် လူစုံရောက်နေကြပါပြီ။ ဆေးကြိတ်ပွဲဝင် အပျိုရင်ခုနစ်ဖော်အပြင် လှေလာသူ အပျိုကြီး၊ အပျိုလေးများလည်း ရောက်နေကြသည်။ ဘိုးတော်ကင်းက အမိန့်မပေးသေးသဖြင့် မည်သူမှ အပေါ်မတက်ကြရသေး။ အောက်ထပ်တွင် စုရုံးနေကြရသည်။

ဘိုးတော်ကင်းမှာ ယောဂီရောင်အဝတ်များ ဆင်မြန်းလျက် ပွဲရှေ့တွင် တည်ငြိမ်ရင့်ကျက်သောဣန္ဒြေဖြင့် မလှုပ်မရှား ထိုင်နေသည်။ သူတို့စကားနှင့် ဆိုရလျှင် သမထအာရုံ ဝင်စားနေသည်ဟု ဆိုရမလား မသိ။

မည်သို့ပင်ဖြစ်စေ နောက်ကနေကြည့်သည့်အခါ ခင်မောင်ဦး၏ ပုံဟန်များ ကွယ်ပျောက်ပြီး ဈာန်ဝင်စားနေသည့် ဟိန္ဒူဂုရုကြီးတစ်ယောက် သဏ္ဌာန် ထင်ဟပ်နေသည်။ သည်တစ်ကြိမ်တော့ ကျွန်တော်ပင်လျှင် ခင်မောင်ဦးအပေါ် အထင်ကြီးသွားသည်ဟု ဝန်ခံပါရစေ။

ဆေးကြိတ်ပွဲအတွက် ဦးစီးဦးကိုင်စီစဉ်သူ တုတ်တုတ်မှာမူ တပြုံးပြုံး။

ဆေးကြိတ်ပွဲမလုပ်မီ ဘိုးတော်ကင်းမှာ ဘုရားကို ခဏခဏသွားရုံမက တိုက်မှာလည်း ခဏခဏပုတီးစိပ်နေသဖြင့် တုတ်တုတ်က အတော်ကလေး ကျေနပ်နေဟန်ရှိသည်။





"ဒီတစ်ခါ ဘိုးတော် တော်တော်ကြိုးစားပမ်းစားလုပ်နေတယ်။ တုတ်တုတ်တော့ အားလည်းရ၊ အလွန်လည်း ဝမ်းသာနေတယ်"

ဟု ကျွန်တော့်ကို ဖွင့်ပြောခဲ့သည်။

ကျွန်တော်ကတော့. .

"အမယ်လေး. . ဘိုးတော်က တုတ်တုတ်တို့အတွက်မို့ ဒီလောက်ကြိုးစားပမ်းစားလုပ်နေတာ ဖြစ်မှာပါ"

ဟု လူပေါ်လူဇော်လုပ်နည်းကိုသုံး၍ မြှောက်ပင့်ပေးလိုက်သည်။ စားသာအောင်ပါ။ ခေတ်စကားနှင့်ပြောတော့ ပို၍ကြည်အောင်ပါ။

ကျွန်တော့်ပါးစပ်ကို ဘရိတ်အုပ်ထားလိုက်ရပါသည်။ လောက်နှင့် ဓမ္မအကြောင်းများ ပြောလိုက်လျှင် တုတ်တုတ်ခမျာ ပက်လက်လန်သွားပေလိမ့်မည်။

ဆေးကြိတ်ပွဲ စပါတော့မည်။

ရွှေတစ်ဝက်မျက်မှန်တပ်လျက် ယောဂီရောင်ခေါင်းပေါင်းနှင့် ခင်မောင်ဦး၏ပုံကို ဘိုးတော်ဟု ပြောရမလား၊ မင်းသားကြီးပုံဟု ပြောရမလား။ ကျွန်တော့်အမြင်က မင်းသား။ တုတ်တုတ်တို့အမြင်က ဘိုးတော်ပေါ့။

အပျိုစင်ခုနစ်ယောက်က သူ့ရှေ့တွင် တန်းစီနေပါသည်။ လှေလာသူ အပျိုအကြီး၊ အသေးများက နောက်နားမှာ တန်းစီလျက်။

ကျောက်ပြင်နှင့် ပန်းများမှာ အဆင်သင့်။ ကျွန်တော်ကလည်း ဘိုးတော်ဘေးတွင် အသင့်။ ကျွန်တော့်ကို ဘိုးတော်က မျက်ရိပ်ပြလိုက်သည်နှင့် ကျွန်တော်က တနင်္ဂနွေသမီးဟု အော်လိုက်သည်။ (သင်ကြားထားသည့်အတိုင်းပါ)

တနင်္ဂနွေသမီး ကျောက်ပြင်ရှေ့ရောက်သည်နှင့် ဘိုးတော်ကင်းထံမှ သူရဿတီဂါထာကို ရွတ်ဆိုသံ ထွက်လာသည်။

ဘိုးတော်ကင်းက မျက်စိပိတ်လျက် ဂါထာရွတ်နေသဖြင့် ကျွန်တော်က တနင်္ဂနွေသမီးကို စ,ရန် အချက်ပေးလိုက်သည်။

တနင်္ဂနွေသမီးက ကျောက်ပြင်ပေါ်တွင် ပန်းများကို ကြိတ်သွေးနေစဉ် ဘိုးတော်ကင်းက မာန်ပါပါဖြင့် သူရဿတီဂါထာကို ရွတ်နေသည်။ မြန်မာသံနှင့် မဟုတ်ပါ။ ကုလားသံနှင့် ဖြစ်ပါသည်။

'အွန်' ဟု ဘိုးတော်ကင်းအော်လိုက်သည့်အခါ အမျိုးသမီးများ လန့်သွားကြသည်။ 'ဦ' ကို မာန်ပါပါ၊ ဌာန်ကရိုဏ်းကျကျ ရွတ်လိုက်သောအခါ

'အွန်' ဟု အသံထွက်သည် ထင်ပါသည်။

သူရွတ်နေသည်မှာ နားထောင်၍ နားဝင်ပီယံ ရှိသား။

"အွန်. .

ဗြော်ဒုကတ် သမ္ဗုန္ဒံ

ဆဗ္ဗ ဆိဒ္ဓိ ဆုခါဝဟံ

ဂျိုဝှစ်ဂ္ဂမေ နိသံ့ ဒိတ္တာ

မံ ဓာရေတု ဆရဆွတီ"

ဘိုးတော်ကင်းက အထက်ပါအတိုင်း ဂါထာကို မပြတ်ရွတ်နေစဉ် ကျွန်တော်က တစ်ဦးပြီးတစ်ဦး တနင်္ဂနွေပြီး တနင်္လာ၊ တနင်္လာပြီး အင်္ဂါ အလှည့်မများအောင် ဆေးကြိတ်ဖို့ အမိန့်ပေးနေရသည်။

ဘိုးတော်ကင်း၏ဂါထာကပဲ စွမ်း၍လား၊ အပျိုစင်ခုနစ်ဖော်၏ လှုပ်ရှားဟန်ကပဲ ကြည့်ကောင်း၍လား မသိပါ။ ကျွန်တော်ပင် စိတ်ပါလက်ပါ ဖြစ်လာသည်။

ခုနစ်ယောက်ပြည့်သည့်အခါ ဆေးကြိတ်နေသည့် အပျိုစင်များကို အချက်ပြလိုက်ပြီး အချိန်းအချက်လုပ်ထားသည့်အတိုင်း ကျွန်တော်က ကြေးစည်သုံးချက် ထုလိုက်၏။ ကြေးစည်သံလည်းဆုံး၊ 'အွန်' သံလည်းပျောက်။ စည်းကိုက်ဝါးကိုက်ပင်။

ပထမနေ့ ဆေးကြိတ်ပွဲမှာ အောင်မြင်စွာပြီးဆုံးသွားသည်။ ကြိတ်၍ရသော ပန်းများကို မယ်တော်ပွဲသို့ အပ်ရသည်။ ပွဲအပ်ခြင်းကိစ္စကိုတော့ ဘိုးတော်ကင်းကပဲ လုပ်သွားသည်။ ဘိုးတော်ကင်းနှင့် ကျွန်တော်မှာ ချွေးပြန်နေသလို အပျိုစင်ကလေးခုနစ်ယောက်၏ နဖူးပြင်တွင်လည်း ချွေးလေးတစိုစို ဖြစ်နေကြသည်။

ဆေးကြိတ်ပွဲအပြီးတွင် အပျိုစင်ခုနစ်ဖော်နှင့် ကျွန်တော်တို့မှာ တုတ်တုတ်ပြင်ထားသည့် အအေးခွက်များ ကိုင်ထားလျက် စကားတပြောပြောနှင့် ကြည်နေကြပါပြီ။ အပြုံးပန်းတွေ ဝေနေသည့် တုတ်တုတ်၏အသံစာစာ ကလေးမှာ တစ်သိုက်လုံးသို့ လွှမ်းနေ၏။

နောက်ဆုံးတွင်. .

"ဘိုးတော်တို့လည်း အနားယူကြပါဦး။ တုတ်တုတ်လည်း ကလေးမလေးတွေ ပြန်ပို့လိုက်ဦးမယ်"

ဟု တုတ်တုတ်၏ အဘိယာစက စကားဖြင့် ပထမနေ့ဆေးကြိတ်ပွဲကို



အောင်မြင်စွာရုပ်သိမ်းလိုက်ပါသည်။

ဘိုးတော်ကင်းနှင့် ကျွန်တော်မှာ ပက်လက်ကုလားထိုင်တစ်လုံးစီနှင့် အတွေးကိုယ်စီရှိလျက် ငြိမ်သက်စွာပင် အနားယူလိုက်သည်။ သူကတော့ ဘာတွေတွေးနေသည်မသိ။ ကျွန်တော်အတွေးမှုလိုက်သည်မှာ စိတ်ညှို့ပညာပေါ် သဘောသို့။

အကြောင်းမှာ ယနေ့ဘိုးတော်အမည်ခံအချို့၏ လုပ်ဟန်များတွင် စိတ်ညှို့အတတ်ပညာများ ရောထွေးနေလေသလားဟု အတွေးပေါ်လာသည်။ သူတို့ပြောသမျှကို ယုံကြည်၍ သူတို့စေခိုင်းသမျှကို အကြွင်းမဲ့ လက်ခံလုပ်ကိုင်နေခြင်းမှာ စိတ်ညှို့အတတ်ပညာနှင့် ဆက်စပ်နေသလားဟု တွေးမိပါသည်။

အရှေ့တိုင်း အိန္ဒိယနိုင်ငံရှိ ဆာဒူးကြီးများ၏ ကျင့်စဉ်တွင် စိတ်ညှို့ပညာများ ပါဝင်နေကြောင်း သာဓကများ တွေ့ရသောကြောင့်ဖြစ်၏။

ဝိဇ္ဇာပညာသည် စိတ်ဝေဒနာရှင်များ ကုသရာတွင်လည်းကောင်း၊ ရာဇဝတ်မှုခင်းများ ဖော်ထုတ်ရာတွင်လည်းကောင်း၊ လူငယ်များ၏ အကျင့်စာရိတ္တ ထိန်းသိမ်းရေးတွင်လည်းကောင်း စသည့်အတတ်ပညာတို့တွင် အသုံးချနိုင်သည်။ ဝိဇ္ဇာစိတ်ပညာ၏ အချက်အလက်တစ်ခုဖြစ်သော စိတ်ညှို့ပညာသည် မသိစိတ်ကို ထိန်းချုပ်နိုင်၍ မသိစိတ်ကို ဖော်ထုတ်နိုင်စွမ်းရှိသော ပညာရပ်ဟု ဆာဒူးကြီးများ အဆိုပြုခဲ့ကြောင်း မှတ်သားမိပါသည်။

စိတ်ညှို့ခြင်းပညာကို (အတတ်ကို) ဒေါက်တာဂျိုးဇက်ဖရွိုင်ယာဆိုသူက ၁၈၈၄ ခုနှစ်ကပင် အသုံးပြုခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းအတွဲ (၄) တွင် ဖော်ပြထားသည်ကို ဖတ်ရှုဖူးပါသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ (၄) တွင်. .

ဒေါက်တာဖရိုက်သည် ဖရွိုင်ယာဆရာဝန်တစ်ဦးနှင့်အတူ စိတ်ရောဂါစွဲကပ်သူ လူနာများကို စိတ်ညှို့ကုသခဲ့ရာမှစ၍ လူတို့၏အသိစိတ်တွင် မမှတ်မိတော့သော အချို့အတွေ့အကြုံအဖြစ်အပျက်များသည် မသိစိတ်တွင် ဆက်လက်ကိန်းအောင်းနေသေးသည် ဟူသောအချက်ကို တစ်စတစ်စ ရိပ်စားမိလာခဲ့သည်ဟုဖော်ပြထားသည်။

စိတ်ညှို့သော အတတ်ပညာသည် သစိတ္တက (စိတ်ရှိသော) သတ္တဝါကို မဆိုထားဘိ။ စိတ်လည်းမရှိ အသက်လည်းမရှိသော (အဝိညာဏ၊ အဇီဝ) အရာဝတ္ထုများကိုလည်း ညှို့နိုင်စွမ်းရှိပေသည်။

ခင်မောင်ဦးမီးကသိုဏ်းရှုခဲ့ဖူးသည်ဆိုရာတွင် စိတ်လည်းမရှိ အသက်

လည်းမရှိသော အရာဝတ္ထုကို ညို့သည့်သဘော ဖြစ်လေမည်လား မသိပေ။

စိတ်လည်းမရှိ၊ အသက်လည်းမရှိသော အရာဝတ္ထုကို စိတ်ညို့အတတ်ပညာဖြင့် ညို့ခဲ့ဖူးသည့် သာဓကတစ်ခုကို ဖတ်ရှုခဲ့ဖူးပါသည်။

အချိန်မှာ ၁၉၃၈ ခုနှစ်. . ။

အဖြစ်အပျက်ဖြစ်ပွားခဲ့သည့်နေရာမှာ ကာလကတ္တား မီးရထားဘူတာရုံကြီးတွင်. . ။

ထိုစဉ်က အိန္ဒိယပြည်ကို အုပ်စိုးသူမှာ အင်္ဂလိပ်အစိုးရ။

တစ်နေ့တွင် ကာလကတ္တားဘူတာရုံ၌ ရပ်ထားသည့် ဘုံဘေမြို့သို့ ထွက်ခွာမည့် မီးရထားကြီးပေါ်တွင် စီးနင်းလိုက်ပါကြမည့် ခရီးသည်များမှာ နေရာအသင့်ယူပြီး မီးရထားကြီးထွက်ခွာမည့်အချိန်ကို စောင့်မျှော်နေကြ၏။

ရထားထွက်ရန်မှာ မိနစ်ပိုင်းမျှသာ လိုတော့၏။

ထိုရထားဖြင့် လိုက်ပါရန် နောက်ထပ်ရောက်လာသည့် ခရီးသွားများ ဘူတာတွင်းသို့ ဝင်မလာကြပေ။ ခရီးသွားအားလုံးလိုလိုပင် ရထားကြီးပေါ်သို့ ရောက်နေကြပေပြီ။ ထိုစဉ် ဟိန္ဒူဆာဒူးကြီးတစ်ယောက်သည် ရေသောက်သည့် ကရားတစ်ဖက်၊ တုတ်ကို တစ်ဖက်ကကိုင်လျက် ရထားတွဲတစ်ခုပေါ်သို့ တက်လိုက်၏။ ဆာဒူးကြီးတက်လိုက်သောတွဲထဲတွင် လက်မှတ်စစ်များက ခရီးသည်များကို လက်မှတ်စစ်နေသည်ဖြစ်ရာ ရထားပေါ်သို့ ကမန်းကတန်းတက်လာသည့် ဆာဒူးကြီးကိုလည်း လက်မှတ်စစ်များက လက်မှတ်စစ်ရန် တောင်းကြ၏။

ဆာဒူးကြီးက သူ့တွင် လက်မှတ်မရှိပါ။ သူသည် တရားကျင့်နေသည့် ဆာဒူးဖြစ်၍ သူ့တွင် ပိုက်ဆံလည်းမရှိကြောင်း အဖြေပေးလိုက်၏။

ဆာဒူးကြီး၏အဖြေကို ကြားသောအခါ လက်မှတ်စစ်များက လက်မှတ်မရှိလျှင် မည်သူမဆို ရထားစီး၍မရကြောင်း၊ ထို့ကြောင့် ရထားပေါ်မှ အမြန်ပြန်ဆင်းရန် အမိန့်ပေးကြသည်။

ဆာဒူးကြီးကလည်း လက်မှတ်စစ်များကို အမျိုးမျိုး မေတ္တာရပ်ခံ၍ တောင်းပန်ရှာသည်။ လက်မှတ်စစ်အချို့က ဆာဒူးကြီးကို လိုက်ပါခွင့်ပေးလိုသော်လည်း ဗိုလ်စိတ်ပေါက်နေသည့် စိတ်ဆတ်သည့် လက်မှတ်စစ်တစ်ဦးကမူ စကားရှည်မနေနဲ့၊ ပါးစပ်ပိတ်ထားလိုက်ဟု ပြောပြီး ဆာဒူးကြီးကို ရထားပေါ်မှ ဆွဲချလိုက်ပါသည်။

ဆာဒူးကြီးက ကျုပ်လိုသူတော်စင်တစ်ယောက်ကို ဤမျှ ရိုင်းပြစွာ



မလုပ်သင့်ကြောင်း၊ မင်းတို့ ငါ့ကို ဆွဲချဖို့ မလိုဘူး။ အေးအေးသက်သာပြောရင်လည်း ငါဆင်းသွားဖို့ အသင့်ပဲ။ မင်းတို့ ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်းလုပ်တဲ့အတွက် မင်းတို့ဒုက္ခတွေ့ရလိမ့်မယ်ဟုပြောပြီး ဘူတာတွင်းမှ ထွက်သွား၏။

ဆာဒူးကြီးကိုဆွဲချသည့် လက်မှတ်စစ်ကမူ ဆာဒူးကြီးကို ရွဲ့ရှာသည့်ဟန်ဖြင့် တံတွေးထွေးပြီး ဒန်ဘလန်ဒီဖူး လိုက်၏။

ထိုစဉ် ဂါတ်ဗိုလ်ထံမှ ဝီစီသံနှင့် အလံတရွှေ့ရွှေ့လှုပ်ယမ်း၍ ရထားထွက်ရန် အချက်ပေးလိုက်၏။

ခေါင်းတွဲဆီမှ ဥဩသံပေး၍ ရထားထွက်ရန် စက်ဖွင့်ပြီး အရှိန်တင်ပေးလိုက်သော်လည်း ရထားသံဘီးများမှာ မွှတ်နေအောင်လည်နေသော်လည်း ရထားကြီးမှာ ရပ်ထားသည့်နေရာမှ တစ်လက်မမှ မရွေ့တော့ပေ။

မီးရထားအမှုထမ်းများမှာ ပျာပန်းခပ်သွားကြ၏။ သူတို့လုပ်သက်အတွင်း တစ်ခါမှ ဤသို့မတွေ့ကြုံဖူးသဖြင့် ဘာလုပ်ရမှန်း မသိကြပေ။

သံဘီးတွေ မွှတ်နေအောင် လည်နေပါလျက် ရထားကြီးက နေရာမှ မရွေ့။

မီးရထားအင်ဂျင်နီယာများမှာလည်း အပြစ်ရှာရန် ခေါင်းတွဲပြေးလိုက်၊ တွဲအောက်ကြည့်လိုက်၊ အင်ဂျင်စက်တွေ စစ်ဆေးလိုက်နှင့် အပူတပြင်းကြိုးစားပမ်းစားရှာဖွေသည့်တိုင် ခေါင်းတွဲမှ ဂါတ်ဗိုလ်တွဲအထိ ချွတ်ယွင်းချက်ကို ရှာမတွေ့ကြပေ။

စက်ကို ဘယ်လိုစမ်းသပ်မောင်းမောင်း ဘီးတွေသာ လည်နေသည်။ ရထားကြီးမှာ ရှေ့သို့ တစ်လက်မမှ မရွေ့။

ထိုစဉ် ဆာဒူးကြီးနှင့် ပြဿနာဖြစ်သည့်တွဲမှ လူတစ်ယောက်က အင်ဂျင်နီယာများကို အကျိုးအကြောင်းပြောပြသည့်အခါ အင်ဂျင်နီယာများက လက်မှတ်စစ်များနှင့် တွေ့ဆုံမေးမြန်းပြီးနောက် လက်မှတ်စစ်များနှင့် မီးရထားအမှုထမ်းများသည် ဆာဒူးကြီးထွက်ခွာရာဘက်သို့ လူခွဲလျက် လိုက်လံရှာဖွေကြ၏။

လူစုခွဲ၍ ရှာဖွေရာတွင် အဖွဲ့တစ်ဖွဲ့က ဆာဒူးကြီးကို ချောင်းဘေးရေစပ်တစ်ခုတွင် ရေကသိုဏ်းရှုနေသည်ကို တွေ့ကြရ၏။ ဆာဒူးကြီးကို တွေ့သော်လည်း မည်သူမှ အနားမကပ်ရဲကြပေ။ ထိုအဖွဲ့တွင် ရုံပိုင်ကိုယ်တိုင်ပါဝင်သည်ဖြစ်ရာ ရထားအချိန်မီမထွက်နိုင်လျှင် သူ့အပေါ်တွင် တာဝန်ဖြစ်နေသဖြင့် အရဲစွန့်၍ ဆာဒူးကြီးနားကပ်ပြီး ရထားပေါ်မှဆင်းသွားသော ဂုရု

ကြီးဟုတ်၊ မဟုတ် မေးမြန်းသောအခါမှ ဆာဒူးကြီးက ဟုတ်ကြောင်း ဖြေလိုက်သည်။

ရုံပိုင်ကြီးက သူ့လူတွေကို ခွင့်လွှတ်ဖို့နှင့် ရထားကြီးမထွက်နိုင်၍ ဒုက္ခရောက်နေသဖြင့် သူနှင့်တကွ ခရီးသည်များကို သနားလျှင် ရထားကြီးဆီသို့ ပြန်လည်လိုက်ပါရန် ရှိခိုးဦးတင် တောင်းပန်ခဲ့ပါသည်။

ဆာဒူးကြီးက ဘာမှပြန်မပြောဘဲ သူတို့နှင့်အတူ ဘူတာသို့လိုက်လာပြီး သူတက်ခဲ့ပြီးသည့် တွဲပေါ်သို့ တက်ထိုင်ပြီးမှ ရထားထွက်နိုင်ပြီဖြစ်ကြောင်း ပြောလိုက်ရာ တကယ်ပင် ရထားထွက်နိုင်သည်။ အလွန်ထူးဆန်းအံ့ဩဖွယ်အဖြစ်အပျက်ကို တွေ့ကြရပေသည်။

ဤအဖြစ်အပျက်အကြောင်းကို ရုံပိုင်ကြီးနှင့် ရထားအမှုထမ်းများက သက်ဆိုင်ရာသို့ အစီရင်ခံပြီးနောက် အချိန်ကို အလွန်လေးစားတန်ဖိုးထားလေ့ရှိသည့် အင်္ဂလိပ်ဘုရင်ခံသည် အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် အိန္ဒိယတစ်ပြည်လုံးတွင် ဆာဒူးများအား မီးရထားအခမဲ့စီးနင်းခွင့်ပေးရန် အမိန့်ထုတ်ပြန်ပေးခဲ့ကြောင်း ဖတ်ရှုရဖူးပါသည်။

အထက်ပါဖြစ်ရပ်ကိုကြည့်လျှင် စိတ်ညှို့ပညာ ဆုံးခန်းတိုင်ပေါက်ရောက်လျှင် မည်မျှထိအောင် အစွမ်းထက်သည့် အားရှိသည်ကို တွေ့နိုင်၏။

ဘိုးတော်ကင်းလုပ်သမျှကို မြင်တွေ့ခဲ့ရသည့် ကျွန်တော့်စိတ်အစဉ်တွင် ဘိုးတော်ကင်းနှင့် စိတ်ညှို့ပညာကို တွဲလျက်မြင်နေမိ၏။ ခွဲကြည့်ရန်ကြိုးစားသော်လည်း မရပေ။ အတွေးမှုရာ တစ်ဖက်သို့ စိတ်အမျှင်ဖြန့်ကျက်နေစဉ် တုတ်တုတ်ပေးလာသည့် ချင်းသုပ်ပန်းကန်ကြောင့် အတွေးများ ပျောက်သွား၏။

သက်သတ်လွတ်သမားများအတွက် အထူးတလည်သုပ်ထားသည့် တုတ်တုတ်၏လက်ရာ ချင်းသုပ်မှာ စားကောင်းလှ၏။ သို့သော် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်၍ ကျွေးသည့် သက်သတ်လွတ်ဟင်းလျာများကြောင့် ထမင်းစားမြိန်ခဲ့သဖြင့် ရသာမွန်ချင်းသုပ်ကို ကျွန်တော့်ဗိုက်က များများလက်မခံတော့ပေ။

အကောင်းချည်းစားနေရသည့် ဝမ်းဗိုက်မှ တက်လာသည့်အရှိန်ကြောင့် ကျွန်တော့်မျက်လုံးများက အိပ်ရာထဲဝင်ပါတော့ဟု တိုက်တွန်းနေပါပြီ။

တုတ်တုတ်တို့၏ တာဝန်ကျေပွန်မှုကို စိတ်ထဲမှ ချီးမွမ်းရင်း အိပ်ရာဝင်ခဲ့သည်။

အိပ်ရာထဲ ရောက်သည့်အခါ မျက်ခွံများလေးနေသည့်တိုင်အောင်



တော်တော်နှင့် အိပ်မပျော်သေးပါ။ စိတ်အမျှင်များက ရန်ကုန်တွင်ကျန်နေသည့် မိသားစုထံ ရောက်သွားပြန်သည်။ ကျွန်တော်က ဘိုးတော်ကင်းကို အမှီပြု၍ တုတ်တုတ်၏ ရောမတိုက်ကြီးပေါ်တွင် စားဖွယ်အစုံစုံ၊ သောက်ဖွယ်အမျိုးမျိုးဖြင့် စိမ်ယစ်နေရစဉ် ကျွန်တော့်မိသားစုမှာ ဆန်နှင့် ရေနံဆီအတွက် သမဝါယမဆိုင်သို့ အခါခါအခေါက်ခေါက် ပြေးလွှားနေရသည်ကို မြင်ယောင်နေမိပြန်သည်။

ဘဝ၏ အတက်အကျ၊ အနိမ့်အမြင့်ဟူသည်မှာ တစ်ခဏချင်းဖြစ်ပေါ်တတ်သည့်သဘောကို ဆင်ခြင်ရင်း အတင်းမျက်စိမှိတ်၍ အိပ်ပစ်လိုက်ရ၏။

မိုးလင်းသည်နှင့် စားသောက်ဖွယ်ရာတွေ စုံလင်လှသည့် လက်ဖက်ရည်စားပွဲကြီးတွင် တုတ်တုတ်အိပ်မက်ဒေသနာကို ကြားနာရပြန်သည်။ ညက အိပ်မက်ထဲတွင် တောက်ပြောင်သောဝတ်ရုံများ ဝတ်ဆင်ထားသည့် မိန်းမလှတစ်ဦး သူ့အိပ်မက်ထဲဝင်လာပြီး စားစရာများ လာပေးသည်။ ပါးစပ်က ဘာမှမပြောသော်လည်း လက်ဟန်ခြေဟန်နှင့် မုန့်တွေစားဖို့ ပြောသဖြင့် သူက စားလိုက်ရာ သူ့တစ်ကိုယ်လုံး ကောင်းကင်သို့ ထိုးပျံတက်သွားကြောင်းများပါသည့် အိပ်မက်အကြောင်း ပြောပြရင်း အဓိပ္ပာယ်ကို ဘိုးတော်ကင်းအား မေးပါသည်။

ကျွန်တော်တို့မေးသမျှ ဖြေမည့် 'ဆရာဖြေ' ဘိုးတော်ကင်းကလည်း ချက်ချင်း အတိတ်ကောက်၍ ဖြေလိုက်၏။

"တုတ်တုတ်တို့တော့ ရှေ့ကို ဒီထက်ကြီးပွားဦးမှာ သေချာတယ်။ သေချာဆို မြေကြီးလက်ခတ်မလွဲဘူး။ ကြိုးစည်ထားတဲ့ အကြံအစည်တွေရှိရင် ဒီအချိန်မှာ စလုပ်တော့။ အမြင့်တက်ဖို့အချိန်ရောက်ပြီဆိုတာ ပြတာပဲ။ ဒါပေမဲ့ အကျင့်ဘက်က မပြည့်သေးဘူးတဲ့။ လိုသေးတယ်။ ပန်းရထားကိုတွေ့လျက် လှမ်းမကိုင်လိုက်နိုင်တာ အကျင့်လိုတဲ့ သဘောကို ပြတာပဲ"

❖

<အခန်း-၁၃>

# နေကိုစကားပြောသည့်ဘိုးတော်

အသားမဖြူမညို၊ နှာခေါင်းကြီးကြီး၊ ကိုယ်ထည်ဝဝ၊ အမြဲတမ်းဖြူဖွေးနေသည့် တက်ထရွန်အင်္ကျီ လုံချည်နှင့် တက်ထရက်ခေါင်းပေါင်းကို အကျအနပေါင်းပြီး ငွေဖလားကြီးတစ်လုံး ရှေ့တွင်ချ၍ ထိုင်နေတတ်သည်။

လူစည်ကားရာ ဘုရားများ၊ ဘုရားပွဲများသို့ သူအမြဲရောက်သည်။

သူ့လုပ်ပုံကလေးမှာ ယဉ်ယဉ်ကလေး။

မည်သူ့ကိုမှ မကြည့်။ မိုးပေါ်မှ နေလုံးကို လှမ်းပြီးစကားပြောသည်။ မြန်မာစကားနှင့် မဟုတ်။ ပါဠိ၊ သက္ကတဘာသာများလည်း မဟုတ်။ မာဂဓစကားလည်း မဟုတ်သော စကားတစ်မျိုးဖြင့် ပြောသည်။ သူ့အဆိုကတော့ ဒေဝတာဘာသာစကားဟု ဆိုသည်။ နေမင်းကြီးနှင့် ဒေဝတာ စကားအပြန်အလှန်ပြောသည်ပေါ့။

သူက နေကိုကြည့်လိုက်၊ စကားပြောလိုက်၊ နားထောင်လိုက်။ မည်သူမှ မမေးလျှင်လည်း နေမင်းကြီးနှင့် စကားပြောမပျက်။ မေးသူရှိလျှင် ငွေဖလားထဲသို့ ပိုက်ဆံထည့်ရသည်။ ထိုအခါ သူက နေနှင့်စကားပြောလိုက်၊ မေးသူကို



ပြန်ဟောလိုက်။ မေးသူက မေးသည့်မေးခွန်းကို သူက နေကိုမေးလိုက်၊ ဟောလိုက်။ ဟောလိုက်၊ မေးလိုက်နှင့် တော်ပြီဆိုလျှင် လက်ဝါးကာပြလိုက်သည်။

နောက်တစ်ယောက်. . ။

ဤသို့ဖြင့် ပထမတစ်ယောက်နှစ်ယောက်မှ နောက်. . လူငုပ်ကြီး။ တစ်ယောက်ပြီးတစ်ယောက် မေးကြသည်။ ကြာလျှင် တိုးမပေါက်တော့။ သူက တစ်နေရာတည်းတွင် အမြဲမနေ။ လှည့်လည်သွားလာတတ်သည်။

သူ့ရှေ့ရှိ ငွေဖလားကြီးထဲသို့ ပိုက်ဆံထည့်လိုက်လျှင် 'နေမင်းကြီးကို ပူဇော်ပါ၏' ဟု ပြောမည်။

သူကလည်း သူ့နည်းနှင့်သူ စားသာသည်။ မေးမြန်းသူတွေက မနည်း။ မြန်မာလူမျိုးများသည် ဗေဒင်မေးခြင်းကို ဝါသနာထုံသည့် လူမျိုးများဖြစ်ရာ ဟောသူရှိလျှင် မေးသူရှိဖို့အတွက် မပူရပါ။

သို့သော် နည်းနိုးဖြင့် မရ။ တီထွင်ရမည်။ တီထွင်ပြီးလျှင် စားပေရော့။ သူ၏အမည်က 'ဘိုးတော်တေဇော' ဟု။

သူက နေကသိုဏ်းကို အောင်မြင်ပြီး သူ့ဘိုးတော်အမည် ခံယူထား၏။

အကြောင်းမသိလျှင် လူပြက်ကိုပင် မင်းသားဟု ထင်တတ်သည်။ ကျွန်တော်တို့လူမျိုးနှင့် သူ့ဟန်မှာ အံဝင်ခွင်ကျဖြစ်နေသည်။ လပေါ်ရောက်ခဲ့သည့် လူသားများသည် လပေါ်မှ နေထွက်ပုံကို မြင်ခဲ့ရသော်လည်း နေမင်းကြီးနှင့် စကားမပြောခဲ့ရပါ။ မြင်ရုံသာမြင်ရ၊ မကြင်ရမောင့်ကို. . ဖြစ်ခဲ့ကြသော်လည်း သူက မြေကြီးပေါ်မှ နေမင်းကြီးကိုပင် လှမ်း၍စကားပြောနိုင်သူဖြစ်၏။

လပေါ်ရောက်ခဲ့သည့် သိပ္ပံပညာအစွမ်းမှာ သူ၏ပညာနှင့် ယှဉ်လိုက်သည့်အခါ ဆင်နှင့်ကြွက်ပမာ ဆိုရပေမည်သာ။

အမှန်ကတော့ သူသည် ဘိုးတော်တေဇောဖြစ်အောင် မည်သို့မျှ ကျင့်ကြံအားထုတ်ခဲ့ရခြင်း မရှိပါ။ သူ၏ မူလအလုပ်မှာ ဇမ္ဗူလပန်းခြံ သံတိုင်ဘေးတွင် မနက်မိုးလင်းမှ ညနေသို့တိုင်အောင် တစ်ထည်တည်းသော ဘန်ကောက်လုံချည်၊ တစ်ထည်တည်းသော အယ်လ်ပါကားအနက်ရောင်အပေါ်အင်္ကျီကို ဝတ်လျက် ကျောက်သင်ပုန်းကို ကျောက်တံကလေးနှင့် တဒေါက်ဒေါက်ခေါက်နေသည့် အင်္ဂလိပ်စာဟောဆရာသာ ဖြစ်ပေသည်။

တစ်နေကုန်သော်လည်း တစ်ခါတစ်ရံတွင် အပြန်လမ်းစရိတ်မရှိသဖြင့် ကုန်းကြောင်းလျှောက်ခဲ့ရသည်။ သူများကိုသာ ဟောနိုင်၍ ကိုယ့်ကိုယ်ကိုယ် မပြန်မဟောနိုင်သည့် အင်္ဂလိပ်စာဆရာမျှသာ ဖြစ်၏။

သူကား ဘုရားပေါ်ရောက်သည့်အခါ ဘယ်တော့မှ မရှိုး။ ပုဆိန်ပေါက်ပင် ဦးမချ။ နေ့စဉ်ဆိုသလို ရောက်နေသဖြင့် ရွှေတိဂုံစေတီတော်ကြီးမှာ အိမ်ဘုရားဖြစ်နေသည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိမှသာ ဘုရားပေါ်ရှိ ရေသည်များလို အသံနေအသံထားနှင့် အော်ဟစ်ရှိခိုးတတ်၏။

ထိုနေ့က အိမ်ပြန်လိုက်လျှင် နောက်တစ်နေ့လမ်းစရိတ် ရှိတော့မည် မဟုတ်သဖြင့် အိမ်မပြန်တော့ဘဲ ဘုရားပေါ်တွင် ဟိုရောက်သည်ရောက် အချိန်ဖြုန်းနေရာမှ ရွှေတိဂုံစေတီတော်ကြီး၏ အရိပ်အာဝါသကို ခိုလှုံနေသည်။ တစ်ခုသောဇရပ်မှ ဘိုးတော်တစ်ယောက်ကို သွားတွေ့သည်။ ဘိုးတော်အနားတွင် စိန်ရောင်ရွှေရောင်တွေ တဝင်းဝင်းတောက်နေသည်။ နှစ်လုံးထပ်ပန်းအိုးခေါင်းအုံးကြီးပေါ်တွင် လက်တစ်ဖက်ထောက်၍ ဟန်ပါပါထိုင်နေသည်။ ဘိုးတော်အနားတွင် ပျံ့ပျံ့ အိုအိုတွေ ဝိုင်းဝိုင်းလည်နေသည်။ တချို့က ခြေဆုပ်လက်နယ်ပြုလျက်။

သူက အပြင်ဘက်မှ အသာအကဲခတ်ကြည့်နေသည်။ ဘိုးတော်နားတွင် ရစ်ဝဲနေသည့်လူတွေမှာ လျော့မသွား။ နောက်ထပ် နောက်ထပ် ထပ်၍သာ တိုးလာသည်။

ဇရပ်အပြင်ဘက်မှ အကဲခတ်ကြည့်နေရင်း သူ့စိတ်အစဉ်က အတွေးနယ်ထဲသို့ ဝင်သွားသည်။

'ငါသည် တပင်တပန်းသင်ကြားထားသော ပညာနှင့် လုပ်ကိုင်စားသောက်ပါသော်လည်း ဘယာကြော်ဖိုးပင် မရသည့်အခါရှိသည်။ ဤဘိုးတော်ကြီးမှာတော့ စားဖို့လည်းမပူရ၊ အိပ်ဖို့လည်း မပူရသည့်ပြင် နှစ်ထပ်ခေါင်းအုံးကြီးပေါ်မှာ လက်ထောက်ပြီး ခြွေရံသင်းပင်းတွေကလည်း ဝိုင်းဝိုင်းလည်နေသည်။ သူ၏ဘဝကား အေးချမ်းလှပေစွ။ ငါ့မှာ တစ်နေကုန် အညောင်းထိုင်လို့မှ စားဖို့ပင်မရ။ အနှိပ်အနင်း ပြုစုပေးမည့်သူမှာ ဝေလာဝေး။ သူ့မှာတော့ နှိပ်ပေးမည့်လူ၊ နင်းပေးမည့်လူတွေကိုတောင် တော်ပါပြီဟု တားနေရသည်။ ဘဝချင်းကား ခြားနားလှပေစွ။ မိုးနှင့်မြေ ကွာခြားသလိုသာပ။ ဘဝအကျိုးပေးသန်သည့် လူများကျတော့ သန်သည့်အကျိုးပေး။ ဘဝအကျိုးပေး မသန်သူများမှာ နုံချာလိုက်သည်မှ သူ့အပြင် နောက်ကမရှိတော့'

ဟု တောင်စဉ်ရေမရ အတွေးနယ်ချဲ့နေမိသည်။

အိပ်တော့မည်ဟု လှဲနေပါသော်လည်း အိပ်မပျော်ပါ။ ဟိုဘက်လှိမ့်၊ သည်ဘက်လှိမ့်ရင်း ဟိုစဉ်းစား၊ သည်စဉ်းစားနှင့် သူ့ခေါင်းထဲသို့ အမှတ်မထင်



အကြံတစ်ခုဝင်လာသည်။ ပေါ်လာသည့်အကြံကို တရစပ် တရစပ် စဉ်းစားရင်း သူ့မျက်နှာမှာ ပြုံးလိုက်၊ မဲ့လိုက် ဖြစ်နေသည်။ သူက ဘုန်းကြီးလူထွက်လည်း ဖြစ်နေသဖြင့် သံဃာအပြစ်မှ လွတ်ပါ့မလားဟု ထည့်ထည့်စဉ်းစားတတ်၏။ ဒီနည်း လွတ်၊ မလွတ် ဆင်ခြင်ခဲ့သည်မှာ အကျင့်ပါနေပြီဖြင့် သဖြင့် လူပြန်တော်ဘဝ ရောက်နေသည့်တိုင် ဝိနည်းက သူ့ခေါင်းထဲက မထွက်သေး။

နောက်ဆုံးတွင် သူဆုံးဖြတ်ချက်ချလိုက်နိုင်ပါပြီ။ ခံရမှာ နောက်ဘဝ၊ စံရမှာ ယခုဘဝ။ နောင်ခါလာ နောင်ခါဈေးပေါ့။ လုပ်တော့မည်ဟု ယတိပြတ်ဆုံးဖြတ်လိုက်သည်။ သည်လောကကြီးမှာ ထူးချင်လည်းထူးမှ၊ ရှူးချင်လည်းရှူးမှ နေရာကျသည်မို့ သူလုပ်မည့်လုပ်ငန်းကို သူများထက်ထူးအောင်လုပ်ရန် အစီအစဉ်တွေ တစ်ခုပြီးတစ်ခု စဉ်းစားရင်း ပီတိရသကို ခံစားပြီး အိပ်ပျော်သွားပါသည်။

နောက်တစ်နေ့မှစ၍ ဗန္ဓုလပန်းခြံ သံတိုင်နားမှ အင်ဂျင်နီယာဆရာကြီးပျောက်သွားခဲ့ပါပြီ။

မိုးလင်းသည်နှင့် ဆရာတော်ထံတွင် လွယ်အိတ်ထားခဲ့ပြီး လက်တစ်ဆစ်စာရှိ ကျောက်ဖြူကလေးတွေ ဝိုင်းထားသည့် ကျောက်နီလက်စွပ်ကြီးကို ပြည်သူ့ပစ္စည်းထိန်းသိမ်းရေးဌာနသို့ ပို့လိုက်၏။ ရလာသည့်ငွေကလေးပိုက်လျက် အိမ်ပြန်လာပြီး မိန်းမဖြစ်သူကို ငွေအနည်းငယ်ပေးလိုက်၏။

"ရှင်မ. . မင်း ငါပေးခဲ့တဲ့ငွေနဲ့ ဈေးရောင်းပြီး ဝမ်းကျောင်းပေဦး။ ငါတော့ အကြံတစ်ခုအတွက် သွားတော့မယ်။ အကြံအောင်ရင် ပြန်လာမယ်"

ဟု မှာကြား၍ အိမ်မှထွက်ခဲ့ပြီး နောက်တစ်လခန့်ကြာသည့်အခါ နေမင်းကြီးနှင့် အမြဲတမ်းစကားပြော၍ အကြားအမြင်ပေါသည့် ဘိုးတော်တေဇောအဖြစ် ထင်ရှားကျော်ကြားလာခဲ့ပေသည်။

ဘိုးတော်တေဇောမှာ နေ့ဘက်တွင် နေမင်းကြီးနှင့် စကားပြော၍ ညဘက်တွင် မဒီကညာနှစ်ပါးကို ဘယ်ညာတွဲလျက် ချစ်တေးစကားဆိုရင်း စိမ့်စိမ့်မိန့်မိန့်ကြီး လောကီအရသာကို ခံစားလျက်ရှိချေပြီ။

နေမင်းကြီးနှင့် စကားပြောခအဖြစ် တစ်နေ့လျှင် နှစ်ဆယ်အထက်ရှိသော ဝင်ငွေပိုင်ရှင်အဖြစ် စိုစိုပိုပိုကြီးဖြစ်နေရုံမက ဘိုးတော်တေဇောအပါးတွင် ခြွေရံသင်းပင်းများမှာလည်း ဝိုင်းဝိုင်းလည်နေပေပြီ။

ဤသို့သော ဘိုးတော်များမှာ ဘိုးတော်လောကတွင် အင်အားမသေးတော့ပါဟု။

သည်နောက်တော့ ဘော်တိုးတွေအကြောင်း ဆက်လက်လေ့လာခွင့် မကြုံကြိုက်တော့ပါ။ ကျွန်တော့်မှာ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သဖြင့် နယ်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ဘိုးတော်ကင်းနှင့်လည်း အဆက်ပြတ်သွားပါသည်။

တစ်နှစ်ကျော်ကြာမှ ရန်ကုန်သို့ တစ်ခေါက် ခေတ္တပြန်လည်ခြေချခွင့် ရခဲ့သဖြင့် ပထမဆုံး ကျွန်တော်၏ဘိုးတော်ကင်းကို တွေ့ဆုံရန် သွားခဲ့သည်။ သည်တစ်ကြိမ်တော့ အထဲကို လုံးဝဝင်ခွင့်မရသည့်အပြင် ဘိုးတော်ကင်းအမည် ပြောလိုက်သည်နှင့် မောင်းထုတ်ခြင်းခံခဲ့ရ၏။ တိုက်ကြီးရှင် ဒေါ်ခင်မမချောက ဘိုးတော်ကင်းအမည်ကို သူ၏တိုက်အရိပ်တွင်ပင် မပြောရဟု အမိန့်ထုတ်ထားလိုက်ပေပြီ။

ဘိုးတော်ကင်းက သူချစ်သော မမ၏ အမှောင်ရင်ခွင်ထဲမှ ရုန်းထွက်၍ အလင်းရှိရာသို့ ထွက်သွားခဲ့ပြီ ဖြစ်သောကြောင့်ပါ။

ဘိုးတော်ကင်း (ခေါ်) ခင်မောင်ဦးကို ရှာဖွေရန် အနီးစပ်ဆုံးသတင်း ပေးနိုင်မည့် ရို့ထံသို့ တယ်လီဖုန်းဆက်မေးလိုက်သည်။

ရိုတာပြနေသည့်ကျောင်းသို့ ဖုန်းဆက်မေးသည့်အခါတွင်မူ ကျွန်တော် လုံးဝမမျှော်လင့်ခဲ့သည့်၊ ယုံကြည်နိုင်စရာ အလျဉ်းမရှိသည့် သတင်းစကား ကြားလိုက်ရ၏။

"ရှင့်သူငယ်ချင်းတော့ ဒေါ်ခင်မမချောနဲ့ အပြတ်ရှင်းပြီး ဘိုးတော် ဘဝနဲ့ ဂိုဏ်းဆရာဘဝကို စွန့်လိုက်ပါပြီ။ အခုတော့ အလွတ်ပညာသင်ကျောင်း ထောင်ပြီး စာပြနေလေရဲ့။ ဒီအချိန်ဆိုရင် အိမ်မှာ မွေးတို့၊ သားသားတို့နဲ့ ဆော့နေရောပေါ့။ အိမ်ကို ဆက်ဆက်သွားလိုက်ပါဦး"..တဲ့။

ဘိုးတော်ကင်းအမည်ခံ ခင်မောင်ဦးမှာ ပူလောင်သော ဒေါ်ခင်မမချောရင်ခွင်မှ ရုန်းကန်ထွက်လျက် အေးမြသော ရို၏ရင်ခွင်ထဲ၌ ပြန်လည်ခိုနားလေပြီ။

ကောင်းပါလေစွ..ကောင်းလေစွ..။

သာဓုအနုမောဒနာ ခေါ်လိုက်ပါသည် ဘိုးတော်ကင်း။

မေတ္တာအသခင်္ချေအနန္တဖြင့်..

ကျော်မြသန်း